
www.burmeseclassic.com

# ရင်မြတ်နိုး၏



လုံးချင်းဝတ္ထုသစ်

# သင်မြတ်နိုး

ရင်ခုန်သံရှင်းတမ်း

www.burmeseclassic.com

www.burmeseclassic.com



# ရင်ခုန်သံရှင်းတမ်း

## သင်မြတ်နိုး

သမီးရှင်စာပေ

www.burmeseclassic.com

www.burmeseclassic.com





**ဗိုလ်တဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား [illegible]
* ခိုင်မာသည့် [illegible]
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**[illegible] ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ [illegible] တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် [illegible]
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး







**အခန်း (၁)**

အလင်းသစ်ရဲ့ အကြည့်တွေက သူ့ရှေ့မှာ မတ်တပ်ရပ်နေသော လိမ္မော်ချိုဆီမှာ နာကျင်စွာ ရောက်နေသည်။

သူ့ ခွင့်ပြုချက်မရဘဲ ရုပ်ရှင်သွားကြည့်ခဲ့သော လိမ္မော်ချိုအား [illegible]လွှတ်နိုင်လောက်အောင် ဒေါသတွေပေါက်ကွဲနေမိ၏။ ကျူရှင် [illegible]ယ်ဆိုပြီး သူ ကားနှင့် ပို့ခဲ့ပါသည်။ လိမ္မော်ချိုက ကျူရှင်လစ်ပြီး [illegible]ကြည့်ခဲ့တာဖြစ်၏။ ဒီလိုစည်းကမ်း ပျက်တာမျိုးကို အလင်းသစ် [illegible]မခံနိုင်ပါ။

လိမ္မော်ချိုဆိုတာ အုဝဲဆိုကတည်းက သူ့မေမေ မွေးစားခဲ့တဲ့ [illegible]လေးပါ။ လိမ္မော်ချိုကို မွေးစားစဉ်က သူ့အသက် ငါးနှစ်လောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးသည်။

"မေမေ့အသိတစ်ယောက်ရဲ့ သမီးလေးပါ၊ သားရယ် မိဘတွေ မရှိတော့လို့ မေမေ မွေးစားဖို့ ခေါ်လာတာ၊ သား အတွက်လည်း ညီမလေးတစ်ယောက် ရတာပေါ့နော်"

နီတာရဲကလေးကို တွေ့လိုက်ရကတည်းက အလင်းသစ် ချစ် မြတ်နိုးသွားပိမ့်သည်။

BURMESE CLASSIC

ကော်ပတ်ရုပ်လေးနှင့် တူကာ ဖွေးဖြူအိစက်ပြီး ဝကစ်ကစ် လေးဖြစ်၍ သူ့အရမ်းပဲ နှစ်သက်သဘောကျကာ မျက်စိ အောက်ကနေ အပျောက်မခံတော့ပေ။ အိပ်တာကအစ ညီမလေးအနားမှာပဲ အိပ်သည်။

ညီမလေးကို အမြဲတမ်း သတိရနေတတ်ပြီး ကျောင်းဆင်းတာနှင့် ညီမလေးဆီပဲ ပြန်ပြေးလာတတ်ခဲ့၏။

သူ စာသင်နေချိန်က လွဲပြီး ညီမလေးကိုပဲ ထိန်းကျောင်း စောင့်ရှောက်နေခဲ့သည်။

"မေမေ"

"ဟင်..."

"ညီမလေးကို သား အရမ်းချစ်တာပဲ၊ မျက်စိအောက်ကတော





အပျောက်မခံနိုင်ဘူး။ ညီမလေးကို အမြဲတမ်း သတိရနေတယ်၊ ညီမလေးတစ်ခုခုဖြစ်သွားမှာ အရမ်းစိုးရိမ်တယ်၊ သားမရှိတဲ့အချိန်တွေ ညီမလေးကို မေမေ ဂရုစိုက်ပါနော်"

"အေးပါကွယ် ဒီကလေးက အရမ်းကို စနိုးပွင့်ပြီး ချစ်စရာလေးပဲ၊ မေမေတောင် မြင်မြင်ချင်းချစ်သွားပြီး အမွေစား အမွေခံ စာချုပ်နဲ့ မွေးစားပြီး ခေါ်လာတာ၊ လိမ္မော်ချိုလေးက အရမ်းချောပြီး ချစ်စရာ ကောင်းတယ်၊ ကြီးလာရင် အရမ်းစွံမှာသားရဲ့"

"ဟင်..."

"ချစ်တဲ့ကြိုက်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေမှာ သေချာတယ်၊ မြင်လိုက်ရတဲ့သူတွေ နှစ်ခါပြန်မကြည့်ပဲ နေနိုင်မှာ မဟုတ်ဘူး။ သား ဘောက်ဖကောင်းကောင်းရအောင် ကြည့်ထားနော်"

မေမေက အမှတ်တမဲ့ ပြောလိုက်ပေမဲ့ သူ့နှလုံးသား တွေထဲမှာ တော့ စိုးရိမ်ပူပန်မှုတွေနှင့် ထိပ်ထိပ်ပြာပြာ လှုပ်လှုပ်ရှားရှားနှင့် နာကျင် သွားရသည်။

ဒါ သူ လက်မခံနိုင်တဲ့ အချက်ပါ။ ညီမလေးကို ဘာဖြစ်လို့ တခြားယောက်ျား တစ်ယောက်ရဲ့ လက်ထဲကို ထည့်ရမှာလဲ မရပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးကို စည်းစနစ်နဲ့ ထားရမယ်။

သူ ခွင့်ပြုချက်မရဘဲ ဘယ်မှ မသွားရဘူး။ ညီမလေးကို

အရိပ်လို စောင့်ကြည့်နေရမယ်။

ထိုနေ့ကစပြီး အလင်းသစ် ပို၍စိတ်ပူလာကာ ညီမလေး

မျက်စိအောက် အပျောက်မခံနိုင်ဘဲ ဖြစ်ခဲ့ရသည်။ ညီမလေးရဲ့ဝေယ

ဝစ္စတွေကို မေမေ့ထက်ပင် အလင်းသစ်ပဲ လုပ်ပေးခဲ့၏။

ညီမလေးဆော့ရင်လည်း သူနှင့်ပဲ ဆော့စေ၏။ ညီမလေ

ကျောင်းတက်ချိန်ရောက်တော့လည်း အစွမ်းကုန် ကြိုးစားပြီး အပို့အ

လုပ်ပေးခဲ့သည်။

"သားရယ် မေမေရှိပါတယ်၊ ညီမလေးအတွက် စိတ်ချ

မင်းကို ကြည့်ရတာ၊ စိတ်ပင်ပန်းတယ်ကွယ်"

"ရပါတယ်၊ မေမေ ညီမလေးအတွက် အလင်းသစ် လုံ

မပင်ပန်းပါဘူးဗျာ၊ ညီမလေး သား မျက်စိရှေ့ကနေ ပျောက်ကွယ်သွ

တာနဲ့ သား အရမ်းပဲ စိတ်ပူပင်နေတတ်တယ်၊ စာသင်ခန်းထဲမှာတော

သွားထိုင်ပြီး ကြည့်နေချင်တာ"

သူ ဆယ်တန်းအောင်တော့ ဂုဏ်ထူးတွေအများကြီး ဖြ





တောင် စာတွေပိပြီး အချိန်တွေ မအားလပ်မှုဆိုး၍ ဆွေးတကွာသိုလ်

အင်ဂျင်နီယာသင်တန်းတွေမတက်ဘဲ ရိုးရိုး မေဂျာပဲ တက်ခဲ့သည်။

ဒါဟာ ညီမလေးကို အချိန်ပြည့် ကြည့်ရှုစောင့်ရှောက်နိုင်

ဖို့လေ၊ ညီမလေးရဲ့စားရေးသောက်ရေး၊ ပညာရေး၊ ဝတ်စားတာဂွာအစ

သူပဲ စီစဉ်ညွှန်ကြားကာ အချိန်ပြည့် အာရုံစိုက်ကာ စောင့်ရှောက်လာ

ခဲ့သည်။

"သားရယ် ညီမလေးကို အဲ့ဒီလောက်ထိ စည်းကမ်းတွေ

တင်းကြပ်ပြီး ချုပ်ချယ်မထားပါနဲ့ကွယ်၊ ညီမလေး နေရထိုင်ရတာ

စိတ်တွေ ကျဉ်းကြပ်ပါမယ်"

"မဖြစ်ဘူးမေမေ၊ မိန်းကလေးဆိုတာ စည်းနဲ့ကမ်းနဲ့ ကြီးပြင်းတာ

ကောင်းတယ်၊ လင်းသစ်က ညီမလေးကို ပညာတတ်မိန်းကလေး

တစ်ယောက်အဖြစ်ကြီးမားပြီး တန်ဖိုးရှိတဲ့ မိန်းကလေးမျိုးဖြစ်စေချင်တယ်၊

စည်းစနစ်ကြီးကြီးနဲ့ မျှော်လင့်ချက်တွေ အနာဂတ်တွေ လှပစေချင်တာပါ၊

ညီမလေးက သားအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာလေးပါ"

"သားရယ် ညီမလေးအပေါ် အဲ့ဒီလောက်ကြီး အစွဲအလန်း

~~ထားပါနဲ့ကွယ်၊ စိတ်ပင်ပန်းပါတယ်၊ ဒီမှာ အလုပ်သမားတွေ~~

www.burmeseclassic.com



အမျိုးကြီးရှိနေတာတောင် သားက ကိုယ်တိုင် လုပ်ပေးရမှဆိုတော
သား စိတ်ပင်ပန်းတယ်လေ"

"ဟာ...ဘာမှ မပင်ပန်းပါဘူး မေမေ၊ ညီမလေး ဝေယျာဝစ္စတေ
လုပ်ပေးရတာ၊ ညီမလေးကို အရိပ်လို ကြည့်ပြီး စောင့်ရှောက်နေရတာ
အရမ်းပဲပျော်တယ်၊ ပီတိလည်းဖြစ်ရတယ်၊ ဘာမှမပင်ပန်းပါဘူး မေမေ

ညီမလေး လိမ္မော်ချိုနှင့် သူ အသက်ငါးနှစ်ကွာသည်။ ညီမလေ
မွေးကြီးတက်သည့် အချိန်ကစပြီး အခု စီးပွားရေးတက္ကသိုလ် ပထမနှစ်တက
တဲ့ အချိန်အထိ သူ အမြဲတမ်း အချိန်တိုင်း အကြိုအပို့ လုပ်ခဲ့သည်

သူ လုံးဝ မအားမလပ်တဲ့ အချိန်တွေကျမှ သူ့လူယုံ ဦးတ
အား ကားနှင့်မောင်းပို့ပြီး စောင့်ရှောက်စေခဲ့သည်။ အခု သူကိုယ်တို
ကားနှင့်ပို့ထားခဲ့တာပါ။

သူ အချိန်ရလို့ ကျူရှင်မှာ အစောကြီး သွားစောင့်နေမိရာက
လိမ္မော်ချို ကျူရှင်မတက်ဘဲ လစ်ထွက်သွားကြောင်း သိလိုက်ရသည်
သူပျာယာခတ်သွားပြီး အပူတပြင်းစုံစမ်းတော့ ရုပ်ရှင် သွားကြည့်တယ်တဲ့
ဘယ်လောက်များ ဒေါသဖြစ်ဖို့ ကောင်းလဲ။

သူ လိုက်သွားပြီး ညီမလေးလက်ကိုဆွဲကာ ရုပ်ရှင်ရုံရှေ့ကနေ





ပြန်ခေါ်လာသည်။ ပတ်ဝန်းကျင်က လူတွေ ဘာတွေ ဘာမှဂရုမစိုက်။
သူ့အသားတွေက တဆတ်ဆတ်တုန်ရီ ဒေါသတွေပေါက်ကွဲခဲ့ရ၏။
သူ့အကြည့်တွေက နာကျင်စွာ ညီမလေးကို ကြည့်မိသည်။

"လိမ္မော်ချို"

"ရှင်"

"နင်...နင် ငါမသိဘဲ...ငါ့ဆီကခွင့်ပြုချက်မတောင်းဘဲ
ဘာဖြစ်လို့ ဒီလို အကျင့်ပျက်တဲ့အပြုအမူတွေ လုပ်ရတာလဲ
ပြောစမ်း...ဒီလို စည်းမဲ့ကမ်းမဲ့အလုပ်တွေ လုပ်ချင်လာအောင်
နင့်ကို ဖျက်ဆီးတာဘယ်သူလဲ ... ဟိုကောင်မလေး
မြူနှင်းဝေလား .."

"ဟို...ဟို..ကိုကို ဘယ်သူ့ကြောင့်မှ မဟုတ်ပါဘူး..
ဒီနေ့ အတန်းမရှိတာနဲ့ ဆရာမလာတော့ဘူးပြောလို့
သူငယ်ချင်းတွေနောက် လိုက်သွားမိတာပါ"

"ဘာ"

"လိမ္မော်.. နောက် မသွားတော့ပါဘူး ကိုကို...
ဒီတစ်ခါတည်းပဲ "

www.burmeseclassic.com



ဆရာမရှိတော့ တစ်ယောက်တည်း စောင့်နေရမှာ စိုးလို့ပါ"

"နင့်မှာ ဟမ်းဖုန်းရှိတာပဲ ဖိုကို လှမ်းဖုန်းဆက်လို့ ရတာပဲဟာ ဘာဖြစ်လို့ မဆက်တာလဲ၊ လိမ္မော်ချို ဒရိုင်ဘာကို ဖုန်းဆက်ခေါ်လည်း ရတာပဲ၊ နင် မရိုးသားတာ အကျင့်ပျက်တာ"

"ကိုကို"

ရင်ခုန်သံရဲ့ ကျော်စော်စွတွေကို နင့် ထိထိယယ် ဖော်ပြတ်လိုက်တော့ လိမ္မော်ချို ဒီလိုချည်ကြောင်း မျောက်မြှုက်ထော်မျိုး လုံးဝ လက်မခံနိုင် အပြစ်ဒဏ် အခွင့်ကော မပေးဘဲ ပေးရမည်ဟု

ညီမလေး လိမ္မော်ချိုအား သူ စူးစိုက်စွာကြည့်မိရင်း ရင်ထဲမှာ နာကျင်နေရ၏။

ငယ်စဉ်လေးကတည်းက သူ့ရဲ့ စည်းစနစ်တွေအောက်မှာ တိတိကျကျလိုက်နာပြီး ကြီးပြင်းလာခဲ့ရသလို မေမေရှိစဉ်ကပင် သူ့အမိန့်သြဇာကိုပဲ နာခံရသည်။ သူ့ ခွင့်ပြုချက်မရဘဲ ဘာမှမလုပ်ရ။ ဘယ်မှ မသွားရ။ သူ့မျက်စိအောက်မှာပဲ နေရ၏။

ဒီလောက် တင်းကြပ်ထားတာတောင် ခွင့်ပြုချက်မရဘဲ အပြင် ထွက်သွားခဲ့တာ သူ ဘယ်လိုမှ သည်းမခံနိုင်တော့လောက်အောင်





ရင်ခုန်သံရှင်းတမ်း

ဖြစ်သွားရ၏။ အပြစ်ဒဏ်ပေးရမည်။ လုံးဝခွင့်မလွှတ်ဘူး။

နောက်ထပ်မသွားရအောင် အပြစ်ဒဏ် ပေးကိုပေးရမယ်

လိမ္မော်ချိုရဲ့ လက်ကို ဆောင့်ဆွဲပြီး အခန်းတစ်ခုထဲသို့ ခေါ်လာခဲ့၏။

"ဟင့်...ဒီ...လိမ္မော် ကိုကို မသိဘဲ ဘယ်ကိုမှ မသွားတော့ပါဘူး.. တောင်းပန်ပါတယ် နော်...ညီမလေးကို အခွင့် အခန်းထဲမှာ မထားပါနဲ့ ကိုကိုရဲ့"

လိမ္မော်က အမှောင်ထုကို အကြောက်ကြီးကြောက်တတ်သည်။ အိပ်ခန်းထဲမှာတောင် မီးထွန်းပြီးမှ အိပ်တတ်၏။ ဖယောင်းဖယ်လေးထဲက သူ့စကားကို နားမထောင်လျှင် အမှောင်ခန်းထဲမှာ ပိတ်လှောင်ထားပြီး ကြောက်စေချင်၍ ပိတ်ထားတတ်သည်။

သူပေးတဲ့အပြစ်ဒဏ်ကို ကြောက်ပြီး လိမ္မော်ချို အမှားမလုပ်ရဲ သူ့ဆီက ခွင့်ပြုချက်မယူဘဲ မလုပ်ခဲ့ပေ။ လိမ္မော်ချို အမှားတွေကို သူ လုံးဝလက်မခံတော့။ အပြစ်ဒဏ်ကတော့ ပေးရမည်။ သူကို မှ တော့မဲ့မြင်လုပ်တာပဲ ... ဖော်ကားတာပဲ။ အပြစ်ဒဏ်တော့ ပေးကိုပေးရမှာပဲ။ ဒီအခန်းက လိမ္မော်ချိုအား အပြစ်ဒဏ်ပေးဖို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ယော်စဉ်ကလေးကတည်းက သူ စီစဉ်ထားတာပါ။ လိမ္မော်ချိုသေမတတ် ကြောက်ရွံ့တဲ့ အခန်း။

"ကိုကို လိမ္မော် ကြောက်တယ်မထားပါနဲ့ ဒီအခန်းထဲ လိမ္မော် မဝင်ပါရစေနဲ့"

"မရဘူး"

"ကိုကို"

"ဘာကိုကိုလည်း နှင် ဒီလို အပြစ်ဒဏ်တွေ ခံစားရမယ်ဆိုတာ သိသိကြီးနဲ့ သွားတာမဟုတ်လား ငါ့ကို မလေးမစား လုပ်တာပဲ"

"မဟုတ်ပါဘူး ကိုကို လိမ္မော်တစ်ခါတလေ သူငယ်ချင်းတွေနဲ့ အဲဒီလို သွားချင်မိလို့ပါ၊ ဆရာကလည်း မလာတော့ လိမ္မော်တစ်ယောက် တည်း အကြာကြီး စောင့်နေရမှာမို့လို့ပါ၊ လိမ္မော် ဟမ်းဖုန်းကဘယ်ထဲရှိ ကုန်နေလို့ပါနော်၊ မယုံရင် ကိုကိုကြည့်ပါ"

"နှင် အဲဒီတွေ ပြောနေတာ၊ ဒါ လုံးဝ မဖြစ်နိုင်ဘူး၊ ဖုန်းတွေ အများကြီးရှိတာပဲ နှင် ဆက်လို့ရလျက်သားနဲ့ ဘာဖြစ်လို့ မဆက်တာလဲ နှင့်ကို မှတ်လောက်သားလောက် အောင်တော့ ပညာပေးရမယ် ဝင်"

"ကိုကို"





"ဝင်လေ"

"အမလေး..."

"ဂျိမ်း"

"ကိုကို"

လိမ္မော်ချိုရဲ့ ကြောက်လန့်တကြား အော်လိုက်တဲ့အသံ လေးကို သူ ဥပေက္ခာပြုလိုက်သည်။ မရဘူး နှင် ကျူးလွန်တဲ့ အပြစ်ဒဏ်အတွက် နှင် ခံယူရမယ်။

သူငယ်ချင်းတွေနဲ့ လိုက်သွားတဲ့အထိ အတင့်ရဲလာပြီ၊ ကောင် လေးတွေနဲ့တွဲပြီး မတွေ့လို့တော်သေးတယ် မှတ်ထား လိမ္မော်ချို ဒီအခန်းထဲမှာပဲ နောင်တရတဲ့အထိ နင်နေရမယ်။ အလင်းသစ်ဆိုတာ ချစ်ရင်လည်း အရမ်းချစ်တယ်၊ မုန်းရင်လည်း အရမ်းမုန်းတယ်။

ဝ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"အမလေး... ကြောက်ပါပြီကိုကိုရယ်၊ လိမ္မော် တောင်းပန်ပါတယ်၊ နောက် ကိုကို မသိအောင် ဘာမှ မလုပ်တော့ပါဘူး"

လိမ္မော် အရမ်းပဲ ကြောက်သည်။ အမှောင်ကို လိမ္မော် ကြောက်တယ်။

ပြီးတော့ ကြွက်တွေ သူမငယ်ငယ်လေးကတည်းက အဒီလို အပြစ်ပေးခဲ့၍ ကိုကို့အား လိမ္မော် မော့မကြည့်ရဲလောက်အောင် ကြောက်ခဲ့မိသည်။ ကြွက်တွေ လိမ္မော် အရမ်းကြောက်တာပဲ။ ထောင့်တစ်နေရာမှာ မလှုပ်မယှက် ငြိမ်ငြိမ်းတိုင်ရင်း ဒူးလေးရော ခန္ဓာကိုယ်လေးပါ တဆတ်ဆတ် တုန်ရင်နေသည်။





"ကျွီ... ကျွီ"

"ကျွီ... ကျွီ"

"ကျွီ"

"အမေ့..."

"ကျွီ ကျွီ"

ကြွက်ချေးနံ့တွေက နံလိုက်တာ တစ်ခန်းလုံး ထကျွီကျွီနှင့် ဟိုပြေး ဒီပြေး ပြေးနေကြသည်။

"ကျွီ ကျွီ"

"အမလေး"

သူမကိုယ်ပေါ် ပြေးတက်လာသဖြင့် သူမငယ်သံပါအောင် အော်လိုက်မိသည်။ အသံလေးတွေ တဆတ်ဆတ်တုန်ကာ ချွေးစီးတွေပင် ပြန်လာရ၏။

အမှောင်ထဲမှာလည်း မပြေးရဲပေ ဘုရားရေ။ လိမ္မော်ကို ကယ်မည့်သူလည်း မရှိတော့ပါလား။ မေမေရှိတုန်းကတော့ ကိုကို စည်းကမ်းတင်းကြပ်လျှင် အပြစ်ဒဏ်ပေးလျှင် ဝင်ရောက် တားဆီးခြင်းမရှိခဲ့။ မေမေပင် မကယ်နိုင်ဘူးမဟုတ်လား၊ လိမ္မော်မျက်ဝန်းမှာထဲမှ မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



တွေ တပေါက်ပေါက် လိမ့်ဆင်းလာသည်။

"သမီးလေးကို စည်းစနစ်နဲ့ ကြီးပြင်းလာစေချင်လို့ပါ၊ တန်ဖိုးကြီးမားတဲ့ မိန်းကလေးဖြစ်စေချင်လို့ပါ၊ ကိုကိုကသမီးလေးကို အရမ်းပဲ ချစ်မြတ်နိုးလွန်းလို့ပါကွယ်"

မေမေပြောတတ်တဲ့ နှစ်သိမ့်စကားလေးတွေပါ။ လိမ္မော်ကို အရမ်းချစ်လို့တဲ့ စည်းစနစ်နဲ့ကြီးပြင်းစေချင်လို့တဲ့၊ လိမ္မော့်ကို တန်ဖိုးရှိတဲ့ မိန်းကလေးဖြစ်စေချင်လို့တဲ့။

လိမ္မော် ဘာဖြစ်လို့ ကိုကို့စည်းစနစ်တွေကြားထဲမှာ ငြိမ်ဝပ်ပိပြားစွာ နေခဲ့ပိတာလဲ။ လိမ္မော်အပေါ် တစ်ခါတစ်ရံ ကိုကိုရက်စက်နေသည်ဟု ထင်မိသည်။

လိမ္မော်လည်း ကိုကို့ကို ချစ်ပါတယ်။ ဒီမောင်နှမ နှစ်ယောက်တည်းပဲ ရှိနေတာ။

ဒါပေမဲ့ မေမေမရှိတော့တဲ့ နောက်ပိုင်း လိမ္မော် အရွယ်ရလာသည်နှင့်အမျှ ကိုကို့စည်းကမ်းချက်တွေက ပို၍ပင် တင်းကြပ်လာသည်။

မြစ်မှုလေး နည်းနည်း လွန်ကျူးလိုက်သည်နှင့် လိမ္မော့်ကို ကြီးလေးတဲ့ အပြစ်ဒဏ်တွေပေးတတ်၏။





သူငယ်ချင်းတွေဆိုလည်း ကိုကိုက အောင်သွယ်လုပ်မည့်သူတွေ အကြံအဖန် လုပ်မည့်သူတွေပဲ ထင်မှတ်နေသည်။

အပေါင်းအသင်း ရှိဟာလည်းမကြိုက် လိမ္မော်ကို အရိပ်လို စောင့်ကြည့်နေတတ်၍ မွန်းကြပ်စွာ နေထိုင်ခဲ့ရ၏။

"နင့်ကိုကိုက လွန်တယ်ဟာ နင်မို့လို့ နေနိုင်တယ်၊ ဒီတစ်ခါတော့ လိုက်ခဲ့ပါ လိမ္မော်ရယ်၊ ဆရာမ မလာတာပဲ၊ နင်တစ်ယောက်တည်း စောင့်နေရမှာလေ"

လိမ္မော်ရဲ့ တစ်ဦးတည်းသော သူငယ်ချင်း နှင်းဆီက ပြောသည်။ နှင်းဆီမရှိလျှင် လိမ္မော်တစ်ယောက်တည်း ဖြစ်တော့မှာပါ။

နှင်းဆီက တခြားသူငယ်ချင်းတွေနဲ့ လိုက်သွားမှာတဲ့။ လိမ္မော် တစ်ယောက်တည်း မနေရဲလို့ အိမ်ကို ဖုန်းဆက်ပြီး ကားလှမ်းခေါ်မယ် ဆိုတော့ နှင်းဆီက တားသည်။

"နင် တစ်ခါတလေ အခွင့်ရေးလေးရတာပဲ၊ နင့် အစ်ကို မသိစေပါဘူး။ အလုပ်လည်း မအားဘူးဆို ခဏလေးပဲဟာ လိုက်ခဲ့"

နှင်းဆီ ဖွတ်အတင်းခေါ်တာနှင့် သူမ လိုက်ခဲ့မိသည်။ ကံဆိုးချင်တော့ ကိုကိုက ရောက်လာပြီး လိမ္မော် အတန်းလစ်တာ သိသွား



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ နောက်ကနေ လိုက်လာ၏။ လိမ္မော်ကို တွေ့သွားတော့ ဖွတ်အတင်းပဲ ဆွဲခေါ်လာခဲ့သည်။

"နင်... နင် ဒီလိုပဲ အကျင့်ပျက်တဲ့ အပြုအမူတွေတော လုပ်တတ်နေပြီလား။ ငါ့စကားတွေကို မလေးမစားနဲ့ စော်ကားချင်တ လား လိမ္မော်ချို"

"မဟုတ်ပါဘူး။ ကိုကိုရယ်၊ လိမ္မော် သွားကြည့်ချင်လို့ လိမ္မော် မှားသွားပါတယ်၊ တောင်းပန်ပါတယ် ကိုကိုရယ်"

"ဖြန်း..."

"အမေ့"

"နင့်ကို အပြစ်ပေးရမယ်၊ ဒီလို အကျင့်တွေ ပျောက်အော လုပ်ပစ်ရမယ်၊ နင့်ကို ငါ လုံးဝ ခွင့်မလွှတ်ဘူး"

ကိုကိုက လိမ္မော်အား ရက်စက်စွာ အပြစ်ပေးခဲ့သည်။ လိမ္မေ မျက်ဝန်းတွေထဲမှ မျက်ရည်တွေ တပေါက်ပေါက် ကျလာပြီး တသိမ့်သိ ရှိုက်ငိုပစ်လိုက်မိသည်။

"ကိုကိုရယ်၊ လိမ္မော် နောက်မလုပ်တော့ပါဘူး ကြောက်ပါပြ တောင်းပန်ပါတယ်၊ လိမ္မော် မှားပါတယ်၊ အဟင့်.... ဟင့်... ဟင့်





သူမ ကြောက်လန့်တကြား ကိုကို့ကို တတွတ်တွတ် တောင်း နေရင်း. သတိလစ်လဲကျသွားသည်။

"လိမ္မော်ချို ညီမလေး သတိရပြီလား"

"အင်း"

"လိမ္မော်ချို"

"အင်း... အင်း"

"သတိရပြီလား။ မျက်လုံးတွေ ဖွင့်ကြည့်စမ်း ကိုကိုလေ"

"ဟင်..."

ကိုကို့အသံ ကြားသည်နှင့် လိမ္မော်ချို မျက်ဝန်းလေး ဖြဲ့ခနဲ လာပြီး အထိတ်တလန့် ကြည့်မိနေ၏။ တဆတ် ဆတ်တုန်ရီနေတဲ့ ခန္ဓာကိုယ်လေးကို အားယူပြီး သူမမှားကြောင်း နောက်ထပ် မလုပ်တော့ပါ ဟု တတွတ်တွတ် တောင်းပန် စကားပြောနေမိသည်။

"ကိုကို လိမ္မော် မှားပါတယ်၊ နောက်ထပ် မလုပ်တော့ ပါဘူး။ လေး တောင်းပန်ပါတယ်နော်"

"ညီမလေး"

သူ့ညီမလေးရဲ့ ခန္ဓာကိုယ်လေးကို တင်းကြပ်စွာဖက်ထား


www.burmeseclassic.com

www.burmeseclassic.com



မိသည်။ စောစောက ဒေါသတွေ ပေါက်ကွဲနေပေမယ့် အခု တေ
ညီမလေးကို သနားသွားရ၏။

သူ နောက်တစ်ခေါက် သွားကြည့်တော့ ညီမလေး သတိလ
လဲကျနေသည်။ အလင်းသစ် ထိတ်လန့်တုန်လှုပ် သွားပြီး လိမ္မော်ချိုအ
ပွေ့ချီ ခေါ်ထုတ်ခဲ့မိတော့၏။ သတိရအောင် အတော်လေး ကြိုးစားပြ
လိုက်ရသည်။

"ကိုကိုက ညီမလေးကို ချစ်လို့ပါ၊ စည်းစနစ်တွေနဲ့ ကြီးပြင်းစေ
လို့ပါ၊ နောက်ဆို ဒီလို အပြုအမူမျိုးတွေ မလုပ်တော့ပါဘူး
ကတိပေးစမ်းပါ လိမ္မော်ချို"

"အင်း... အင်းပါ နောက်ဆို ကိုကိုမကြိုက်တာတွေ ညီမလေ
ဘာမှ မလုပ်တော့ပါဘူးနော်၊ ဒီ အမှောင်ခန်းထဲ မထားပါနဲ့တော့
ကိုကို"

"ညီမလေး ပြစ်မှု မကျူးလွန်ရင် ကိုကို မထားပါဘူး၊ ကို
ခွင့်ပြုချက်မရဘဲ ညီမလေး ဘာမှ မလုပ်နဲ့နော်"

"ဟုတ်ကဲ့ မလုပ်ပါဘူး၊ လိမ္မော်လိမ္မာပါ့မယ်၊ လိမ္မော်
ထပ်...ထပ်ပြီး မနှိပ်စက်ပါနဲ့တော့နော်"





"ညီမလေး တစ်ခုခု ဖြစ်သွားမှာ ကိုကို အရိပ်မိစိတ်ပူနေတယ်၊
ကိုကို စွန့်ခွာပြီး ညီမလေး ထွက်သွားမှာစိုးရိမ်လို့ပါ"

"ညီမလေး မှားပါတယ်ကိုကို၊ နောက်ဆိုရင် ကိုကို့ခွင့်မပြုဘဲ
ဘာကိုမှ မလုပ်တော့ပါဘူးနော်"

လိမ္မော်ချို ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ကိုကို့ကို တောင်းပန်
မိသည်။ သူမ ကြောက်ပါတယ်။ အမှောင်ခန်းကြီးကို သူမ အရမ်း
တာပဲ၊ ကြွက်တွေဆိုးဝါးတဲ့ အနံ့ အသက်တွေ ကိုကိုမကြိုက်တာ
မှ် မလုပ်တော့ပါဘူး၊ တွေးမိတိုင်း သူမ စိတ်တွေ တုန်လှုပ်
ခြောက်ခြားနေဆဲ ဖြစ်သည်။

ကိုကို့ မျက်ဝန်းထဲမှာ ဒေါသတွေ ပျောက်ကွယ်သွားမှ သူမ
ကြပ်နေတဲ့စိတ်တွေ ပြေလျော့သွားရ၏။ တဆတ်ဆတ်တုန်နေတဲ့
ကိုယ်လေးပင် ကိုကို့ရဲ့ နွေးထွေးထွေး နှစ်သိမ့်ယုယမှုကြောင့်
သက်စ ပြုလာရသည်။

"ညီမလေး"

"ရှင်..."

"ထ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ညီမလေးသွားချင်တဲ့ နေရာကို သွားကြမယ်"

"ရှင်..."

"ညီမလေးကြည့်ချင်တာ မဟုတ်လား၊ ကိုကို လိုက်လာ ညီမလေး၊ ကြည့်ချင်တဲ့ ရုပ်ရှင်ကားကို မကြည့်လိုက်ရဘူး မဟုတ်လား"

"ဖေပါတော့ ကိုကို လိမ္မော် ဒီလောက်ကြီး သွားချင်တ မဟုတ်ပါဘူး။ ဆရာလည်း မလာလို့ တစ်ယောက်တည်း စောင့်နေရ စိုးလို့ပါနော်"

လိမ္မော် ဘယ်ကိုမှ မသွားချင်တော့လောက်အောင် အားအင်ခ ချိနဲ့နေရသည်။ ခြေလှမ်းတွေမင်မရွှေ့ချင် ကိုကိုနှင့် သွားလျှင်လည အချုပ်အချယ်တွေနှင့်ပတ်ဝန်းကျင်မှယောက်ျား လေးတွေ ကြည့်လျှ လည်း ပြဿနာရှာပြီး ဒေါသတွေ ပေါက်ကွဲချင်သည်။

လိမ္မော် အိမ်ထဲမှာနေတာပဲ အကောင်းဆုံးပါပဲလေ။ ကို အကြည့်တွေက လိမ္မော့်ဆီ စူးစိုက်စွာ ကျရောက်လာ၏။ သူမတုန်လှုပ် ရင်တွေ တဆတ်ဆတ်တုန်ရင်လာသဖြင့် နှုတ်ခမ်းလေးတွေ တင်းကြပ်စွာ ဖိကိုက်ထားမိသည်။





"လိမ္မော်ချို"

"ရှင်..."

"ကိုကိုနဲ့ မသွားချင်တာလား"

"မဟုတ်ပါဘူး ကိုကို၊ လိမ္မော်မသွားချင်တဲ့အကြောင်း ပြောပြ ပါ"

"ညီမလေး"

"ရှင်"

"ကိုကို့အချစ်တွေ စေတနာ မေတ္တာတွေကို နားလည်ရဲ့လားကွာ"

"ဟုတ်ကဲ့ နားလည်ပါတယ် ကိုကို"

"ညီမလေးကို အရမ်းချစ်လို့ပါ၊ အရမ်းပဲ တန်ဖိုးထားလို့ပါ၊ ကို့အနားကနေ ထွက်ခွာသွားမှာ စိုးရိမ်လို့ပါ"

"မသွားပါဘူးကိုကို လိမ္မော်တို့မှာ ဒီ မောင်နှမ နှစ်ယောက်ပဲ ရှိတာပဲ"

"တကယ်လား ညီမလေးရယ်၊ မင်း ကတိပေးစမ်း။ ကိုကိုကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ပါဘူးလို့"

"ဟုတ်ကဲ့ ကတိပေးပါတယ် ကိုကို လိမ္မော့်ဘဝမှာ ကိုကိုပဲ



www.burmeseclassic.com

အဲဒီကသိ၊ ကိုကိုကလွဲပြီး ဘယ်သူမှ မချစ်ပါဘူး"

"ကောင်းပြီ ကတိနော်၊ ကိုကိုလည်းချစ်သူတွေ ဘာတွေ မထားဘူး ညီမလေးလည်း ချစ်သူရည်းစားတွေ မထားရဘူး၊ အိမ်ထောင်လည်း မပြုရဘူး ဘယ်လိုလဲ"

"ဟုတ်ကဲ့"

"ညီမလေးသဘောတူ လက်ခံတယ်နော်"

"ဟုတ်ကဲ့"

"အိုလေ ဒါဆို တို့နှစ်ယောက် ဘုရားရှေ့မှာ သစ္စာဆိုပြီး သစ္စာရေသောက်ကြမယ် ဘယ်လိုလဲ"

"ကိုကို့ သဘောပါပဲ"

"လာ သွားကြမယ်"

ကိုကိုက သူမလက်ကလေးကိုဆွဲပြီး ဘုရားခန်းထဲ ခေါ်လာတော့ လိမ္မော့်ဆန္ဒတွေ ဘယ်လိုပဲ ရှိနေပါစေ၊ ကိုကို့နောက် လိုက်ခဲ့ရတာပဲ မဟုတ်လား။

ငယ်ငယ်လေးကတည်းက ကိုကို့ကို လိမ္မော်ကြောက်ခဲ့ရသည်။ ကိုကို့ရဲ့စည်းစနစ်တွေနဲ့ တင်းကြပ်တဲ့ ချုပ်ချယ်မှုတွေက လိမ္မော့်အတွက်





ခေါက်ချိုးကြေနေတဲ့ စက္ကူတစ်ရွက်လိုပဲ ဖြစ်နေခဲ့ရသည်။ မေမေ ဆုံးသွားခြင်းကလည်း လိမ္မော့်အတွက် အားကိုးတွယ်တာရာ နှစ်သိမ့်အား ပေးရာမဲ့သလိုလည်း ဖြစ်သွားရ၏။

ကိုကို့ဆန္ဒက လိမ္မော့် ဆန္ဒပါပဲ၊ ကြိုက်တာ မကြိုက်တာတွေ လက်ခံချင်[illegible]တွေ ပြင်းဆန်လိုတာတွေ သဘောကျကျ မကျကျ လိမ္မော်လိုက်နာ ဆောင်ရွက်ပေးလိုက်ဖို့ပဲ ရှိတော့သည်။

"ကိုကို ပြောတာတွေကို လိုက်ဆိုနော် လိမ္မော်"

"ဟုတ်ကဲ့"

"ပေးထားတဲ့ ကတိကို ဖောက်ဖျက်ပါက အသေဆိုးနဲ့သေပြီး ငရဲကြီးရှစ်ထပ်သို့ သံသရာအဆက်ဆက် ဘဝအဆက်ဆက် ကျရောက်ပါစေသား"

ကိုကို့ သစ္စာဆိုသံကြီးက သူမရင်ထဲသို့ သံရည်ပူတွေ အလားမှု ပြင်းလောင်မြိုက်စွာ တိုးဝင်စီးဆင်းသွားသည်။ လိမ္မော် နှုတ်ခမ်းလေးတွေက တဆတ်ဆတ် တုန်ရီလာသဖြင့် စိတ်တွေကိုထိန်းချုပ်ပြီး ကိုကို့နောက်မှ လိုက်ဆိုခဲ့ရ၏။

ဘာဖြစ်လို့လည်း မသိပါဘူး၊ လိမ္မော့်စိတ်တွေ ပူလောင်လာ



www.burmeseclassic.com

www.burmeseclassic.com



ခံသောက် နာကျင်သွားရသည်။ ကြောက်စိတ်တွေလည်း အတိုင်းအဆမဲ့မှာ တိုးဝင်လာရ၏။ လိမ္မော်ဘဝ တစ်လျှောက်လုံး နေထိုင်လိုက်နာနိုင်ပါ့ မလား။ အရှင်ဘုရား တပည့်တော်မ ကိုကိုကို အရမ်းကြောက်ရွံ့မိလို့ပါ ဘုရား။ တပည့်တော်မအား ခွင့်လွှတ် သည်းခံပေးပါဘုရား။ ကံကြမ္မာ အရ တပည့်တော် ဖောက်ဖျက်မိသွားပါက ဒီ ကတိစကားတွေရဲ့ ဆိုးကျိုးတွေ တပည့်တော်မအပေါ် မကျရောက်ပါရစေနဲ့ အရှင်မြတ် ဘုရား။

"လိမ္မော်"

"ရှင်..."

"ရော့ သစ္စာရေသောက်လေ"

"ဟုတ်ကဲ့"

"ကိုကိုတို့ ဘုရားရှေ့မှာ သစ္စာဆိုပြီး သစ္စာရေသောက်ကြတာနော် လိမ္မော်၊ ကတိဖျက်တဲ့သူက သစ္စာစူးမှာပဲ၊ ဒီသစ္စာရေကို သောက်"

"ဟုတ်ကဲ့"

ကိုကိုက သူ့အရင်သောက်ပြီး လိမ္မော်အား သောက်စေသည် လိမ္မော်အတွက်ကတော့ ကိုကို့အမိန့်ကို ဒီအရွယ်အထိ တိကျစွာလိုက်နာ





ခဲ့ရတာပါ။ သစ္စာရေကို လိမ္မော်ယူ၍ မော့သောက်လိုက်တော့ ကိုကိုက သဘောကျစွာ ပြုံးနေ၏။ လိမ္မော့် လက်ကိုဆွဲပြီး ဘုရားခန်းထဲကနေ မြန်မြန်၍ ထွက်လာသည်။

လိမ္မော်ကတော့ သံပတ်ပေးထားတဲ့ ကော်ပတ်ရုပ်လေး တစ်ရုပ် သို့ပဲ။ ကိုကို မ..ိုင်းရာကို တသွေမတိမ်း လိုက်နာလုပ်ဆောင်ပေးရတဲ့ သူသားစက်ရုပ်မလေးပါပဲ။ စက်ရုပ်တွေ ကော်ပတ်ရုပ်လေးတွေလို အသက်မပါရင် အသွေးအသား အသိဉာဏ်တွေ မပါရင် ဘယ်လောက် ကောင်းလိုက်မလဲနော်၊ သူမ ခပ်ကြောင်ကြောင်လေး စဉ်းစားနေမိသည်။

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

အလင်းသစ် ကျေနပ်စွာဖြင့် သူ့အိပ်ခန်းထဲ ပြန်ဝင်လာခဲ့သည်။ ညီမလေး သူ့စကား နားထောင်ပြီး ကတိသစ္စာဆို လိုက်၍ စိတ်အေး သွားရ၏။

လိမ္မော်ချိုရယ်။ ကိုကို့ရင်ထဲက ခံစားချက်တွေကိုမင်းလေး မသိနိုင်ပါဘူးကွာ မင်း ကိုကို့အနားက ထွက်သွားလို့ မဖြစ်ပါဘူး။ ကိုကိုနဲ့အတူ မင်း ထာဝရ ရှိနေစေရမယ်။

လိမ္မော်ချို ကတော့ သူနှင့် သွေးသား မတော်စပ် ဘူးဆိုတာ မသိပေ။ အစ်ကို အရင်းအချာပဲ ထင်မှတ်ကာ ရှိသေလေးစားပြီး ချစ်ကြောက်စွာ ကိုကို့အမိန့်ကို နာခံတာပဲ ဖြစ်သည်။ တစ်ခါတစ်ရံ





မင်းက ကိုကို့ညီမလေးအရင်း မဟုတ်ဘူးဟု ပြောချင်ပေမဲ့ သူ့နှုတ်ခမ်းတွေက စကားလုံးတွေ ထွက်မလာ။

သွေးသား မတော်စပ်ဘူးဆိုပြီး မုန်းတီး စိမ်းကားသွားမှာ သည်း သူ အကြောက်ကြီးကြောက် အစိုးရိမ်ကြီး စိုးရိမ်နေ မိသည်။

တကယ်တော့ လိမ္မော်လေးရယ် ကိုကိုအပြစ်ဒဏ်တွေ မပေးချင် ပါဘူး။ လိမ္မော်လေး နှလုံးသားထဲမှာ ကိုကိုပဲရှိချင်တယ်။

တခြား ဘယ်သူ့ကိုပဲဖြစ်ဖြစ် သံယောဇဉ်တွယ်တာ သွားမှာ ကို လက်မခံနိုင်လို့ပါ။ ကိုကိုမနာလို ဖြစ်နေမိတယ် လိမ္မော်လေးရယ်၊ ကို ညီမလေးကို တခြားတစ်ယောက် ယောက်က လုယူသွားမှာ ကို အရမ်းပဲ စိုးရိမ်တယ်။

လိမ္မော်ချိုက အရမ်းပဲ ကြောက်ရွံ့တုန်လှုပ်နေတတ်တဲ့ ကောင် လေးပါပဲ။ မင်း သစ္စာဖောက်ဖျက်လို့ကတော့ သစ္စာရှုံးမှာနော် လိမ္မော်ချို သူ့အပေါ် သွေဖယ်ပြီး သံယောဇဉ် ဖြတ်တောက်ပစ်လိုက် တော့ သူအမြဲတမ်း ထိန်းချုပ်နိုင်စွမ်းကင်းမဲ့စွာ ဒေါသတွေပေါက်ကွဲ ရသည်။

အားမလို အားမရတွေ ဖြစ်ချင်တဲ့ ဆန္ဒတွေ အမျိုးကြီးပဲ



www.burmeseclassic.com

www.burmeseclassic.com



နှိုးနေပေမဲ့ ရင်ဖွင့်ရခက်နေ၏။ လိမ္မော်လေးရင်ထဲက သံယောဇဉ်တွေကို ဘယ်လိုယူ ပိုင်ဆိုင်မလဲ။ အမြဲတမ်း ဒေါသတွေပဲ ပေါက်ကွဲထွက်ချင် နေရသည်။

"ကိုကိုကလွဲပြီး လိမ္မော် ဘယ်သူ့ကိုမှ မချစ်ပါဘူး၊ ကတိပေး ပါတယ်"

သူ့ရင်ထဲမှာ လေးလံမွန်းကြပ်နေသည်။ ညနေရောက်တော့ လိမ္မော်လေး စားသောက်ဖို့အတွက် စားသောက်စရာတွေကို သူကိုယ်တိုင် ပြင်ဆင်ချက်ပြုတ် စီစဉ်ပေးနေကျပဲ ဖြစ်သည်။ သူ အောက်ထပ်ဆင်း လာခဲ့၏။

မီးဖိုခန်းထဲ ဝင်လာတော့ ဒေါ်စိုးသာက သူ့အထာကို သိထား၍ ကူညီပြင် ဆင်ပေးနေသည်။

"မောင် အလင်းသစ်ရယ် လိမ္မော်လေးက ဒေါ်စိုးသာ ချက်ပြုတ် စီစဉ်ပေးတာလည်း သဘောကျပါတယ်ကွယ်"

"မဖြစ်ပါဘူး ဒေါ်စိုးသာ၊ ညီမလေးက တစ်သက်လုံး ကျွန်တော် ချက်ပြုတ်ကျွေးမွေးတာပဲ စားသောက်လာတာပါ၊ ကျွန်တော် မပင်ပန်း ပါဘူး။ ညီမလေးအတွက် ကျွန်တော် ကိုယ်တိုင် စီစဉ်ပေးရမှ ကျေနပ်





ယ်ဗျာ"

"အေးကွယ် မင်းရဲ့ သံယောဇဉ်ကလည်း ကြီးပါတယ်၊ ဒါပေမဲ့လည်း မင်းစိတ်တွေ အရမ်းပင်ပန်းပြီး ရောဂါရမှာ စိတ်ပူတယ်"

"မစိုးရိမ်ပါနဲ့ ဒေါ်စိုးသာ၊ လိမ္မော်လေးအတွက် ကျွန်တော့် စိတ်တွေက အမြဲတမ်း ပျော်ရွှင်သွက်လက်နေတာပါ"

သူနှင့် လိမ္မော်ချို့ သွေးသားမတော်စပ်ဘူးဆိုတာ သိ နေသော တစ်ဦးတည်းသောသူက ဒေါ်စိုးသာပါပဲ။ သူငယ်ငယ်လေးကတည်းက ဒေါ်စိုးသာက သစ္စာရှိ လူယုံတော်ကြီးတစ်ယောက်ဖြစ်သည်။ သူ့အပေါ်လည်း သံယောဇဉ် ကြီးမားစွာရှိခဲ့၏။ သူ့အတွက် အသက်ပင် ပေးချင်သော လူယုံတော်ကြီးပါ။

"ဒေါ်စိုးသာ"

"ပြောလေ..."

"လိမ္မော်လေးကို ညစာစားဖို့ သွားခေါ်ပါ"

"ဒေါ်စိုးသာ ပြင်ပေးမယ်လေ"

"ကျွန်တော် ကိုယ်တိုင်ပဲ ပြင်ပေးမယ်၊ ဒေါ်စိုးသာ ပြင်ပေးတာကို လိမ္မော်လေး ကြိုက်ချင်မှ ကြိုက်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ်"

လိမ္မော်လေးအတွက် သူ စားသောက်စရာတွေ ပြင်ဆင် ပေးခဲ့တာ နှစ်တွေ အတော်ကြာပြီပဲ၊ သူ တာဝန်မပျက်ခဲ့။ အမြဲတမ် ပီတိတွေနှင့် ပျော်ရွှင်ကျေနပ်မိသည်။

ပင်ပန်းသည် ဟူ၍မရှိခဲ့။ လိမ္မော်လေး ကြိုက်နှစ်သက်တတ်တဲ့ စားသောက်စရာတွေကို သူ နေ့စဉ်တွေးတော ပြင်ဆင်ပေးရတာယ ပျော်ရွှင်ကျေနပ်စရာပါပဲ။ ဒေါ်စိုးသာက ညီမလေးကို ခေါ်လာခဲ့သည်

"လိမ္မော်လေး"

"ကိုကို"

"ထိုင်လေ"

"ဟုတ်ကဲ့"

လိမ္မော်လေးကတော့ ကကြိုးရုပ်လေး တစ်ရုပ်လိုပါပဲ။ ကိုကို ထိုင်ဆို ထိုင်ပဲ၊ ထဆိုထပဲ လိမ္မော်မှာ ဘာမှ ငြင်းဆန် နိုင်ခွင့်မရှိခဲ့ ဆန္ဒပြုပိုင်ခွင့်လည်း မရှိပါဘူး။

စက်ရုပ်လေး တစ်ရုပ်လို ကိုကို သံပတ်ပေးသမျှ လှုပ်ရှားနေ သည်။ ကိုကိုက ညီမလေး တစ်ယောက်တည်းဖြစ်လို့ အရမ်းပဲချစ်ပြီး





ည်းကမ်းတင်းကြပ်ထားတာကို လိမ္မော် နားလည်ပါတယ်လေ။ မော်လည်း ကျင့်သားရနေပါပြီ။

ကိုကို့ဆန္ဒတွေက လိမ္မော့် ဆန္ဒပါပဲ။ အကောင်းဆုံး စားစရာ က လိမ္မော့်ရှေ့မှာ ပြည့်နှက်နေသည်။

"လိမ္မော်လေး"

"ရှင်… ကိုကို"

"ဒီအသုပ်လေး ကြိုက်တယ် မဟုတ်လားဟင်"

"ဟုတ်ကဲ့…"

"ကိုကိုက ညီမလေး အကြိုက်ကို အမြဲတမ်း နားလည်အောင် စားထားရတာကွ၊ ဒေါ်စိုးသာ ပြင်ပေးရင်တောင် ကိုကို စိတ်တိုင်း ကျဘူးလေ"

ကိုကိုဒီလောက်ထိ အသေးစိတ် ဂရုစိုက်နေတော့ တစ်ခါတလေ မော် အရမ်းပဲ စိတ်ကျဉ်းကြပ်မိသည်။ ငယ်ငယ်က အကြောင်းမဟုတ် ဘဲ့ အသက်အရွယ်ရလာသည် နှင့်အမျှ ကိုကို စည်းကမ်းတွေက ၍ တင်းကြပ်လာ၏။

လိမ္မော်လည်း တစ်နေ့တခြား စိတ်တွေ ပိုပြီးမွန်းကြပ်လာ



www.burmeseclassic.com

www.burmeseclassic.com



သသာ..တော့ မသိပါဘူး၊ နောက်ပြီး လိမ္မော် မလုပ်ရဲဘူး အမှားအယွ
ရှိသွားရင်ပဲဖြစ်ဖြစ်၊ ကိုကို မကြိုက်ရင်ပဲဖြစ်ဖြစ် လိမ္မော် လုပ်မိသွား
ကြောက်ရွံ့ နေမိသည်။

"လိမ္မော်..."

"ရှင်..."

"ငြိမ်လှချည်လား..."

"ဘာမှ မဟုတ်ပါဘူး၊ ကိုကို လိမ္မော် ငြိမ်ငြိမ်လေး နေတ
ကိုကို သဘောကျတယ် မဟုတ်လားဟင်"

"အင်း..."

"ကိုကိုလည်း စားလေ"

"လိမ္မော်"

"ရှင်..."

"ကိုကို ကျောင်းလိုက်ပို့မယ်..."

"ဟုတ်ကဲ့"

"အတန်းပြီးတာနဲ့ စောင့်နေကျ နေရာလေးမှာပဲ စောင့်နေ
အတန်းမရှိရင် ကိုကို့ဆီ ဖုန်းဆက်လိုက် ညီမလေးကို ဒရိုင်ဘာ





တ်မချတော့ဘူး ကိုကိုပဲ အကြိုအပို့ လုပ်တော့မယ်"

"ဟုတ်ကဲ့"

လိမ္မော်ကတော့ ကိုကိုနှင့်ပတ်သက်လာလျှင် ဟုတ်ကဲ့ ဆိုတဲ့
ားကလွဲပြီး တခြားစကားတွေ မပြောတတ်တော့ပေ။ အမှားအယွင်း
သွားမှာ ကြောက်၍ သတိထားနေရသည်။

လိမ္မော် ကိုကို့ရှေ့ ထွက်သွားချင်ပါပြီ ကျောင်းမှာဆို လိမ္မော်
တ်တွေနည်းနည်း လွတ်လပ်သလိုပင်။ စာသင်ချိန်တွေ ကုန်ခါနီးလေ
မ္မော် ကိုကို့အနားရောက်ရမှာ ကြောက်ပြီး မွန်းကြပ်လာလေပဲ။

ဒါပေမဲ့ ကိုကိုက ညီမလေးတစ်ယောက် ဆိုတော့ တစ်စုံတစ်ခု
မှားအယွင်းတွေနဲ့ ကြုံတွေ့သွားမှာ စိုးရိမ်ပူပန်နေ လို့ပဲ ဖြစ်မှာပါဟု
မ္မော် စိတ်တွေ.. ဖြေရ၏။

"တီ...တီ..."

"ဟော..."

ကိုကို ခြံထဲကနေ ကားဟွန်းတီးပြီး သတိပေးတော့မှ သူမ
ယ်အိတ်လေးဆွဲပြီး အပြေးအလွှား အောက်သို့ ပြေးဆင်းလာမိသည်။

လိမ္မော် အတွေးတွေလွန်ပြီး ကိုကို စောင့်နေမှာကိုပင် မေ့လျော့နေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ကိုကို့မျက်နှာက ကြည်လင်နေ၍ တော်သေးပါရဲ့။

ခြေလှမ်းသွက်သွက်လေး များဖြင့်လာကာ ကိုကို့အနား ရောက်ခလုတ်တိုက်မိသလို ဖြစ်သွား၍ ကိုကိုက လက်မြန်ခြေမြန် လှမ်းဆွဲထိန်းထားရသည်။

"ဘာဖြစ်လို့... ဒီလောက်အထိ အလောတကြီး ဆင်းလာရတာလဲ လိမ္မော်၊ ချော်လဲသွားရင် ဘယ်လိုလုပ်မလဲ"

"ကိုကိုစောင့်နေရမှာ စိုးလို့ပါ"

"ရပါတယ်ကွာ"

သူမကားရှေ့ခန်းမှာ ဝင်ထိုင်လိုက်သည်။ ကိုကိုက ကားစက်မနှိုးသေးဘဲ သူမကို စူးစူးစိုက်စိုက်ကလေး ကြည့်နေ၏။

"လိမ္မော်"

"ရှင်..."

"မင်း အဝတ်အစားတွေ သွားလဲလိုက်စမ်း"

"ရှင်"

"မင်းအင်္ကျီက ပါးလွန်းနေတယ်၊ ဒီအင်္ကျီက ကိုကို ဝယ်ပေးထားတာလည်း မဟုတ်ဘူးထင်တယ်"





"ဟို... လိမ္မော့်သူငယ်ချင်း လက်ဆောင်ပေးတာပါ၊ လိမ္မော်မွေးနေ့အတွက်ပါ နှင်းဆီပေးတာလေ"

"နှင်းဆီ"

"ဟုတ်"

"သေချာရဲ့လား"

"သေချာပါတယ်ကိုကို နှင်းဆီက သူနဲ့ဆင်တူ နှစ်ထည်ဝယ်ပြီး တစ်ထည်လက်ဆောင်ပေးတာပါ"

"လိမ္မော် ဒီအင်္ကျီ ကိုကို့ကို ဘာဖြစ်လို့ မပြခဲ့တာလဲ"

"ဟင့်အင်း... မေ့နေတာပါ၊ နှင်းဆီက ဒီနေ့ဝတ်ခဲ့လို့ ပြောထားတာပါ"

ကိုကို့အကြည့်တွေက မယုံသင်္ကာအကြည့်တွေ ဖြစ်နေသည်။ လိမ္မော်ကလည်း လိမ္မော်ပါပဲ။

မွေးနေ့တုန်းက လက် ဆောင်ရထားတဲ့ အင်္ကျီကိုပြဖို့ မေ့နေခဲ့သည်။ အဝတ်အစားဝတ်တာကအစ ကိုကို့သဘောကျ လက်ခံတဲ့ အင်္ကျီကိုပဲ ဝတ်ဆင်ရသည်။

မွေးနေ့ဆိုတာလည်း ကိုကိုနှင့် လိမ္မော်ပဲ စားသောက်စရာတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂလာနေ့ခဲ့ရတာပါ။ ကိုကို နှင်းဆီကို ဖုန်းဆက်မေးသည်။

"ဟယ်လို…နှင်းဆီလား မင်း လိမ္မော်ချိုမွေးနေ့အတွက် အင်
လက်ဆောင်ပေးလား"

လိမ္မော် အရမ်းပဲ စိတ်ညစ်ရှုပ်ထွေးသွားရသည်။ အသက်ရှူဖို
မွန်းကြပ်ကြပ်ကြီး ဖြစ်လာရ၏။

နှင်းဆီက လိမ္မော်ရဲ့တစ်ဦးတည်းသော သူငယ်ချင်းပါ။ လိမ္
အပေါ် ကောင်းလွန်းပြီး အမြဲတမ်းအားပေးနှစ်သိမ့် ပေးနေတတ်
သူလည်း ဖြစ်နေ၏။

လိမ္မော်စိတ်မောစွာဖြင့် ကိုကို့ကို ငေးမောကြည့်နေ မိသည်

"နောက် အဲဒီလို ခေတ်ရေ့ပြေးလွန်းတဲ့ အင်္ကျီတွေ လိမ္မော်
အတွက် ဝယ်ပြီး လက်ဆောင်ပေးတာမျိုးတွေ မလုပ်ပါနဲ့"

ကိုကို့အသံက ပြတ်တောက်မာတင်းနေသဖြင့် မဆီမဆ
အဟောက်ခံလိုက်ရတဲ့ နှင်းဆီကို အားနာသွားရသည်။ ကိုကို့လုပ်ရပ်
ကို တားဆီးပိတ်ပင်ခွင့်လည်း မရှိပါ။

လိမ္မော် ခန္ဓာကိုယ်လေး လှုပ်ပင်မလှုပ်ရဲ၊ တစ်ခါတရံ အသိတွေ
ကင်းမဲ့သွားချင်လာရ၏။ နှင်းဆီနှင့် ကိုကို စကားတွေပြောပြီး လိမ္မော်တ





ည့်လာ၏။

"လိမ္မော်"

"ရှင်…"

"အဝတ်အစား သွားလဲလေ"

"ဟုတ်ကဲ့"

"နောက်ဆို ဘယ်သူ့ဆီကမှ လက်ဆောင်ယူလာစရာ မလိုဘူး၊
ကိုကိုအားလုံး အပြည့်အစုံ ဝယ်ပေးထားပြီးပြီပဲ၊ မင်းကို ဘယ်သူပဲ
လက်ဆောင်ပေးပေး ကိုကို့ကို အသိပေးရမယ် ကြားလား"

"ဟုတ်ကဲ့…"

"သွားတော့…"

သူမကြောက်ကြောက်လန့်လန့်နှင့် ကိုကို့အနားကနေ ထလာခဲ့ပြီး
သူမအိပ်ခန်းထဲရောက်တဲ့အထိ တုန်ရီလှိုက်ခါ နေသေးသည်။

ကိုကိုဝယ်ပေးထားတဲ့ အဝတ်အစားကိုရွေးပြီး သတိထားဝတ်ရ
၏၊ တစ်ခါတရံ ကိုကို့ရှေ့သွားရမှာ သေမတတ်ပင် လိမ္မော်ကြောက်ရွံ့
တုန်လှုပ်နေရသည်။ သူမအဝတ် အစားလဲပြီး ကိုကို့ရှေ့ပြန်လာခဲ့၏။

ကိုကိုက ဘာမှ မပြောတော့ဘဲ ကား မောင်းထွက်လာတော့မှ



www.burmeseclassic.com

www.burmeseclassic.com



လိမ္မော် အသက်ရှူနည်းနည်း ချောင်သွားရသည်။ ဒါပေမဲ့ ကို(ကို) မမြင်အောင် နှုတ်ခမ်းလေးကို မသိမသာလေး ရှုတင်းထားမိ(တဲ့) လိမ္မော်ချို။

○





## အခန်း (၄)

"လိမ္မော်"

"ဟင်..."

"နင့်ကိုကိုက မလွယ်ပါလားဟာ အရမ်းပဲ စွပ်ဟောက်နေတာပဲ၊ နင့်မွေးနေ့အတွက် ငါ လက်ဆောင် ပေးဝယ်ပေးတဲ့ အကျီုက တန်ဖိုး ကြီးပြီး အရမ်းလည်း လှတယ်၊ နင်နဲ့လည်း အရမ်းလိုက်တယ်၊ ဒီလောက်ကြီးလည်း ခေတ်ရှေ့ပြေးနေတာ မဟုတ်ပါဘူးဟယ်နော်"

နှင်းဆီ တကယ်ပဲ မကျေမနပ်ဖြစ်ရ၏။ လိမ္မော့်ကိုကိုက ဘာလဲ။ ညီမလေးတစ်ယောက်အပေါ် အဲဒီလောက်အထိ စည်းကမ်း တင်းကြပ် ဘာမှုတော့ မလုပ်သင့်ဘူးဟု နှင်းဆီ ထင်မြင်ယူဆမိနေသည်။

ဘယ်မှမသွားရ ဘာမှ မလုပ်ရ လူသားတစ်ယောက်ကို သူ



www.burmeseclassic.com

www.burmeseclassic.com



ဘီထွင်ထုတ်လုပ်ထားတဲ့ လူသား စက်ရုပ်များ ထင်နေလား မသိပါဘူး

လိမ္မော်ကို ကြည့်ရတာ ဘေးလူပင် စိတ်ကျဉ်းကြပ်က သေပစ်ချင်လာ ရ၏။ တကယ့်ကို ငြိမ်သက်ပြီး စက်ရုပ်မလေးပဲ။

လိမ္မော်ချိုသည် အရမ်းကို လှပချောမွတ်အိစက်နေပြီး ငွေကြေ ပြည့်စုံ ချမ်းသာနေပါလျက်နှင့် လူ့လောကကြီးရဲ့ ပျော်ရွှင်ချမ်းမြေ တွေနှင့် မသက်ဆိုင်သော လူသားတစ်ယောက် ဖြစ်နေရသည်။

"နင် နင် အရမ်းလှတယ် လိမ္မော်ချို၊ နင့်ကို မြင်လိုက်ရ သူတွေက နှစ်ခါပြန် မကြည့်ဘဲ မနေနိုင် လောက်အောင်ကို လှတ အသားအရည်ကလည်း ဖြူဝင်းအိနေတာပဲ၊ နှာတံလေးကလည် စင်းလို့ နှုတ်ခမ်းလေးကလည်း ဖူးဖူးငုံငုံ အိအိလေး"

"တော်ပါတော့ဟာ..."

"နင် လူသားစက်ရုပ်လားဟင် လိမ္မော်ချို၊ ဦးအလင်း သ တီထွင်ထားတဲ့ ကော်ပတ်ရုပ်လေးလား၊ သူတစ်ယောက်တည်း သိပ ပေးမှ လှုပ်ရှားနိုင်တာမျိုး အဲ့ဒွ ကြီးကြီး တီထွင်ထုတ်လုပ်ထားတာပ

"နှင်းဆီ"

"ဟင်..."





"ကိုကိုက စေတနာနဲ့ပါဟာ၊ ညီမလေးတစ်ယောက်တည်းရှိတော့ တစ်ခုခုဖြစ်သွားမှာ အရမ်းစိုးရိမ်နေတာပါ၊ တို့ကို စည်းစနစ်တွေနဲ့ ကြီးပြင်းလာစေချင်တာပါ၊ ကိုကိုက လိမ္မော့်အပေါ် အရမ်းချစ်ပြီး တာဝန်လည်း အရမ်းကျေပွန်လွန်းတဲ့ အစ်ကိုတစ်ယောက်ပါ နှင်းဆီရယ်"

ဘာပဲဖြစ်ဖြစ် ကိုကို့ကို ဝေဖန် အပြစ်တင်လာတာကိုတော့ လိမ္မော်မခံမရပ်နိုင် ဖြစ်ရသည်။ ကိုကိုက လိမ္မော်ရဲ့ တစ်ဦးတည်းသော အစ်ကိုပဲ။ လိမ္မော်လည်း ကိုကို့ကို ချစ်တာပါပဲလေ။

ကိုကိုအတွက်ကြီးကြီးနဲ့ လိမ္မော့်ကို စည်းစနစ်တွေ တင်းကြပ်စွာနဲ့ ထိန်းသိမ်းစောင့်ရှောက်နေတာပဲ။ လိမ္မော် မွေးကတည်းက ငါးနှစ်သား အရွယ် ကိုကို့ရဲ့ လက်ပေါ်မှ မချတော့တဲ့ ထိန်းကျောင်းစောင့်ရှောက်လာ ခဲ့တာဟု မေမေက ပြောပြတတ်၏။ ဒေါ်စိုးသာကလည်း ပြောပြခဲ့တာပါပဲ။

လိမ္မော် မကြောင့်မကြနေရအောင် စည်းစိမ် ဥစ္စာတွေ ပြည့်စုံနေ အောင် ကိုကိုက စီးပွားတွေကို မရမနေကြိုးစားရှာဖွေခဲ့သူလည်း ဖြစ်သည်။

"နင့် အစ်ကိုက ညီမလေးအတွက် ထိန်းသိမ်း စောင့်ရှောက်နေ တာ နည်းလမ်းလွဲမှားပြီး စေတနာကနေ ဝေဒနာတွေ ဖြစ်သွားမှာ



www.burmeseclassic.com

www.burmeseclassic.com



လိမ္မော်အစား စိတ်အိုက်လိုက်တာ။ ရှိုးရှိုးကြီး ဒီလောက်ခေတ်မီ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ခေတ်နောက်ကို အရမ်းကျလွန်း နေရသည်။

အရာရာ ဦးအလင်းသစ်ရဲ့ ဆန္ဒတွေနဲ့ တစ်ထပ်တည်းကျအောင် အတိအကျ သတိ ကြီးကြီးနှင့် လိမ္မော်သွားလာလှုပ်ရှားနေရတာ နှင်းဆီ အသိဆုံးပါပဲ။ အင်း...အင်း နှင်းဆီဆို သေမှာပဲ နေနိုင်မှာ မဟုတ်ဘူး။ လွန်လွန်းတာပါ၊ ညီမလေးတစ်ယောက်တည်းရှိလို့ သည် သည်းလှုပ် ချစ်တာမှန်နေပေမယ့် ဒီလောက် အထိ လူသားတစ်ယောက် ကို စည်းကမ်းဘောင်ကျဉ်းကျဉ်း ကြပ်ကြပ်ထဲ ထည့်ထားတာတော့ မတရားဘူးဟု ထင်မိနေ၏။ နှင်းဆီက ဘေးလူ။ မတတ်နိုင်တော့ စိတ်ညစ်ညူးစရာ ပြဇာတ်တစ်ပုဒ်ကို ထိုင်ကြည့်နေရသလို ဖြစ်နေရ၏

"ဆရာမလာတော့ပြန်ဘူးထင်တယ် နှင်းဆီ မဖြစ်ဘူး ကိုကို့ဆီ ဖုန်းဆက်တော့မယ်"

"ဘာလုပ်ဖို့လဲ"

"ကိုကိုက ဆရာမလာဘူးဆိုတာ သေချာတာနဲ့ ဖုန်းဆက်တဲ့ လိမ္မော်ပြန်တော့မယ် နှင်းဆီ"





"လိမ္မော်"

"ဟင်"

"ထိုင်နေစမ်းပါ"

"မဖြစ်ဘူး၊ ဒီမှာထိုင်နေလို့ လုံးဝမဖြစ်ပါဘူး။ တော်ကြာ ကိုကိုက စိတ်မထင်ရင် ရောက်ချလာမှာ၊ ဆရာမလာတာ သိသိကြီးနဲ့ ဒီလိုထိုင်နေတာတွေ့ရင် ကိုကိုစိတ်ဆိုးမှာ ဟ"

"ဒုက္ခပါပဲဟာ၊ နင်ကိုယ်တိုင်က ကြောက်လွန်းနေတာပါ၊ ဒါလေးထိုင်နေတာ ဘာဖြစ်လို့လဲ၊ ရှင်ဘာဖြစ်မှ ကျူးလွန်လို့လဲ၊ သူငယ်ချင်းမိန်းကလေးနဲ့ ထိုင်နေတာလေ၊ ရှင့်ကိုကိုက လူတစ်ယောက်ရဲ့ အခွင့်အရေးလေးဆိုတာတော့ နားလည်သင့် ပါတယ်"

"ကိုကို့ကို အပြစ်တင်နေတာတွေရပ်ပါတော့ နှင်းဆီ၊ တို့အတွက် ဆို ဘယ်လိုအစ်ကိုမျိုးက ကိုယ့်ညီမအပေါ် မုန်းတီး ကောက်ကျစ်ပြီး ဘာရားနှိပ်စက်နေမှာလဲ၊ စေတနာနဲ့ပဲ အရမ်း ချစ်လို့ပါဟာ"

ကိုကို့ကို အပြစ်တင်နေတာတွေ မကြိုက်ဘူးဟု လိမ္မော် ပြောလိုက်မိသည်။ ကိုကို့ကို အပြစ်တင်နေလျှင်လည်း လိမ္မော်က ရန် ဘောင်ပစ်ချင်နေ၏။ လိမ္မော်တို့ မောင်နှမနှစ်ယောက်က အရမ်းချစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပိုးနိုမိတယ်၊ နင်က လူသားလေး၊ အသွေးအသား တွေနဲ့တည်ဆောက် ထားတာပဲ၊ အရုပ်မှ မဟုတ်တာ၊ တစ်နေ့ ချစ်သူတွေ ဘာတွေ ရုတ်တရက် မထင်မှတ်ဘဲ တွေ့သွားရင်ရော"

"အမလေး နှင်းဆီရယ် ဘာတွေပြောနေရတာလဲ၊ အဲဒီစကားကို နောက်ဘယ်တော့မှ ထပ်မပြောပါနဲ့၊ ကိုကိုရော လိမ္မော်ရော ဘယ်တော့ ချစ်သူရည်းစား မထားသလို အိမ်ထောင်လည်း မပြုဘူး လူပျိုကြီး အပျိုကြီးတွေပဲ လုပ်ကြမှာ"

ကိုကိုတိုက်ခဲ့သော သစ္စာရေကို လိမ္မော်သောက်ခဲ့သည်။ ဘုရာ ရှင်ရှေ့မှာ သစ္စာဆိုခဲ့ရ၏။ လိမ္မော်လည်း ကိုကို့အနားမှာပဲ ထာဝ နေထိုင်သွားဖို့ တစ်နည်းပဲ ရွေးချယ်စရာရှိတာပါ။

နှင်းဆီပြောတဲ့ စကားတွေကြောင့် လိမ္မော် ခန္ဓာကိုယ်လေးပေါ်မှ ကြက်သည်းမွေးညှင်း လေးတွေပင် ထသွားရသည်။ ဒီလိုကိစ္စဆိုလျှ ကိုကိုသိသွားလို့ကတော့ လိမ္မော် ခန္ဓာကိုယ်လေး အမှုန့်ကြိတ်စက်ထဲ တောင် ရောက်သွားမလားပဲ။ အမ လေးတွေတောင် မတွေးရဲပါဘူ နှင်းဆီရာ။

ရှင့်စကားတွေက စေတနာစကားတွေဆိုတာ သိပေမဲ့ လိမ္မော်





က်မခွေး နွေးရဲလို့ ကဗျာဆယာပင် တားဆီးပစ်လိုက်မိသည်။

"လိမ္မော်"

"ဟင်..."

"နင့်ကို သနားတယ်၊ တစ်ခါတလေ နင့်အတွက် တွေးမိတိုင်း လေ အိမ်မှာတစ်ယောက်တည်း အသက်ရှူ တွေကျပ်ပြီး အိပ်လို့တောင် ပျော်ဘူးသိလား"

"အဟင်း"

"မရယ်နဲ့"

"အဲဒါ တို့ ဘဝလေ၊ တို့ ဖြတ်သန်းရမှာပဲ နှင်းဆီ၊ ကိုကို ည်းကမ်းတွေက တို့အတွက်ပဲလို့တွေးပြီး အသက် ရှင်နေတာပါ၊ ာပေါ်မှာ ကိုကိုက တို့ရဲ့ တစ်ဦးတည်းသော သွေးသားအစ်ကိုပဲ၊ ယ်ငယ်လေးကတည်းက နေရတာ ကျင့်သားတော့ ရနေပါပြီဟယ်"

"လိမ္မော်ရယ်"

နှင်းဆီ စိတ်ပျက်လက်ပျက်လေးပဲ ညည်းတွားမိ သည်။ ာယ့်ကို အရုပ်လူသားများလား မသိပါဘူး။

အဝတ်အစား တွေက အလုံအခြုံနဲ့ အထူအထဲကြီး



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲ စည်းကမ်း တင်းကြပ်တာကလွဲပြီး လိမ္မော့် ဝေယျာဝစ္စတွေကို

အိမ်တွင်ငယ်ငယ်လေးကတည်းကစပြီး ကိုကို မညည်းမညူ လုပ်ဆော

ပေးခဲ့သည်။

ကိုကိုရဲ့ တင်းကြပ်တဲ့ စည်းကမ်းဘောင်ထဲမှာ လိမ္မော် စိတ်

ညစ်ညူး မွန်းကြပ်နေခဲ့ ရတာ မှန်ပေမယ့် နှင်းဆီဝေဖန်ပြောဆိုတာတော့

လိမ္မော်မနှစ်သက်ပေ။ ဘာပဲဖြစ်ဖြစ် ကိုကိုက လိမ္မော့်အစ်ကိုပဲ။ ဆရာ

လာတာသေချာသည်နှင့် ကိုကို့ဆီ လိမ္မော် ဖုန်းဆက်လိုက်သည်။

"ဟယ်လို ကိုကိုလား လိမ္မော်ပါ၊ ဆရာမလာဘူး၊ လိမ္မော်ပြန်

တော့မယ်"

မျက်နှာလေးရှုပ်ပြီး မကျေမနပ်ဖြစ်နေတဲ့ နှင်းဆီရဲ့ မျက်စော

ခဲခဲလေးက သူမထံ ဆတ်ခနဲရောက်လာသည်၊ အဖြစ်သည်းလိုက်တာ

ပါးစပ်ကလည်း ပွစိပွစိ တိုးတိုးလေး ပြောနေ၏။ လိမ္မော်လည်

ကိုကိုကြားသွားမှာစိုး၍ အထိတ် တလန့်နှင့် ဖြစ်နေရသည်။ နှင်းဆီ

လိမ္မော်အတွက် အကောင်းဆုံး သူငယ်ချင်းပါ။ နှင်းဆီအနား

နေရတာ လိမ္မော်စိတ်သက်သာပြီး လုံခြုံမှု ရှိသလိုပင်။ ဒါကြောင့်

နှင်းဆီအပေါ် ကိုကိုအမြင်စောင်းပြီး မပေါင်းရတော့မှာလည်း လိမ္မော်





ကြောက်နေမိသည်။

"မင်း ဘယ်မှာ စောင့်နေတာလဲ လိမ္မော်"

"ရှင်..."

"အခု ဘယ်မှာလဲ..."

"လိမ္မော်တို့ အိကို စာသင်ဆောင်ရှေ့မှာလေ၊ စောင့်နေ ကျ

ရာလေးမှာပါ ကိုကို"

"အိုကေ ကိုကိုလာခဲ့မယ်"

"ဟုတ်ကဲ့"

သူမ ဖုန်းလေးကို ပိတ်ပစ်လိုက်ရသည်။ နှင်းဆီအကြည့်

က သူမ စူးစူးစိုက်စိုက်ကြည့်ပြီး ရှင့်ကိုကိုက ရှင့်ကို ဘာတွေ

နေတာလဲဟု မေး၏။ ဟုတ်သားပဲ လိမ္မော်ဘယ်မှာ စောင့်နေတာ

ကိုကိုအမြဲတမ်း ကြိုပို့နေတဲ့ နေရာပဲ မဟုတ်လား။

"နင့် ကိုကို ဘာကြောင်တာလဲ၊ သွားပြီ ရူးသွပ်သွား တာပဲ၊

တယ်၊ တစ်ခုခုတော့ မှားနေပြီထင်တယ်နော်"

"အင်း...ဟုတ်တယ်နော်၊ ထူးဆန်းတယ်၊ ဘယ်နေရာလဲ၊

ဘယ်ရောက်နေလဲတဲ့၊ ကျုပ် ဖုန်းမှာတာလား"



www.burmeseclassic.com

www.burmeseclassic.com



သူမ အထိတ်တလန့် ဖုန်းမှားဝင်သွားတာလားဟု တွေးမိပြီး စိတ်တွေပင် ကယောင်ခြောက်ခြား ဖြစ်သွားရသည်။ သေသေချာချာ ပြန်စဉ်းစားကြည့်မိတော့ ကိုကို့အသံ မဟုတ်ပါဘူး။ နှင်းဆီကြောင့် သူမယောင်ချာချာ အူတူတူဖြစ်ကာ ဖုန်းနံပါတ်မှားနှိပ်မိသွားတာပဲ ဖြစ်နိုင်၏။ ကိုကို့ဆီ ထပ်ဆက်ကြည့်တော့မှ သူမ စောစောက ဖုန်းနံပါတ် မှားနှိပ်မိတာ သိလိုက်ရသည်။

"ဒုက္ခပါပဲဟယ် တို့စောစောက ဖုန်းမှားဆက်မိတာပဲ၊ ဘယ်လိုလူလည်း မသိပါဘူး။ မှားရင်လည်း မှားတယ်မပြောဘူး၊ သံယောင်လိုက်နေတယ်၊ မုန်းလိုက်တာ"

"ဟား... ဟား... ဟား"

"နင် ဘာရယ်တာလဲ၊ နှင်းဆီ ဒီမှာ တို့ သေချင်လောက်အောင် စိတ်ညစ်နေပြီသိလား၊ နင့်ကြောင့် စိတ်ထိတ်ပြာပြာနဲ့ ဖုန်းနံပါတ်တွေ မှားနှိပ်မိသွားတာ"

"ဟား...ဟား...ဟင်း...ဟင်း...ဟင်း"

"နှင်းဆီ"

"နင့်ကို ဖူးစာရေးနတ်မင်းကြီးက မနေနိုင်တော့လို့ ဖူးစာရှင်ကို





ပြီထင်တယ်"

"ဘာ..."

"နင် မသိပါဘူး ... အရမ်းရယ်ရတယ် ဟား...ဟား ဘာ ...က နင့်ကို လာကြိုမယ်တဲ့လား"

"ဒုက္ခပါပဲဟယ်"

နှင်းဆီက သဘောကျစွာ အူလှိုက်သဲလှိုက် ရယ်မောနေ ...လောက် လိမ္မော်ကတော့ သေပစ်ချင်လောက်အောင် စိတ်ညစ်သွား ...း ကိုကိုသာ သိသွားလို့ကတော့ လိမ္မော် ပေးနေကျ အပြစ်ဒဏ်တွေ ...က် ဆိုးဝါးစွာ ပေးခံရတော့မှာ သေချာသည်။ အမှောင်ခန်းကြီးကို ...တ်ချပြီး လိမ္မော်ရှူးသွပ် ချင်လာရတော့၏။ ဖူးစာရှင်တဲ့... ဘုရားရေ... ...တို့ရဲ့ ကျိန်စာတွေ သူမသောက်လာခဲ့ရတဲ့ သစ္စာရေ...လိမ္မော့် ...ကိုယ်လေး ရေခဲတုံးတစ်တုံးလို အေးစက်တောင့်တင်း သွားရသည်။

"လိမ္မော်... ဘာဖြစ်နေတာလဲ၊ နင် နေမကောင်း ဘူးလား၊ ...နာက ဖြူရော်ပြီး သွေးမရှိတော့သလိုပဲ၊ နင် ဘာဖြစ်သွားရတာလဲ၊ ...မ္မော်"

နှင်းဆီရဲ့ အထိတ်တလန့်အသံတွေနှင့် သူမ လက်မောင်း



www.burmeseclassic.com

www.burmeseclassic.com



လေးကို လှုပ်ကိုင်သတိပေးလိုက်မှ လိမ္မော် အသိတွေဝင်လာ ရသည်။ နှင်းဆီက ပြုံးကြောင်စွာ ကြည့်နေ၏။ သူမစိတ်တွေကို ထိန်းချုပ်ပြီး ဘာမှ မဖြစ်ပါဘူးဟု ပြောလိုက်တော့မှ နှင်းဆီ ရယ်မောပြီး ဖူးစာရှင် ဆိုတာနဲ့ သွေးပျက်သွားလိုက်တာ တကယ် ပါပဲဟယ်တဲ့။

နှင် မသိတာတွေ အများကြီး ရှိနေသေးတယ် နှင်းဆီ။ နှင် ပြောလိုက်တဲ့ ဖူးစာရှင်ဆိုတဲ့ စကားက တို့ကို အပြစ်ဒဏ်တွေ ခံရပ် စေလို့ ဆုတောင်းပေး လိုက်သလိုပါပဲ။ သူမ ခပ်ကြောင်ကြောင်လေးပဲ ရပ်နေမိသည်။

○





# အခန်း (၅)

လိမ္မော်တဲ့။

တော်တော်ချစ်ဖို့ရာကောင်းတဲ့ နာမည်လေးပဲဟု မိုးစက်သော်က သဘောကျစွာ တွေးမိနေသည်။ ဖုန်းမှား ဝင်လာတာပဲ။ သူမကိုကို့ဆီ ားလှမ်းမှာတာပဲ ဖြစ်နိုင်၏။ လိမ္မော်ဆိုတာ ဘယ်လိုကောင်မလေး ျုးလဲ။ အသံလေးကတော့ ချိုအီအီလေးနှင့် တိုးတိတ် ညင်သာနူးညံ့ နေသည်။ သူ့ စိတ်ဝင် စားသွားရ၏။ အိကိုကျောင်းဆောင်တွေရှေ့မှာ ာင့်နေမည့် လိမ္မာ်ဆိုသည့် ကောင်မလေးအား သွားကြည့်ချင်လာ သည်။ သူ့ကားကို စီးပွားရေးတက္ကသိုလ်သို့ အမြန်ဆုံး မောင်းလာခဲ့၏။ သင်ဆောင်ရှေ့မှာ ရပ်နေတဲ့ ကောင်မလေးနှစ်ယောက်ကို အဝေးမှမြ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်နေရသည်။ ဘယ်တစ်ယောက်က လိမ္မော်လဲ။ သူ့ကား ကောင်မလေးတွေ ရပ်နေတဲ့နေရာအထိ မောင်းလာခဲ့သည်။ သူ့ကာ လေး ရပ်သွားပြီး ကားပေါ်မှဆင်း လိုက်တော့ ကောင်မလေးနှစ်ယော လုံး မြူးပြူးပြာပြာ ဖြစ်သွားကြသည်။

"မင်းတို့နှစ်ယောက်ထဲမှာ ဘယ်သူက လိမ္မော်လဲ ဟင်"

"ရှင်..."

"ဟို... ဟို... ရှင် ရှင်က စောစောက ဖုန်းနံပါတ် မှား ဆက်မိလိုက်တဲ့ တစ်ယောက်ထင်တယ်"

"ဟုတ်ပါတယ်"

"ဟယ်..."

သူ့အကြည့်တွေက လိမ္မော်လို့ ထင်ရတဲ့ ကောင်မလေး ရောက်သွားသည်၊ ရိုးရိုးယဉ်ယဉ် ဝတ်စုံလေးနှင့် လှပ ချောမွတ်နေသော မျက်နှာလေးကို သူ ငေးမော မှင်သက်မိစွာ ကြည့်မိသွားရ၏။

ဘာတစ်ခုမှ အပြစ်ပြောစရာမရှိသော မျက်နှာလေးကြေ ရင်ထဲမှာ စမ်းချောင်းလေးတစ်ခု တသွင်သွင် တငြိမ့်ငြိမ့်လေး စီးဆ သွားသလို ကြည်နူးအေးမြ သွားရသည်။





ဒါပေမဲ့ သူမ မျက်ဝန်းလေးက ပန်းသွေးရောင် ထလာရာမှ ရှော်ရော်နှင့် အသိကင်းမဲ့ နေသည့်အလား ကြောင်တောင်တောင်လေး ဖြစ်နေသည်။

"မင်း လိမ္မော်ချိုလား။ ကိုယ့်ဆီကို ဖုန်းမှားဆက်မိတာ မင်း လားဟင်"

"ရှင်... ရှင်..."

ဘုရားရေ သူ့အကြည့်တွေက လိမ္မော်မျက်ဝန်းတွေထဲ ငုံးဖောက်ဝင်ရောက်တော့မတတ်၊ စူးရှလွန်းနေသည်။ ဒုက္ခပါပဲ။ ကိုကိုရောက်လာတော့မယ်။

ဒီလိုမြင်ကွင်းမျိုးကိုသာ ကိုကို မြင်သွားရင်တော့ လိမ္မော်သေပြီသာ တော့၊ ကိုကို ဒေါသတွေ အကြီးအကျယ် ပေါက်ကွဲမှာ သေချာသည်။ လိမ္မော်ရဲ့ အပြစ်ဒဏ်ကလည်း မသေးရဲတော့ပေ။ လိမ္မော် ဘာလုပ်ရမလဲ၊ မဖြစ်ဘူး သူ့ကို မောင်းထုတ်ပစ်မှ ဖြစ်မယ်။ လိမ္မော်ကြောက်တယ်။ ကိုကို ရောက်လာတော့မှာပဲ။ လိမ္မော် နှုတ်ခမ်းသားလေးတွေက ဆတ်ဆတ်တုန်ရင်နေပြီး ကြောက်ကြောက်လန့်လန့်နှင့် သူ့ကို မောင်းထုတ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ထွက်သွားပါ၊ အခုချက်ခြင်းပဲ ဒီအနားကနေ ထွက်သွား ကျွန်မ ကိုကိုရောက်လာတော့မယ်၊ ထွက်သွားပါ၊ ထွက်သွားေ

"လိမ္မော်ချို"

"ဟင့်အင်း"

သူမ တုန်ရီရှူသွပ်စွာဖြင့် ခေါင်းလေးကို အဆက် မပြတ်ရမ်းခါ အော်ဟစ်ပစ်လိုက်မိသည်။ လိမ္မော် ရူးချင်လာပြီ။ ကိုကိုရောက်လာေ မှာလေ၊ ဘယ်လို လုပ်ရမလဲ။ ဆောက်တည်ရာပင် မရချင်တေ သူမနေရာမှာပင် လဲပြိုကျ သွားချင်လာရသည်။

သူမ အော်ဟစ် မောင်းထုတ်လိုက်သဖြင့် နားမလည် အူတူတူပြန်ကြည့် ရင်း သူ ကားပေါ်ပြန်တက်ကာ မောင်းထွက်သွား တော်ပါသေးရဲ့… ရူးသွပ် ယိုင်ခွေ လဲပြိုကျတော့မတတ် ခန္ဓာကိုယ်ေ အား အနိုင်နိုင် ထိန်းချုပ်ယိုက်ရသည်။

"လိမ္မော်"

"ဟင်…"

"ဒုက္ခပါပဲဟယ်၊ နင် ဘာဖြစ်ရတာလဲ၊ ဒီလောက်အထိ သ ပျက်ရလား၊ နင့်ကို ကြည့်ပြီး ငါတောင် လန့်သွားတယ်၊ လိမ္မော်ရယ်





"ကိုကိုလာတော့မယ်၊ ကိုကိုတွေ့သွားရင်"

လိမ္မော်ရင်တွေ တဆတ်ဆတ်တုန်ရီကာ စကားကိုပင် ဆက် မပြောနိုင်တော့။ နှင်းဆီက သူမလက်ကလေးကို ဆုပ်ကိုင် ဖျစ်ညှစ်ထား သည်။ ကိုကိုရောက်မလာခင် လိမ္မော့်အခြေအနေ ကို ပြင်မှ ဖြစ်မယ်၊ ဆော်ကြာ ဘာ႕ပြစ်လို့ ဒီလောက်အထိ ကြောက်လန့်တကြား အမူအယာ ဖြစ်နေရတာလည်းဆိုရင် ဖြေစရာအခက်တွေ့နိုင်၏။

ရှိုကိုကလည်း သူ ကျေနပ်ယုံကြည်လောက်တဲ့ တိကျတဲ့ အဖြေတစ်ခုရမှ လက်ခံသူဖြစ်သည်။ လိမ္မော့် ခန္ဓာကိုယ်လေး တဆတ် ဆတ် တုန်ရီနေတဲ့အချိန်မှာ နှင်းဆီက သူမ ခန္ဓာကိုယ်လေးအား ဖက်၍ ထိန်းချုပ်ပေးခဲ့၏။

ဒီလောက်အထိ ကြောက်လန့်နေရင် နင်နှလုံးရောဂါရပြီး သေလိမ့်မယ်တဲ့၊ လိမ္မော်သေသွားချင်တယ်၊ စိတ်ခြောက်ခြားစရာကောင်း လှန်းတဲ့ အိပ်မက်ဆိုးကြီးထဲကနေ ရုန်းထွက်ပေးနိုင်ဖို့က သေခြင်း တရားပဲ ရှိတော့မယ် ထင်တာပဲ။

"လိမ္မော်…"

"ဟင်…"



www.burmeseclassic.com

www.burmeseclassic.com



"နှင် ဒီလိုဖြစ်နေရင် ဒုက္ခပိုရောက်လိမ့်မယ်လေ၊ စိတ်တွေကို ထိန်းမှပေါ့၊ နှင့်ကိုကိုလာတော့မှာ"

"အင်းပါ"

နှင်းဆီရှိနေလို့ပဲ၊ လိမ္မော်တစ်ယောက်တည်းသာဆို ခက်ရချည့်ရဲ့ ဒီတစ်ခါလောက် အကြောက်ကြီးကြောက်ပြီး အသည်းနှလုံးတွေ တဆတ်ဆတ်တုန်ရီ လှိုက်မောသွားရ တာမျိုး မရှိခဲ့ပါ။ ကျေးဇူးတင်ပါ တယ် နှင်းဆီရယ်။

နှင်တို့ အနားမှာရှိနေလို့သာပေါ့နော်။ ကိုကိုရောက်မလာသေးခင် အချိန်အတွင်းမှာပဲ သူမစိတ်တွေကို ထိန်းချုပ်နိုင်အောင် ကြိုးစားရသည်

ကံကောင်းသွားတာက ကိုကို အဝေးကနေ လာရမှာမို့ အချိန်နည်း နည်းကြန့်ကြာနေခြင်းပဲဖြစ်၏။

နှင်းဆီက ရယ်စရာ[illegible]ာတွေ ပြောပြရင်း သူမစိတ်တွေ ပုံမှန်အနေ အထားရောက်အောင် လုပ်ပေးခဲ့၏။

"လိမ္မော်"

"ဟင်…"

စောစောကလူကို သေသေချာချာကြည့်လိုက်တော့ အရမ်း





မိုက်တယ်နော်၊ တို့နဲ့ အသက်အရွယ်တူပဲ၊ အရမ်းကို ခံ့ညားနေပြီး ရှင်းသန့်နေတာပဲဟယ်၊ အဟိ ဖူးစာရေးနတ်မင်းကြီးရဲ့ မြားနတ်မောင်က တည့်တည့်ပစ်ပြီ ထင်တာပဲ"

သူမစိတ်တွေ တည်ငြိမ်စ ပြုလာရသည်။ နှင်းဆီက ပြောင်စပ်စပ် ပြောနေ၍ သူမ နှုတ်ခမ်းလေးတွေပင် ပြုံးယောင်သမ်းသွားရ၏။ ကိုကိုလည်း ယောကျ်ားပီသပြီး ခံ့ညားချောမောတာပါပဲ။

ဒါပေမဲ့ အမြဲတမ်း ဒေါသတွေ ပေါက်ကွဲတတ်ပြီး လိမ္မော့်အပေါ် ခွင့်မလွှတ်နိုင်တာပဲ ရှိတာပါ။

သူကတော့ သူမတို့နဲ့ အသက်အရွယ်အတူတူ လောက်ပဲရှိပြီး ငယ်ရွယ်နုဖတ် ချောမောကာ သပ်ရပ်သန့်ရှင်း နေသည်။

"နှင်ကလဲဟယ် ဒီလောက် အရမ်းမိုက်တဲ့ လူတစ် ယောက်ကို တွေ့ရတာများ သရဲသဘက်ကို တွေ့လိုက်တာ ကျနေတာပဲ"

"မဖြစ်ဘူးနှင်းဆီ တို့အကြောင်း နှင်သိတာပဲ၊ ကိုကိုသာ တွေ့သွားရင် မလွယ်ဘူး"

"နှင့်ကိုကိုက နှင့်ကို အဲဒီလောက်အထိ စည်းကမ်းတွေ တင်းကြပ်နေတာ မတရားတာပဲဟာ လွန်လွန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက ချစ်လို့ပါ၊ လိမ္မော် ပညာသင်နေရမယ့် အရွယ်မှ ညီမလေးလမ်းမှားပေါ်ရောက်သွားမှာ စိုးလို့ပါ၊ စေတနာပါ"

"လိမ္မော်ရယ် နင်ကလည်း နင့်အစ်ကိုကို အရမ်းချစ် တာပဲနေ နှင်းဆီကတော့ ဒီလောက်တင်းကြပ်ထားရင် နင် ထူသွားမှာစိုးရိမ်တယ် ဒီလောက်အထိတော့ မလုပ်သင့်ဘူးလို့ ထင်တာပဲ"

"လိမ္မော်တို့မှာ သံယောဇဉ်တွယ်တာစရာဆိုလို့ ဒီ မောင်နှမ ရှိတာပါ၊ ကိုကို စည်းကမ်းတင်းကြပ်တာကလည်း လိမ္မော်အတွ ပါပဲလေ"

သူမတို့နှစ်ယောက် စကားပြောနေတာနှင့် ကိုကို့ကား ခပ်လှ လှမ်းမှာရပ်နေတာ သတိမထားမိကြပေ။ ကိုကိုက ကားဟွန်း အဆက်မပြတ် တီးလိုက်တော့မှ အထိတ် တလန့်ကြည့်မိသွားရသည

"ဟယ်...ကိုကို ရောက်နေတာကြာပြီထင်တယ် လိ သွားတော့မယ်နော် နှင်းဆီ"

"အေး"

ကားကိုမှီပြီး လက်ပိုက်ရပ်နေတဲ့ ကိုကို့အနား လိမ္မော် အ ကလေး ရောက်သွားသည်။ သူမ စိုးရိမ်သည့်အတိုင်းပင် ကိုကို့မျက်





းက တင်းတင်းမာမာ ထန်ထန်လေး ဖြစ်နေ၏။ ကိုကို့ကားက မြဲတမ်း ခပ်လှမ်းလှမ်းမှာ ရပ်ထားနေကျ၊ သူမက သွားနေကျပဲ ကိုကို့ကားရပ်လိုက်တာပင် လိမ္မော် သတိမထားမိအောင် ဖြစ်နေရ ည်။

ထုံးစံအတိုင်းပဲ အပြစ် ရှိသလို ကိုကိုအဆူအကြိမ်းအမောင်းကို ဖို့ လိမ္မော်အသင့် ဖြစ်နေ၏။ စိတ်ထဲမှာ ဘုရားပဲ တနေလိုက်သည်။

"လိမ္မော်"

"ရှင်ကိုကို"

"ဘာတွေပြောနေတာလဲ၊ နှင်းဆီနဲ့ ဘာတွေပြောနေ ကြတာလဲ၊ းရပ်ထားတာတောင် နင် သတိမထား မိဘူး မဟုတ်လား၊ မ္မော်ချို"

"ဟို...ဟို... သင်ခန်းစာတွေအကြောင်း"

"တိတ်စမ်း"

လိမ္မော် သတိမထားမိတာပါ။ ကိုကိုက ဘယ်တော့မှ သူမတို့ အထိ ကားမောင်းလာတတ်တဲ့အကျင့် မရှိပေ။

နှင်းဆီကိုလည်း ဘယ်တော့မှ စကားမပြောခဲ့။ ခပ်တည်တည်



www.burmeseclassic.com

www.burmeseclassic.com



ခံထောင်းကောင်းနေတတ်သည်။ ကိုကိုကားရပ်လိုက်သည့် နှင့် လိမ္မော်
ခြေလှမ်း စလှမ်းပြီး ကိုကိုကားနားသို့ အရောက်သွားနေကျ ဒီနေ့မှ
သတိမထားလိုက်မိခြင်း ဖြစ်၏။

ကိုကိုကား ဘယ်အချိန်က ရောက်နေတာလဲ။ သူမအဖြစ်
ရှိကြောင်း ဝန်ခံလိုက်ရသည်။

"ငါကားရပ်ထားတာကြာပြီ၊ နင်တို့ကို ကြည့်နေတာလည်းကြာပြီ
နင်ဘယ်တုန်းက ဒီလို မေ့လျော့နေဘူးလို့လဲ၊ ဆင်ခြေမပေးနဲ့လိမ္မော်ရဲ့...
နှင်းဆီက နင့်ကို ဘယ်လို စိတ်ဝင်စားစရာအကြောင်းတွေ ပြောနေလို့လဲ"

"မပြောပါဘူး ကိုကို တကယ်ပါ၊ မနက်ဖြန်စာမေးပွဲ ရှိနေလို့ပါ"

"နှင် လိမ်နေတာ"

သူမ တစ်စုံတစ်ခု အမှားအယွင်း လုပ်လိုက်မိတာနှင့် ကိုက်
မယုံသင်္ကာစိတ်တွေ ပြေလျော့သွားတဲ့အထိ အဖြေပေးရသည်
ကိုကိုကလည်း တော်ရုံအဖြေမျိုးကို လက်မခံတတ်။

နောက်ဆုံးတော့ လိမ္မော်အပြစ်ပေး ခံရတာပဲ ရှိ၏။ အခုလည်
ကိုကိုက မကျေမနပ်ဖြစ်နေပြီး လိမ္မော်မှာလည်း ကိုကိုယုံကြည်
စေရန် အဖြေက ရှိမနေပေ။





ကိုကို ဒေါသတွေက အိမ်ရောက်မှ ပေါက်ကွဲတော့သည်။
ကိုကိုကား ရပ်ထားတာကိုတောင် အချိန်အတော်ကြာ သတိမထား
လောက်အောင် နှင်းဆီပြောနေတဲ့ စကားက နှင် ဒီလောက် စိတ်ဝင်စားနေတာ
အကြောင်း လုံးဝမဖြစ်နိုင်ဘူးတဲ့။

သူမ စိတ်ခြောက်ခြားတုန်လှုပ်စွာ ကိုကို ပေးမည့်အပြစ် ဒဏ်ကို
စောင့်နေခဲ့ရသည်။ ကံကလည်း ဆိုးလိုက်တာ လိမ္မော်ဘာဖြစ်လို့များ
သတိလက်လွတ်ဖြစ်သွား ရတာလဲနော်။

နှင်းဆီအပေါ် ကိုကိုအမြဲတမ်း သံသယထား နေခဲ့၏။ လိမ္မော့်ကို
ဆွဲဆောင်သွယ်မည်။ အကျင့်ပျက်အောင် မြှူဆွယ် ဖြားယောင်းမည်ဟုပဲ
ထင်မြင်နေသည်။

"ညီမလေးမှာ အဖော်တစ်ယောက်ယောက်တော့ ရှိထား
စေချင်ပြီး နှင်းဆီနဲ့ကိုကို အပေါင်းနိုင်း ထားတာနော်၊ ဒါပေမဲ့
အဲဒီသူ့ကိုမှ ယုံရတာမဟုတ်ဘူး၊ ညီမလေး အကျင့် ပျက်အောင်
မကောင်းတဲ့ကောင်းတွေ သင်ပေးနိုင်တယ်၊ ချစ်သူ ရည်းစားထားတတ်
အောင် မြှူဆွယ်နိုင်တယ် သတိတော့ ထားရမှာပဲ"

ကိုကိုက နှင်းဆီအား မယုံကြည်မိစေရန် စိတ်ထဲနှစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မပေါင်းရန် နှင်းဆီစကားတွေကို နားမထောင်ရန် အမြဲတမ်း သတိပေးစကားပြောတတ်သည်။ နှင်းဆီကိုလည်း ကိုကိုက ကြောက်ရွံ့ နေစေရန် အရောတဝင်မနေဘဲ ခပ်တည်တည်ပဲ အဖက်မတန်သလို နေခဲ့သည်။ သံသယနှင့် စောင့်ကြည့်တတ်၏။ လိမ္မော်ကို အောင်သွယ်မှာ အစိုးရိမ်ဆုံးတဲ့၊ နှင်းဆီက လိမ္မော်အပေါ် အတော်လေး အနွံတာခံကာ ကူညီဖေးမပေးနေ လို့သာပါ။ လိမ္မော်ကို အကျင့်ပျက်အောင် ဘယ်တော့မှ မပြောခဲ့။ နှင်းဆီကိုယ်တိုင်လည်း ကျွန်ခြေသိက္ခာကြီးမားစွာ နေထိုင် တတ်လေ့ရှိသည်။

"မဖြစ်တော့ဘူး။ ဒီထက်ပိုပြီးတော့ သတိထားရတော့မယ်။ နှင်းဆီကိုတောင် အပေါင်းအသင်း မလုပ်စေချင်တော့ဘူး။ ဒရိုင်ဘာကြ... ကိုပဲ မင်းအတန်းပြီးတဲ့အထိ စောင့်ခိုင်းရမယ်၊ ဘာ သူငယ်ချင်း အပေါင်းအသင်းမှ မလိုအပ်ဘူး"

ကိုကိုက သူမအား အပြစ်ပေးပေမယ့် နှင်းဆီနှင့်ပါ အပေါ... အသင်း မလုပ်ရတော့ဘူးဆို၍ လိမ္မော်ကြေကွဲ ဝမ်းနည်းစွာ ရှိုက်ငိုခဲ့ရ... ကြေကွဲစရာပါပဲ။

○





## အခန်း (၆)

"ဟယ်လို..."

"လိမ္မော်..."

"ရှင်... ရှင်..."

"ဟုတ်တယ်... လိမ္မော်... ကိုယ်က လိမ္မော်မှားပြီး ဖုန်းဆက်မိတဲ့ ...သော်ပါ၊ သော်လို့ပဲ ခေါ်နော်"

"ဟို... ဟို... ရှင်...ရှင် နောက်ကို ဘယ်တော့မှ ကျွန်မဆီ ...လို့အကြောင်းနဲ့မှ မဆက်သွယ်ပါနဲ့၊ ကျွန်မ ဖုန်းနံပါတ်ကိုလည်း ...က်ကိုင်ဖုန်းထဲကနေ ဖျက်ပစ်လိုက်ပါ၊ ကျွန်မ တောင်းပန်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အနူးအညွတ် တောင်းပန်ပါ တယ်နော်"

သူမကြောက်လန့်တကြား တောင်းပန်လိုက်မိ၏။ ကိုကို

သိသွားရင် မလွယ်ပါဘူး။ အရမ်းပဲ ဒေါသတွေ ပေါက်ကွဲမှာပါ။ သူ

မိုးစက်သော်တဲ့ သူမ ဖုန်းနံပါတ်က သံ့လက်ကိုင်ဖုန်းမှာ သွားပေ

နေသည်။ သူပြန်၍ ဆက်တာပဲဖြစ်မည်။ သူ ဘယ်လို ယောကျ်ားမျိုးလဲ

အကြင်နာ မျက်ဝန်းတွေ ယောကျ်ားပီသစွာ ခန့်ညားချောမောမှုတွေ

မဖြစ်ပါဘူး။ လိမ္မော်စိတ်ဝင်စားလို့ မဖြစ်သေးပါဘူး။ ကိုကိုက ပိုပြီ

တော့တောင် လိမ္မော်ကို စည်းကမ်းတွေတင်းကြပ်တော့မှာပါ။ တွေးမိတိုင်

ဒူးလေးတွေ ပင် တဆတ်ဆတ် တုန်ရီချင်လာရသည်။

"လိမ္မော်"

"နောက်ကို မဆက်ပါနဲ့ ကျွန်မကို မဆက်သွယ်ပါနဲ့ ကျွန်မနဲ့

ပတ်သက်ဖို့ မကြိုးစားပါနဲ့"

သူမ ဖုန်းပိတ်ပစ်လိုက်၍ သူ ဘာမှ ဆက်ပြော၍ မရတော့ပေ

လိမ္မော်ချိုက ဘယ်လို မိန်းကလေးမျိုးလဲ သော်ရင်ထဲမှာ လိမ္မော်ချိုဆို

ကောင်မလေးရဲ့ လှပချောမွတ် ဖူးစင်နေတဲ့ မျက်နှာလေးက မိနေပြီ

မေ့ပစ်လို့ မရတော့တာ။





မထင်မှတ်ဘဲ သူမ ဖုန်းနံပါတ် မှားနှိပ်မိရာ ကနေ တွေ့ဆုံခဲ့

ညီး

အရမ်းချောတာပဲ လိမ္မော်ချို သော်တွေးနေမိတာက သူရဲ့

နှင့်များလားပဲ။

ဖုန်းနံပါတ် မှားနှိပ်မိရာက မိန်းမ ချောလေးတစ်ယောက်နှင့်

ဆုံခဲ့ရတာ သာမန်တော့မဟုတ်ပေ။ ထူးဆန်းလွန်းနေသည်။

ကောင်မလေးက သူမ ကိုကိုအား အလွန်အမင်းကြောက်ရွံ့

လန့်နေ သည့်ပုံပင်၊ သွေးပျက် ဖြူရော်ရော် မျက်ဝန်းတွေ

လုံးတွေက ထစ်ထစ်ငေါ့ငေါ့နှင့် ကြောက်ရွံ့တုန်လှုပ်နေသည်။

ကိုယ်အရမ်းပဲ စိတ်ဝင်စားသွားရပြီ လိမ္မော်ချို၊ မင်း ဘယ်လို

လေးမျိုးလဲကွာ။ အခုခေတ်မှာ မိန်းကလေးတွေ လန်းဆန်း

ပြီး ခေတ်နဲ့အမီ ဝတ်စားပြင်ဆင်လာကြတဲ့အချိန်မှာ လိမ္မော်ချိုက

နောက်မှာ ပြတ်ကျန်နေခဲ့ရသလိုပဲ။ ဘယ်လိုပဲဖြစ်ဖြစ် မင်းအရမ်းကို

တဲ့ မိန်းကလေးပဲ။ သော်ကတော့ လိမ္မော်ချိုကို မေ့ပစ်လို့မရ

အရမ်း စိတ်ဝင်စားသွားမိပြီ။ သော်ရင်ကို လာငြိနေပြီပဲ၊

နဲ့ တွေ့ဆုံ ရပုံလေးက တကယ့်ကို ရင်ခုန်လိုက်မောစရာပဲကွာ။



www.burmeseclassic.com

www.burmeseclassic.com



နီနီ‌ကလေးတွေကို မိတ်ဆွေသူငယ်ချင်းအဆင့်ထက် ဘယ် တော့

ဖိုပြီး ရင်မခုန်တတ်ခဲ့ဘူးလေ။ သော်က ပညာရေးပဲ စိတ်ဝင်စားတာပ

သော်အနာဂတ်က အချစ်ကိုပဲ အခြေမခံထားဖို့ ဆုံးဖြတ်ချက် အခိုင်

အမာချထားပြီး သားပဲ။ အခုတော့ လိမ္မော်ချိုက သူ့ဆုံးဖြတ်ချက်တွေကို

ပြောင်းပြန်လုပ်ပစ်ခဲ့ပြီ။ သော့်အနာဂတ်က လိမ္မော်နဲ့အတူ အချစ်တွေပေါ်

အခြေခံရတော့မယ် ထင်တယ်။ သူ အစောကြီးထပြီး အပြင်ထွက်ဖို့ပြင်

မိသည်။

"သော်"

"မမ..."

"မောင်လေး ဒီနေ့ အိပ်ရာထတာ စောလှချည်လား ဟဲ့...

ထူးထူးဆန်းဆန်း"

"သော် သွားစရာကိစ္စ အရေးတကြီးရှိနေလို့ပါ"

"ဘုရားရေ... ရှင်လေး ဒီနေ့တော့ တော်တော် ထူးဆန်း

နေပြီနော်၊ ချစ်သူတွေ ဘာတွေများ တွေ့နေပြီလား။ မောင်လေး က

ကောင်မလေးတွေလည်း စိတ်ဝင်စားတာ မဟုတ်ပါဘူး"

အခုတော့ စိတ်ဝင်စားနေပြီ မမရေဟု ပြောချင်သည်။ ဒါပေမဲ့





ကအပျိုကြီးဆိုတော့ စပ်စုတတ်သည်။ မောင်လေးကို ချစ်သူ

လည်း စိုးရိမ်တတ်ပေမဲ့ သင့်တော်သည့် ကောင်မလေးဆိုရင်တော့

က လက်ခံမည့်တဲ့ မမကခေတ်တော့ မှီပါတယ်။

လိမ္မော်ချိုက ထူးဆန်းတဲ့ ကောင်မလေးဖြစ်နေလို့ မမကို

စောအသိပေးလို့ မဖြစ်သေးပါဘူး။ သော် အပြင် ထွက်လာခဲ့သည်။

ရေး တက္ကသိုလ် စာသင်ဆောင် တွေရှေ့မှာ လိမ္မော်ချိုတို့ကို

ာင့်ကြည့်ရမယ်။

သော်က ရေကြောင်းတက္ကသိုလ်က King လေ။ တကယ်

ဆန်းတယ်ကွာ လိမ္မော်ချိုနဲ့ကိုယ် တွေ့ဆုံရတဲ့အချိန်မှာ ကိုယ်

နှိုနေသွားတယ်။

သော်နဲ့ လိမ္မော်ချိုဖူးစာရှင်တွေ ဖြစ်ရမယ်။ သေချာတယ်

မော်ကို သူစောင့်ကြည့်နေပေမယ့် လိမ္မော်ချိုကို သူမတွေ့ရပဲ

ယ်ချင်းဖြစ်သူကိုပဲ တွေ့ရသည်။

သော် အနားကပ်သွားပြီး လိမ္မော်ချိုဆိုတဲ့ ကောင်မလေး

ကြောင်း မေးလိုက်၏။ ပြောပြစရာတွေ အများကြီးပဲဆိုပြီး ကော်ဖီဆိုင်

ဆိုင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"လိမ္မော်မှာ မိဘတွေမရှိတော့ဘူး။ အစ်ကိုပဲ ရှိတယ်၊ အစ
ကလည်း စည်းကမ်းတင်းကြပ်ပြီး လိမ္မော်အရမ်းကြောက်ရတ
အပြစ်လုပ်ရင် ကြောက်စရာကောင်းတဲ့ အပြစ်ဒဏ်တွေ ပေးတ
တယ်တဲ့"

လိမ္မော်ချို သူငယ်ချင်း နှင်းဆီပြောပြသည်။ ယောကျ်ားလေး
ခင်မင်ပတ်သက်ဖို့ ဝေလာဝေး။ မိန်းကလေးချင်းတောင် အရမ်းစိစစ်
နှင်းဆီတစ်ယောက်တည်း ခင်မင်ခွင့် ရတာတဲ့။

လိမ္မော်ချိုအကြောင်း ကြားရတာ သူ စိတ်မောသွား ရသ
အသက်ရှူရတာပင် မွန်းကြပ် ကြပ်ကြီး ဖြစ်လာရ၏။

လိမ္မော်ချိုအတွက် သော် ဘယ်လို အကူအညီတွေ ပေးရမ
မသိတော့။ နှင်းဆီနှင့်တောင် ခင်မင်ခွင့် သိပ်ပေးချင်တာ မဟုတ်ဘူ
အခု လိမ္မော်ချို အတန်းတက်ဖို့လာမှာလား ဆိုတာ မသိသေးဘူ

"နှင်းဆီ ဒီနေရာလေးမှာ စောင့်နေကျပဲ။ အခုအတန်း
ကပ်နေတာတောင် မလာသေးဘူးလေ။ နှင်းဆီ ပြန်စောင့်ရ
နှင်းဆီနဲ့ ကိုမိုးစက်သော် စကားပြောနေတာ တွေ့သွားရင်တေ
နှင်းဆီနဲ့ လိမ္မော်ချို ခင်မင်ခွင့် ဆုံးရှုံးသွားနိုင်တယ်လေ၊ ကိုမိုးစက်





ပြန်ပါ။ လိမ္မော်ချိုကို မေ့ပစ်လိုက်တာ အကောင်း ဆုံးပါပဲ"

"နှင်းဆီ"

"လိမ္မော်ချိုကိုသနားလို့ပါ၊ ယောကျ်ားလေး တစ်ယောက်က
စကားလာပြောရင်တောင် မျက်နှာလေးမှာ သွေးမရှိတော့ အောင်
သူခမျာ တုန်လှုပ်နေရတာ"

"ကိုယ်..."

"ပြန်ပါ ကိုမိုးစက်သော်ရယ်၊ တော်ကြာ နှင်းဆီနဲ့တောင် ပေါင်း
ရမှာ မဟုတ်တော့ဘူး။ နှင်းဆီတစ်ယောက်တည်း မိတ်ဆွေသူငယ်ချင်း
ရှိတာပါ၊ အဲဒီအခွင့်အရေးကို မဆုံးရှုံးချင် တာပါ"

နှင်းဆီထွက်သွားတော့ သော်ခပ်လှမ်းလှမ်းကနေ စောင့်ကြည့်နေ
သည့်မှာပင် လိမ္မော်ချို ရောက်လာသည်။

အတန်းချိန်က နီးကပ်နေပြီဖြစ်၍ သူမကိုကိုဟု ထင်ရသော
ချောချောသန့်သန့် လူတစ်ယောက်က လိမ္မော်ချိုလက်ကို ဆွဲပြီး
အတန်းထဲအထိ လိုက်ပို့ပြီး အပြင်မှာထပ်၍ စောင့်ကြည့်နေသေးသည်။
မွေးယ်ပါလား။ နှင်းဆီရပ်နေတာပင် အဖက်မလုပ်ပေ။ တစ်မျိုးပါပဲလား
မျက်နှာထားက တင်းမာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



လိမ္မော်ချိုအခန်းဘက်ကို အချိန်ကြာမြင့်စွာ ရပ်စောင့်ကြည့်ပြီး

ပြန်ထွက်သွားသည်။ လိမ္မော်ချိုဘဝက ဘယ်လိုကြီးလဲကွာ၊ မွန်းကြ

လိုက်တာ၊ ကော်ပတ်ရုပ်လေး တစ်ရုပ်လို သူမကိုကို သံပတ်ပေးထား

အတိုင်း ရွေ့လျားနေပုံရနေသည်။

သော် စိတ်မောစွာ ကားထဲမှာ ထိုင်နေမိ၏။ ကျောင်းသွားဖို့

ဝန်လေးနေသည်။ လိမ္မော်ချိုကို စောင့်ကြည့်ချင်လာ၍ သူ ကား

စက်သပ်ပြီး ရပ်နေခဲ့သည်။

သော်ကတော့ လိမ္မော်ချိုကို ချစ်မိနေပြီထင်တယ်။ တွေ့မြင်ချင်

ဆန္ဒတွေ ပြင်းပြနေရသည်။ ချောမောတဲ့ မျက်နှာလေးက ရွှဲမက်စရာ

သော့်မျက်ဝန်းတွေထဲမှာ စိုးမိုး ထင်ဟပ်နေရ၏။

လိမ္မော်ချိုရယ် မင်းဘဝကြီးက ဘယ်လိုလဲကွာ။ သော်

မိန်းကလေးတွေကို ဘယ်တော့မှ စိတ်ဝင်စားခဲ့တာ မဟုတ်ပေမယ့်

လိမ္မော်ချိုက သူ့ဆီကို ဖုန်းနံပါတ်များယက်တဲ့ အချိန်ကစပြီး ရင်ထဲမှာ

တမျိုးလေးဖြစ်သွား ခဲ့ရတာ။

ညနေစောင်းချိန်တွင် သူ့လက်ကိုင်ဖုန်းက ဂှက်အော်သံလေး

ထွက်လာ၍ သူ့ဖုန်းကို ဖွင့်ကြည့်လိုက်၏။ နှင်းဆီ အသံလေးက





ထွက်လာသည်။

"ကိုမိုးစက်သော် စောင့်မနေနဲ့လေ၊ အပြင်မှာ လိမ္မော်ချို

ကို လွှတ်ထားတဲ့ ဒရိုင်ဘာအကြီး ရှိနေတယ်၊ အေးအေး

ဆေးပြန်ပါ လိမ္မော်ချိုအနား လုံးဝမကပ်ပါနဲ့"

"နှင်းဆီ"

"ပြောပါ ကိုမိုးစက်သော်"

"ကျွန်တော် လိမ္မော်ချိုနဲ့ စကားခဏလေး ပြောချင်တယ်၊

မွှော်ချိုအသံလေး ကြားရရင် ကျေနပ်ပါပြီ"

နှင်းဆီက သူမ ဖုန်းအား လိမ္မော်ချိုထံ ထိုးပေးလိုက်သည်။

မွှော်ချိုက ပြူးကြောင်တဲ့ မျက်ဝန်းလေးများဖြင့် ကြည့်ပြီး ခေါင်းကို

ငြင်းဆိုနေ၏။

လိမ္မော်ချို မျက်ဝန်းလေးတွေထဲမှာ မျက်ရည်စလေးတွေ တွဲခို

နေသည်။ မျက်နှာလေးက သွေးပျက်ဖြူရော်နေ၏။ နှုတ်ခမ်းတွေ

ကာ ခေါင်းကိုပဲ ခါရမ်းငြင်းဆန်နေသည်။

"မပြောဘူးတဲ့ နှင်းဆီပဲ ကြားထဲကနေ တောင်းပန်ပါတယ်

တ်သော်ရယ် ပြန်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဗြန့်ဘူးနှင်းဆီ ကျွန်တော် စောင့်ကြည့်နေချင်တယ်၊ လိမ္မော်
ကောင်ကလေးကို ခဏလေးပဲဖြစ်ဖြစ် တွေ့ချင်လို့ပါ။ အသံလေးကြား
ရရှိရင် ကျွန်တော် အဝေးကနေ စောင့်ကြည့်နေမယ်၊ လိမ္မော်ရဲ့
လုံးဝ မနှောင့်ယှက်ပါဘူးလို့ ကျွန်တော် ကတိပေးပါတယ်ဗျာ"

"ဒုက္ခပါပဲဟယ် ရှင် စောင့်ကြည့်ရင်လည်း စောင့်ကြည့်နေ
လူကိုတော့ လုံးဝစကားပြောဖို့ မကြိုးစားပါနဲ့"

"အင်း..."

နှင်းဆီ ဖုန်းပိတ်ပြီး လိမ္မော့်ကို စိတ်ပျက်စွာကြည့်မိ နေသ
အဓိပ္ပာယ်မရှိတာပဲ၊ ရှင့်လူသားတစ်ယောက်မှ ဟုတ်ရဲ့လား လိမ္မော်
ရယ်။ အတန်းချိန်နီးမှ ရောက်လာတယ်၊ ပြီးတော့ အစ်ကိုက လ
ဆွဲပြီး အတန်းထဲအထိပို့တယ်။

နှင်းဆီကိုတောင် အဖက်မလုပ်ဘူး။ ရှင် ဘယ်လော
စည်းကမ်းတင်းကြပ်ပါစေ စာသင်ခန်းထဲအထိတော့ လိုက်မထိုင်နိုင်
ဘူး မဟုတ်လား။

ဘယ်လောက်အထိ လွန်လည်းဆိုရင် အပြင်မှာတောင် အစ
ချထားသည်။ မိုးစက်သော်ပြောတဲ့စကားတွေ ပြန်ပြောပြလိုက်





သူမ အခန်းထဲကနေ မိုးစက်သော် မတ်တပ်ရပ်နေတာကို လှမ်းမြင်နေ
ရသည်။ လိမ္မော်ချိုအကြည့်တွေကလည်း မိုးစက်သော်ထံ မကြာခဏ
ရောက်ရောက်သွားတတ်၏။ နှင်းဆီပင် အမြင်ကတ်ကတ်နှင့် အောင်သွယ်
လုပ်ပေး ချင်လာရသည်။

"သူ...သူ အဝေးကနေ ရပ်စောင့်နေတာပဲဟယ်၊ ဘယ်လို
တားမလဲ၊ နင့်ကို ကြည့်ရတာ သွေးပျက်နေသလိုပဲ၊ လူဖြစ်ရတာ
အဲဒီလောက် မွန်းကြပ်နေတာဟာ"

"နှင်းဆီ"

"ဟင်..."

"လိမ္မော်သေချင်တယ်၊ သေဆုံးခြင်းက ငြိမ်းချမ်းခြင်း လားဟင်၊
လိမ္မော်ကိုယ့်ကိုယ်ကို သတ်မသေရဲဘူး၊ အလိုအလျောက် သေသွား
ချင်လိုက်တာ"

"လိမ္မော်"

အေးစက်စက်ဖြစ်နေတဲ့သူမ လက်ချောင်းသွယ်သွယ် အိအိလေး
ကို နှင်းဆီ ဆုပ်ကိုင်ထားမိ၏။ လိမ္မော့်ကို သနားလိုက်တာ နှင့်အတွက်က
သေခြင်းတရားပဲ လွတ်မြောက်ခြင်းလား။ အပြင်မှာ မိုးစက်သော်



www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားပြီး အတန်းပြီးချိန် နီးကပ်လေ လိမ္မော်ချို စိုးရိမ်ထိတ်လန့်မှုတွေ
နှင့် တုန့်တုန့်ရီရီ ဖြစ်လာလေပဲ။

"နင် ဒီလောက်အထိ ကြောက်လန့်မနေပါနဲ့ဟယ်၊ သူ့ဟာသူ ရပ်နေတာပဲဟာ၊ မိုးစက်သော်က ရေကြောင်းတက္ကသိုလ်ကတဲ့.. လူကြီးလူကောင်း မိကောင်းဖခင် သားသမီး ပါဟာ"

နှင်းဆီ မသိပါဘူး၊ ရှုပ်ရှုပ်ယှက်ယှက်တွေကို လုံးဝမကြိုက်တဲ့ ကိုကိုက အရာအားလုံးကို စူးစိုက်သတိ ထားနေတာပဲ။ ဒရိုင်ဘာကြီး ကလည်း ကိုကို့လူယုံပါ။

သူနှင့် လိမ္မော် သိကျွမ်းနေတာ အရိပ်အယောင်လေးပင် တွေ့သွားလို့ မဖြစ်ပါဘူး၊ သူရပ်နေတာကို လိမ္မော်တွေ့နေရသည်၊ မကြည့်မိ အောင်နေကာမှ မျက်ဝန်းတွေက ဝေ့ဝေ့သွားရ၏၊ မိုးစက်သော်ရယ် လိမ္မော် အရမ်းကြောက်တယ်။

သေခြင်းတရားကိုတောင် လိမ္မော် ရင်ဆိုင်ရဲပေမဲ့ ကိုကို့ အပြစ်ဒဏ်ပေးတတ်တဲ့ အမှောင်ခန်းကြီးထဲတော့ မဝင်ရဲဘူး။

အတန်းချိန်ပြီးသွားသည်။ နှင်းဆီနှင့်တောင် ပတ်သက်ခွင့် မရှိတော့၍ လိမ္မော်တစ်ယောက်တည်း ထွက်လာခဲ့သည်။ အပြင်မှာ





ဒရိုင်ဘာကြီးက ကားတစ်စီးနှင့် ထိုင်စောင့်နေ၏။ လိမ္မော် ကားဆီ ရောက်လာတော့ သူက မလှမ်းမကမ်းမှာ ရှိနေဆဲပင်။ လိမ္မော် ဘာင်ယမ်း၍ပင် မကြည့်ရဲ လိမ္မော်ကိုမြင်တော့ ဒရိုင်ဘာကြီးက ဆင်သင့် ကားတံခါး ဖွင့်ပေးထားသည်။

သူမဝင်ထိုင်လိုက်၏။ ကားစက်နှိုးပြီး မောင်းထွက်လာ တော့ ကားမှာ သူနှင့်ဆုံမိသည်။ လိမ္မော်မကြည့်ရဲပေ။ စိတ်တွေက ကြည့်ကြည့်ချင်နေမိပေမဲ့ ခန္ဓာကိုယ်လေးက ကျောက်ရုပ် လေးဖြစ်နေသည်၊ လိမ္မော့်ရင်တွေ တဆတ်ဆတ်တုန်ရီနေ၏။ ခြေဖျား လက်ဖျား များပင် အေးစက်တောင့်တင်းလာ ရသည်။

"နင့်ကိုကိုက လွန်ပါတယ်ဟာ နင့်ကို လူသားတစ်ယောက်လို့ အောင် ထင်သေးရဲ့လား၊ လိမ္မော် သူက ပညာတတ် မိကောင်းဖခင် သားသမီးပါ"

နှင်းဆီရဲ့ မကျေမနပ်စကားသံတွေကို သူမ ပြန်ကြားယောင်လာရသည်၊ သော်က နင့်ဖူးစာရှင်လည်း ဖြစ်နိုင်တာပဲတဲ့။ ယောကျ်ား တစ်ယောက်နှင့် ပတ်သက်ပြီး ရင်ခုန်လှိုက်မောစွာ ပထမဆုံး ခံစားခဲ့ရတဲ့ ... ကားလေးက သူ့ကို ကျော်သွားပြီး နောက်ကြည့်မှန်မှ



www.burmeseclassic.com

www.burmeseclassic.com



သူ့အရိပ်တွေကို မြင်တွေ့နေရသည်။

သော်က လိမ္မော်ရဲ့ဖူးစာရှင်လား ဟင်။ မဖြစ်နိုင်ပါဘူး လိမ္မော်ဘာတွေ စဉ်းစားနေတာလဲ၊ ကိုကိုနဲ့အတူ အိမ်ထောင် မပြုကြကြေး ချစ်သူရည်းစားမရှာကြေး သစ္စာရေသောက်ထားခဲ့ကြသည် မဟုတ်လား။ အတွေးနှင့်ပင် လိမ္မော် ကြက်သည်းမွေးညှင်း ထလာရသည်။

"သစ္စာစကားကို ဖောက်ဖျက်ပါက သွေးပွက်ပွက် အန်ပြီးသေပါစေ၊ ငရဲကြီးရှစ်ထပ်သို့ ကျရောက်ပါစေသား"

သူမ အထိတ်တလန့်နှင့် သူမပေါင်ပေါ်မှာ တင်ထားသော လွတ်အိတ်ကြီးကို တင်းကြပ်စွာ ဆုပ်ကိုင်ထားမိလိုက်သည်။ အရှင်ဘုရား တပည့်တော်မ ကိုကို့ကို အရမ်းကြောက်ရ လို့ပါ။ ကိုကိုပေးတဲ့အပြစ်ဒဏ်တွေကို ကြောက်ခဲ့မိလို့ပါ။ ဤသစ္စာစကား မှန်ကန်ပါက ကိုကို ရှေ့မှာ သောက်ခဲ့သော သစ္စာရေသည် အပြစ်ကင်းစင်သော ရေအဖြစ်သာ တည်နေပါစေဘုရား။ လိမ္မော်စိတ်ထဲမှ မြတ်စွာဘုရားရှင်ကို ပန်ကြား တောင်းပန်နေမိသည်။

○





# အခန်း (၇)

"လိမ္မော်ချို"

"ရှင် ကိုကို"

"ဦးတူးကပြောတယ်၊ ကားတစ်စီးနဲ့ကောင်လေး တစ်ယောက်နှင့် ...ရှေ့မှာ အကြာကြီးရပ်စောင့်နေတယ်တဲ့၊ ဘယ်သူ့ကို စောင့်နေတာ ...တော့ မသိဘူးတဲ့၊ နင်တို့ အတန်းတက်ချိန်ထဲက စောင့်နေတာ ...န်းကြီးတဲ့အချိန် အထိတဲ့"

"ဟို... ဟို... လိမ္မော် ဘာမှ မသိပါဘူး ကိုကို သူ့ ဟာသူ ...နေတာပါ၊ လိမ္မော်နဲ့ဘာမှ မပတ်သက်ပါဘူး"

"တကယ်လား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ"

အလင်းသစ်ရဲ့ အကြည့်တွေက လိမ္မော်ချို မျက်ဝန်းတွေထဲက အရိပ်တွေကို အမိအရဖမ်းဖို့အတွက် စူးစိုက်စွာ ကြည့်နေ၏။

ဟန်ဆောင် လိမ်ညာတာတွေ မရှိခဲ့တဲ့ လိမ္မော်ချို မျက်ဝန်းတွေ သူနှစ်ပေါင်းများစွာ သံသယတွေနဲ့ အကဲဖမ်းကြည့်ခဲ့သည်။

သူ သိနေခဲ့တာက လိမ္မော်ချိုသည် မလိမ်ညာ တတ်သ ဟန်မဆောင်တတ်ပဲ ပကတိရိုးသားဖြူစင်သည့် မိန်းကလေး။ အခုတော့ သူ့စိတ်ထဲမှာ လိမ္မော်ချို မျက်ဝန်းအရိပ်တွေက ဖြူစင်ရိုးသားခြင်း မရှိတော့သလို ခံစားလာရသည်။

"လိမ္မော်ချို"

"ရှင်..."

"ကိုကို့ကို သေသေချာချာ ကြည့်စမ်း"

သူ့မျက်တရက် မော့ကြည့်ခဲ့သေးပဲ ခေါင်းလေးငုံ့နေ သည် သူ ထိတ်ထိတ်ပြာပြာ ဖြစ်လာရ၏။

သူက သံသယနှင့် မော့ကြည့်စမ်းဆိုလျှင် လိမ္မော်ချို သူယုံကြည် စေရန် ဆတ်ခနဲ မော့ကြည့်မြဲပင်။ ညီမလေး အပြစ်တစ်စုံတရာ





...းလွန် ထားခြင်း မရှိဘူးဆိုလျှင် ခေါင်းငုံ့ထားစရာ မလိုဘူးဟုပြောထား သည်။ လိမ္မော်ချို မျက်ဝန်းလေးက ဖြည်းဖြည်းချင်းပဲ မော့လာ၏။ ...့စိတ်တွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားရပြီး လိမ္မော်ချိုရဲ့ ပခုံးနှစ်ဖက်ကို ဆတ်ခနဲဆုပ် ကိုင်ပစ်လိုက်သည်။

"ဒီကောင်က နင်နဲ့ ပတ်သက်နေတာ မဟုတ်လား၊ လိမ္မော်ချို ...ပြာစမ်း နင့်ကို စောင့်ကြည့်နေတာ မဟုတ်လား"

"မ မဟုတ်ပါဘူး၊ ကိုကို လိမ္မော်လည်း ဘာမှ မသိပါဘူး၊ ...ို လိမ္မော်နဲ့ဘာမှ မပတ်သက်တာ ကိုကိုယုံပါ"

သူမ အသားတွေ တဆတ်ဆတ် တုန်ရီလာရသလို ကိုကို့ အကြည့်တွေကိုလည်း ရင်မဆိုင်ရဲတော့ပါ။ လိမ္မော့် အကျင့်စရိုက်တွေကို ...နေတဲ့ ကိုကို့ကို လိမ္မော်လိမ်ညာ လှည့်ဖြားဖို့ မဖြစ်နိုင်တာကိုလည်း ...မ္မော်က အသိဆုံးပါ။

ခုတော့ ကိုကို့အကြည့်တွေက ကြောက်စရာကောင်းလိုက်တာ ...မ္မော့်ခန္ဓာကိုယ်လေး မီးလောင်ပြာကျသွားတော့မယ် ထင်တယ်။

ကိုကို့နှင့် အကြည့်ချင်းဆုံမိနေတဲ့အချိန်တွင် ကိုကို အမိန့်မပေးပဲ ...အကြည့်ကို လွှဲဖယ်ခွင့်မရှိတာ လိမ္မော် နေသားကျနေခဲ့ပေမဲ့ အခြ...



www.burmeseclassic.com

www.burmeseclassic.com



ကျ လွန်ထားသလို ဖြစ်နေ၍ ကိုကို့ရှေ့မှာ မျက်တောင်လေး မခတ်ရဲတော့သလို ဖြစ်နေသည်။

"လိမ္မော်ချို"

"ရှင်..."

"မင်း...ဘာဖြစ်လို့ အထိတ်တလန့် ဖြစ်နေရတာလဲ၊ ဒီကောင် နင်နဲ့ ပတ်သက်နေတာ မဟုတ်လား၊ နင် မရိုးသားဘူး၊ ဒီကောင်လေး နင့်ကို စောင့်နေတာပဲ၊ ပြောစမ်း ဘယ်သူလဲ၊ နင်နဲ့ ဘယ်လို သိ တာလဲ"

"လိမ္မော်... မသိပါဘူးကိုကို၊ သူ သူနဲ့လိမ္မော် ဘယ်လို မပတ်သက်ပါဘူး"

"မယုံဘူး"

လိမ္မော်ဘယ်လိုပြောရမှာလဲ...ဝန်ခံလိုက်ရမှာလား၊ အမှန်တွေ ထုတ်ဖော်ဝန်ခံဖို့အတွက် သူမ စိတ်ပင်မကူးရဲ။

ကိုကို့ဒေါသတွေက ကြောက်စရာကောင်းသည်။ မျက် ကြီးတွေ နီမြန်းပြီး တင်းမာခက်ထန်လာတော့၏။ ကိုကိုက လိမ္မော် အပြစ်ပေးတော့မှာလား။ သူမ ခန္ဓာကိုယ်လေး အေးစက်တောင့်တင်းသွာ





တော့သည်။

"လိမ္မော်ချို"

"ရှင်"

"သူ ဘယ်သူလဲ"

"ဟို... ဟို..."

"ပြောလေ အမှန်ပြောနော်၊ နင်ဘယ်တုန်းက လိမ်ညာတတ်ခဲ့ လဲ၊ ကိုကို မကြိုက်ဆုံးက လိမ်ညာတာပဲ၊ နင် အကျင့်ပျက်နေပြီ၊ ကို အပြစ်ပေးရတော့မယ်၊ လိမ္မော်ချို မှတ်လောက်သားလောက်အောင် ပညာပေးရမယ်"

"ကိုကို"

"တိတ်စမ်း"

သူ အရူးတစ်ယောက်ကဲ့သို့ အသံနက်ကြီးနှင့် အော်ဟစ်ပစ် သည်။ လိမ္မော်ချို မရိုးသားတော့ဘူး လိမ်တတ်နေပြီ။

ဦးတူးက ကားနဲ့တစ်နေကုန် စောင့်နေတဲ့ ကောင်လေးက မ္မော်ချိုကို စောင့်နေတာလည်း ဖြစ်နိုင်တယ်တဲ့။

ဦးတူးကို စောင့်ကြည့်ခအတွက် ဒဂုံမြို့သစ်မှာ ဦးတူးတို့



www.burmeseclassic.com

www.burmeseclassic.com



[illegible] နေ ထိုင်ဖို့ ကိုယ်ပိုင်အိမ်တစ်လုံး ဝယ်ပေးထားလိုက်သည် လိမ္မော်ရဲ့ လုပ်ရှားမှုတွေ သတင်း ပေးနိုင်လျှင် ဆုတော်လာဘ်တော် ပေးသေးသဖြင့် ဦးတူးက သူ့အကျိုးပဲ ဆောင်ရွက်ပေးမှာပါ။

ပြီးတော့ ဦးတူး မိသားစုက သူတို့အိမ်မှာ အစဉ်အဆ နေလာတဲ့ လူယုံအလုပ်သမားပဲ။ လိမ္မော်ချိုကို ကျောင်းထုတ် ပစ်ရမ ပညာမတတ်လည်း ဘာဖြစ်လဲ။ သူက ချမ်းသာ ပြီးသားပဲ။

အခုတလော လိမ္မော်ချို မရှိးသားတော့တာ အမှန်ပဲ။ သူ့စိတ် နေသိနေ၏။ ထုံးစံအတိုင်း လိမ္မော်ချိုကို အမှောင်ခန်းထဲသို့ ပို့ လိုက်သည်။

ရင်ထဲမှာ နာကျင်စွာနဲ့ပဲပေါ့။

○





## အခန်း (၈)

လိမ္မော်ချို အမှောင်ခန်းကိုလည်း မကြောက်တော့သလို [illegible]သန်းပြေးလွှားနေတဲ့ ကြွက်တွေကိုလည်း မကြောက်စေရန် စိတ်ကို [illegible]တင်းထားလိုက်မိသည်။

ကိုမိုးစက်သော် ရှင့်ကြောင့် သိလား။ လိမ္မော်အမှောင် [illegible]ထဲမှာ အပြစ်ဒဏ်ပေးခံနေရပြီ။

လိမ္မော်အမှောင်ကို အရမ်း မုန်းတာပဲ။ ကိုကို တက်စက်တယ်။ [illegible]ဘမ်း သံသယမျက်လုံးတွေနဲ့ ဒေါသတွေ ပေါက်ကွဲသူဝေနေ [illegible]တဲ့ ကိုကို့အရိပ်က လိမ္မော့်အတွက် ပူပြင်းလောင်မြိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခိုးဝှက်သော် ရှင့်ကို လိမ္မော်အရမ်း သတိရနေတယ်။ သော်ရယ် ရှင့်

အကြင်နာမျက်ဝန်းတွေ ခန့်ညားမှုတွေ ထွေးပွေ့ယုယ နွေးထွေး

စေတဲ့ စကားသံတွေ လိမ္မော်အရမ်း သတိရနေတယ်။ မေ့ပစ် လို့လည်း မရဘူး။

မဖြစ်နိုင်ဘူးဆိုတာ သိသိကြီးနဲ့ လိမ္မော်နဲ့ အနီးစပ်ဆုံး ရှိနေစေချင်တယ်။

"တို့နှစ်ယောက်လုံး ချစ်သူရည်းစား မရှာရဘူး အိမ်ထောင်လည်း မပြုကြတော့ဘူး။ အရှင်ဘုရားရှေ့မှာ သစ္စာစကားဆိုပါတယ် ဤသစ္စာ အား ဖောက်ဖျက်ပါက အသေဆိုးနဲ့ သေပါစေ၊ ငရဲကြီး ရှစ်ထပ် ကျပါစေ"

"ကျွိ ကျွိ"

"ကျွိ"

"အမေ့"

လိမ္မော်ခေါင်းမှာ ကြွက်တွေက ပြေးလွှားနေသည်။ ရုတ်တရက် ကြောက်ရွံ့တုန်လှုပ်သွားပေမယ့် သော့်အကြောင်း တွေးလိုက် အားလုံးကို မေ့လျော့ပြီး အင်အားတွေ တိုးဝင်လာရသည်။ သော်





လိမ္မော့်ဖူးစာ ရှင်လား သော်ရယ် လိမ္မော် ကြောက်လိုက်တာ။ ကိုကို

သွားလိုက်တော့ ကျိန်စာသင့်မှာပဲ။ ကိုကိုက အသေပဲ သတ်ပစ်လိုက်

လား။

လိမ္မော့် အပေါ် ဘယ်လောက်ပဲ ချစ်ပါစေ အပြစ်ဒဏ်ပေးရင်တော့ ကြင်နာကင်းမဲ့ကာ ရက်စက်တတ်သည်။ လိမ္မော်လေ လူတစ်ယောက် ၏ အချစ်တွေ အကြင်နာတွေ နွေးထွေးမှုတွေ အရမ်းပဲတောင့်တနေ တယ်။

လိမ္မော် ဘာဖြစ်လို့များ သော်အကြောင်းတွေပဲ စဉ်းစားနေမိတာ ပေါင်။ နှင်းဆီ ပြောသလို ဖူးစာရှင်ပဲလား။ နွေးထွေးစွာ သူ့ရင်ခွင်ထဲမှာ ဝင်ခိုလှုံချင်တဲ့ ဆန္ဒတွေ ပြင်းပြစွာ ဖြစ်ပေါ်နေသည်။

"ကျွိ"

"ကျွိ"

"အမေ့"

"ကျွိ ကျွိ"

နင်တို့ကို မုန်းတယ်။ ငါ့ကို ဘာဖြစ်လို့များ ခြောက်လှန့် ရတာလဲလို့။ ငါ ဘာအပြစ်တွေ ကျူးလွန်နေလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



နင် တို့ကို မုန်းတယ်၊ ရွံတယ်။ သူမ သတိရသွားသည်။ သူမ
လက်ကိုင်ဖုန်းလေးအိတ်ထဲမှာ ပါလာတာပဲ။ ကံကောင်းလိုက် တာနော်
သူမ ဖုန်းပိတ်ထားသည်။ သော့ဆီကို ဖုန်းဆက် ရမယ်။ သော့
ဖုန်းနံပါတ်က သူမ လက်ကိုင်ဖုန်းထဲမှာ ရှိနေသည်။ စောစော
ကြောက်စိတ်တွေ ပျောက် ကွယ်သွားပြီး သူမ လက်ကိုင်ဖုန်းလေး
ဖွင့်လိုက်၏။ သော့ လက်ကိုင်ဖုန်း နံပါတ်ကို နှိပ်မည်ဟုပြင်ပြီး
ကိုကို့ရဲ့ ကျိန်စာကို သတိရမိသွားသည်။ လိမ္မော်ချစ်သူရှာရင် အသေဆိုး
သေမှာလား။ ရေကြီးရှစ်ထပ် ကျသွားမှာလား။

ကိုကို ညီမလေးမှာ ချစ်သူ တွေ့နေပါပြီ ခွင့်လွှတ် လက်ခံ
ပါနော်။ ကျိန်စာကိုလည်း ကိုကို့နဲ့လိမ္မော် ပယ်ဖျက်ပစ်လိုက်ကြရအောင်
နော်။ ဖုန်းနံပါတ် တွေကို မနှိပ်ရဲတော့ လိမ္မော့်လက်ချောင်းလေးတွေ
အင်အား တွေ ကင်းမဲ့သွားရသည်။

"ရှပ်..."

"ရှပ်..."

"ရှပ်..."

ကိုကိုလာပြီ ဒီခြေသံက ကိုကို့ခြေသံပဲ။ သူမ ဖုန်းလေး





...ာကယာ ပိတ်လိုက်မိသည်။ အသားလေးတွေပင် တဆတ်
...တ်တန်ရီချင်လာရ၏။
ကိုကို သိသွားရင် မလွယ်ဘူး။ ကိုကို့ခြေသံက အခန်းဝမှာ
...သွားသည်။

"ကျွီ"

"အလင်းတန်းက တံခါးပွင့်သွားသံနှင့်အတူ တိုးဝင် လာသည်။
...ခန်းဝမှာ ကိုကိုရပ်နေ၏။

ကိုကို့ မျက်ဝန်းတွေက ကြောက်စရာကောင်းလောက်အောင်
...မှာ ခက်ထန် နေဆဲပင်။ လိမ္မော့်မျက်ဝန်းလေးတွေ အလင်းကြောင့်
...းဝေ လာသဖြင့် မျက်ခွံလေးတွေကို ဖျပ်ခနဲ ပိတ်ချ လိုက်ရသည်။

"ထွက်ခဲ့တော့"

"ဟင်"

"လိမ္မော် နင့်ကို ထွက်ခဲ့တော့လို့ ပြောနေတယ်နော်"

"အဟင့်"

"သွားနားတော့"

"အဟင့်"



www.burmeseclassic.com

www.burmeseclassic.com



နိုက်ငိုရင်း ကိုကို့အနားကနေပြေးထွက်ခဲ့ရတဲ့ လိမ္မော်ချို။ သူ

အိပ်ခန်းထဲကို ရောက်မှ အသက်ကို ဝဝရှူမိ၏။ ကိုကို စိတ်ပြောင်းသွား

တော်ပါသေးရဲ့ မိုးစက်သော်ရယ်။

ကိုကို့ကိုကြောက်လို့ပါ လိမ္မော် အရမ်းကြောက်တာပဲ။ အမှော

ခန်းထဲမှာ ကြွက်တွေနဲ့ မနေရဲဘူး။ ဘာဖြစ်လို့များ လိမ္မော့်ဘဝလေး

တိုးဝင် ရောက်ရှိလာရတာလဲ မိုးစက်သော်ရယ်၊ ကံကြမ္မာ ကြောင့်လာ

ဖူးစာရှင်ပဲ ဖြစ်နေလို့လား။

"သူက ပညာတတ် မိကောင်းဖခင် သားသမီးတ

ယောက်ပါဟယ်၊ နင့်ရဲ့ ဖူးစာရှင်လည်း ဖြစ်နေနိုင်တာပဲ၊ နင်တို့နှစ်ယော

တွေ့ဆုံပုံက အရမ်းပဲ ထူးဆန်းနေတာ နော်"

နှင်းဆီပြောတဲ့ စကားကို လိမ္မော်ကြားယောင်နေသည်။ မိုးစ

သော် သူမ အတန်းရှေ့မှာ ရပ်စောင့်နေတာ တစ်နေ့ကနဲ့ပဲ မဟုတ်လာ

လိမ္မော်ချိုကို လူချင်းတွေ့ခွင့် မရရင်တောင် အဝေးကနေ ငေးကြည့်

ခွင့်လေးတော့ ပေးပါတဲ့။

လိမ္မော် ဘာတွေ စဉ်းစားနေရတာလဲ။ မိုးစက်သော်ကို

မေ့ပစ် သင့်တယ်။ ကိုကို မကြိုက်တဲ့ အလုပ်ကို လိမ္မော် ဘယ်တုန်း





ပ်ခဲ့ရဘူးလို့လဲ၊ အခုဆိုရင် နှင်းဆီနှင့်တောင် မပေါင်းရတော့ဘူး

ဟုတ်လား။ မိုးစက်သော်နှင့် ပတ်သက်ခွင့်ဆိုတာ အိပ်မက်ထဲမှာတောင်

ည့်ပြီး မက်ခွင့်မရှိနိုင်ဘူးလေ။

လိမ္မော် မျက်တောင်ကော့လေးတွေ ဖြတ်ခနဲပိတ်ပစ်လိုက်တာ

ောင် မိုးစက်သော်ကို မြင်ယောင်နေ၍ သူမမျက်တောင်ကော့လေး

ကို ထိတ်လန့်တကြား ပြန်ဖွင့်လိုက်ရသည်။ မဖြစ်ဘူး သူ့ကို

မ္မော် မေ့ပစ်ရမယ်။ လိမ္မော်တို့ အတန်းရှေ့မှာ ယောကျ်ားလေး

စ်ယောက် ရပ်စောင့်နေတာတောင် ကိုကိုက သံသယတွေနဲ့

ာသတွေ ပေါက်ကွဲချင်နေတာပါ။ သူမ မျက်ဝန်းလေးတွေကို

ိတ်ပြီး အိပ်စက်ဖို့ ကြိုးစားလိုက်သည်။

"လိမ္မော်..."

"လိမ္မော်..."

"ဒုန်း... ဒုန်း"

"လိမ္မော်"

"ဟင်"

အပြင်မှ အခန်းတံခါးကို ထုသံနှင့်အတူ သူမနာမည် ခေါ်းကို



www.burmeseclassic.com

www.burmeseclassic.com



ဒါနေတဲ့အသံကြောင့် သူမ လန့်နိုးသွားကာ အသံကို သေသေချာချာ နားစွင့်လိုက်တော့ ကိုကိုဖြစ်နေသည်။

လိမ္မော် လူးထဲထပြီး နာရီကြည့်လိုက်စဉ် နေတောင် အတော်မြင့်နေသည်။ သူမ ဘယ်အချိန်လောက်အထိ အိပ်ပစ်လိုက်မိတာလဲ။

"လိမ္မော်"

"ရှင်... ကိုကို"

လိမ္မော်အလူးအလဲထပြီး အခန်းတံခါးဖွင့်ပေးလိုက်ရ သည်။ ကိုကို့အကြည့်တွေက ထုံးစံအတိုင်း သံသယအရိပ်ငွေ့ အသက်တွေနှင့် ပြည့်နက်နေ၏။

လိမ္မော်ကလည်း ပြစ်မှုကျူး လွန်ထားသော တရားခံတစ်ယောက်ကဲ့သို့ ကိုကို့ အကြည့်တွေ အောက်မှာပြာယာခတ်ပြီး မျက်နှာလေးက ပျက်ချင်နေရ၏။

"လိမ္မော်"

"ရှင်..."

"ဘယ်အချိန် ရှိနေပြီလဲ၊ နင် ဘယ်တုန်းက ဒီအချိန်ထိ အိပ်တတ်လို့လဲ"





ကိုကို့အသံတွေက သူမအပေါ် မကျေမနပ်ဖြစ်ရတိုင်း မာထန်လာတတ်ပြီး နင်ဆိုတဲ့ အသုံးအနှုန်းကို သုံးစွဲတတ်တာ ကိုကို့ရဲ့အကျင့်ပါ။

"နင် ကျောင်းသွားရမယ်၊ မနက်စာစားဖို့ အားလုံး နောက်ကျနေပြီဆိုတာရော သိရဲ့လား"

"ဟုတ်ကဲ့ပါ ကိုကို၊ လိမ္မော်ညက စာကျက်တာ နောက်ကျသွားလို့ပါနော်၊ အခုပဲ ပြင်လိုက်ပါမယ်"

"လိမ္မော်..."

"ရှင်..."

"နင်လိမ်နေတာပဲ၊ နင် ညက စာကျက်တာမဖြစ်ဘူး၊ နင့်အခန်း မီးပိတ် ထားတာပဲ၊ ငါ နှစ်ကြိမ်လာကြည့်တယ်"

"ဟင်..."

လိမ္မော် ကြောက်လန့်တကြားဖြင့် ကိုကို့အား မော့ကြည့်မိသည်။ လိမ္မော်တာဖြစ်လို့များ ဒီလောက်အထိတောင် နမော်နမဲ့ နိုင်လှချည်လား ကိုကို့ကို ဘယ်လို ဖြေရှင်းချက်ပေးရမှန်း မသိအောင်ပင် ထိတ်လန့်တုန်လှုပ်သွားရသည်။

"နင် အခုတလော အမှားအယွင်းတွေနဲ့ အမူအယာတွေ



www.burmeseclassic.com

www.burmeseclassic.com



…တယ် လိမ္မော်ချို၊ နင် အကျင့်ပျက်နေပြီပဲ"

သူမ ခန္ဓာကိုယ်လေး အေးစက်တောင့်တင်းသွားသည်။ အ…

…တော့ဘူး မဟုတ်လား။ ကိုကို့ကိုမှ ဘာဖြစ်လို့များ လိမ်ညာခဲ့မိရတာလဲ…

"နင် ဘာတွေ စဉ်းစားနေလဲ၊ နင့်မှာ အိပ်မပျော် နိုင်အော…

စဉ်းစားရာတွေ ရှိနေပြီ မဟုတ်လား"

"လိမ္မော်လေ လိမ္မော် ညက အိပ်လို့မရဘူး၊ မျက်လုံးတွေ…

ကြောင်နေတယ်၊ ဘာဖြစ်လို့မှန်း မသိဘူး"

"ဘာ…"

လိမ္မော်ကို အမြဲတမ်း သံသယတွေနဲ့ ကြည့်နေတော့ မှာလာ…

ကိုကို။ ကိုကို့အကြည့်တွေက ဒေါသတွေပေါက် ကွဲတော့မတတ်…

ဝင်းဝင်းတောက်နေ၏။

လိမ္မော် ဘာဖြစ်မှုတွေ ကျူးလွန်မိလို့လဲ ကိုကိုရဲ့ အပြစ်တ…

စွပ်စွဲပုတ်ခတ်နေသော တင်းကြပ်လွန်းတဲ့ စည်းကမ်းတွေနဲ့ သံသယတွေ…

အောက်မှာ လိမ္မော်လွတ်မြောက်ရာ လမ်းစက ကင်းမဲ့နေသည်။

အခု တလော ကိုကို့စိတ်တွေ ပို၍ မာထန်ပေါက်ကွဲနေ…

လိမ္မော်ကို လည်း သံသယတွေနှင့် မျက်စိအောက်က အပျောက်မခံ…





…င့်ကြည့်နေခဲ့၏။ လိမ္မော့်လက်လေးကို ဆတ်ခနဲ ဆုပ်ကိုင်လိုက်ပြီး

…ခဲ့ဟု အသံကြားရသည်နှင့် လိမ္မော် အသိကင်းမဲ့မတတ် ကြောက်ရွံ့

…န်လှုပ်သွားခဲ့ရတော့သည်။

"နင် လိမ်ညာတတ်နေပြီ"

"ရှင်"

"နင် ဒီနေ့ကစပြီး ကျောင်းတက်စရာ မလိုတော့ဘူး"

"ကိုကို"

"မလိုဘူး၊ နင် ပညာတတ်တစ်ယောက်ဖြစ်ဖို့မှ မလိုအပ်တာပဲ၊

…ာင်းမနေရတော့ဘူး"

"အဲဒီလို မလုပ်ပါနဲ့ကိုကို၊ လိမ္မော်ကျောင်းပြီးအောင် တော့

…ပါရစေနော်၊ တက်ခွင့်ပြုပါနော်"

"မရဘူး"

သူ ပြတ်သားစွာ ဆုံးဖြတ်ကာ ငြင်းဆန်ပစ်လိုက်သည်။ ခွင့်

…တော့ဘူး။ နင်မရိုးသားတော့ဘူး လိမ္မော်ချို၊ လိမ်ညာ တတ်နေပြီ။

…ောင်က နင်နဲ့ပတ်သက်တဲ့ကောင်ပဲဟာ၊ ငါ သိတယ် နင်က

…ယ်လေးကတည်းက ငါ့လက်ပေါ်မှာ ကြီးပြင်းလာရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးလေ။

လိမ္မော်ချို မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်နက်နေသည
နင့်ကို သနားနေလို့မဖြစ်ဘူး ရက်စက်ရမယ်။ နင်တို့ဒီလောက် ငေ
ကမ်း တင်းကြပ်ပြီး သစ္စာရေတိုက်ထားတာတောင် နင်က သစ္စာမဲ့
နေတယ်။

လိမ္မော်ချို မျက်နှာလေးအား သူ လုံးဝမကြည့်တော့။ ကြေ
စိုနင့်စွာ တောင်းပန်နေ ပေမယ့် သူ ဆုံးဖြတ်ချက်တွေကို မပြင်နိုင်တော
နင် ငါနဲ့ပဲ နေရမယ် လိမ္မော်ချို။

တခြားယောကျ်ား တစ်ယောက်ရဲ့ ရင်ခွင် ထဲမှာ နေခွင့်မရှိ
အဲဒါ ငါ့ရဲ့ ဆုံးဖြတ်ချက်ပဲ။ နင့်အတွက် ငါ ဘယ်လောက်အ
ပူပင်သောကတွေ ရောက်ခဲ့ရလဲ၊ ဘယ်လောက်အထိ စောင့်ရှောက်ခဲ့
ငါ့စေတနာ မေတ္တာ တွေကို နင်အသိအမှတ် မပြုချင်တော့တာလ
နင် ပညာတတ်တစ်ယောက်ဖြစ်စရာ မလိုဘူး။

စီးပွားရှာစရာမလိုတာပဲ၊ နင် ဘွဲ့ရတော့လည်း ဘာ
အသုံးဝင်မှာမို့လို့လဲ၊ တစ်နေ့ကျရင် နင့်ကို ငါ့ညီမအရင်း မဟုတ်ဘူးဆို
ဖွင့်ပြောမယ်။ အဲဒီတော့မှ ငါ ဘာကြောင့် ချုပ်ချယ်တားဆီးနေခဲ့ရလ





တာ နင် သိလာလိမ့်မယ် လိမ္မော်ချို။

"ကိုကို"

"ပြောစမ်း နင် ငါ့ကို ဘာတွေ ထပ်လိမ်ဦးမလို့လဲ"

"လိမ္မော် တောင်းပန်ပါတယ်နော်၊ ကိုကို မကြိုက်တာတွေ
ယ်ပါဘူး။ လိမ္မော် ကိုကို့အနားကနေ ဘာအကြောင်းနဲ့မှ ထွက်မသွား
ဘူး ကိုကိုနဲ့အတူတူ သစ္စာဆိုထားတဲ့ အတိုင်း နေပါ့မယ်"

"မရဘူး"

'ကိုကို"

နင်သွားတော့"

"လိမ္မော် ကျောင်းတက်ချင်တယ် ဘွဲ့ရချင်တယ်၊ အဲဒါလေး
တော့ ခွင့်ပြုပေးပါ ကိုကိုရယ်"

လိမ္မော် အနူးအညွတ် တောင်းပန်နေပေမယ့် ကိုကိုက မာထန်
ခြင်းဆန်ခေါင်းခါခဲ့သည်။ လိမ္မော်ဒူးညွတ်ခွေကျသွား ရ၏။ ကိုကို
ရက်စက်တာပဲ ဘယ်လို အကြောင်းတွေနဲ့ လိမ္မော်ရဲ့ အခွင့်
အရေးတွေကို ပိတ်ပင်တားဆီးနေရတာလဲ ကိုကို ရက်စက်တယ်။
မှာ်အစ်ကိုအရင်းမှ ဟုတ်ရဲ့လား လိမ္မော် ရင်ကွဲသွားတော့မတတ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



နာကျင်ကြေကွဲသွားရ၏။

"နင် အဝတ်အစားလဲပြီးရင် မနက်စာစားဖို့လာခဲ့၊ နင့် လက် ဖုန်းပေးစမ်း သုံးစရာအကြောင်း မရှိတော့ဘူး ပေးလေ"

သူမအိတ်လေးထဲမှ လက်ကိုင်ဖုန်းလေးကို ယူလိုက် လိမ္မော်ကယောင်ကတမ်းနှင့် ဖုန်းကို လိုက်လုယူမိပေမယ့် မ ကိုကို လှည့်ထွက်သွားတော့၏။ လူ့လောကကြီးက လိမ္မော်အ ဘာဖြစ်လို့များ ဒီလောက်အထိ ဆိုးဝါးတဲ့ ကံကြမ္မာတွေကိုပဲ လာခဲ့ရတာလဲ။ အနိုင် ကျင့်လွန်းတတ်တဲ့ အစ်ကိုတစ်ယေ လက်ထဲမှာ ဘာဖြစ်လို့များ ကြီးပြင်းလာခဲ့ရတာလဲ။ မတ လူ့လောက ကြီး လုံးဝမတရားဘူးနှင်းဆီ။ တို့ ဘာလုပ်ရတော့ ကျောင်းတက်ခွင့်တောင် မရှိတော့တဲ့ တို့လေ လူ့လောကကြ ဘယ်လို အသက်ရှင်ရတော့မှာလဲ။ မုန်းတယ် ကိုကို့ကို မုန် ကိုကို လုံးဝမတရားဘူး၊ တင်းကြပ်လွန်းတဲ့ စည်းကမ်းတွေနဲ့ မ မပြတ် စောင့်ကြည့်ခြင်း ခံခဲ့ရပြီး ရက်စက်ပြင်းထန်တဲ့ အပြစ်အ ကြားမှာ နာကျင်မွန်းကြပ်စွာ ဖြတ်သန်းလာခဲ့ရသည်။

"လိမ္မော်လေး"





"ဟင်"

"ထ"

ဒေါ်စိုးသာက လိမ္မော်လက်လေးကို ဆုပ်ကိုင်ဖေးမပြီး မတ်တပ် သည်။ မေမေတို့ရှိစဉ်ကတည်းက ဒေါ်စိုးသာ လက်ပေါ်မှာပဲ င်းခဲ့ရတာပါ လိမ္မော့်ဘဝကို အစမှအဆုံး အားလုံး သိနေသူလည်း ။ ဒေါ်စိုးသာက လိမ္မော်ကိုတွဲပြီး အခန်းထဲ ခေါ်လာခဲ့သည်။

"အဝတ်အစားလဲလေ လိမ္မော်လေး၊ ကိုကိုက ဒီလိုပဲ လိမ္မော်လေး က် စိတ်ပူတာပါ။"

"ဒေါ်စိုးသာ"

"ဟင်..."

"ကိုကိုက လိမ္မော့်ကိုကိုအရင်းမှ ဟုတ်ရဲ့လားဟင်"

"ဘာ"

"လိမ္မော့်အပေါ် အရမ်းရက်စက်တာပဲ၊ အရမ်းတင်းကြပ်တယ်၊ လူသားတစ်ယောက်အဖြစ် ရပ်တည်နေတာမှ ဟုတ်ရဲ့လား"

"အဝတ်အစားလဲတော့ ခဏနေ အောက်ထပ်ဆင်းလာခဲ့ စားသောက်စရာတွေ ပြင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လိမ္မော် မစားချင်ဘူး သေပစ်ချင်တယ်၊ ကိုကို ရက်စက်လိုက် တာ လိမ္မော့်အပေါ်မှာ ကမ်းကုန်နေပါပြီ"

"လိမ္မော်လေး"

"ရှင်..."

"မောင်အလင်းသစ်က မင်းအပေါ် အရမ်းချစ်ပြီး သံယောဇဉ် တယ်၊ မင်းငယ်စဉ်လေးကတည်းက မင်းရဲ့ ဝေယျာဝစ္စတွေအား သူကိုယ်တိုင်လုပ်ခဲ့တာပဲလေ၊ မင်း အစ်ကိုရဲ့ စေတနာ မေတ္တာတွေ မင်းနားလည်စမ်းပါ"

"လိမ္မော်လေ လိမ္မော် အဟင့်... ဟင့်"

"တော်ပြီ မငိုနဲ့တော့ မင်းအဝတ်အစားလဲပြီးရင် စားသော ခန်းကိုသာ လာခဲ့ပါ"

လိမ္မော်လေးအနားကနေ ဒေါ်စိုးသာ ပြန်ထွက်လာခဲ့သ နှစ်ယောက်လုံးက မိမိသံယောဇဉ်ကြီးရတဲ့သူတွေပဲ။ နှစ်ယောက် မိမိလက်ပေါ်ကြီးပြင်းလာခဲ့သည်။ အခုတော့ မောင်အလင်းသ လွန်နေပြီလား စိတ်မောလိုက်တာနော်။ မိမိကတော့ ပြဿနာ မဖြစ်ချင်ပါဘူး။ ဒေါ်စိုးသာရဲ့လေးလံတဲ့ ခြေလှမ်းတွေက စားသေ





းထဲ ပြန်ရောက်လာသည်။

"ဒေါ်စိုးသာ"

"ဟင်..."

"လိမ္မော်လေးလာပြီလား"

"မောင်အလင်းသစ်"

"ပြောပါ"

"လိမ္မော်လေးဟာ မင်း ညီမလေးအရင်း မဟုတ်ဘူး ဆိုတာ ပြောသင့်နေပြီ"

"ဗျာ"

လိမ္မော်လေးသာ သူ့ကို အစ်ကိုအရင်းတစ်ယောက် မဟုတ်ဘူး သိသွားရင် သူ့ကို မုန်းသွားတော့မှာ။

သူ အကြောက်ဆုံးက လိမ္မော်လေး သူ့အနားကနေ ထွက်ခွာ မှာပဲ မဖြစ်ဘူး။ မင်းကို လွှတ်လပ်ခွင့် မပေးနိုင်တော့ဘူး။ အနားမှာပဲ နေရမယ်။

အဲဒါ ကိုကို့ ဆုံးဖြတ်ချက်ပဲ။

သူ့စိတ်တွေကိုက ညီမလေးနှင့်ပတ်သက်လာလျှင် မနာလို



www.burmeseclassic.com

www.burmeseclassic.com



ငန့်တို့မှုတွေ ရှိနေသည်။ အဲဒါ ညီမလေးကို စတွေ့စဉ်ကပဲ ဘယ်သူ့ မချစ်စေရဘူး မပတ်သက်စေခဲ့ရ။ ကိုကိုအချစ် တွေပါ လိမ္မော်လေးရယ်

"ဒီလိုကြီးကတော့ နှစ်ယောက်လုံးအတွက် အကျိုးမဲ့နိုင်တယ် လေ၊ မင်း ပြန်စဉ်းစားပါဦးကွယ်"

မောင်အလင်းသစ်က ဒေါ်စိုးသာ သံယောဇဉ်အကြီးရဆုံးကလေး ပါပဲ။ မိမိအလုပ်ရှင် ကျေးဇူးရှင်ရဲ့သားပါ။ မိမိဘက်လိုက်ရင် လိမ္မော် လေးဘက်က လိုက်မှာမဟုတ်။ မောင်အလင်း သစ်ဘက်ကပဲလိုက်ရမယ်

လိမ္မော်လေးကြောင့် မောင်အလင်းသစ် ရူးသွပ်နေတာ လိမ္မော်လေး တော်တော်နှင့်လိုက်မလာ၍ ဒေါ်စိုးသာ ထပ်ပြီး ခေါ်ရသည်

"မင်း လိုက်ခဲ့ရမယ် လိမ္မော်လေး၊ မောင်အလင်းသစ်ရဲ့စေတ မေတ္တာတွေကို နားလည်စမ်းပါ၊ မင်း သူထားရာနေ၊ စေရာသွားရမယ် မင်းကို သူပိုင်တယ် လိမ္မော်ချို"

လိမ္မော်ချို လက်ကလေးကို ဆွဲကိုင်ပြီး စားသောက် ထဲခေါ်ဆောင်လာခဲ့တော့သည်။

○





## အခန်း (၉)

လိမ္မော်ချို ကျောင်းတက်ခွင့် မရတော့ဘူးဆိုတဲ့ သတင်းက အတွက်အံ့ဩတုန်လှုပ်စရာ ဖြစ်သွားခဲ့ရ၏။

ဒီလောက်အထိ ဖြစ်ပျက်သွားစရာ အကြောင်းမရှိဘူးဟုပဲ တ်မိသည်။ ဒီလောက် ရိုးသားဖြူစင်ပြီး အစ်ကို တစ်ယောက်ရဲ့ ာမ်းကို တိကျစွာ လိုက်နာတတ်တဲ့ ကောင်မလေး တစ်ယောက်ပဲ။ နှင်းဆီလည်း စိတ်ထိခိုက် ကြေကွဲ နေရပြီး မျက်ရည်တွေပင် သည်။

"နှင်းဆီ ဖုန်းဆက်မေးကြည့်တာလေ၊ နှစ်ရက်ဆောက် မလာဘူး ာ့ သူ့အစ်ကိုဆီ မေးကြည့်တာ ကျောင်းထုတ်လိုက်ပြီတဲ့"

"အဓိပ္ပာယ် မရှိလိုက်တာပဲ နှင်းဆီ၊ လိမ္မော်ချို ဘာလုပ်လို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်ကိုရဲ့ စည်းကမ်းချက်တွေအတိုင်း နေခဲ့တာပဲဟာ"

"အဲဒါမိုးစက်သော်ကြောင့်ပဲ နှင်းဆီသိတယ်၊ ဟို ဦးတူးဆိုတဲ့လူ

အရိပ်အခြည်ကို စောင့်ကြည့်နေတာလေ အဲဒါ သူ့အစ်ကိုရဲ့ လူယုံ

"ဘာဆိုင်လို့လဲ နှင်းဆီ ကျွန်တော် ဘာလုပ်လို့လဲ၊ အဝေးက

ရပ်ကြည့်နေတာပါ"

"လိမ္မော်ချိုက သူ့အစ်ကိုကို အရမ်းကြောက်ရတယ်

စည်းကမ်းကို တစ်စက်လေးတောင် ချိုးဖောက်ရဲတာ မဟုတ်ဘူး

သူ့အစ်ကိုက သေဆိုသေ ရှင်ဆိုရှင်ပဲ"

"မတရားဘူးကွာ၊ ညီမတစ်ယောက်ကို ချစ်လို့ပဲထား

ဒီလောက်အထိ မတင်းကြပ်သင့်ဘူး"

သူ့ကြောင့် လိမ္မော်ချိုရဲ့ အခွင့်အရေးတွေ ပိတ်သွားရတာကို

သော်နည်းနည်းမှ သဘောမကျမိပါ။

သူ အဝေးကပဲ ရပ်ကြည့်နေခဲ့တာပါ။ ဒီလောက်လေးတော

မရတော့ ဘူးလား။

လိမ္မော်ချိုက လူသားတစ်ယောက်ပဲလေ အရုပ်မှ မဟုတ်

သူ့နှလုံးသားတွေ နာကျင်ရသည်။





လိမ္မော်ချိုရဲ့ သွေးဆုတ်ဖြူရော်နေတဲ့ မျက်နှာလေးက သူ့နှလုံး

သားတွေထဲ အထိ ထိုးဖောက်ရှုဝင်နေပြီ ဖြစ်၏။ သူ ဘယ်လိုပဲဖြစ်ဖြစ်

လိမ္မော်ချိုကို အားပေး နှစ်သိမ့်ရမယ်။ သူရယူ ပိုင်ဆိုင်ချင်တယ်။

ဘယ်လိုအတားအဆီး အဟန့်အတားတွေပဲ ရှိနေပါစေ။ သော်

ကျော်ဖြတ်ပစ်ရမယ်။ သော်တို့က ကံကြမ္မာ နတ်မင်းကြီးက ဖန်ဆင်း

ပေးခဲ့တဲ့ ဖူးစာရှင်တွေပါ လိမ္မော်ချိုရယ်၊ သော်ဘယ်လိုမှ ထိန်းချုပ်

ထားလို့မရလောက်အောင် နှလုံးသားတွေက တောင်းဆိုချင်လာသည်။

"ကိုမိုးစက်သော်"

"ဘာလဲ နှင်းဆီ"

"လိမ္မော်ချိုကို သွားပြီး မနှောင့်ယှက်ပါနဲ့တော့နော်၊ အရမ်း

သနားစရာကောင်းလွန်းလို့ပါ၊ သူ့ကိုကိုက မိန်းကလေး မိတ်ဆွေတောင်

ထားတာမကြိုက်ဘူးလေ၊ ကိုမိုးစက်သော်လို ယောကျ်ားလေး

တစ်ယောက်နဲ့ ခင်မင်ပတ်သက်နေတယ်ဆိုတာ သိသွားရင် အသေ

သတ်ပစ်မှာ"

"ကျွန်တော် အရမ်း ခံစားနေရပြီ နှင်းဆီ၊ ဘယ်လိုလုပ်ရ

မလဲ၊ လိမ္မော်ချိုကို ချစ်မိနေပြီ၊ နှလုံးသားတွေနဲ့အပြည့် လိမ္မော်ချိုကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ချစ်နေမိပြီ"

နှင်းဆီစိတ်ပျက်စွာဖြင့် ခေါင်းကို ခါရမ်းပစ်လိုက်သည်။ လိမ္မော်ချိုရဲ့ ကိုကိုက တော်တော်ရက်စက်တာပဲ၊ လူတစ် ယောက်ရဲ့ အခွင့်အရေး တစ်ခုကို ဘာဖြစ်လို့များ မတရားပိတ်ပင် တားဆီးရတာလဲ၊ နှင်းဆီက တော့ မတရားဘူးထင်တာပဲ။

ကိုမိုးစက်သော်နဲ့တော့ လိမ္မော်ချိုကို သဘောတူနေမိသည်၊ နီးစပ်ဖို့က မမြင်နိုင်ပါဘူး။ လိမ္မော်ကိုကိုက အရမ်းဆိုးတယ်။ နောက်ထပ် ဘယ်လိုအကြောင်းမျိုးနဲ့မှ ဆက်သွယ်ဖို့ မကြိုးစားပါနဲ့တော့တဲ့။ ဟွန်း နှင်းဆီဒေါသတောင် ဖြစ်သွားရတယ်။

မိုးစက်သော်နဲ့ဆိုရင် လိမ္မော်ချို စိတ်ချမ်းသာရမှာပဲ၊ ဒါပေမဲ့ နှင်းဆီ ဘယ်လိုမှ မတတ်နိုင်ပဲ ဖြစ်နေရသည်။

"ကျွန်တော် ဆုံးဖြတ်ထားပြီးပြီ နှင်းဆီ၊ လိမ္မော်ချိုကို ရအောင် တွေ့မယ်"

"နှင်းဆီ သဘောတူတယ်၊ ထောက်ခံတယ်"

သော်ကတော့ လိမ္မော်ချိုကို သူ့ချစ်သူအဖြစ် သတ်မှတ်ထားပြီး ဘယ်လိုလွတ်မြောက်အောင် ကူညီရမလဲဟုပဲ ကြံစည် စဉ်းစားတော့မည်





ဖြစ်သည်။

"နှင်းဆီ"

"ဟင်"

"လိမ္မော့်အစ်ကို လူပျိုကြီးက မိန်းမတွေ လုံးဝစိတ်မဝင်စား ဘူးလား"

"အင်း"

"တစ်မျိုးပဲနော်"

"မျက်နှာကြီးက အမြဲတမ်း စူတင်းနေတာပဲ၊ လိမ္မော် ချိုကိုကိုက လိမ္မော်ချို့ကိစ္စတွေကလွဲပြီး ဘာမှ စိတ်မဝင်စားဘူးတဲ့"

"အစ်ကို အရင်းမှ ဟုတ်ရဲ့လား နှင်းဆီ"

"ဟင်"

နှင်းဆီလည်း သံသယတွေ ဝင်လာရသည်။ လိမ္မော်ချို့အပေါ် အလွန်တာထက်ပိုပြီး သည်းသည်းလှုပ်နေသည်ဟု ထင်မိလာရ၏။ အစ်ကို အရင်းမှ ဟုတ်ရဲ့လား၊ လိမ္မော်ချိုကတော့ သူမကိုကိုအား ကြောက်သော်ကြီးရှာပြီး အပြစ်တင်စကားပြောလျှင် မကြိုက်ပေ။ သော့်ကို ... ဖြတ်ခနဲ မော့ကြည့်မိနေသည်။ သော်ရော၊ နှင်းဆီရော



www.burmeseclassic.com

www.burmeseclassic.com



တူညီတဲ့ သံသယတွေ ရှိနေကြ၏။

"ကျွန်တော် ကြိုးစားကြည့်မယ် နှင်းဆီ၊ မဖြစ်မနေ လိမ္မော်ချို ဘဝကို ကယ်တင်ရမယ်၊ ကျွန်တော် ဆုံးဖြတ်ပြီးပြီ၊ လိမ္မော်ချိုကို ကျွန်တော့်နှလုံးသားတွေထဲ ရှူးနစ်အောင် ချစ်သွားမိပြီ နှင်းဆီရယ်"

သော် စိတ်တွေက လိမ္မော်ချိုထံတွင်ပဲ ရစ်ဝဲရောက်ရှိ နေသည် တွေ့ချင်တဲ့ ဆန္ဒတွေ ပြင်းပြလာရ၏။ ဖုန်းလည်း ပိတ်ထားသည် မင်း ဘာတွေဖြစ်နေလဲ လိမ္မော်ချို။ ဘယ်လိုအခက်အခဲတွေ စိတ်သော ရောက်စရာတွေနဲ့ ရင်ဆိုင်ကြုံ တွေ့နေရပြီလဲ။ သော့်နှလုံးသားတွေ လိမ္မော်ချိုကို အရမ်း ချစ်မြတ်နိုးနေမိပါပြီ။ သော် အိမ်ရောက်တဲ့အခ စိတ်တွေ ညှိုးနွမ်းကာ လိမ္မော်ချိုမျက်နှာလေးကိုပဲ မေ့ပစ်၍မရဖြစ် ရသည်။

"သော်"

"ဗျာ မမ"

"မောင်လေး ဘာဖြစ်နေတာလဲ၊ မျက်နှာလေးညှိုးနေ သလို မောင်လေးမှာ ဖြေရှင်းလို့မရတဲ့ အခက်အခဲတွေ ရှိနေလို့လားကွယ်"

မမလည်း သော့်ကို စည်းစနစ်ကြီးကြီးနဲ့ ချုပ်ကိုင်ထား





သော်မှာ အခွင့်အရေးတွေ အများကြီး ရှိနေသေးသည်။ လိမ္မော်ချို့ကိုကိုလို တော့ပေ။ လိမ္မော်ချို့ကိုကိုကတော့ သဲသဲမဲမဲနှင့် လိမ္မော်ချို့ကို အတင်း ကြပ် ပိုင်စိုးပိုင်နင်း ချုပ်ချယ်ထားတာမျိုး ဖြစ်နေ၏။ ပတရားတာပဲ သော်နည်းနည်းမှ မနှစ်သက်မိ။

ယောကျ်ားလေးတစ်ယောက်က သူ့ညီမ အခန်းရှေ့မှာ ရပ်စောင့် မိတာနဲ့ပဲ ညီမကို အကျင့်ပျက်တယ်ဆိုပြီး ကျောင်းထုတ်ပစ်လို့ လား ဘယ်လို အစ်ကိုမျိုးကလုပ်မှာလဲ မဖြစ်နိုင်ဘူး။ လိမ္မော်ချို့နဲ့ကို သင်းသစ်က မောင်နှမအရင်းတွေ မဖြစ်နိုင်ပါဘူး။

"သော်"

"ဟင်"

"မမမေးနေတယ်လေ၊ မင်း ဘာတွေဖြစ်နေတာလဲ၊ မင်း တလော အမူအယာတွေ ပျက်နေတယ်သော်၊ ပြောစမ်း မမလည်း ညီဖြေရှင်းပေးမယ် ပြောလေ သော်"

"မမ"

"ဟင်"

"သော့်ကို ကူညီမလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဒါဆို ပြောပြမယ်"

"ပြောပါကွယ်၊ မမ အကူအညီပေးနိုင်တာဆို အစွမ်း ကူညီမယ်၊ မမမှာ ဒီမောင်လေးတစ်ယောက်ပဲ ရှိတာပါ"

မမက သော့်ကို အရမ်းချစ်တယ် အလိုလိုက်တယ်။ ပညာရေးမှာ ကတိမ်းကပါးဖြစ်မှာပဲ စိုးရိမ်ပြီး စည်းကမ်း ပေးတာ လိမ္မော်ချိုကိုကိုလို အခွင့်အရေးတွေ အားလုံး ပိတ်ပင်တားဆီးထားတာ မရှိခဲ့ပါဘူး။

သော် စိတ်တွေထဲမှာ လိမ္မော်ချိုဘဝလေးအား ပျော်ရွှင်ချမ်း မှုတွေ အပြည့်အဝ ရရှိလာအောင်အောင်ပဲ ဖြည့်စွမ်းပေးချင် ရှိနေသည်။ မမ မျက်ဝန်းတွေက အံ့သြရိပ်တွေနှင့် ပြူးပြူးလေးဖြစ် သော်အတွက်စိုးရိမ်ပူပန်စွာ သော်ပြောမယ့် စကားတွေကို နားစွင့်နေ သော်ပြောရမှာပဲ လိမ္မော်ချို့ကို သော်ကယ်တင် ချင်တယ်။

ရူးကြောင်ကြောင်အူတူလုပ်ရပ် ဖြစ်နေရင်လည်း ဖြစ်နေမှာပဲ သော် ဆုံးဖြတ်ချက်ကို အခိုင်အမာပင် ချပစ်လိုက်သည်။

"မမ ယောက်ျားတစ်ယောက်ကို ခင်မင်ရင်းနှီးအောင် လုပ်





"ဘာ ဟဲ့... နင် အရူးလားသော် ငါ့ကို ဘာတွေ လာလုပ်ခိုင်းနေတာလဲ"

"မမပဲ သော့်ကို ကူညီမယ်ဆို"

"ဘာတွေလဲ သော် မမတစ်သက်လုံး မာနတွေနဲ့ ဘယ် ယောက်ျားကိုမှ စိတ်ဝင်စားတာ မဟုတ်ဘူး။ ကင်းကင်းရှင်း ရှင်းနေခဲ့တာ နော်၊ မိဘတွေမရှိတော့ ပိုပြီး ချစ်သူရှာဖို့ မစဉ်းစားတော့ဘူး။ မောင်လေးအတွက်ပဲ မမစဉ်းစားခဲ့တာပဲ ရှိတယ်"

"သော် အဲဒီလိုကို လုပ်ရမှ ဖြစ်မှာမို့လို့ပါ မမရယ်၊ မတတ် နိုင်ဘူးလေ၊ မမကချောတယ်၊ ဉာဏ်ရှိတယ်၊ ပညာ တတ်တယ်၊ အောင်မြင်တဲ့ စီးပွားရေးကို ဦးဆောင်လုပ်နိုင် စွမ်းရှိတဲ့မိန်းမ"

"သော်"

"သော် ချစ်တဲ့ကောင်မလေးရဲ့ အစ်ကိုက သူ့ညီမကို အရမ်းပဲ စည်းကမ်းတင်းကြပ်ပြီး ဘယ်လိုယောက်ျားမှ အနား ကပ်လို့ မရဘူးလေ"

"ဘာ"

သူနှင့် လိမ္မော်ချို့အကြောင်းတွေ ပြောပြလိုက်တော့ မမရဲ့ သြရိပ်တွေ လွှမ်းနေတဲ့ မျက်ဝန်းတွေက သော့်စကား ဆုံးသောအခါ



www.burmeseclassic.com

ပြုံးယောင်သမ်းလာတော့၏။ မမက ပျက်ရယ် ပြုသလို လုပ်နေသဖြ
အရမ်းကိုကြွေပြီး ခံစားနေရတဲ့သော် မကျေမနပ် ဖြစ်လာရသည်။

"သော်ရယ် ဖြစ်မှဖြစ်ရလေ နင်က ချစ်တဲ့ကောင်မလေး အတွက် အစ်မကိုတောင် အရုပ်လေးတစ်ရုပ် လက်ဆောင် ပေးသ ပေးပစ်လိုက်တော့မှာလားဟင်"

မောင်လေးအဖြစ်တွေကို သူမ ကြားရတော့ စောစော မောင်လေးဘာများ ဖြစ်နေလည်းဆိုပြီး စိုးရိမ်ပူပန်စိတ်တွေ နည်းနည် လေးပြေလျော့သွားရသည်။ ရယ်လည်းရယ်ချင် သွားရ၏။

ဒါပေမဲ့လည်း မောင်လေးအတွက်ဆို သူမ ဘာပဲ ကူညီပေး ကူညီပေးရ အစွမ်းကုန် ကူညီပေးချင်မိနေ၏။ မောင်လေးသော် လီမွှာရေးခြားရှိသူပါ။

ချစ်သူ ဆိုတာတော့ တွေ့တတ်ကြတာပဲလေ။ မောင်လေး လီမွှော်ချိုဆိုတဲ့ ကောင်မလေးတို့ တွေ့ဆုံပုံလေးကလည်း အရ ဆန်းကျယ်အံ့သြဖွယ် လေးပဲ။ ကြုံကြုံဖန်ဖန် ဖြစ်လာရတာက သူမ လီမွှော်ချိုရဲ့အစ်ကိုနှင့် အတင်းပေးစားနေခြင်းပင်။

တော်တော်ဆိုးတဲ့ သော်ပဲ။ မောင်လေးကို အစ်မလို အ





တော့ ရှောက်ကျွေးမွေးလာခဲ့တာ ဖြစ်၍လည်း နောက်ဆုံးတော့
သော်ပဲ ကူညီပေးဖို့ ဆုံးဖြတ်လိုက်သည်။

"လီမွှော်ချိုကိုကိုက ဘယ်သူလဲ၊ ဘယ်မှာနေတာလဲ၊ ကရော"

"ကိုအလင်းသစ်တဲ့"

"ဘာ"

"နိုင်ငံခြားကို အနုပညာလက်ရာပစ္စည်းတွေ တင်ပို့နေတဲ့ ပိုင်တယ်လေ၊ ချမ်းသာတယ်"

"ကိုအလင်းသစ် ဟုတ်လား"

"ဟုတ်တယ်"

"သူ့ကို မမကောင်းကောင်းသိတယ်လေ၊ ကျောင်းနေ ဘက် ချင်းတွေပဲ"

"ဗျာ"

"အလင်းသစ်က အရမ်းမာနကြီးတယ်၊ တည်ခန့်တယ်၊ မိန်းမတွေကို ယောင်လို့တောင် မပတ်သက်ဘူး။ တကယ့်ကို ရှင်းရှင်းနေတတ်တယ်"

www.burmeseclassic.com



"မမနဲ့က"

"သိတာပေါ့ မောင်လေးရယ် သိတာမှ သူ့အသက်ကို တော
မမကယ်ခဲ့ဖူးတယ်လေ"

"ဟင်"

တက္ကသိုလ်မှာတုန်းက အလင်းသစ်နှင့် သူမပတ်သက်ခဲ့
အကြောင်းအရာလေးကို သတိရမိလာသည်။ အလင်းသစ်က သူ
တစ်ခန်းတည်း စာသင်ကြရတဲ့သူတွေပါ။

မိန်းမတွေနှင့် ကင်းကင်းရှင်းရှင်း နေတတ်တဲ့ အလင်းသ
မိန်းမတွေက စိတ်ဝင်စားခဲ့ကြ၏။ မိုးပွင့် သော်ကတော့ မာနရှိသ
အလင်းသစ်ကိုလည်း အရေးမလုပ်ပါဘူး။

နှစ်ယောက်ဆုံတွေ့ ကြတဲ့အဖြစ်က ဘယ်သူမှမသိလို
အံ့သြစရာပဲ ဖြစ်ရသည်။ အလင်းသစ်တစ်ယောက်တည်း သွေးအား
ကျပြီး လမ်းမှာ လဲနေတော့ သူမက တွေ့ပြီး ဆေးရုံကို ပို့ပေးခဲ့

နောက်ပိုင်း သူမကိုတွေ့လျှင် နှုတ်ခမ်းလေးတွန့်ရုံ
နှုတ်ဆက် တတ်သည်။ အလင်းသစ်ကလည်း မိန်းကလေး
ကင်းအောင်နေ တတ်သလို သူမကလည်း မာနရှိ၍ ကျောင်းပြီး





ည် ဝေးကွာသွားရတော့၏။ တစ်ခါတရံ အလင်းသစ်နှင့် ဆုံမိတတ်ပြီး
နှုတ်ဆက်တာလောက်ပဲ ရှိခဲ့သည်။

"ကောင်းလိုက်တာ မမရာ အတော်ပဲ၊ ဒီလူကြီးကို စိတ်တွေ
ပြောင်းသွားအောင် လုပ်ပစ်ရမယ်၊ မမက အရမ်းပဲ မိန်းမပီသတာ
တော့လေ၊ ဒီလူကြီး စိတ်ဝင်စားလာနိုင်တယ်"

"မထင်ပါနဲ့သော်၊ မမနဲ့ တက္ကသိုလ်မှာကတည်းက သိတာပဲ၊
မိန်းမတွေကို လုံးဝ စိတ်မဝင်စားဘူး"

"သူ့မှာ ညီမတစ်ယောက်ရှိတာရော မမသိထားလား ဟင်"

"မသိဘူး။ သူက ယောကျ်ားလေး အချင်းချင်းတောင် မိတ်ဆွေ
ဘူး။ သူ့အကြောင်း ဘာမှမသိဘူးသော် မမကလည်း ယောကျ်ား
ယောက်အကြောင်း မိန်းကလေးက စပြီး စိတ်ဝင်စားရတာ
ဆုံးပဲလေ"

"မမ..."

"ဟင်..."

"သော့်ကို ကူညီပါနော်၊ လိမ္မော်ချို့အကြောင်း သိချင်လို့ပါ၊
ကြီးနဲ့မမ ပတ်သက်ဖို့ ကြိုးစားပေးပါ၊ လိမ္မော်ချိုနဲ့ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



အ[illegible]ခံနိုင်တော့လို့ပါဗျာ၊ သော်ဘ၀မှာ လိမ္မော်ချိုက အရမ်း အရေးပါနေပြီ မမအဲဒီလူကြီးကို ကြိုက်ချင်ကြိုက် မကြိုက်ချင်နေပါ [illegible] နည်းနည်းလေးပဲ ပတ်သက်ပေးပါနော်”

“ကဲပါ မောင်လေးရယ် မမအတတ်နိုင်ဆုံး ကူညီပါ့မယ် လိမ္မော်ချို့အကြောင်း မမသိအောင် ကြိုးစားပေးပါ့မယ် ဟုတ်ပြီ လား”

သော့်အတွက် မျှော်လင့်ချက် အလင်းရောင်ခြည်လေး သမ်းလာ ဖြစ်သည်။ လိမ္မော်ချိုနှင့် အဆက်သွယ်ရဖို့ မမကို အသုံးချ လူကြားလို့တောင် မကောင်းပေမယ့် သော့်ရင်ထဲက ခံစားမှုတွေ အတိုင်းအတာကို သော်အသိဆုံးပဲ မဟုတ်လား။ မမကို ဖက်ထားလိုက် ကလေးတစ်ယောက်ကဲ့သို့ ဟန်မဆောင်နိုင်စွာ ပျော်ရွှင်သွားရ[illegible]

○





# အခန်း (၁၀)

“ကိုကို ညီမလေးကို ကျောင်းတက်ခွင့်ပေးပါ၊ ကိုကို သဘော [illegible]တွေ ညီမလေး ဘယ်တော့မှ မလုပ်တော့ ပါဘူး၊ ဘယ်သူနဲ့မှ [illegible] မပတ်သက်ပါဘူးနော်”

လိမ္မော်ချိုက အရမ်းလှပချောမောနေတဲ့ မိန်းကလေး။ ဘယ်လိုပဲ [illegible]ဉ်ယဉ်ပုံစံမျိုး ဖြစ်နေပါစေ မြင်ရသူငေးမော ရတဲ့ မိန်းမချောလေး [illegible]မ္မာရေးတက္ကသိုလ်ရဲ့ စာသင်ဆောင်ရှေ့မှာ တစ်နေ့ကုန်အောင် [illegible]င့်နေတဲ့ကောင်လေး က လိမ္မော်ချိုကို စောင့်နေတာပဲဖြစ်နိုင်သည်။ [illegible]ပါဘူး။ မင်းနဲ့ ပတ်သက်တာပဲဖြစ်မှာ သေချာတယ်။ ငါသိတယ်။



www.burmeseclassic.com

www.burmeseclassic.com



နင်နဲ့ပတ်သက်တဲ့ ကောင်လေးပဲ။ တွေးမိတိုင်း ဒေါသတွေ ပေါက် လွင့်စင်မတတ်ပင်။

ဒါကို သူ လုံးဝ လက်မခံနိုင်ပါဘူး။ သူ့စိတ်တွေ ဘယ် ပြုပြင်ပြောင်းလဲလို့ မရခဲ့တာဟာ လိမ္မော်ချို့အတွက် သူလူဖြစ်ခဲ့ရ နင်နဲ့ငါ မောင်နှမအရင်း မဟုတ်ဘူးဆိုတာ ပြောပြရတော့မှာပဲ

နင်နဲ့ ပတ်သက်ဖို့ ကြိုးစားလာတဲ့ ယောက်ျားတစ်ယော ရှိနေပြီဆိုရင် ငါ အမုန်းဆုံးပဲ။ ငါ နှစ်ပေါင်း များစွာ နင့်အရိပ်အက စက္ကန့်မလပ်အောင် စောင့်ကြည့် အကဲခတ်နေခဲ့တာလေ၊ နင်ဘယ် ငါ မသိအောင်လုပ် လို့ မရဘူး။

ငါ့ဘဝတစ်သက်မှာ ဘယ်လိုမိန်းမမျိုးကိုမှ စိတ်မဝင်စားခဲ့ မိုးပေါ်က ပြုတ်ကျလာတဲ့ နတ်သမီးတောင် ငါ့နှလုံးသားတွေ ညို့ယူဖမ်းစားနိုင်ခြင်း မရှိခဲ့ဘူး လိမ္မော်ချို။ ငါ့နှလုံးသားတွေ အမြဲတမ်း ညို့ယူဖမ်းစားထားတာက လိမ္မော်ချိုပဲလေ။

နင် ကောင်လေးတစ်ယောက်နဲ့ ပတ်သက် ဆက်နွယ်နေပြီ သံသယစိတ်တွေကြောင့် ငါ့နှလုံးသားတွေ ဗိုပြီး ပူလောင်ပေါ လာရပြီ။





အလင်းသစ်အကြည့်တွေက အိပ်ပျော်နေသော လိမ္မော်ချိုအနား တဖြည်းဖြည်း တိုးကပ်လာနေမိတော့သည်။

"နင်ဟာ ငါ့ညီမ လုံးဝမဟုတ်ဘူး၊ လိမ္မော်ချို သေချာတာ က မင်းကို ကိုကို အရမ်းချစ်နေပြီသိလား လိမ္မော်ချို"

သူ့ခြေလှမ်းတွေက လိမ္မော်ချိုအနား အရောက်တွင် တုန့်ခနဲ သွားသည်။ တောင့်သော၊ ဖြောင့်စင်းနေသော အိစက်နုထွတ်နေသော မ္မော်ချိုသည် သူ့နှလုံးသားတွေထဲက အရာရာအမိန့်ပေးနာခံစေသော ခိုက်မောစေသော အလှနတ်သမီးလေးတစ်ပါး ဖြစ်နေခဲ့ရပြီ။

မင်းကိုလည်း ငါ ပြောပြရမယ် လိမ္မော်ချို။ မကြာခင်ပဲ ငါ ပေးရမယ်။ နင့်ကို ငါ့ညီမအဖြစ် ဆက်ပြီးတော့ ငါဟန်ဆောင်မနေနိုင် ဘူးလေ။ လိမ္မော်ချိုဘေးမှာ လူဝင်ထိုင်လိုက်သည်။

"ဟင်...ကိုကို"

အလှနတ်သမီးလေးရဲ့ မျက်တောင်ကော့ကော့လေး အစုံက ခနဲ ပွင့်ဟလာပြီး စိုးရိမ်ထိတ်လန့် ကြောက်ရွံ့မှုတွေ ရုတ်ခြည်း ကသွားရကာ အိပ်နေရာမှ လူးလဲထလာသည်။

သူပင် အထိတ်တလန့် မတ်တပ်ထရပ်မိသွားပြီး လိမ္မော်ချိုအား



www.burmeseclassic.com

www.burmeseclassic.com



ရင်မဆိုင်ရဲတော့သလို အကြည့်တွေကို ဖြတ်ခနဲ လွှဲဖယ်ပစ်လိုက်ရသ
လိမ္မော်ချိုရင်ဘတ်လေးကို ဖိကာ အကြောက်ပြေသွားသလို ကိုကို
မော့ကြည့်လိုက်ပြီး။

"ကိုကို လိမ္မော့်ကို လာနှိုးတာလားဟင်"

"အင်း"

ယောင်တောင်တောင်လေးနဲ့ ကိုကို့ပုံစံက တစ်မျိုး ဖြစ်နေသ

"ညီမလေးထတော့မှာပါ၊ အောက်ထပ်ကိုဆင်းလာခဲ့ မယ်
မျက်နှာသစ်လိုက်ဦးမယ်၊ ခဏလေးပါ"

"လိမ္မော်ချို"

"ရှင်"

"ဒီအချိန်က မနက်စာစားတဲ့အချိန်မှ မဟုတ်တာပဲ၊ ဒေါ်စို
တောင် မနိုးသေးဘူး၊ မနက်အ စောကြီး ရှိသေးတယ်၊ မိုးတောင်မ
သေးဘူး"

"ဟုတ်လား၊ မသိပါဘူး။ ကိုကိုလာနှိုးနေပြီထင်နေတာ၊
ဒီလောက်အထိတောင် လိမ္မော်ချိုကို စိတ်မချဘူးလား။ ညီမလေးဘ
မသွားပါဘူး၊ ကျောင်းမတက်ရလည်း ကိစ္စမရှိတော့ပါဘူးလေ၊ နောက်





ကိုနေစေချင်သလိုပဲ နေပါ့မယ်၊ ကိုကို့အနားကနေ လိမ္မော်တယ်တော့မှ
ကမသွားတော့ပါဘူးနော်"

"တကယ်လား၊ လိမ္မော်ချို ကိုကို့ကိုထားခဲ့ပြီ၊ တကယ်ပဲ
ကမသွားဘူးလား၊ မင်း စိတ်ဆန္ဒက တကယ်ပဲ ကိုကို့အနားက
ကမသွားချင်တ၊ ၊လားကွာ"

"ဟုတ်ကဲ့ပါ ကိုကို"

"လိမ္မော်ချိုရယ်"

သူ့စိတ်တွေကို မထိန်းချုပ်နိုင်တော့တာမို့ ကြောင်ငေးငေး
ားမတ်တပ်ရပ်နေသော လိမ္မော်ချိုကို သူ့လက်တွေက ဆွဲယူရစ်သိုင်း
ပ်ဖက်ပစ်လိုက်၏။ တစ်ခါတရံ လိမ္မော်ချိုကို ပွေ့ဖက်ပြီး ပါးပြင်လေးကို
နမ်းရှိုက်နေကျဖြစ်နေ၍ သူမက ငြိမ်သက်နေ၏။ ကိုကိုဆက်ပြီး ဟန်
ဆောင် မနေချင်တော့ဘူး အရာ အားလုံး ပွင့်လင်းပစ်လိုက်ချင်နေပြီကွာ။
ကိုအကြောက်ဆုံးက မင်းရဲ့မုန်းတီးနာကျည်းမှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့
ားရမှာကိုပါပဲ။ ဘာပဲဖြစ်ဖြစ် ကိုကိုကတော့ မင်းဟာ ငါ့ညီမလေး
င်းမဟုတ်ဘူး။ ဘယ်တော့မှလည်း ငါ့ဒီလို သဘောမထားခဲ့ဘူး
ဒီတာ ဖွင့်ပြောပြအသိပေးရမှာပဲ။ လိမ္မော်ချိုက ယောင်အြား



www.burmeseclassic.com

www.burmeseclassic.com



ဘော်သောက်နဲ့ ပတ်သက်ဆက်ဆံတာတွေရှိလာပြီပဲ၊ အချိန်မီ အဖြစ်အမှန်တွေကို လိမ္မော်ချို ကွဲကွဲပြားပြား သိထားသင့်နေပြီ မဟုတ်လား။

"ကိုကိုချစ်တယ်၊ လိမ္မော်ချိုကို ချစ်တယ်၊ မင်းသိရဲ့လားယုံကြည်ရဲ့လားကွာ"

"သိပါတယ်ကိုကို၊ လိမ္မော်အသိဆုံးပါပဲ၊ ကိုကို အကြင်နာတွေအောက်မှာ နေရတာ ညီမလေး ပျော်ပါတယ်"

"တကယ်လား၊ တကယ်ပဲလား လိမ္မော်ချိုရယ်"

"ဟုတ်ကဲ့"

"ကိုကို့ရင်ထဲမှာ လိမ္မော်ချိုကို အသိပေးစရာတွေ ပြောစရာတွေအများကြီးပဲ မကြာခင် အသိပေး ပြောပြရမယ်"

"ဟုတ်ကဲ့ပါကိုကို"

"ကိုကို့အနားမှာ ထာဝရနေမယ်ဆိုတာ တကယ်ပဲလား ဟင်"

"တကယ်ပါကိုကို လိမ္မော်တို့မောင်နှမ သစ္စာဆိုထား ကြတာလေတစ်သက်လုံး ချစ်သူရည်းစား မရှာဘဲ ဒီလိုပဲ နေသွားကြမယ်လေ"

အလင်းသစ်ရင်ထဲသို့ ဆင်ခြင်တုန်တရားတွေ လက်ခနဲ တိုးဝင်လာသည်။ မဟုတ်သေးဘူး သူက အစ်ကိုအရင်း မဟုတ်ဘူးဆိုတာ





လိမ္မော်ချိုမှ မသိသေးတာပဲ၊ ရုတ်တရက်ကြီး ဖွင့်ပြောလို့ မဖြစ်သေးပါဘူး။ အသိတွေကို ထိန်းချုပ်လိုက်ပြီး သူ ရင်ခွင်လေးထဲမှာရှိနေတဲ့ လိမ္မော်ချို ကိုယ်လုံးလေးကို ပြန်လွှတ်ပေးလိုက်သည်။

လက်ကိုင်ဖုန်းလည်း သိမ်းထားပြီးပြီ။ အိမ်ဖုန်းလည်းသုံးခွင့်မရှိ၊ လိမ္မော်ချို ဆန္ဒနှင့် ဘာတစ်ခုမှ လုပ်ပိုင်ခွင့် ပေးမထားခဲ့တာတောင် အလင်းသစ် စိတ်တွေက အစိုးရိမ်လွန်နေတာပါ။ သူ့စိတ်တွေ အေးအောင် ထိန်းချုပ်လိုက်ရသည်။

"လိမ္မော် ဆက်အိပ်လိုက်ဦးနော်၊ ကိုကို့စိတ်တွေကိုက အစိုးရိမ်လွန်ကဲနေတာပါ၊ အဟင်း ကိုကို့ကြောင့် ညီမလေး အိပ်ရေးပျက်နေပါဦးမယ်"

"ရပါတယ် ကိုကိုရာ"

လိမ္မော်ချိုအခန်းထဲကနေ သူ ထွက်လာခဲ့ပြီး နည်းနည်းစောနေသေးသဖြင့် ခြံထဲဆင်းလာခဲ့သည်။ သူ့ဘဝတစ်လျှောက်လုံး လိမ္မော်ချိုအတွက် ပူပင်သောကတွေ မီးကဲ့သို့ လောင်မြိုက်နေရ၏။ ပြတ်သားတဲ့အဖြေတစ်ခုတော့ ရှိသင့်နေပါပြီလေ။ သူနှင့် လိမ္မော်ချို သွေးသားတော်စပ်ဘူးဆိုတာ သိသွားရင်တော့ လိမ္မော့်စိတ်တွေ ပြောင်းသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မုန်းတီးနာကျင်သွားမှာ သေချာသည်။ နံနက်ခင်းရဲ့ ရွှေပြေးလေနုအေးလေးရဲ့ အငွေ့အသက်တွေ ခံစားလာရပေမဲ့ သူ့ရင်တွေက ပူပြင်းလောင်မြိုက်နေမဆဲပင် ဖြစ်၏။ သူ ဘာဆက်လုပ်သင့်လဲ၊ လိမ္မော်ချိုအတွက် စိုးရိမ်ပူပင်မှုတွေ ငြိမ်းအေးသွားအောင် သူဘယ်လို ထိန်းချုပ်ရတော့မှာလဲ။

"မင်း ဖွင့်ပြောလိုက်ပါတော့ အလင်းသစ်၊ အစ်ကို အရင်းတစ်ယောက်က ဒီလောက် အဖြစ်သည်းနေတာဟာ ကြာရင် သံသယဝင်စရာ ဖြစ်လာနိုင်တယ်ကွယ့်"

ဒေါ်စိုးသာရဲ့ စကားတွေက သူ့နားထဲ နက်ရှိုင်းစွာ စူးနစ်တိုးဝင်လာသည်။ သူ့အတွက်ကြီးနေတာလား။ မနာလိုဝန်တိုစိတ်တွေပဲ ကြီးမားနေရတာလား။ လိမ္မော်ချိုကို ဘယ်လို ယောကျ်ားလေး တစ်ယောက်ကမှ ကြည့်တာမျိုး လက်မခံနိုင်ပဲ တင်းကြပ်တဲ့ စည်းကမ်းဘောင်တွေခတ်ပြီး ကြီးပြင်းလာစေတာ သူ့ရဲ့နှလုံးသားထဲက နက်ရှိုင်းတဲ့ ချစ်ခြင်းမေတ္တာတွေပါပဲဆိုတာ လိမ္မော်ချို သိစေချင်နေမိသည်။

"အလင်းသစ်"

"ဟင် ဒေါ်စိုးသာ"





"မင်း ပြန်အိပ်လိုက်ဦးလေ၊ မိုးမှ မလင်းသေးတာ၊ ကျွန်းမာရေး ဒိုက်မယ်၊ အိမ်ထဲဝင်တော့"

ဒေါ်စိုးသာရောက်လာပြီး သူ့ကို ဖြောင်းဖြနေသည်။ မေမေ ရှိတော့ကတည်းက မိခင်တစ်ယောက်ကဲ့သို့ ဒေါ်စိုးသာပဲ ပြုစုစောင့် ရောက်လာခဲ့ရ၏။ မေမေကလည်း နောက်ဆုံးထွက်သက်အထိပဲ ဒေါ်စိုးသာထံ အပ်နှံသွားခဲ့သည်။

"ညည်းပဲ စောင့်ရှောက်ပေးပါ မစိုးသာ၊ ငါ့သားလေးကို ပေးနှစ်သိမ့်ပြီး ဂရုတစိုက် ပြုစုစောင့်ရှောက်ပေးပါ၊ ညည်းဆီကပဲ ...ားလေးလိုချင်တဲ့ ချစ်ခြင်းမေတ္တာတွေကို ရနိုင်လိမ့်မယ် ထင်တာ... ...သာရယ်"

သားဒီလိုသာ အတ္တကြီးကြီးနဲ့လိမ္မော်ချိုလေးကို တင်းတင်း ...ကြပ် ထိန်းချုပ်ပြီးကြီးပြင်းစေရင် လိမ္မော်ချိုလေးဆီက အချစ်တွေကို ...ရနိုင်ဘူး။ အမုန်းတွေပဲရမှာနော်ဟု မေမေ ပြောသွားခဲ့သည်။ ...ကြောင့်လဲ သူ့ဘက်က လိုလေသေး မရှိအောင် ဖြည့်စွမ်းပေးမှုတွေနဲ့ ...ဝိုက်ပြုစုယုယလာခဲ့တာပဲ။ အဲဒါတောင် လိမ္မော်ချိုဆီက အမုန်း ...မှာတဲ့လား မေမေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်စိုးသာ"

"ဟင်..."

"ကျွန်တော် လိမ္မော်လေးဆီက အချစ်တွေ ရနိုင်မလား"

"ဟင်..."

ဒေါ်စိုးသာ အဲဒီလို အံ့ဩတုန်လှုပ်ပြီး အဖြေကို ရုတ်တရက် မပေးနိုင်တာကိုပဲ သူ လုံးဝ သဘောမကျမိပေ။ မရနိုင်ဘူးထင်တယ်လို့ ပြောချင်တာလား။ ဒေါ်စိုးသာက သူ့ကို နားအလည်ဆုံးနှင့် သံယောဇဉ် အကြီးမားဆုံးပါ။ ဒေါ်စိုးသာ လက်ပေါ်မှာပဲ သူ ကြီးပြင်းခဲ့ရတာပဲ။ ဒေါ်စိုးသာပဲ ကျွေးမွေးထိန်းကျောင်းလာခဲ့ရသည်။

"ဒေါ်စိုးသာ"

"ဟင်..."

"ဖြေလေ"

"ဒေါ်စိုးသာ မသိပါဘူး"

"ဘာဖြစ်လို့ မသိရမှာလဲ၊ ကျွန်တော်နဲ့ လိမ္မော်ချို့ အနေအထား ဒေါ်စိုးသာ အသိဆုံးလေ၊ မေမေပြောခဲ့သလို လိမ္မော်ချို့ရဲ့ အမုန်းတွေကို ရမယ်လို့ ထင်နေတာလား"





"အိမ်ထဲဝင်သင့်ပြီကွယ်၊ အပြင်က အေးစိမ့်နေတာပဲ၊ မင်း ကျန်းမာရေး ထိခိုက်လိမ့်မယ်၊ ကံကြမ္မာကို ဘယ်သူမှ အတိအကျ အဖြေထုတ်မပေးနိုင်ဘူး အလင်းသစ်ရယ်"

အလင်းသစ်လက်ကလေးကို ဒေါ်စိုးသာက ဆုပ်ကိုင်ပြီး တိုက်ထဲ ဝင်ဖို့ ခေါ်လာခဲ့၏။ ဒီကလေးက မိမိစကားကိုတော့ နာခံတယ်။ အလင်းသစ်စိတ်တွေ ဆန္ဒတွေကို ဒေါ်စိုးသာ အသိဆုံးပါပဲ။ မင်းဆန္ဒတွေ ပြည့်ဝဖို့ ဒေါ်စိုးသာ အစွမ်းကုန်ဖြည့်ဆည်းပေးချင်လိုက်တာ။ လိမ္မော်ချို့ကို အသိပေးမှဖြစ်တော့မယ်။ မင်းရဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ စေတနာ အကြင်နာ တွေကို လိမ္မော်ချိုလေး နားလည်သိရှိလာအောင် ဒေါ်စိုးသာ ကြိုးစား စွမ်းဆောင်ပေးရတော့မှာပဲလေ။ အလင်းသစ်ကို အိပ်ခန်းထဲအထိ ပို့ပေးပြီး အားပေးနှစ်သိမ့်ရသည်။

"အလင်းသစ် မင်းစိတ်တွေကို လျှော့ပစ်စမ်းပါကွယ်၊ လိမ္မော်ချို လေးက မင်း လက်ခုပ်ထဲကရေပါ၊ ဘာတွေ စိတ် သောကရောက်နေရ တာလဲ၊ လုပ်သလို ဖြစ်မလာဘူးဆိုရင်တော့ ဖြစ်သလိုပဲ လုပ်ရမယ်လေ"

"ဗျာ..."

"မင်း ဖြစ်စေချင်တဲ့ ဆန္ဒတွေအတိုင်းပဲ ဖြစ်စေအောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်လိုက်လေ၊ အလင်းသစ် ဘာမှ တွေဝေစရာမရှိတာပဲ၊ မင်္ဂလာပွဲကိစ္စကိုတော့ ဒေါ်စိုးသာ တာဝန်ယူတယ်"

"ဗျာ ဒေါ်စိုးသာ ပြောတာ ဘာအဓိပ္ပာယ်လဲ၊ ကျွန်တော် စိတ်ပူတာက မေမေပြောသလို လိမ္မော်ချို့ဆီက အမုန်းတွေရမှာကိုပဲ"

"အိမ်လိုက်တော့ ဒေါ်စိုးသာ အားလုံးတာဝန်ယူတယ်လို့ ပြောထားပြီးပြီပဲ၊ မင်း ဖြစ်စေချင်သလိုပဲ ဖြစ်စေရမယ်ကွယ်"

ဒေါ်စိုးသာ လှည့်ထွက်သွားတာကို သူ ကြောင်ငေးစွာ စူးစိုက်ကြည့်မိနေသည်။ အလင်းသစ် ဖြစ်ချင်တာတွေကို ဖြစ်အောင်လုပ်ဖို့ ဒေါ်စိုးသာ တာဝန်ယူတယ်တဲ့ သူအိပ်စက်ဖို့ ကြိုးစားနေပေမဲ့ မျက်လုံးတွေက ကြောင်နေသည်။

○





## အခန်း (၁၁)

"အလင်းသစ် တို့ကိုမှတ်မိတယ် မဟုတ်လား၊ တို့က မိုးပွင့်သော်ပါ"

"ဪ အင်း မိုး မှတ်မိပါတယ်၊ မိုးနဲ့ ကိုယ် မတွေ့တာတောင်ကြာပြီနော်၊ အခုလာတာက"

"အလင်းသစ် အနုပညာပစ္စည်း ထုတ်လုပ်တယ်ဆိုလို့လေ၊ မိုးရဲ့ဆိုင်အတွက် အနုပညာပစ္စည်းတွေ မှာချင်လို့ပါ"

မိုးပွင့်သော်ကို သူ ဘယ်တော့မှ မမေ့ခဲ့။ သူ့အသက်ကို ကယ်တင်ခဲ့တဲ့သူဟုပဲ ပြောရမလား၊ မိန်းကလေးတွေထဲမှာတော့ မိုးပွင့်သော်က ဉာဏ်ရှိပြီး မာနလေးနှင့် တည်တည်လေး နေတတ်သော



www.burmeseclassic.com

www.burmeseclassic.com



တော့ အလင်းသစ်အထင်ကြီးမိသည်။ ဒါပေမဲ့ သူနဲ့ ပြုံးပြနှုတ်ဆက်တ
လောက်ပဲ ပတ်သက်ခဲ့၏။ လိမ္မော်ချိုကလွဲပြီး သူ ဘယ်မိန်းကလေးနှ
မပတ်သက်ခဲ့ သူ မိုးကိုတော့ ကူညီရမည် ဖြစ်သည်။

"ပြောပါ မိုး... မင်း ဘာလိုချင်တာလဲကိုယ်ဘာ ကူညီရမလဲ"

"နတ်သားရုပ်လေးတွေ လိုချင်တာပါ"

"အိုကေ..."

"မိုး နမူနာကြည့်လို့ရမလားဟင် အလင်းသစ်"

"ရပါတယ်၊ ကိုယ့်အိမ်မှာ သွားကြည့်လို့ ရတာပဲ"

"အဟင်း"

အလင်းသစ်နှင့် သူ့အိမ်ကို လိုက်ကြည့်သည်။ မိုး တိုက်
င်လိုက်တော့ ဧည့်ခန်းမှာထိုင်နေတဲ့ ကောင်မလေး ချောချောလေ
တွေ့လိုက်ရသည်။ အလင်းသစ်က စပ်စုတာ မကြိုက်၍ မိုးမမေး
မောင်လေးရဲ့ လိမ္မော်ချိုပဲ ဖြစ်နိုင်သည်။ အရမ်းလှတာပဲ၊ သော်ကြွေ
ဆိုရင်လည်း ကြွေနိုင်လောက်၏။ နုထွတ်ချောမွတ်နေတဲ့ ကောင်မလေး
အလင်းသစ်နှင့်တော့ မတူပေ။ မောင်နှမဆိုပြီး ရုပ်ရည်ကတော့ကြ
အလင်းသစ်ကလည်း သူ့ညီမလေးအဖြစ် မိတ်ဆက်မပေးခဲ့။





ည်းတွေပဲ ကြည့်သည်။ လုပ်ငန်းကြီးသမားတွေကိုပင် သူ့အိမ်
မပြဘူးဟု အလင်းသစ်က ပြောသည်။

"မိုးကိုတော့ ကိုယ်က အထူးကိုယ်စားလှယ်အဖြစ် ခေါ်တာပါ၊
ာ ပစ္စည်းကောင်းတွေရှိတယ်၊ မင်းစိတ်ကြိုက် ကြည့်လေ"

"ဟုတ်ကဲ့"

သူ မိုးကို ခေါ်ဆောင်လာမိတာက လိမ္မော်ချိုအပေါ် သူအာရုံတွေ
ကျက်နေမှုတွေ လျော့ပါးသွားစေဖို့ပါ။ သူ အစားထိုးကြည့်တာပဲ၊
ာ ပညာတတ်ပြီး ထက်မြက်တဲ့ မိန်းကလေးပဲ။ သူ့ကို အားပေး
လား လိမ္မော်ချိုကိုပဲ ညီမလေးအဖြစ်ပဲ ဆက်ပြီး နေထိုင်သွားရမလား။
စိတ်တွေ ဝေဝါးရှုပ်ထွေးနေသည်။ မိုးပွင့်သော်က မိန်းကလေးတစ်
ာက်ရှိသင့်သည့် ဂုဏ်အင်္ဂါတွေနဲ့ ပြည့်စုံသူပဲ။ ညီမလေး လိမ္မော်ချို
တော့ မိတ်ဆက်မပေးချင်ပေ။ အလင်းသစ်စိတ်တွေ မပြတ်သား
ား၊ သူ့စိတ်တွေကို ထိန်းချုပ်ဖို့ကြိုးစားနေရ ဆဲပင် ရှိနေသေးသည်။

"ဒီဟာတွေ အားလုံးယူမယ် အလင်းသစ်၊ စရံပဲပေးထားခဲ့မယ်
ဘောင်ချာဖွင့်ပေးလိုက်ပါ၊ မိုးထပ်ပြီး ပို့လိုက်မယ်"

"အိုလေ မိုး"



www.burmeseclassic.com

www.burmeseclassic.com



မိုး အကြည့်တွေက မသိမသာ လိမ္မော်ချိုကို ရှာကြည့်တော

မတွေ့ပေ။ အလင်းသစ်က မိုးကို လိုလိုလားလား လက်ခံပြောဆိုတာ အခွင့်အရေးဖြစ်နေရသည်။ အိမ်ပြန်ရောက်တော့ အခြေအနေ ပြောပြလိုက်၏။ လိမ္မော်ချို နေကောင်းလား၊ ချောလားဟု အငမ်းမရ မေးနေ၍ မိုး မဖြေဘဲ ပြုံးကြည့်နေမိတော့၊ မောင်လေး အားမလိုအား နှင့် သူသိချင်တာကို အဆက်မပြတ် မေးနေတော့သည်။

"လိမ္မော်ချိုက အရမ်းချစ်စရာကောင်းပြီး ချောတယ်၊ မမကိုတေ မိတ်ဆက်မပေးဘူးလေ၊ အလင်းသစ်က တစ်မျိုးပဲ၊ မမကိုတေ လိုလိုလားလားပဲ လက်ခံခဲ့တယ် သော်"

"ကောင်းတာပေါ့၊ မမ အဲဒီလူကြီးကို မမပဲယူလိုက်"

"ဟဲ့ ကောင်လေ"

"သော်… အရမ်းပဲ သဘောတူတယ်၊ ဒါမှ သော်နဲ့ လိမ္မော်ချို အဆင်ပြေမှာလေ"

"အလင်းသစ်က တစ်မျိုးပဲသော်၊ သူ့မျက်ဝန်းတွေက အရေ အေးစက်တည်ငြိမ်နေတယ်၊ စိတ်ပုံမှန် မဟုတ်တဲ့ လူလိုပဲ၊ ဒါပေ မောင်လေးအတွက်တော့ မမအတတ်နိုင်ဆုံး ကူညီမှာပါကွယ်"





သော်ကတော့ လိမ္မော်ချိုအိမ်ထဲအထိ တိုးဝင်နိုင်မည့် အခွင့် အရေးတစ်ခုကို စောင့်နေမိသည်။ မမက ပေးချေစရာ ရှိတဲ့ငွေတွေကို သွားပေးဖို့ သော့်ကို အစီအစဉ် လုပ်ပေးခဲ့၏။ သော် လိမ္မော်ချိုကိုပဲ တွေ့ချင်တယ်။ နှင်းဆီပင် ဆက်သွယ်လို့ မရတော့။

လိမ္မော်ချိုကိုကို အရမ်းလွန်တယ်ကွာ။ ညီမတစ်ယောက်ကို လောက်အထိပဲ ထိန်းချုပ် ထားရသလား။ သူ့စိတ်တွေ လှုပ်ရှားနေ သည်။

မမမှာထားတဲ့ အနုပညာလက်ရာ နတ်သားရုပ်ဖိုးငွေ ကိုသော် သွားပေးတော့ ကံကောင်းစွာကို အလင်းသစ်ကမရှိဘဲ ခဏထိုင်စောင့် ဆို့ မိန်းမကြီးတစ်ယောက်က ပြောပြီး အထဲပြန်ဝင်သွားသည်။ သော်ကတော့ လိမ္မော်ချိုနှင့် တွေ့ရမည့် အခွင့်အရေးစောင့်နေစဉ်မှာပင် အပေါ်ထပ်ကနေ လိမ္မော်ချို ဆင်းလာသည်။

"လိမ္မော်ချို"

"ဟင်… သော်"

သော့်ကို ရုတ်တရက်တွေ့လိုက်ရသောကြောင့် လိမ္မော်ချို မျက်နှာလေး ထိတ်လန့်ကာ သွေးရောင်မဲ့ သွားရသည်။ သော်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ရောက်လာတာလဲ။ ညနေခင်းထဲအထိ ရောက် နေတာပါလား

ဘုရားရေ။

ကိုကို သိသွားရင် မလွယ်ဘူး လိမ္မော်ချိုအတွက် တိုက်ထဲမှာ

လှည့်ပတ်သွားလာခွင့်ရှိပြီး ခြံထဲပင် ထွက်မထိုင်ရပေ။

"သော့်မမ လုပ်ငန်းအတွက် ငွေလာပို့ပေးတာလေ၊ ဟိုနေ့

လာတာ၊ ကိုယ့်မမ မိုးပွင့်သော်ပဲ လိမ္မော်ချို"

"ရှင်... ရှင်"

"ဘာမှ မကြောက်ပါနဲ့၊ သော်လေ လိမ္မော်ချိုကို တွေ့ချင်

အကြံအဖန် လုပ်ရတာပါ၊ ကံကောင်းချင်တော့ လိမ္မော်ချို ကိုကို

မမနဲ့ ကျောင်းနေဖက် သူငယ်ချင်းတွေလေ"

သော့်မမကိုတော့ ကိုကိုက အရေးတယူရှိနေခဲ့သည်။ အိမ်

ဘယ်လို မိန်းကလေးမျိုးမှ ခေါ်လာတာ မဟုတ်ပါဘူး။ ကိုကို ထူး

နေ၏။ မမမိုးကိုတော့ သူမနှင့် မိတ်ဆက်ပေးခြင်း မရှိခဲ့ပေ။ ဒါပေ

ကိုကို သိသွားရင် မလွတ်ဘူးသော်။ အတင့်ရဲလွန်းစွာ အိမ်ထဲအ

ဝင်လာပေမဲ့၊ ဒီမှာနေကြတဲ့ လူတွေက ကိုကို့လူယုံတွေပဲ။ သူမကြော

သည်။ သော်နဲ့တွေ့ရလို့ လိမ္မော်ပျော်ရွှင်ကြည်နူးရပေမဲ့ ကိုကိုသိသွာ





တော့ လိမ္မော်ချို မလွယ်ဘူးသာမှတ်တော့၊ သော်က သူမမျက်နှာ

အား စူးစိုက်ကြည့်နေရာမှ ရုတ်တရက်ရူးသွပ်စွာဖြင့် သူမခန္ဓာကိုယ်

အား ပွေ့ဖက်ကာ ရင်ခွင်မှာ တင်းကြပ်စွာ အပ်ထားလိုက်သည်။

"သော် ဘာလုပ်တာလဲ၊ လွှတ်ပါ ကိုကို ပြန်ရောက်လာ

တော့မယ်"

"မင်း ဖုန်းကို ဘာဖြစ်လို့ ပိတ်ထားရတာလဲ၊ ကိုယ်အရမ်း

နေရတယ်၊ မင်းကို အရမ်းချစ်နေရတယ် လိမ္မော်ချို၊ အရမ်းမြတ်နိုး

လိမ္မော်ချိုရော ကိုယ့်ကို ချစ်တယ် မဟုတ်လားဟင်"

"သော်ရယ်"

လိမ္မော်ချို စောစောက ကြောက်လန့်တကြား ငြင်းဆန် နေမိ

လောက်၊ အခုတော့ မှင်သက်မိစွာ သူ့ရင်ခွင်ထဲသို့ တိုးဝင်ဖက်တွယ်

မိနေသည်။ သော့်ကို လိမ္မော်ချစ်တယ် မြတ်နိုးတယ်၊ လိမ္မော့်ရင်တွေ

ခုန်နေမိတယ်သော်။ အကြောက်တွေပင် ပျောက်သွားရ၏။

အသိဝင်လာပြီး သူ့ရင်ခွင်ထဲကနေ ရုန်းထွက်လိုက်သည်။

"ကိုကိုပြန်လာတော့မယ်၊ ဒေါ်စိုးသာကလည်း လိမ္မော့်ကို

ကြည့်ပြုတ်ခံတာ မဟုတ်ဘူး၊ ဖယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမရှုန်းထွက်ပြီး အပေါ်သို့ ပြန်တက်သွားတော့သည်။ 
အသိမဲ့စွာ ညည်းခန်းမှာရပ်နေပြီး နောက်မှရောက်လာတဲ့ ခြေသံကြေ
အသိဝင်လာကာ နောက်လှည့်ကြည့်လိုက်တော့ လိမ္မော်ချိုကို
ဖြစ်နေ၏။ သော်မတ်တတ်ရပ်လျက်သားနဲ့ ကြောက်စရာကောင်းလော
အောင် ဒေါသတွေနှင့် မာထန်နေတဲ့ မျက်ဝန်းအစုံကို ရင်ဆိုင်လို
ရသည်။

"မင်း...မင်း... ဘယ်သူလဲ ဒီကိုဘာလာလုပ်တာလဲ မင်း
ဒီမှာ ဘယ်သူက လက်ခံထားတာလဲ ပြောစမ်း"

ယောကျ်ားတစ်ယောက်ကို မြင်လိုက်သည်နှင့် ဒေါသ တ
ကြောက်စရာကောင်းလောက်အောင် ထိတ်လန့် ပေါက်ကွဲသွားတတ်
အစ်ကိုတစ်ယောက်ကို သော် တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးခဲ့ပါ။ သော်
ယောကျ်ားပီသစွာ လူရည် သန့်တစ်ယောက်ပါပဲ။ ကိုအလင်းသ
ဘာဖြစ်လို့များ ရန်သူတစ်ယောက်နှင့် ရင်ဆိုင်လိုက်ရသလို မာထ
သွားရတာ ပါလိမ့်။ သူ့အနားကို ရုတ်ခနဲတိုးကပ်လာလေ၏။

"ကျွန်တော်က မမမိုးပွင့်သော်ရဲ့ မောင်လေးပါ၊ မိုးစက်သော်
ခင်ဗျား၊ မမက ပိုက်ဆံပေးခိုင်းလို့ပါ၊ ကိုအလင်းသစ် အလာ





စောင့်နေဖို့ အဒေါ်ကြီးက ပြောလို့ပါ"

မိုးပွင့်သော်က ငွေကို ကုမ္ပဏီဘဏ်စာရင်းမှာ လွှဲထည့်လို့ရ
လျက်သားနဲ့ ဘာဖြစ်လို့ အိမ်ကို လာပေးရတာလဲ။ သူ ယောကျ်ား
လေးတစ်ယောက်လာတာကို မကြိုက်ပေ။ ဒီကောင်လေးက ရုပ်ရည်ရူပ
ဘာက ခံ့ညားသန့်ပြန့်နေသူ။ လိမ္မော်ချို တွေ့ဆုံသွားလို့ မဖြစ်ဘူး။
ပွင့်သော် မောင်လေးဆိုတော့ ဒေါသကို ထိန်းချုပ်လိုက်ရသည်။

"ကောင်းပြီလေ ငွေတွေထားခဲ့တော့၊ နောက်ဆို မင်းအစ်မ
ပွင့်သော်ကို ပြောပါ၊ ကုမ္ပဏီဘဏ်စာရင်းကိုပဲ လွှဲပါလို့"

"ဟုတ်ကဲ့"

"ကိုယ်က ဒီလိုယောကျ်ားလေးတစ်ယောက် ဝင်ထွက် သွားလာ
တာ မကြိုက်ဘူးကွ၊ မိုးပွင့်သော် မသိဘူးထင်တယ်၊ မင်းသွားတော့"

"ဟုတ်ကဲ့"

မိုးစက်သော်ဆိုတဲ့ကောင်လေး ထွက်သွားပြီးတော့ သူ့ဒေါသတွေ
ပေါက်ကွဲသွားရသည်။ ခြံစောင့်ကြီးနှင့် ဒေါ်စိုးသာ တို့အား ခေါ်လိုက်ပြီး
ပြင်းကြပ်စွာ သတိပေးလိုက်ရ၏။ သူ လုံးဝသည်းမခံနိုင်ပေ။ ဒေါသ
တွေက ထိန်းမနိုင် သိမ်းမနိုင် ပေါက်ကွဲထွက်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျား ဘာဖြစ်လို့ ခြံထဲအထိ ဒီကောင့်ကို ဝင်ခွင့် ပေး တာလဲ၊ ဒေါ်စိုးသာရော ဘာဖြစ်လို့ ထိုင်ခိုင်းထားရတာလဲ”

“အလင်းသစ်ရဲ့ မိတ်ဆွေကောင်မလေးရဲ့မောင် ဖြစ်နေလို့ အားနာလို့ပါကွယ်၊ အလင်းသစ်အိမ်အထိ ခေါ်လာတဲ့ ကောင်မလေးဖြ နေတော့၊ အရမ်းပဲ အရေးပါတယ်လို့ ထင်မိလို့ပါ”

“နောက်ဆို ဘယ်ယောက်ျားလေးမှ အိမ်ထဲ အဝင်မခံပါနဲ့ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် လုံးဝအရိပ်တောင် အနင်း မခံပါနဲ့ မကြိုက်ဘူ”

“ကောင်းပါပြီကွယ်”

“လိမ္မော်ချိုရော၊ ဒေါ်စိုးသာ ဒီကောင်မလေးကို စောင့်ကြည့်ထာ ရဲ့လား”

“လိမ္မော်ချိုအပေါ်ထပ်မှာပါ၊ အောက်ထပ်ဆင်းလာတာ မတွေ့ ပါဘူး။ အလင်းသစ် ဒေါ်စိုးသာ စောင့်ကြည့်ထားပါတယ်ကွယ်”

လိမ္မော်ချိုကို ဒေါ်စိုးသာ စောင့်ကြည့်ဖို့ မေ့လျော့ပြီး မနက် အတွက် ချက်ပြုတ်နေမိသည်။ အလင်းသစ်အရမ်းပဲ စိတ်ပူပင်လွန်း တယ်။ ဒေါ်စိုးသာကတော့ တည်ငြိမ်အေးချမ်းတဲ့ ဣန္ဒြေရှင် မိန်းကလေ မို့ပွင့်သော်ကိုပဲ သဘောကျနေမိ၏။





လိမ္မော်ချိုလေးအပေါ် အလင်းသစ် အလေးအနက်ထားတာတွေ သင့်ပါတယ်။ ညီမလေးတစ် ယောက်အဖြစ်ပဲ ရှိနေစေချင်သည်။ ပေမဲ့ အလင်းသစ်ဆန္ဒပဲလေ မိမိကတော့ အလင်းသစ်အဖြစ်ချင်ဆုံး ဆန္ဒတွေကိုပဲ တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေ ဖြည့်စွမ်းပေးရ ပါ။ အလင်းသစ် စိတ်နှလုံးတွေ အေးချမ်းစေချင်ပါပြီ အလင်းသစ်ကို စိုးသာ ထိန်းကျောင်းပြုစုလာခဲ့ရတာပါ။ လိမ္မော်ချိုကိုတော့ အသိပေး င့်ဘာတွေ အသိပေးဖို့ စိတ်ထဲမှာ ဆုံးဖြတ်ထားမိသည်။

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"မင်း အောက်ဆင်းသေးလား လိမ္မော်ချို"

"ရှင်"

"အောက်ကို ဆင်းသေးလားလို့ မေးနေတာ"

ကိုကို့အသံက မာထန်လွန်း၍ လိမ္မော်ချို ခန္ဓာကိုယ် ဆတ်ခနဲ တုန်ရီသွားရသည်။ ကိုကိုသိသွားပြီလား။ မိုးစက်သော် လာတာ လိမ္မော်နှင့်ပတ်သက်သွားတာ လိမ္မော်တို့ချစ်သူတွေလို့ ဒေါ်စိုး က ပြောပြလိုက်တာလား။ လိမ္မော်စိတ်မလုံစွာဖြင့် ကိုကိုနှင့် အကြည့် မဆုံရဲအောင် တုန်လှုပ်ချောက်ချားစွာ ခေါင်းလေးငုံ့နေမိသည်။ ကိုကို





စိတ်မရှည်စွာ သူမမျက်နှာလေးကို ဆွဲမော့ပစ်လိုက်၏။ ထုံးစံအတိုင်း ကိုကိုနှင့်မျက်နှာချင်းဆိုင် မကြည့်ရဲလျှင် ကိုကို့သံသယတွေက ကြောက် စရာ ကောင်းလာတတ်သည်။

"နင်... နင် အောက်ကို ဆင်းတယ် မဟုတ်လား၊ လိမ္မော်ချို၊ ကောင်လေးကို တွေ့လိုက်လား။ နင် ယောကျ်ားလေးတစ်ယောက် လျက်နဲ့ အောက်ကို ဘာဖြစ်လို့ ဆင်းလာရတာလဲ"

ဒေါ်စိုးသာက ဘာမှ ပြောလိုက်တာမဟုတ်ဘဲ ကိုကိုက ထုံးစံ အတိုင်း လိမ္မော့်အပေါ် သံသယစိတ်နှင့် မေးမြန်းနေတာဟု လိမ္မော် သိလိုက်ရသဖြင့် စိတ်တွေ နည်းနည်းလေး လုံခြုံသွားရသည်။ အခု လော လိမ္မော်ကိုယ်တိုင် အမှားအယွင်းတွေ လုပ်မိနေသလား ပါဘူး။ ကိုကိုနှင့် ရင်ဆိုင်ဖို့ပင် သတ္တိတွေ မရှိသလို ကြောက်စိတ်တွေပဲ ကိုယ်လေးထဲမှာ ပြည့်နှက် နေကာ အသားတွေက တဆတ်ဆတ် ချင်ချင်လာရသည်။ အဲဒါကပင် ကိုကို့စိတ်တွေ သံသယ ပို၍ သလား မသိတော့။ လိမ္မော်ပြောင်းလဲနေတာ အမှန်ပဲလေ။ က လိမ္မော်ချိုက ရိုးသားဖြူစင်ခဲ့တယ်ကိုကို။ အခု လိမ္မော်မှာ တဲ့သူ တွေ့နေပါပြီ၊ အမှားအယွင်းတွေ ကျူးလွန်နေမိတယ်။

www.burmeseclassic.com



ကိုကိုမကြိုက်ဆုံးက လိမ္မော်ချိုချစ်သူ ရှိသွားမှာပဲမဟုတ်လား လိမ္မော် သစ္စာဖောက်ခဲ့ပါပြီ။ သစ္စာရှုးတော့မှာ လားဟင်၊ မိုးစက်သော် လိမ္မော်ချစ်မိနေတယ်။ ချစ်သူ ရှိနေပြီကိုကို။ ကိုကို သစ္စာဆိုခဲ့သ အသေဆိုးနဲ့ သေရတော့ မှာလားဟင်။

"လိမ္မော်ချို"

"ရှင်"

"နင် ဘာဖြစ်နေတာလဲ၊ နင် အရင်ကလို မရိုးသားတာတော အမှန်ပဲ၊ နင် အကျင့်ပျက်နေပြီ"

လိမ္မော်ခန္ဓာကိုယ်လေး ကိုကို့ရဲ့ရှေ့မှောက်မှာ ဒူးတွေ ညွတ် ကျသွားသည်။ မိုးစက်သော်ရှိတဲ့နေရာကို လိပ်ပြာလေးတစ်ကောင် လွင့်ထွက် ပျံသန်းသွားပစ်လိုက်ချင်၏။ လိမ္မော် ဟန်ဆောင်လိမ်ည မာယာတွေ မလုပ်တတ်ဘူးလေ။ အမှားအယွင်းတွေ မလုပ်ခဲ့မိ တောင် ကိုကို့ရှေ့မှာ လိမ္မော်အမြဲတမ်း ကြောက်ရွံ့ထိတ်လန့်ပြီး ကျုံ့ကျ ကြုံ့ကြုံ့ နေခဲ့ရတာပါ။ လိမ္မော့်မှာ ချစ်သူရှိနေတာ အပြစ်လားဟ လုံးဝ ခွင့်မလွှတ်နိုင်တဲ့ ပြစ်မှုကြီးတစ်ခုကို လိမ္မော်ကျူးလွန်ခဲ့တာလားဟ လိမ္မော်တစ်သက်တာမှာ သူစိမ်းယောကျ်ားလေးတစ်ယောက်နဲ့ ပတ်သ





တာ မိုးစက်သော်တစ်ယောက်တည်းရှိခဲ့တာပါ။ ဘာဖြစ်လို့များ က်သော်နဲ့ ဆုံတွေ့ဖို့အကြောင်းက ဖန်လာရတာလဲ။ ပြီးတော့ က်သော်ကို ချစ်မိသွားရတယ်။ ချစ်သူရည်းစား မထားပါဘူးလို့ ားရှင်မြတ်ရှေ့မှာ ကိုကိုနှင့် အတူတူ သစ္စာရေသောက်ခဲ့တာပဲ။

"ဒီကောင်လေး အကြောင်းမဲ့ ရောက်လာတာ မဖြစ်နိုင် ဘူး ှင့်သော်က ငွေကို ဘဏ်ကနေလွှဲလို့ ရပါလျက်နဲ့ သူ့မောင်ကို ာဖြစ်လို့ လွှတ်လိုက်ရတာလဲ၊ အဲဒါ မရိုးသားတာပဲ၊ ဟုတ်တယ် သားဘူး၊ ငါဝင်လာတုန်းက ဒီကောင့် အမူအရာတွေ ပျက်နေတယ်၊ ိုးသာပြောတော့ ရောက်နေတာကြာပြီတဲ့၊ သူ့ကိုတွေ့တာ မတ်တပ် နေတာပဲ၊ နင်နဲ့ တွေ့ခဲ့ပြီးပြီ မဟုတ်လား"

"မဟုတ်ပါဘူး၊ သူနဲ့ လိမ္မော် ဘာမှ မပတ်သက်ခဲ့ရ ပါဘူး"

မိုးစက်သော်ရဲ့ မမကိုပါ ထိခိုက်မှာစိုး၍ လိမ္မော်အင်အား ကို စုစည်းပြီး ငြင်းလိုက်ရသည်။ ဒါပေမဲ့ ကိုကိုက လိမ္မော်ချိုနဲ့ သက်လာလျှင် အမြဲတမ်း သံသယစိတ်တွေ ဝင်နေတတ်သဖြင့် သနာက မအေးချမ်းနိုင်ဘူးဆိုတာ သိနေသည်။

"ဒီကောင်လေးက နင်နဲ့ပတ်သက်နေတာပဲ၊ မလိမ်နဲ့ လိမ္မော်ချို



www.burmeseclassic.com

www.burmeseclassic.com



ဒီအကောင်အကြောင်းရှာပြီး ဝင်လာတာပဲ"

"မဟုတ်ပါဘူး ကိုကို၊ သူတို့နဲ့လည်း မသိပါဘူး။ လိမ္မော်အပေါ်မှာ

ပဲ နေတာပါ"

"မယုံဘူး"

ကိုကို ဘယ်တုန်းကများ လိမ္မော်ကို ယုံကြည်ခဲ့လို့လဲဟင်

ကိုကို့မျက်ဝန်းတွေထဲက သံသယအရိပ်တွေကို လိမ္မော်အရမ်း မုန်းတာပဲ

မိုးစက်သော် မမကိုပါ ထိခိုက်မှာစိုး၍ လိမ္မော်ငြင်းနေမိသည်

ကျိန်စာရယ် စူးပါတော့ လိမ္မော်သေချင်တယ်။

လိမ္မော်မှာ ချစ်သူရှိနေပြီ မိုးစက်သော်လေ။ လိမ္မော်ကတော့

အေးချမ်းတဲ့ နားခိုရာ ရင်ခွင်လေးကိုပဲ တမ်းတမိနေသည်။

"ကောင်းပြီလေ၊ ငါ အခုပဲ စုံစမ်းမယ်၊ ဒီကောင်လေး

နင်နဲ့ပတ်သက်နေလို့ကတော့ သေပြီသာမှတ်"

အလင်းသစ် အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ ခြံထဲ

ဦးတူးရှိနေ၏။ ဦးတူးကို မေးရမယ်။

ဟိုနေ့က စီးပွားရေးတက္ကသိုလ် စာသင်ဆောင်တွေရှေ့

ရပ်စောင့်နေတာ ဒီကောင်လေးလားလို့။





"ဦးတူး"

"ဟင် အလင်းသစ်"

"ဟိုနေ့က စီးပွားရေးဆောင်ရှေ့မှာ ရပ်စောင့်နေတဲ့

ောင်လေးက စောစောကလာတဲ့ကောင်လေးလား။ ခင်များ သေသေ

ချာ စဉ်းစားစမ်း၊ ခင်များ ခြံတံခါးဖွင့်ပေးလိုက်တာပဲဟာ"

အလင်းသစ် စကားကို ဦးတူး သေသေချာချာ ပြန် စဉ်းစားတော့

စောကလာတဲ့ ကောင်လေး ဖြစ်နေသည်။ ဒီကားလေးပဲ ဦးတူး

တမ်ဖြစ်နေသည်။ ဦးတူးကတော့ ဆရာ့အကျိုးစီးပွားပဲ ကြည့်ရမည်

သည်။

"ဟုတ်တယ်ဆရာ၊ ဒီကောင်လေးပဲ ကားကလည်း ဒီကားပဲ၊

သတိမမှုပဲ ဖြစ်သွားတယ် ခွင့်လွှတ်ပါ"

"တောက်"

"ဟင်"

"နောက်တစ်ခါ ဒီကောင်လေးကို အိမ်ရိပ်တောင် မနင်းစေနဲ့

သား"

"စိတ်ချပါ အလင်းသစ်"



www.burmeseclassic.com

www.burmeseclassic.com



"မိုးနွှင့်သော်၊ မင်းကလည်း အကြံအစည်နဲ့လာတာပဲ၊ တော်
အကောက်ကြံတတ်တဲ့ မိန်းမပဲ၊ ဒါကြောင့် မိန်းမတွေနဲ့ မပတ်သ
ချင်တာ"

အလင်းသစ်အပေါ်ထပ်သို့ ပြန်ရက်လာခဲ့သည်။ လိမ္မော်
တသိမ့်သိမ့်ရှိုက်ငိုနေ၏။ ဒီကောင်လေးက အိမ်ထဲအထိ ဝင်လာ
လိမ္မော်ချိုနဲ့ အတော်လေး ကျွမ်းဝင်၍ပဲဖြစ်နိုင် သည်။ သူ့အကြည့်ေ
ဒေါသတွေနဲ့ မီးဝင်းဝင်းတောက်နေ၏။ လိမ္မော်ချို ပခုံးနှစ်ဖက်
တင်းကြပ်စွာ ဆုပ်ကိုင် လှုပ်ရမ်းပစ်လိုက်သည်။

"ဒီကောင် မင်းနဲ့ ဘယ်လိုပတ်သက်နေလဲ၊ နင့် ရည်းစား
ပြောလေ မလိမ်နဲ့နော်၊ ငါ့ကို နင် ဘယ်တော့ လိမ်ညာဟန်ဆော
ရမယ် မထင်နဲ့၊ ပြောလေ၊ ဒီကောင်က ဘာကောင်လဲ"

ဦးတူးကတော့ ကိုကို့ကို အမှန်အတိုင်းပဲ ပြောပြ
လိမ္မော်ချို ဘာမှ မတတ်နိုင်တော့ပါဘူး၊ ကိုကိုပေးတဲ့အပြစ် ဒဏ်
ခံယူဖို့ပဲ ရှိတော့သည်။ လိမ္မော်ချိုဘက်မှ ငြိမ်သက်နေ၍ ကိုကို့ဒေါသ
ပို၍ ပေါက်ကွဲတော့၏။ ဆိတ်ဆိတ် နေခြင်းသည် ဝန်ခံခြင်းပဲမဟုတ်
ငြင်းဆန်နေလည်း ကိုကို့သံသယတွေက ပျောက်ကွယ်သွားမှာ မ





ပဲ။ ဒေါသတွေကို ကြောက်စရာကောင်းလွန်းစွာ လိမ္မော်ချိုခန္ဓာကိုယ်
ကို ဆုပ်ကိုင်လှုပ်ခါ၍ နံရံဆီ ပစ်ပေါက်လိုက်သည်။ လိမ္မော်ချို
ကိုယ်လေးက နံရံဆီပြေးကပ်ထိခိုက်မိပြီး ကြမ်းပြင်ပေါ် ပုံလဲ
သွားရတော့သည်။ သူမနာကျင်သွားရပေမဲ့ မအော်မိစေရန် ကြိုးစား
ချုပ်ရင်း ကိုကို့နှိပ်စက်သမျှ ဘဝတစ်သက်တာလုံး ကြိတ်မှိတ်ခံနေ
ရတာပဲ။ နှိပ်စက်ပါ ကိုကို၊ အသေပဲ သတ်ပစ်လိုက်ပါနော်
ကြောက်လှပါပြီ။ စိတ်တွေထိခိုက်ကြေကွဲရလွန်းလို့လဲ သူမ
ကိုယ်လေး ချိနဲ့ပိန်လှီနေရသည်။

"သစ္စာဖောက်မ နင်က ချစ်သူထားတယ်ပေါ့လေ၊ နင် သစ္စာ
တာပဲ၊ မကြာခင် နင် ကိုယ့်နှစ်ခမိတော့မယ်၊ ငါ့ထက် ချစ်ရတဲ့သူကို
လား လိမ္မော်ချို"

သူ့အသံကြီးက မချိတင်ကဲနှင့် လိမ္မော်ချိုကို ကြေကွဲ ထိနိုက်
ဒေါသတကြီး ကြည့်နေ၏။ နင့်ငါ့အပေါ် တော်တော်စက်ရက်
တာပဲ လိမ္မော်ချို၊ ငါ ငယ်စဉ်ကတည်းက နင့်ကို စတွေ့ကတည်း၍
တ်နိုးခဲ့ရတာပါ။ နင့်ကို ငါပဲ ပိုင်ဆိုင်စေရမယ်၊ တခြားသူ
မှ မပိုင်ဆိုင်စေရဘူး။ နင် နားခိုရမယ့် ရင်ခွင်က ငါ့ရင်ခွင်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



နင်က ငါ့ညီမမှ မဟုတ်တာ ငါ့ချစ်သူပဲ။ နင်ဟာ ငါ တိတ်တိတ်လေး သိမ်ချစ်ခဲ့တဲ့ ကောင်မလေး။

"နင်... နင် တော်တော်အကျင့်ပျက်တာပဲ နင် သစ္စာရှေ့ထား ထားတာလေ နင်ပဲချစ်သူရည်းစား မထားပါဘူးလို့ သစ္စာဆိုခဲ့တာ

"ကိုကို လိမ္မော် တောင်းပန်ပါတယ်၊ သော့်ကို လိမ္မော် ချစ်မိ လို့ပါ၊ သဘောတူပေးပါနော်"

"ဖြန်း..."

"အား..."

"ဖြန်း..."

"ဖြန်း..."

လိမ္မော်ချို ပါးပြင်ပေါ်မှာ သူ့လက်ဝါးရဲ့ ပြင်းထန် ရိုက်ချက်ကြောင့်နီရဲတဲ့ လက်ဝါးရာတွေ ထင်သွားသည်။ ချစ်သူ အရမ်းချစ်တယ်တဲ့ ဘာချစ်သူလဲ။ နင့်ချစ်သူက ငါပဲ ငါ့လော နင့်အပေါ် ဘယ်လိုယောကျ်ားလေးက ချစ်မှာလဲ၊ အနွံအတာခံမှာ ပြောစမ်း လိမ္မော်ချို။

"နင့်မှာ ချစ်သူ ရှိနေပြီဟုတ်လား၊ ငါ ဘယ်





သဘောမတူဘူး၊ နင် ဘယ်ကောင်ကိုမှလည်း မချစ်ရဘူး၊ နင် ချစ်ရမှာက ငါ့ကိုပဲ"

"ကိုကို့ကိုလည်း လိမ္မော်ချစ်ပါတယ်၊ သံယောဇဉ်လည်း ကြီးပါကြီးရပါတယ်"

"ဘာ"

လိမ္မော်ချိုအနားသို့ အလင်းသစ် ဖြတ်ခနဲ ရောက်သွားသည်။ ငါ့ကို ချစ်တယ်တဲ့ သံယောဇဉ်ကြီးမားပါတယ်တဲ့။ လိမ္မော်ချိုပြော တာ လိမ္မော်ချိုခန္ဓာကိုယ်လေးကို ရှုးကြောင်စွာဖြင့် သိမ်းကြုံး ဖက်ရစ်သိုင်းကာ သူ့ရင်ခွင်မှာ အပ်ထား လိုက်သည်။ လိမ္မော်ချိုက ငါ့ကို ချစ်တယ်တဲ့လား။

"မင်းတကယ်ပဲ ကိုကို့ကို ချစ်တာလား လိမ္မော်ချို၊ တကယ်ပဲ သံယောဇဉ် ကြီးတာလားကွာ"

"ဟုတ်ကဲ့ပါ ကိုကို၊ လိမ္မော့်မှာ သံယောဇဉ်တွယ်တာ စရာဆိုလို့ မောင်နှမသားရင်းကိုကို တစ်ယောက်ပဲရှိတာပါ"

"ဘာ..."

ငါက မင်းအစ်ကိုအရင်း မဟုတ်ဘူး၊ ငါ့မေမေက မင်းကို မွေးစားခဲ့တာပါ၊ ငါကလည်း မင်းကို ဘယ်တုန်းကမှ ညီမလေးအရင်းလို

www.burmeseclassic.com



သဘောထားပြီး မချစ်ခဲ့ပါဘူး။ ကိုကိုက မင်းအပေါ် ချစ်သူ
ချစ်နေမိခဲ့တာပါ။ သူပြောချင်တဲ့ စကားတွေက လည်ချောင်းဝမှာ
တစ်ဆို့နေသည်။ သူ နှုတ်ခမ်းသားတွေက တဆတ်ဆတ်တုန်ရီနေ
ဖွင့်ဟပြီး စကားတွေပြောဖို့ ဝန်လေးနေသည်။

"ကိုကို"

"ဟင်"

"ညီမလေးကို သတ်ပစ်လိုက်ပါ။ ညီမလေး ကိုကို့အ
သစ္စာဖောက်ပြီး ချစ်သူထားခဲ့မိပါတယ်၊ သော့်ကို ချစ်မိနေခဲ့ ပါတ

"တိတ်စမ်း"

သူ အရူးတစ်ယောက်ကဲ့သို့ အော်ဟစ်ဟန့်တားပိတ် ပင်
မိသည်။ လိမ္မော်ချို ကိုယ်လုံးအိအိစက်စက်လေးအား ခပ်တင်း
ဖြစ်သွားအောင် သူ့လက်မောင်းတွေနှင့် တင်းကြပ် စွာပွေ့ဖက်ထား
လိုက်သည်။ မင်းကိုယ်လေးလွတ်ထွက်ပြီး ကိုကို့ရင်ခွင်ထဲက ပျော
ဆုံးသွားမှာ အကြောက်ကြီးကြောက်နေမိတယ်။ မင်း ထွက်မသွား
ကိုကို့ကို ထားခဲ့ပြီး မင်း ထွက်မသွားပါနဲ့။ ကိုကို့ရင်ခွင်ထဲ
ပြေးထွက်မသွားပါနဲ့၊ မင်း ဘယ်သူ့ကိုမှ မချစ်ရဘူး လိမ္မော်

○





## အခန်း (၁၃)

လိမ္မော်ချို ကြောက်လန့်တကြားနှင့် ကိုကို့ရင်ခွင်ထဲမှာ ရုန်းထွက်ပြီး
န်းထဲမှ ပြေးထွက်လာခဲ့သည်။

ကိုကိုဘယ်လို ဖြစ်သွားရတာလဲ ကြောက်စရာကောင်းလောက်
ောင် ကြမ်းတမ်းသွားတာပဲ။ လိမ္မော်ချို ကိုကို့မှ ဟုတ်ရဲ့လား။
ကြောင့်လဲဟင် ညီမလေးမှာ ချစ်သူရှိတယ် ဆိုလို့လား။ သူမ
ာက်ထပ်ကို ဆင်းလာခဲ့သည်။

"လိမ္မော်ချို"

"ဟင်...ဒေါ်စိုးသာ ကိုကိုလေ အရမ်းကြောက်စရာ ကောင်း
ာက်အောင် ကြမ်းသွားတယ်၊ လိမ္မော်ကြောက်လို့ ပြေးဆင်းလာ
ပါ။ ကိုကို့ပုံစံက တစ်မျိုးကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဒေါ်စိုးသာပြောစရာရှိတယ်၊ လိမ္မော်ချို"

"ရှင်"

"မဖြစ်ပါဘူးလေ၊ အလင်းသစ်နဲ့ပတ်သက်ပြီး မင်းကို ပြောစ
ရှိတဲ့ စကားတွေပြောပြတော့မယ်"

လိမ္မော်ချိုရဲ့ ကောင်လေးက အိမ်ထဲအထိတောင် ရောက်လာ
ဆိုတော့ မောင်အလင်းသစ်စိတ်တွေ ပေါက်ကွဲပြီပေါ့။ မဖြစ်တော့ဘ
အဖြစ်အပျက်အမှန်တွေ လိမ္မော်ချို သိသင့်နေသည်။

"လိမ္မော်ချို..."

"ရှင်..."

"အလင်းသစ်ဟာ မင်းရဲ့အစ်ကိုအရင်း မဟုတ်ဘူး"

"ရှင်...ဘာ... ဘာပြောလိုက်တယ်၊ ဒေါ်စိုးသာ ကိုကို
လိမ္မော်က မောင်နှမအရင်းတွေ မဟုတ်ကြဘူး"

လိမ္မော် မျက်ဝန်းလေးတွေ အထိတ်တလန့်နဲ့ ဝိုင်းစက် ခဲ့ပြီ

"မင်းကို မွေးစားခဲ့တာ အလင်းသစ်ရဲ့ မိဘတွေလေ မွေးစားတာ

"ဟင်..."

"မင်းကို စတွေ့တွေ့ချင်းပဲ၊ အလင်းသစ်က ချစ်မြတ်နိုး





မွေးစားနိုင်ခဲ့တာလေ။ ရောဂါသည် မိခင်က မကြာခင် သေဆုံးတော့မှာမို့
င်းကို မွေးစားဖို့ပေးလိုက်တာပဲ"

ဒေါ်စိုးသာကို လိမ္မော်ချို ဒေါကြောင်စွာ စူးစိုက်ကြည့်မနေသည်။
ခန္ဓာကိုယ်ထဲမှာ လှည့်ပတ်နေတဲ့ သွေးတွေ ရပ်ဆိုင်းသွားပြီလားဟု
ခင်ရလောက်အောင်တောင့်တောင့်လေး ဖြစ်သွားရ၏။ ဘုရားရေ...
ကိုကိုနဲ့လိမ္မော်ချိုက မောင်နှမအရင်းတွေ မဟုတ်ဘူးတဲ့။ လိမ္မော်ချိုကို
မွေးစားတာ တဲ့ ဟုတ်ပါ့မလား။ ထိုအဖြစ်အပျက်ကို လက်မခံနိုင်အောင်
ဖြစ်နေရသည်။ သူမ ခေါင်းကို ခါရမ်းပစ်လိုက်မိ၏။ ရင်ထဲမှာ
ကြကွဲမှုတွေ လှိုက်ခနဲဆို့တက်လာကာ လိမ္မော်ချိုကိုယ်တိုင်ပင် အသိတွေ
င်းမဲ့ချင်သလို ဖြစ်သွားရတော့သည်။

"မင်းကို သူက အရမ်းပဲ ချစ်မြတ်နိုးတယ်၊ စိုးရိမ်ပူပင်တယ်၊
င်းဝေယျာဝစ္စတွေကို သူပဲ လုပ်ပေးချင်ပြီး သူ့မေမေက မင်းကို
တာအောင် လက်မခံဘူး မကြိုက်ဘူးလေ"

"အဲဒါ လက်မခံနိုင်တာပဲ၊ လိမ္မော် လက်မခံနိုင်ပါဘူး။ မဟုတ်
ပဲ၊ ကိုကိုက လိမ္မော့်အစ်ကိုအရင်းပါ၊ ကျွန်မက ကိုကို့ရဲ့ တစ်ဦး
သော ညီမလေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး လိမ္မော်ချို၊ မင်းက မွေးစားသမီးပဲ၊ အလင်းသစ် သွေးသား လုံးဝမတော်စပ်ဘူးလေ"

"မကြားချင်ဘူး၊ ဆက်မပြောပါနဲ့တော့နော်၊ ဘာမှ မကြားချ တာပါ၊ မကြားရဲတော့လို့ပါ၊ မကြားချင်ဘူး မကြားချင်ဘူး"

"မင်း မကြားချင်လည်း ပြောရမှာပဲ လိမ္မော်ချို၊ အလင်းသစ် မင်းကို ဘယ်တုန်းကမှ ညီမလေးအရင်းလို မချစ်ခဲ့ဘူး။ ချစ်သူလို ချစ်ခဲ့တာပါ"

"အမလေး"

"လိမ္မော်ချို"

လိမ္မော်ချို စိတ်ထိခိုက်ကြေကွဲလွန်းစွာဖြင့် ဒူးလေးတွေ ညွတ် ကျသွားလေတော့သည်။ ကိုကိုက လိမ္မော်ချိုကို ဘယ်တုန်းက ညီမလေးတစ်ယောက်လို မချစ်ခဲ့ဘူးတဲ့၊ ချစ်သူလိုပဲ ချစ်ခဲ့တာ လိမ္မော်ဘယ်လိုလုပ်ပြီး နားထောင်ရဲမှာလဲ မဖြစ်နိုင်ဘူး။ ကိုကို လိမ္မော်ကိုကိုပဲ။ အမြဲတမ်း ကိုကို့မျက်ဝန်းအကြည့်တွေကို လိမ္မော် သံသယဝင်နေခဲ့ ရသည်။ ဌါအစ်ကို အရင်းမှ ဟုတ်ရဲ့လားဟုလည်း တစ်ခါတစ်ရံ သံသယကြီးစွာဖြင့် တွေးမိနေ၏။ ကိုကို့အပြုအ





တွေက သူစိမ်းဆန်လွန်းနေတာ မဟုတ်လား။

"မင်း လက်ခံလိုက်ပါ၊ လိမ္မော်ချို အလင်းသစ်က မင်းကို သိုလေသေးမရှိ စောင့်ရှောက်ပြုစုလာခဲ့တာပါ၊ မင်းကို အရမ်းပဲ ချစ်မြတ်နိုးခဲ့တယ်၊ မင်းဘက်ကစပြီး ချစ်သူရှာတာပဲလေ လိမ္မော်ချို"

ဒေါ်ရိုးသ ၁ ကိုကိုအကြောင်းတွေကို ပြောပြနေသည်။ လိမ္မော်ချို စိတ်တွေပင် ခြောက်ခြားလာနေရ၏။ သော်ရယ် ကျွန်မကို လာကယ်ပါဦး။ အိပ်မက်ဆိုးတွေ ငရဲခန်းတွေ ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်တွေ ကြားထဲက လိမ္မော်ချိုကို ခေါ်ထုတ်သွားပေးပါလားဟင်။ သွားပြီဝေးပြီ။ ကိုကိုက သူမအား ပို၍ပင် တင်းကြပ်ချုပ်နှောင်ထားတော့မည်။ လိမ္မော်ချို ကံကြမ္မာက မတွေးရဲလောက်အောင် ခက်ထန် ကြမ်းတမ်း နေသည်။ သူမ ဘာဆက်လုပ်ရမှာလဲ လွတ်မြောက်ရာလမ်းစပင် တွေ့နိုင်။ ကိုကို့အနားမှာ ရှိနေတဲ့သူတွေက ကိုကို့လူယုံတွေ။ လိမ္မော်ချို ဘာကိုမှ ဆက်သွယ်လို့ရမှာ မဟုတ်ပေ။ ရင်တွေ တလှပ်လှပ်တုန်ရီနေ ည်။ ဒါကြောင့်ပဲလေ ဒါကြောင့်ပဲ၊ ကိုကိုပြုမူဆက်ဆံနေထိုင်ပုံတွေက ူးဆန်းနေ ခဲ့တာပဲ။ အစ်ကိုအရင်းတစ်ယောက်လို မနေခဲ့။ လိမ္မော်ချို သက်ရှူပင် မဝအောင် မွန်းကြပ်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အလင်းသစ်နဲ့ လက်ထပ်ရမယ်၊ အလင်းသစ်ရဲ့ ဆန္ဒ အတိုင်းပဲ မင်းနေရမယ်၊ အလင်းသစ်လောက် မင်းကို ချစ်နိုင်မယ့် ယောကျ်ားမရှိနိုင်ပါဘူးကွယ်"

ဒေါ်စိုးသာကတော့ အလင်းသစ်ဘက်ကပဲ ရပ်တည် ကာကွယ် ပေးရမည် ဖြစ်သည်။ အလင်းသစ်ဆန္ဒက အဓိကပဲ။ မိမိအလင်းသစ်ကို ထိန်းကျောင်းခဲ့စဉ်က အဲ...ခနဲတောင် မငိုကျွေးစေရဘဲ အလိုလိုက် အကြိုက်ဆောင်ကာ ထိန်းသိမ်း စောင့်ရှောက်လာခဲ့သည်။

"မင်း တခြားယောကျ်ားတစ်ယောက်ကို ချစ်သူအဖြစ် မသတ် မှတ်ဘဲ ရှိသားအေးချမ်းစွာ နေလာခဲ့ရင်တော့ တစ်မျိုးပေ့ါ။ အလင်းသစ်ရဲ့ စိတ်တွေကို ဒေါ်စိုးသာ ဖျောင်းချနားချ ထိန်းချုပ် ပေးထားနိုင်တယ်လေ"

"ကျွန်မ... ကျွန်မ ကိုကိုက ကိုကိုပဲ၊ ဒေါ်စိုးသာ ဘာပဲ လာပြောနေတာလဲ မဖြစ်နိုင်ဘူး၊ ကျွန်မ လုံးဝ လက်မခံနိုင်ဘူး"

"လိမ္မော်ချို"

"ကျွန်မ ဒီကနေ ထွက်သွားတော့မယ်၊ ထွက်သွားခွင့် ပြုပါ ကျွန်မမှာ ချစ်သူရှိတယ် သော်ပဲ၊ သူနဲ့ပဲ ကျွန်မ လက်ထပ်မယ်"

"မရဘူး၊ မင်းဒီကနေ ထွက်သွားဖို့ဆိုတာ လုံးဝမဖြစ် နိုင်ဘူး





လိမ္မော်ချို နင့်ကို အလင်းသစ်က ကျွေးမွေး စောင့် ရှောက်ထားတယ်လေ၊ နင် ထွက်သွားရင်ပဲဖြစ်ဖြစ်၊ နင် တခြား ယောကျ်ားတစ်ယောက်ကို လက်ထပ်သွားရင်ပဲဖြစ်ဖြစ် အလင်းသစ် သေသွားလိမ့်မယ်"

ကိုကို့ကို လိမ္မော် လက်ထပ်ရမယ်ဆိုတာ မဖြစ်နိုင်တာပဲ။ လိမ္မော်ချိုမှာ ချစ်သူရှိတယ် မိုးစက်သော်လေ။ ကိုကိုက လိမ္မော့်ကိုကိုပဲ ခင်ပွန်းအဖြစ် တွေးတောင် မတွေးရဲပါဘူး။ သူ့မအတွက် ပြေးစရာမြေ ရှိတော့ဘူးလား။ ဒေါ်စိုးသာ ကတော့ ကိုကို့ဆန္ဒကိုပဲ ဖြည့်စွမ်းပေးဖို့ ကြောက်စရာကောင်းလောက်အောင် ကြံစည်ကြိုးစားတော့မည်ဖြစ် ကြောင်း လိမ္မော်ချိုသိထားပြီးသား ဖြစ်သည်။ စိုးရိမ်ထိတ်လန့်စွာဖြင့် လိမ္မော်ချို ရင်တွေ တဆတ်ဆတ်တုန်ခါနေခဲ့၏။

သူ့မထင်မိသားပဲ။ ကိုကိုအကြည့်တွေ အမူအရာတွေက အစ်ကို တစ်ယောက်ထက်ပို၍ သူစိမ်းဆန်လွန်းနေသည်ဟုပင် ထင်၏။ နှင်းဆီနဲ့ သော်သိသွားရင် ဘယ်လိုလုပ်မလဲ။ လိမ္မော်ချို တုန်ရီစွာဖြင့် ဒေါ်စိုးသာ ရှေ့မှာ ဒူးထောက်ထိုင်ချ လိုက်ပြီး ကိုကိုနှင့် လက်မထပ်နိုင်ကြောင်း တောင်းပန်နေမိ၏။ ဒေါ်စိုးသာက ခေါင်းမာစွာပဲ ငြင်းဆန်နေသည်။

"မရဘူး၊ ညည်း ကျေးဇူးသိတတ်စမ်းပါ၊ လိမ္မော်ချို အလင်းသစ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာအောင် ဖြည့်စွမ်းပေးပါလားအော၊ အလင်းသစ်က စိတ် သဘောထား ပြည့်ဝပါတယ်။ လူဆိုး မဟုတ်ပါဘူး၊ ညည်းကြော ဘဝတစ်လျှောက်လုံး အပျော်တွေ ကင်းမဲ့နေရရှာတာပါ"

"ဟင်းအင်း... ဟင့်အင်း ကျွန်မ လုံးဝ လက်ခံနိုင်ပါဘူး မဖြစ်နိုင်ဘူး ကိုကို့ကို ဖြောင့်ဖြပေးပါနော်၊ လိမ္မော် တောင်းပန်ပါတယ် မဖြစ်နိုင်လို့ပါ၊ လိမ္မော့်မှာ ချစ်သူရှိနေပါတယ်"

"တိတ်စမ်း"

"ဟင်"

သူမအနားသို့ ကိုကိုရောက်လာပြီး ဒေါသတကြီး အော်ဟ တားဆီးလိုက်သည်။ လိမ္မော်ချို ခန္ဓာကိုယ်လေးပင် ဆတ်ခနဲတုန့်ရိသွား ရ၏။ ကိုကို့မျက်ဝန်းတွေက မီးဝင်းဝင်း တောက်နေသလို လိမ္မော်ချိုအ ကိုယ်လေး ပြာမှုန်လေးတွေ ဖြစ်သွားတော့မလားဟုပင် ထင်မှတ် ရသည်။

"ကိုကိုရယ် လိမ္မော်ချိုကို ညီမလေးတစ်ယောက်လိုပဲ သတ်မှတ် ပေးပါလားဟင်၊ ညီမလေး ကိုကို့အနားမှာပဲ ထာဝရနေပါ့မယ် ဘယ်သူနဲ့မှလည်း မပတ်သက်ပါဘူးနော်၊ ကိုကို့နဲ့ မောင်နှမအရင်း





တစ်သက်လုံး နေလာခဲ့တာလေ၊ လိမ္မော် အဲဒီလို ဘဝလေးနဲ့ပဲ နေပါ ရစေ"

သူ ငေးကြောင်စွာ လိမ္မော်ချိုကို ကြည့်မိနေသည်။ ကိုကိုလည်း အဲဒီလိုဘဝလေးနဲ့ပဲ နေချင်ခဲ့တာပါကွာ။ လိမ္မော်လေးအပေါ် ကိုကိုတယ် ယောက်အထိ ချစ်မြတ်နိုးခဲ့ရလည်းဆိုတာ ကိုကိုအသိဆုံးပါပဲလေ၊ ကိုကို့စိတ်တွေက လိမ္မော်လေးနဲ့ပတ်သက်လာရင် ထိန်းချုပ်နိုင်စွမ်း ကင်းမဲ့တတ် တာပဲရှိတယ်။

မင်းကစပြီး သစ္စာဖောက်ခဲ့တာပဲ လိမ္မော်ချို တသိမ့်သိမ့်ရှိုက် နေသော လိမ္မော်လေးအား သနားငဲ့ညှာလိုက်ချင်တဲ့ ဆန္ဒတွေ ပြနေသည်။ မဖြစ်နိုင်ဘူး မင်းမှာ ချစ်သူရှိနေတယ်။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မင်း အဲဒီချစ်သူနောက် လိုက်သွားရင် ရင်ကွဲကျန်ရစ်ခဲ့ရမှာလား။ အဲဒီလို အခြေအနေမျိုး ငါ လုံးဝ လက်မခံနိုင်ဘူး လိမ္မော်လေးရယ်။ ကိုကို့ရင်ခွင်ထဲမှာ နေစမ်းပါ၊ မင်းကို တစ်ယောက်တည်းပဲ ကိုကို ပိုင်ဆိုင်ထားရမယ်။

ကိုကိုဖြတ်သန်းလာရတဲ့ ဘဝတစ်လျှောက်လုံးမှာ လိမ္မော်လေး ကိုကို့အနားကနေ ထွက်ခွာသွားမှာကို အစိုးရိမ်အကြောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရတာပါ။ မင်းဟာ စတိုးဆိုင်က ဗိုက်ခံပေးပြီး အပိုင်ဝယ်ယူလိုရ ဘော်ပတ်ရုပ်လေး တစ်ရုပ် ဆိုရင် ဘယ်လောက်ကောင်းလိုက်မယ် အခုတော့ လူသား မိန်းကလေး ဖြစ်နေတယ်ကွာ။

အလင်းသစ် နှလုံးသားတွေ ကြေမွကွဲ အက်ပြီး တစ် လွင့်ထွက်မတတ် ဖြစ်နေခဲ့သည်။

"ကိုကိုနေစေချင်တဲ့ ပုံစံမျိုးနဲ့ ညီမလေးနေပါ့မယ်၊ ကို အနားကနေ ဘယ်လိုပုံစံမျိုးနဲ့မှ ထွက်မသွားပါဘူး၊ ကတိပေးပါတယ် နော်"

လိပ်မွှာလေးက မျက်ရည်အလိမ်းလိမ်းနှင့် သူ့အား တောင်း ခယနေသည်။

ကိုကို့ဆန္ဒအမှန်က လိပ်မွှာလေးကို ပျော်ရွှင်ချမ်းမြေ့နေစေချ တာပါကွာ၊ ဒါပေမဲ့ ကြောက်စိတ်တွေ စိုးရိမ်ကြောင့်ကြစိတ်တွေ အမြဲတမ်း ကိုကို့စိတ်တွေကို လွှမ်းမိုးချုပ်ကိုင်နေတော့ တင်းကြပ် စည်းကမ်းဘောင်တွေထဲ လိပ်မွှာလေး ရောက်သွားရတာပါ။

"နော် ကိုကို လိပ်မွှာ ကတိပေးပါတယ် ကိုကိုထားရာ စေရာသွားပါ့မယ်၊ လိပ်မွှာ တစ်သက်လုံး ကိုကို့ညီမလေး အဖြ





ပါရစေလားဟင်"

"နှင့်အခန်းထဲမှာပဲ သွားအနားယူတော့... လိပ်မွှာ်ချို သွားတော့" သူ့ရဲ့ ပြင်းထန်ပေါက်ကွဲနေရတဲ့ ဒေါသတွေကို ထိန်းချုပ် လိုက်ပြီး လိပ်မွှာ်ချိုလေး၊ အနားက ချာခနဲလှည့်ထွက် လာတော့ သည်။

○



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)

"လိမ္မော်ချိုနဲ့ ကိုအလင်းသစ်က မောင်နှမ အရင်းတွေ မဖြစ်နိုင်ဘူ
နှင်းဆီ၊ အနေအထားက သူစိမ်းတွေ ဆန်နေတယ်၊ အဓိပ္ပာယ်ကင်းနဲ့
လွန်းတယ်၊ ညီမတစ်ယောက်အပေါ် ဒီလောက် အထိ အဖြစ်သည်း
နေစရာ အကြောင်းမှ မရှိတာပဲ"

သော်ကတော့ ကိုအလင်းသစ်နဲ့ လိမ္မော်ချိုကို မောင်နှ
အရင်းတွေ မဖြစ်နိုင်ဘူးဟု သံသယ ဝင်နေသည်။ မမမိုးလို ရုပ်ရည်
ချောမောပြီး အရာရာ ပြည့်စုံနေတဲ့ မိန်းကလေး တစ်ယောက်ကိုတောင်
သွေးအေးစွာ ဥပေက္ခာပြုနေနိုင်တဲ့ ယောကျ်ားတစ်ယောက်ဟာ ညီ
အရင်းတစ်ယောက်ကြောင့်တော့ မဖြစ်နိုင်ပါဘူး။ သူ့ကိုတွေ့တော့လည်း





ဘက် တစ်ကောင်ကို တွေ့လိုက်ရသလို ဖြူရောင်သွေးဆုတ်
း ဒေါသတွေပေါက်ကွဲသွားရတာ အစ်ကိုတစ်ယောက်ရဲ့အပြု
ဟုတ်တာပဲ မဖြစ်နိုင်ဘူး။

ကိုအလင်းသစ်က လိမ္မော်ချိုရဲ့ အစ်ကိုအရင်း မဖြစ်နိုင်ဘူး။
ချိုက ကိုအလင်းသစ်နဲ့ သွေးသားမတော်စပ်နိုင်ဘူး။ မိုးစက်သော်
ပြီး လိမ္မော်ချို အတွက် စိတ်ပူသွားမိသည်။

"ဒီလူကြီးက အသိမဲ့နေသလိုပဲ၊ မောင်နှမတော့ လုံးဝ မဖြစ်
နှင်းဆီ ကိုယ်ဘယ်လိုလုပ်ရမလဲ၊ ကိုယ် အရမ်းပဲ စိတ်ပူနေတယ်၊
ချို ဘယ်လိုအခက်အခဲတွေ သောကတွေနဲ့ ရင်ဆိုင်နေရမလဲ"

"အင်း နှင်းဆီလည်း အဲဒီလို သံသယဝင်မိတယ်၊ ဒါပေမဲ့
ချိုကလည်း သူ့အစ်ကိုကို အရမ်းချစ်တယ်"

လိမ္မော်ချိုက သူ့အစ်ကိုရဲ့ လုပ်ရပ်တွေနဲ့ပတ်သက်ပြီး အပြစ်တင်
လျှင် မကြိုက်။ ကာဆီးကာဆီး လုပ်တတ်၏။

"လိမ္မော်ချိုနဲ့အစ်ကိုအရင်း မဟုတ်ရင် အခုလောက်ဆို လိမ္မော်ချို
ဒုက္ခ ခံနေရပြီ ထင်တယ်၊ ကိုအလင်းသစ်ကို ကြည့်ရတာ
နေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးစက်သော်"

"ဘာလဲ နှင်းဆီ"

"ရှင်နဲ့ပတ်သက်နေခြင်းက လိမ္မော်ချိုကို ပိုပြီးထိခိုက် စေ
ထင်တာပဲ၊ နောက်ဆုတ်လိုက်ပါ ကိုမိုးစက်သော်၊ လိမ္မော်ချိုဘ
နေသားကျနေပါပြီ၊ ကိုမိုးစက်သော်ပဲ မေ့ပစ် လိုက်စေချင်တယ်"

"မဖြစ်နိုင်ဘူး၊ ကိုယ်ဘယ်လိုမှ မေ့ပစ်လို့ မရနိုင်ဘူး နှင်း
ကိုယ်တို့နှစ်ယောက်လုံးက ချစ်နေကြပြီ၊ အရမ်းချစ်နေကြတဲ့ ချစ်သူ
လိမ္မော်ချိုက ကိုယ့်ကို ချစ်နေတယ်၊ ကိုအလင်းသစ်က မတရားချ
ထားတာပဲ၊ ကိုယ်မရ ရအောင်ယူမယ်၊ လိမ္မော်ချိုဘဝ လွတ်မြော
ရမယ်၊ ကိုယ့်အသက်ထက် ပိုပြီး အရေးကြီးတယ်ကွ"

"ကိုမိုးစက်သော် စိတ်ကိုထိန်းစမ်းပါ၊ လိမ္မော်ချို ပိုပြီး အ
တွေ့အောင်တော့ မလုပ်စေချင်ပါဘူး၊ အရာရာ စဉ်းစားချင့်ချိန်
လုပ်ပါ"

နှင်းဆီကတော့ ကိုအလင်းသစ်အကြောင်း အသိဆုံး
လိမ္မော်ချို ပိုပြီး မွန်းကြပ်သွားမှာကိုပဲ စိတ်ပူမိနေသည်။ မိုးစက်
ကလည်း သူ့ခံစားချက်နှင့် သူပါပဲ။ မိုးစက်သော်နှင့် ဆုံတွေ့ပြီးနော





မော်ချို ကျောင်းပင် ဆက်တက်ခွင့်မရှိတော့ပါ။ ဘယ်လို အခက်အခဲ
နဲ့များ ရင်ဆိုင်ကြုံတွေ့နေပြီလဲ လိမ္မော်ရယ်။ နှင်းဆီက မိုးစက်သော်
အရမ်းမလုပ်ဖို့ ဖျောင်းဖျနေရသည်။

"ကိုယ့်ကို ခွင့်လွှတ်ပါ နှင်းဆီ၊ လိမ္မော်အတွက် ကိုယ် ဘာပဲ
ရလုပ်ရ လုပ်ပေးချင်တယ်၊ လိမ္မော်က ကိုယ့်ကို ချစ်နေတယ်၊
ရင်ခွင်ကပဲ လိမ္မော့်အတွက် နားခိုရာ ဖြစ်မှာပါ"

"သတိနဲ့ လုပ်ပါ ကိုမိုးစက်သော်၊ ဒေါသနဲ့ မတုန့်ပြန်ပါနဲ့၊
မော်ချိုက သူ့လက်ခုပ်ထဲက ရေလေ"

လိမ္မော်ချိုအကြောင်းကိုတော့ သူသိအောင် ကြိုးစားရမှာပဲ
ဘဝမှာ လိမ္မော်ချိုကပဲ တန်ဖိုးမဖြတ်နိုင်တဲ့အရာပါ။ လိမ္မော်ချိုက
ရဲ့ အချစ်ဦးပဲ။ မမမိုးကလည်း ကိုအလင်းသစ်နှင့် အဆက်အသွယ်
အောင် ကြိုးစားပေမဲ့ ဟိုဘက်က ဖုန်းကိုပင် မကိုင်။ မောင်နှမအရင်း
ပါဘူး။ ဒီလူကြီး လိမ္မော်ချိုကိုများ တစ်နေ့နေ့မှာ လက်ထပ်ယူဖို့
အစည် တွေများ ရှိနေမလားပဲ။ သူစိတ်ပူနေရသည်။ လိမ္မော်ချိုနှင့်
ခွင့်ရဖို့က အဓိက။ နှင်းဆီကို နှုတ်ဆက်ပြီး လိမ္မော် ချိုတို့နေထိုင်တဲ့
ဝိုင်မှာ သူထိုင်နေမိသည်။ မထင်မှတ်ဘဲ ခြံစောင့်ဦးတုတ်က



www.burmeseclassic.com

www.burmeseclassic.com



ထင်းလျှောက်ပြီး အပြင်သို့ထွက်လာ၏ သော် ဝမ်းသာသွားကာ
အနား ရောက်သွားတော့သည်။

"ဦးတူး"

"ဟင်...ကောင်လေး နင်ဒီကို ဘာလာလုပ်တာလဲ၊ သွား
ဒီနားမှာ အရိပ်အယောင်လေးတောင် လာပြမနေနဲ့ သွားတော့"

ဦးတူးက ဒေါသတကြီးမောင်းထုတ်နေ၏။ သော် တစ်ထောင်
အုပ်နှစ်အုပ် ပေးလိုက်တော့ ဦးတူး ကြောင်ငေးငေးနှင့် ကြည့်နေ

"ယူပါ ကျွန်တော် အများကြီး ပေးနိုင်ပါသေးတယ်၊
စကားပြောရအောင်၊ ကျွန်တော်နဲ့ ခဏလောက် လိုက်ခဲ့ပါဗျ"

ဦးတူး တွေဝေသွားရသည်။ ဆရာအလင်းသစ် သိသွားရင်
မလွယ်ဘူး။ မိမိအလုပ်ပြုတ်မှာတော့ သေချာသည်။ ဒီကောင်
ချမ်းသာပုံပင် ဆရာက သူ့ကို အပိုငွေကြေးတွေပေးပြီး တစ်သ
စောင့်ရှောက်လာခဲ့တာပါ။ မဖြစ်ဘူး။ ဒီကောင်လေးနဲ့ ပတ်သ
မဖြစ်ပါဘူး။ ဆရာ့ကျေးဇူးကိုပဲ စောင့်သိရမယ်။ ငွေက ဘာလ
ဆရာလည်း ပေးနေတာပဲလေ၊ ဦးတူး ငြင်းဆန်ပစ်လိုက်သည်

"မင်း ဘာကောင်လေးလဲ မင်းငွေလောက်ကို ငါက မက်မ





လို့လား၊ သွားစမ်း မင်းပြောလို့ မရရင် ငါ့ဆရာဆီ ဖုန်းဆက်လိုက်ရ
မလား"

"ဦးတူး ငွေမမက်ဘူးဆိုတာ ကျွန်တော်သိပါတယ်၊ ဒါပေမဲ့
မိန်းမယူဖို့တော့ ဦးတူးငွေလိုနေတယ် မဟုတ်လား"

"ဘာကွ"

"ဦးတူးမှာ ချစ်သူရှိနေတာ ကျွန်တော်သိနေတယ်၊ တောင်ဒဂုံက
ကောင်မလေး ဒေဝီလေ"

"ဟင်..."

ဦးတူးအကြောင်းတွေကို သော် အသေးစိတ် စုံစမ်းထားပြီးသား
ဖြစ်သည်။ တောင်ဒဂုံက ဒေဝီဆိုတဲ့ ကောင်မလေး နှင့် ချစ်ကြိုက်နေပြီး
မိန်းတွေ့နေ၏။ ဦးတူး ထိတ်ထိတ်ပြာပြာ ဖြစ်သွားသည်။

"ကားပေါ်တက်လေ"

"မင်း... မင်း..."

"ကျွန်တော်အိမ်မှာနေတဲ့ သန့်ရှင်းရေးသမား မမာယာက
ဒေဝီရဲ့အဒေါ်ပါ၊ ခင်ဗျားတို့ လက်ထပ်ဖို့ ငွေလိုနေတယ် မဟုတ်လား
ဒေဝီ သူများအိမ်မှာ အလုပ်လုပ်နေတာထက် ဆိုင်လေးတစ်ဆိုင်ဖွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်အလုပ်ပဲ လုပ်ချင်တာလေ"

ဦးတူး ကားပေါ် တက်ထိုင်လိုက်တော့သည်။ သော် ဝမ်းသာ
သွားရ၏။

လိမ္မော်ချိုနဲ့ နီးစပ်နိုင်မည့် အခြေအနေကို သော် ဘယ်လို
ပေးဆပ်ရပါစေ၊ ပေးဆပ်ကာ ချစ်သူအား ပိုင်ဆိုင်ရအောင် ကြိုးစားရမည်
ဖြစ်၏။ ကားကို စားသောက်ဆိုင် တစ်ခုဆီ သူ မောင်းလာခဲ့သည်

"ဘာစားမလဲ ဦးတူး မှာလေ"

"မင်း... မင်း..."

"ကျွန်တော့်ကို ကိုယ်ချင်းစာပါဗျာ၊ ဦးတူးနဲ့ ဒေဝီ လက်ထ
နိုင်အောင် ကျွန်တော်ကူညီမယ်၊ အိမ်လည်း ဝယ်ပေးမယ်၊ ဆိုင်လည်း
ဖွင့်ပေးမယ်လေ"

"ဟင်း"

ဦးတူး သက်ပြင်းမောကြီးကို မှုတ်ထုတ်ပစ်မိ၏။ ဆရာ ဆီ
အပိုကြေးရအောင် လိမ္မော်ချိုအနောက်လိုက်ပြီး စောင့် ရှောက်ကြည့်
ရတာ ဦးတူးစိတ်ပျက်နေမိသည့်အတွက် တခြားအလုပ်လေးပဲ ထွက်
ချင်နေရ၏။ ဒေဝီကလည်း မကြိုက်။ သားစဉ်မြေးဆက်သူများအိမ်





စေအပါးပဲအဖြစ် မခံနိုင်ဘူးတဲ့။ ငွေစုပြီး ကိုယ်ပိုင်အလုပ်လေး
လုပ်ရအောင်တဲ့။ ဦးတူးတို့သားစဉ်မြေးဆက်က သူများအိမ်မှာ ခြံစောင့်
လွပဲ လုပ်နေကြရသည့် မတိုးတက်ကြပေ။ ဒေဝီနှင့်လည်း လက်ထပ်
ချင်မိသည်။

"တောင်ဒဂုံမှာ အိမ်ဝယ်ပေးမယ်လေ၊ အရင်းအနှီးလည်းပေးမယ်
ဘယ်လိုလဲ"

"ငါ... ငါက ဘာလုပ်ပေးရမှာလဲ၊ ကောင်လေး"

ဦးတူး တန်တုန်ရီရီနှင့် မေးလိုက်မိသည်။ ဆရာ့အပေါ် လည်း
သစ္စာမဲ့ရမှာဦးတူးမလိုလားပါ။

ဒေဝီနှင့်လည်း လက်ထပ်ပြီးဆိုင်လေး လည်းဖွင့်ချင်နေ၏။
ဆရာက လက်မခံပေ။ မဖြစ်မနေတော့ ဒီကောင်လေးခိုင်းတာ လုပ်ပေး
တော့မယ်။

ဆရာနဲ့ လိမ္မော်ချိုက လက်ထပ်တော့မှာ မောင်နှမအရင်းတွေမှ
ပတ်ကြတာပဲ။ ဒီကောင်လေးကလည်း လိမ္မော်ချိုချစ်သူပဲ ပြဿနာ
တော့ ပို၍ပင် ကြီးထွားလာနိုင်သည်။

"ကိုအလင်းသစ်နဲ့ လိမ္မော်ချိုတို့က မောင်နှမအရင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ကြဘူး မဟုတ်လား"

"ဟင် မင်း ဘယ်လိုလုပ်သိနေလဲ"

"ကျွန်တော် စဉ်းစားမိတာပါ၊ အခု ကိုအလင်းသစ်က ဘယ်

စီစဉ်ထားလဲ ဦးတူး"

"သူ သူတို့ လက်ထပ်တော့မှာ"

"ဘာ"

မိုးစက်သော် အထိတ်တလန့်နှင့် ထိုင်နေရာကနေ ဆတ်

ထမိသွားရ၏။ လက်ထပ်ယူမှာတဲ့ တော်တော်အကြံ ပက်စက်တဲ့လူပြီ

"ဒေါ်စိုးသာက ဆရာ့လူယုံပဲ ဆရာက သေဆိုသေ ရှင်ဆိုရှင်

တိုက်ထဲဝင်ဖို့ မလွယ်ဘူးလေ"

"ကျွန်တော့်ကို ကူညီပါဗျာ၊ ဦးတူးက ခြံစောင့်ကြီးပဲ၊ ကျွန်

လိမ္မော်ချိုနဲ့ တွေ့ချင်တယ်၊ ဖြစ်နိုင်ရင် ကျွန်တော် ကယ်ထုတ်သွား

တယ်၊ ဦးတူးဆန္ဒတွေလည်း ဖြည့်ဆည်း ပေးမှာပါ၊ ဘယ်လော

ကုန်ကုန်ဗျာ"

ဒီကောင်လေးကို ဦးတူးသနားလာမိသည်။ လိမ္မော်ချို နှင့်

လက်ထပ်လိုက်ရင်လည်း ဘဝတစ်လျှောက်လုံး စိတ်သော





ခံစားရမှာပဲလေ။ မောင်နှမတွေလို နေလာကြ . . ဟု လိမ္မော်ချိုလေး

အရမ်းပဲ ခံစားရမည်ဖြစ်၏။ သူမကိုယ် သူမပင် သတ်သေနိုင်၍

ဦးတူးလည်း မဖြစ်စေချင်ပေ။ ဆရာ့အပေါ် သစ္စာမဲ့ရာရောက်ပေမဲ့

မဖြစ်သင့်တဲ့ အခြေအနေ တစ်ခုကို မဖြစ်အောင်ပဲ တားဆီးတော့မယ်။

ကောင်လေးရဲ့ အစီအစဉ်ကို လက်ခံလိုက်သည်။ မတတ်နိုင်တော့ဘူး

ဆရာ။ အားလုံးကောင်းဖို့ပါ။

"အခြေအနေ ကြည့်ပြီးတော့ပဲ လှုပ်ရှားပါကောင်လေး။ ပြဿနာ

ပိုကြီးသွားနိုင်တယ်၊ အလောတကြီး ဘာမှမလုပ်ပါနဲ့၊ မင်းကို ငါ

ကူညီမယ် ကောင်လေး"

"ကျေးဇူးပါပဲ၊ ဦးတူးရာ၊ ခင်ဗျားငွေကြောင့်မဟုတ်ပဲ၊

ကောင်မလေးကို ကယ်တင်ချင်လို့ မဟုတ်လား လေးစားပါတယ်"

ဦးတူးကို အမျိုးမျိုးမြှောက်ပြီး လိမ္မော်ချိုနဲ့တွေ့ဖို့ သူ ရင်တွေခုန်နေ

သည်။ သော်ကတော့ လိမ္မော်ချို့ကို ပိုင်ဆိုင်ဖို့ဆိုရင် အရာအားလုံး

ပေးဝပ်မှာပဲ၊ စွန့်စားရမှာပဲ သော်ဘာပဲဖြစ်ဖြစ် ဘယ်လို အခက်အခဲတွေနဲ့

ရင်ဆိုင်ရရင်ဆိုင်ရ အသင့်ပဲပေ။ လိမ္မော်ချိုနဲ့ သော်ဘယ်လိုမှ အဝေး

မနေနိုင်ဘူး။ မင်းက အရာရာကို အနစ်နာခံတတ်ပြီး စိတ်သဘောထား



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့လွန်းတဲ့ ကောင်မလေးပဲ။ မင်းရဲ့ မျက်ဝန်းလေးထဲမှာ ရိုးသ
သန့်စင်မှု တွေပဲ ရှိနေတတ်တာကို ကိုယ်က မြတ်နိုးခဲ့တာပါ။

"မင်း ညကျရင်လာခဲ့၊ ဆရာက ငါ့ကို အရမ်းယုံကြည်တယ်
မိဘစဉ်ဆက် လူယုံခြံစောင့်တွေပဲကွ၊ ဒါပေမဲ့ ဆရာနဲ့ လိမ္မော်ချိုလေး
လက်ထပ်လို့ မဖြစ်ပါဘူး၊ အဲဒါကို ငါ သိနေတယ်"

"ကျေးဇူးပါပဲ၊ ဦးတူးရာ ကောင်းပါတယ်၊ ခင်ဗျားက အလုပ်ရှ
အပေါ်သစ္စာမဲ့တာ မဟုတ်ပါဘူး၊ ကယ်တင်စောင့် ရှောက်ပေးပါ"

ခြံစောင့် ဦးတူးနဲ့ပေါင်းပြီး လိမ္မော်ချိုနှင့် တွေ့ဆုံရန် စီစဉ်သည်
သော် အရမ်းပဲ စိတ်တွေလှုပ်ရှားပြီး ရင်ခုန်နေရ၏။ လိမ္မော်ချိုအတွ
သော် ဘယ်အရာကိုမှ မကြောက်ဘဲ ရှေ့ဆက်တိုးဝင် ရင်ဆိုင်ပစ်ဖို့
ဆုံးဖြတ်မိတော့သည်။

○





## အခန်း (၁၅)

"ဒေါက် ဒေါက် ဒေါက်"

"ဟင်"

ညင်သာတဲ့ တံခါးခေါက်သံလေးကြောင့် ကိုကိုလားဟု လိမ္မော်ချို
ထိတ်တလန့် ဖြစ်သွားရသည်။ အချိန်မတော်ကြီးပဲ ကိုကိုဆိုရင်
ခေါက်တဲ့အသံက တိုးတိတ်နေမှာမဟုတ်၊ လိမ္မော်ချို ဘာလုပ်ရမလဲ။
ကိုက ချစ်သူရည်းစား မထားရင် လိမ္မော်ချိုကို လက်မထပ်ဘူးတဲ့
အနားမှာထာဝရ နေသွားပါ့မယ်လို့ပဲ ကတိပေးပါတဲ့။ လိမ္မော်ချို
တိပေးလိုက်ရသည်။ လွတ်မြောက်ရာလမ်း မရှိတော့တာ။

"ဒေါက်"

www.burmeseclassic.com



"ဒေါက်"

"လိမ္မော်"

"ဟင်…"

လေသံမှုပင် ကြားရသောအသံက သော်ရဲ့အသံပဲ၊ သူမ မှတ်မိ နေသည်။ ဒီမှာက ယောက်ျားလေးဆို၍ ကိုကိုပဲ ရှိတာပါ။ သူမအသိစိတ်မှ ထိုအသံကသော်ဟုပဲ ထင်နေသည်။ တံခါးဖွင့်ပေးဖို့ကလည်း ခက်နေ သည်။

"လိမ္မော် သော်ပါ တံခါးဖွင့်ပေးပါ"

"ဟင်"

သော်ပါဆိုတဲ့အသံကို လိမ္မော်အသေအချာကြားလိုက် ရသည်။ သူမရင်ထိတ်စွာဖြင့် တံခါးနားတိုးကပ်သွားပြီး ဖွင့်ပေး ရင် ကောင်းမလား မဖွင့်ပေးဘဲ ထားရမလားဆိုပြီး တွေဝေနေ၏။

တံခါးခေါက်သံ ခပ်အုပ်အုပ်နှင့် သော့်ကို ယုံပါ။ တံခါးဖွင့်ပေးပါဟု တိုးတိုးတိတ်တိတ် ပြောနေသော အသံကြောင့် သူမအရဲစွန့်ပြီး တံခါး ဖွင့်ပေးလိုက်မိသည်။

"လိမ္မော်"





"ဟင်… သော်"

လိမ္မော်ကိုယ်လေး အေးစက်သွားရပြီ။

"လိမ္မော်ရယ်… သော် အရမ်းပဲ စွန့်စားလာရတာပါ"

"သော်… ဘယ်လိုလုပ်ပြီး ဒီထိရောက်လာရတာလဲ ဟင်၊ …ပဲ ပြဿနာတော့ တက်မယ်ထင်တယ် ပြန်တော့နော်"

လိမ္မော်ချိုကတော့ ထုံးစံအတိုင်းပဲ မျက်နှာလေး သွေးဆုတ်ဖြူ …ပြီး ထိတ်လန့်တကြား နံရံလေးမှာကပ်ပြီး ပြန်နိုင်းနေသည်။ …က မကြောက်ဖို့နှင့် ဦးတူးနှင့်ပူးပေါင်းထားကြောင်း ပြောပြပေမဲ့ …ချိုကတော့ ကြောက်ရွံ့ထိတ် လန့်နေတဲ့ မျက်ဝန်းလေးများဖြင့် …ရွံ့စွာ ကြည့်နေသဖြင့် သော် အနားတိုးကပ်သွားပြီး လိမ္မော်ချို …ယ်လေးကို ဆွဲယူကာ သူ့ရင်ခွင်မှာ အပ်ထားလိုက်မိသည်။

"လိမ္မော်ရယ်… မကြောက်ပါနဲ့ သတ္တိရှိစမ်းပါ… သော့်ကို …ကွာနော်၊ သော် လိမ္မော်ကို အရမ်းချစ်လို့ အရဲစွန့်ပြီး လာခဲ့ရ …"

…မ္မော်ချိုကိုယ်လေး အေးစက်ပြီး ဖြူဖျော့နေသလို တဆတ်ဆတ် …တဲ့ နှုတ်ခမ်းသားလေးအား သူ နမ်းမိတော့ လိမ္မော်ချို



www.burmeseclassic.com

www.burmeseclassic.com



မှုးမေ့ပျော့ခွေကျမတတ် ရှက်ရွံ့သွားကာ မျက်ဝန်းလေးတွေ စုံမှိတ်ထား
ရင်း သူမခေါင်းလေးက ဘယ်ညာ ခါရမ်းနေသည်။

သော် စိတ်တွေ ထိန်းချုပ်မရတော့ လိမ္မော်ချိုရဲ့ အေးစက်တုန်
နေတဲ့ ကိုယ်လေးအား သူ့လက်တွေဖြင့် သိုင်းယူပွေ့ဖက်ထားရင်
ချစ်တဲ့အကြောင်းတွေ အရူးအမူး ပြောပြနေမိ၏။

သော် ဒီအထဲရောက်နေမည်ဟု ဘယ်သူက ထင်မှာ
ဒေါ်စိုးသာလက်ထဲမှာက တစ်တိုက်လုံးရဲ့ သော့တွေ ကိုင်ထားတာ
ဒါပေမဲ့ ဦးတူးအကူအညီနဲ့ တိုက်ကြီးထဲ ဝင်နိုင်တဲ့ သော့အပိုတစ်ချော
အတုလုပ်ကာ ဝင်လာခဲ့ရသည်။

"သော် အရမ်းပဲစွန့်စားခဲ့ရတာပါ လိမ္မော်ရယ်၊ မင်း မကြေ
ပါနဲ့ သတ္တိရှိရှိရင်ဆိုင်ပါ၊ တစ်ခါထဲကိုယ်နဲ့ လိုက်ခဲ့တော့နော်"

"ဟင့်အင်း...ဟင့်အင်း လိမ္မော်ဒီမှာပဲနေမယ်၊ မလိုက်
သော်ပဲ ပြန်ပါ၊ လိမ္မော်ကြောက်ရယ်၊ အရမ်းကြောက်တယ်၊ သော်
ပြန်ပါနော်"

ရင်တွေ လှုပ်ခါပြီး အသက်ရှူလို့ပင် မွန်းကြပ်လာရသ
ကိုကိုသိသွားရင် မလွယ်ပါဘူး။ နှစ်ယောက်လုံး အသေပဲ။ လိ





ိုလည်း အကျင့်သိက္ခာမဲ့တဲ့ မိန်းကလေးလို့ ကိုကိုက စွပ်စွဲတော့မှာပါ။

သော့်ရင်ခွင်က လိမ္မော်ချိုအတွက်အေးချမ်းတဲ့ နားခိုရာဖြစ်နေပေမဲ့
မ္မော်ကြောင့် ကိုကို စိတ်သောကတွေ ရောက်ပြီး တစ်ခုခုဖြစ်သွားမှာ
ည်း စိုးရိမ်မိနေသည်။ လိမ္မော် ဒီအတိုင်းပဲနေရင် ကိုကိုကလည်း
လေးလိုပဲ နေထိုင်ကြမယ်တဲ့။

ဟင့်အင်း လိမ္မော်မလုပ်ရက်ဘူး။ သော်ရယ် ပြန်ပါတော့ နော်။
မ္မော်ကို မေ့ပစ်လိုက်ပါ။ လိမ္မော်ကြောင့် ဘယ်သူမှ စိတ်သောကတွေ
က်ရမှာ မလိုလားလို့ပါနော်။

သော်ရင်ခွင်ထဲမှာ သူမ ခန္ဓာကိုယ်လေး နစ်မြုပ်နေတော့၏။
 လက်မောင်းတွေက တင်းကြပ်စွာ ရစ်သိုင်းထားနေသည်။
ကိုလည်း လိမ္မော်ချစ်တယ်။ လိမ္မော့်နှလုံး သားတွေထဲအထိ
နေအောင် သော့်ကို ချစ်နေမိတာပါ။ သော်နဲ့လည်း အတူတူနေချင်
ယ်။ လိမ္မော်မှာ အဲဒီလောက် အထိတော့သတ္တိမရှိဘူး ထင်တယ်
ယ်။

"သော့်ကို ယုံပါ လိမ္မော်ရယ်၊ သော့်နောက် လိုက်ခဲ့ပါ။ သော်က
ပြည့်နေပြီပဲ၊ ဘာပြဿနာမှမရှိနိုင်ပါဘူး။ ကိုယ်တို့ လက်ထပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



မယ်နော်၊ မမကလည်း သဘောတူတယ်၊ လိမ္မော်ကို အရမ်းပဲ သ
နေတာပါ၊ လိုက်ခဲ့ပါကွာ"

"ဟင့်အင်း မလိုက်ဘူး၊ ကိုကိုက လိမ္မော်ချစ်သူရည်
မထားဘူးဆိုရင် ဒီအတိုင်းပဲနေကြမယ်တဲ့လေ"

"အဓိပ္ပာယ်မရှိတာပဲ လိမ္မော်၊ ကိုအလင်းသစ်က လက်
မယ်တဲ့ မယုံပါနဲ့၊ လိမ္မော်ကိုယ်တိုင်က လက်မထပ်ချင် ဘူးမဟုတ်
အခွင့်အရေးရတုန်း လိုက်ခဲ့နော်"

"မလိုက်ဘူးသော် ပြန်ပါတော့ ကိုကို့ကတိတွေကို လိ
ယုံတယ်၊ ပြဿနာတွေ အရမ်းပဲကြီးထွားလာအောင် လိမ္မော်မလုပ်
နဲ့နော်၊ သော် ပြန်ပါ"

"လိမ္မော်"

"ဟင်..."

"မောင့်ကို ချစ်လား"

"ဟင်"

မောင်တဲ့။ လိမ္မော်ရင်ထဲသို့ စမ်းချောင်းရေအေး စိမ့်စိမ့်
ဖြတ်သန်းစီးဆင်းသွားသလို အေးစိမ့်လှိုက်ဖို လှုပ်ခတ်သွားရ





ကို လိမ္မော်ချစ်ပါတယ်။ ဒါပေမဲ့ ကိုကို့အမြင်မှာတော့ လိမ္မော်က
ပျက်တဲ့ ကတိမတည်တဲ့ မိန်းကလေး အဖြစ်တော့ မရောက်
ဘူး။ လိမ္မော့်ကို တစ်သက်လုံး ကျွေးမွေးစောင့်ရှောက်လာခဲ့တဲ့
တရားတွေကိုတော့ လိမ္မော်သိတတ်ချင်တယ်။ ကိုကို့ညီမလေး
လိမ္မော့်ဘဝ တစ်သက်လုံး နေသွားနိုင်ပါတယ်။

"လိမ္မော်"

"ဟင်"

"ဖြေလေ"

သူ ကြားချင်တဲ့ အဖြေ ထွက်လာပါ့မလားဟု စိုးရိမ် ပူပန်
လိမ္မော်နှုတ်ခမ်းလေးကို စူးစိုက်ကြည့်မိနေသည်။ မင်း နှလုံးသား
ဖြူစင်တယ်၊ သံယောဇဉ် တွယ်တတ်တယ်။ မင်းအစ်ကိုအပေါ်
အရင်း မဟုတ်ဘူးဆိုတာ သိတာတောင် မင်းမရက်စက်နိုင်ဘူး
လား လိမ္မော်။

"မောင် အရမ်းစိတ်ပူနေတယ်၊ အဖြေပေးစမ်းပါ လိမ္မော်ရယ်၊
ချစ်တယ်မဟုတ်လား"

မောင့်ကို ကျွန်မချစ်ပါတယ်ဆိုတဲ့ အဖြေပေးဖို့ လိမ္မော့်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေး တရွရွလှုပ်ခတ်လာပြီး အသံလေးတွေကလည်း ချော မှာပဲ တစ်ဆို့နေသည်။ လိမ္မော့်ဘဝမှာ သူစိမ်း ယောကျ်ား တစ်ယောက်နဲ့ ပထမဆုံးဆိတ်ကွယ်ရာမှာ အနီးကပ်ဆုံးတွေ့ဆုံရတာ

လိမ္မော်လည်း မောင့်ကို ချစ်ပါတယ်။ မောင်က လိမ္မော်ရဲ့ အချစ်ဦးပ မောင့်မျက်ဝန်း အကြည့်တွေက လိမ္မော်နှုတ်ခမ်းလေးတွေဆီ ကျရောက် နေပြီး စိုးရိမ်ပူပန်စွာ စောင့်မျှော်နေသည်။

"ဖြေပါ လိမ္မော်ရယ်၊ မောင့်ကိုချစ်တယ် မဟုတ်လား။ ပေးပါ၊ အဲဒီအဖြေကြားရရင် မောင်ဒီကနေ ပြန်ထွက် သွားပ

"အင်း..."

"ဘာ... အင်းလဲကွာ၊ လိမ္မော် နှုတ်ခမ်းလေးက ထွက်ပေါ အသံလေးကို ကြားချင်လို့ပါ"

မောင်က အတင်းအကြပ်မေးနေပြီး လိမ္မော်ကလည်း ဒီအခန်းထဲကနေ အမြန်ဆုံး ပြန်ထွက်စေချင်နေတာဆိုတော့ ထိတ်လန့်မှုတွေကို ထိန်းချုပ်လိုက်ကာ မောင်ကြားချင်တဲ့ လိမ္မော်နှုတ်ခမ်းလေးဆီမှ တိုးတိုး တိတ်တိတ် ညင်ညင် အဖြေပေးလိုက်မိတော့သည်။





"မောင့်ကို ကျွန်မ ချစ်ပါတယ်၊ မောင်က ကျွန်မရဲ့ အချစ်ဦးပါပဲ၊ င့်ကို ကျွန်မ အရမ်းပဲ ချစ်မြတ်နိုးရပါတယ် မောင်ရယ်"

"လိမ္မော်ရယ်"

လိမ္မော် ခန္ဓာကိုယ်လေးကို မောင့်လက်မောင်းတွေက တင်းကြပ် တ် တင်းကြပ်အောင် ရစ်သိုင်းပွေ့ဖက်ထားသည်။ လိမ္မော်ရှိန်းဖယ်၍ ကြောက်စိတ်ရုက်ရွံ့စိတ်တွေနှင့်အတူ လိမ္မော်အသဲကင်းမဲ့ချင် င့် အင်အားတွေပင် ကင်းမဲ့လာရ၏။ လိမ္မော်က ပြဿနာတွေကို မ်းစေချင်တယ်။ မောင်နဲ့ကိုကို သဘောတူ ကြည်ဖြူမှုပဲ ထပ် ချင်တာပါ။

"နင်...တစ်ယောက်ယောက်ကို လက်ထပ်လိုက်ရင် အလင်းသစ် ပဲ နင့်ကိုအရူးအမူးချစ်တာပဲ၊ လိမ္မော်ရို့ နင့်အပေါ် တစ်သက်လုံး သစ်ကိုယ်တိုင် ကျွေးမွေး စောင့်ရှောက်လာခဲ့တာပဲ၊ ငှဲညာထောက် ဦး"

ဒေါ်စိုးသာ ပြောတဲ့စကားတွေကို လိမ္မော်ချို့ပြန်ကြား ယောင်လာ မောင့်ရင်ခွင်ထဲက ရုန်းထွက်ပစ်လိုက်မိသည်။ ယောကျ်ား ာက်က သူမကအိပ်ခန်းအထိရောက်နေတာ လိမ္မော် ကိုယ်ကျ



www.burmeseclassic.com

www.burmeseclassic.com



တရား ဘယ်လောက်အထိများ ပျက်ပြားနေပြီလဲ။ သူမရဲ့ ကိုယ်က
သိက္ခာကို တပြားသားလေးမှ အပွန်းအပဲ့ မခံနိုင်ပါဘူး။ မောင့်
ထွက်သွားဖို့ အပြတ်သားဆုံး ပြောပစ်လိုက်မိသည်။

"မောင် ထွက်သွားပေးပါ။ ကိုကို လက်ခံလာတဲ့အထိ စောင့်
ကြမယ်၊ မေတ္တာဆိုတာ အသွားအပြန် ရှိပါတယ်နော်။ ကိုကိုကိုယ်
လည်း လိမ္မော့်ကို လက်ထပ်ဖို့အထိ သတ္တိ မရှိပါဘူး"

"မောင် မယုံဘူး။ လိမ္မော့်ကို အတင်းအကြပ် သိမ်းပိုက်လိုက်
ဒီလူက ရှုးသွပ်နေတာပါ၊ မောင့်နောက်ပဲ လိုက်ခဲ့ပါ။ လိမ္မော့်ကို
ရပိုင်ဆိုင်ခွင့် မရှိတော့ဘူးဆိုမှ ကိုအလင်းသစ် စိတ်လျှော့သွား
ပါကွာ"

မောင် ဘယ်လောက်ပဲခေါ်ခေါ် လိမ္မော်ချို ငြင်းဆန်နေမိသ
ကိုကို့ဘက်မှ စတင်လွှန်ကျူးမလာသေးဘဲနဲ့ လိမ္မော် ရက်ရက်စက်
ပစ်ခွာမသွားနိုင်သေးပါ။ ကိုကိုရဲ့ တင်းကြပ်တဲ့ စည်းကမ်းအေ
အတွင်းမှာ နေလာရတဲ့သူမအတွက် ပတ်ဝန်းကျင်လောကကြ
အရဲစွန့် တိုးဝင်ဖြတ်သန်းရင်ဆိုင်ရန် သတ္တိ မရှိသေးပဲ ဖြစ်နေသ

"မောင်ပြန်ပါ၊ လိမ္မော့်ကို ယုံကြည်ပါ၊ ကိုကိုလက်ခံ လာတဲ့





နဲ့လေးပဲစောင့်ပေးပါနော်၊ ကိုကိုက တစ်နေ့ နေ့မှာ လိမ္မော့်အပေါ်
လေးလို သတ်မှတ်လာနိုင်ပါတယ်။ အဲဒီအချိန်အထိပဲ စောင့်ပေး
နော် မောင်"

လိမ္မော်ချို ချစ်သူကိုပဲ အနူးအညွတ်တောင်းပန်နေရသည်။
ော်ဘက်မှ ရက်ရက်စက်စက် ပစ်ခွာသွားရင် ပြဿနာက မောင်
သားသလို အေးချမ်းသွားမှာ မဟုတ်ပေ။ ကိုကိုက ရေအဆုံးမြေ
လိုက်ပြီး လက်တုန့်ပြန်မှာကို လိမ္မော်သိနေ၏။ မောင့်ကိုပဲ
အတင်း ပြန်နိုင်းနေမိသည်။

"ကိုကိုကဘယ်တော့မှ လိမ္မော့်ကို စိတ်မချဘူး၊ ညဘက်တွေ
ထပြီး ကြည့်တတ်တယ် မောင်၊ လိမ္မော် တောင်းပန်ပါတယ်နော်၊
ထွက်သွားပေးပါ၊ လောလောဆယ်တော့ လိမ္မော်ဘယ်လိုနည်းနဲ့မှ
နိုင်သေးလို့ပါ ငနော်"

မောင်က ထွက်သွားဖို့အတွက် နောက်ဆံတင်းစွာ သူမကိုယ်လုံး
ကို ဖက်ထားဆဲပင်ဖြစ်နေ၍ သူမရုန်းထွက်ပြီး မောင့်ကို ပြန်နိုင်း
သည်။

အမလေး .မောလိုက်တာ ရင်တွေ တဆတ်ဆတ် တုန်ရင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခုတင်လေးပေါ်က အရုပ်လေးကြိုးပြတ်သွားသလို ထိုင်ချလိုက်မိ
မောင်လွတ်မြောက် သွားပါစေ ပြဿနာတွေ အေးချမ်းစွာ ပြီးဆုံးသွာ
ပါစေ။

လိမ္မော်စိုးရိမ် ပူပင်ရလွန်းလို့ စိတ်တွေ မွန်းကြပ်လာရသည်
မောင်နဲ့ အတူတူနေထိုင်ဖို့အတွက် လိမ္မော် အချိန်တစ်ခုခုကို စောင့်
နေ၏။ ကိုကို လက်ခံလာမှာပါ။ လိမ္မော်ကတိတည် ချင်ပါတယ်မောင်ရယ်
လိမ္မော့်ကို နားလည်ပေးပါနော်။ အချိန်လေးပဲ စောင့်ပေးပါ။

အချိန်ကြာ တဲ့အထိ လှုပ်လှုပ်ရှားရှား ပြဿနာဖြစ်တဲ့ အ
မကြားရမှ လိမ္မော် စိတ်သက်သာရာ ရသွားပြီး မျက်ဝန်းလေးတွေ
မှိတ်ပစ်လိုက်မိတော့၏။

○





## အခန်း (၁၆)

ချစ်သူနောက်ကို လိမ္မော်ချို လိုက်သွားလို့ မဖြစ်သေးပါဘူး။
ကိုက လိမ္မော်ချို ချစ်သူရည်းစား မထားသရွေ့ ညီမလေးတစ်ယောက်
သဘောထားမည်ဟု ပြောထားပြီးပြီပဲ။ အဓိက မောင့်အတွက်ပါပဲ။
င့်မမ မိုးပွင့်သော်ရဲ့ လုပ်ငန်းတွေကို ထိခိုက်သွားမှာစိုး၍ ဖြစ်၏။

ကိုကိုက အသိုင်းအဝိုင်းကြီးတယ်၊ ဓနအင်အား တောင့်တင်း
မောင့်မမအတွက် နစ်နာဆုံးရှုံးမှုတွေ ဖြစ်မှာစိုးမိတယ်။ မောင်
ထွက်သွားပြီလား။ မောင့်ရင်ခွင်က လိမ္မော်ဘဝရဲ့ အေးငြိမ်းတဲ့
လေးဆိုတာ လိမ္မော်သိပါတယ်။ ကိုကိုလည်း လိမ္မော်ကို အလွတ်
မဟုတ်ဘူး။ လိမ္မော်ကြောင့် မောင်နှင့်မမတို့ အခက်အခဲဒုက္ခတွေ

www.burmeseclassic.com



ရင်ဆိုင်ရမှာပါ။ ကိုကို့ကို ကြောက်တယ်။ ကိုကို ရူးသွပ်သွားမလားပဲ
အကောင်းဆုံးက လိမ္မော်တက်က စတင်သစ္စာမဖောက်ရင် ကိုကိုလည်း
စည်း ကျော်လာမှာ မဟုတ်ပါဘူးဟု ထင်မှတ်မိသည်။

လိမ္မော် ရင်တွေ တဒိန်းဒိန်းခုန်နေဆဲပင်၊ ဦးတူးကို မောင်က
ဖြားယောင်း သွေးဆောင်နိုင်တာပဲ။

လိမ္မော် စိတ်ပူလိုက်တာ ကိုကို သိသွားရင် တကယ်
မလွယ်တာပါ။

"ကျွို"

"ဟင်"

တံခါးပွင့်သွား၍ လိမ္မော်အထိတ်တလန့်နှင့် အိပ်ရာပေါ်မှ လူး
ထမိသည်။ အခန်းဝမှာ ဒေါ်စိုးသာ ရပ်နေ၏။

"လိမ္မော်ချို"

"ရှင်"

"မင်း မအိပ်သေးဘူးလား။ ဘာဖြစ်လို့ တံခါးကို သော့မချ
အိပ်တာလဲ"

"ရှင်"





စောစောက မောင်လာတုန်းက သူမကယောင်ကတမ်း နှင့်
တံခါးပြန်၍ မပိတ်မိခဲ့။ ဒေါ်စိုးသာကလည်း လိမ္မော်ကို မျက်ခြေမပြတ်
စောင့်ကြည့်နေသည်။ လိမ္မော် နေရထိုင်ရတာ ကျဉ်းကြပ်လိုက်တာ။
လိမ္မော်ဘဝမှာ စိုးရိမ်ထိတ်လန့်မှုတွေနှင့်ပဲ ပြည့်နှက်နေရ၏။ ဒေါ်စိုးသာက
ကိုကို့ရဲ့ သစ္စာစောက်ခံ တစ်ယောက်။

"ညည်း အခန်းတံခါးကို သေသေချာချာ သော့ပိတ်အိပ်သင့်
တယ်၊ လိမ္မော်ချို။ နမော်နမဲ့ မလုပ်စမ်းပါနဲ့၊ စောစောက ဘယ်သူ
လာတာလဲ"

"ရှင်"

"ဘာရှင်လဲ"

"ဟို... ဟို... ဘယ်သူမှ မလာပါဘူး ဒေါ်စိုးသာ"

ဒေါ်စိုးသာ အခန်းထဲအထိ ဝင်လာသည်။ စောစောက ခြေသံ
ကြားလိုက်လို့ မိမိထွက်ကြည့်တာပါ။

လိမ္မော်ချို အခန်းထဲ အလစ်သုတ်သွားခဲ့တာလား။ စိတ္တဇလို
ဖြစ်နေသော အလင်းသစ်သည် လိမ္မော်ချိုအား စိတ်မချ၍ မကြာခဏ
စုံစမ်းတတ်နေ၏။ လိမ္မော်ချိုအခန်း ဒေါ်စိုးသာ မသက်သာစွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပတ်ကြည့်မိ၏။ လိမ္မော်မျက်ဝန်း လေးတွေကလည်း အထိတ်တလန့် ဖြစ်နေပုံပင် ဒီကောင်မလေးကတော့ အမြဲတမ်း ယိတ်လန့်ကြောက်ရွံ့နေ တာပါပဲ။ မောင်အလင်းသစ်ကို လက်ခံလိုက်ရင် ပြီးတာပဲ၊ ခေါင်းမာနေတဲ့ လိမ္မော်ချိုကို အားမရတော့။

တချို့အကြောင်းကိစ္စတွေမှာ အတင်း အကြပ်ပဲ လုပ်ပစ်ချင်သည်၊ မောင်အလင်းသစ်က လက်မခံပေ။ လိမ္မော်ချို ဘက်မှ သစ္စာမဖောက်ရင် သူလည်း ဒီလိုပဲနေသွားနိုင်ပါတယ်တဲ့လေ။

"လိမ္မော်ချို"

"ရှင်"

"တံခါးကို ဘာဖြစ်လို့ပိတ်ပြီး မအိပ်ရတာလဲ၊ မင်း အမြဲတမ်း ပိတ်အိပ်ပါတယ်အေ"

ဒေါ်စိုးသာ စိတ်ထဲမှာ ခြေသံအတွက် သံသယဖြစ်နေရသည်၊ အောက်ထပ်က ကြားလိုက်ရတာပဲ ဖြစ်၏။ တိုက်ထဲမှာ လူသုံးယောက် ရှိနေသဖြင့် မောင်အလင်းသစ်ပဲ ဖြစ်နိုင်သည်။

"အိပ်တော့"

"ဟုတ်ကဲ့"





"လိမ္မော်ချို"

"ရှင်"

"ညည်းအောက်ထပ်ကို ဆင်းသေးလား"

"ဟင့်အင်း"

"ပြီးရော"

ဒေါ်စိုးသာ ဘာသဘောနဲ့ ရောက်လာရတာလဲ။ ခြေသံ ကြားလို့လား။

ဒေါ်စိုးသာက အိမ်ကို အရမ်းစောင့်ရှောက်နေတတ်သည်။

မောင်ထွက်သွားပြီလား နောက်ဆို ဒီလောက်အထိ စွန့်စားပြီး ိမ္မော်ဆီ မလာပါနဲ့နော်။

စိတ်ပူလို့သေတော့မယ်။ သူမ အိပ်စက်ဖို့ အတော်လေး ကြိုးစားနေရသည်။

"လိမ္မော်ချို လိမ္မော်ချို"

"ရှင်..."

"ထတော့လေ... ကိုကိုစားသောက်ခန်းထဲက စောင့်နေမယ်၊ မြန်မြန်လာခဲ့နော်၊ အိပ်ရေးရော ဝရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ထတော့"

လိမ္မော်ညည့်နက်မှ အိပ်ပျော်သွားပြီး ကိုကို့အသံကြားမှ လူးလဲ ထကာ မျက်နှာသစ်ပြင်ဆင်ပြီး စားသောက်ခန်းထဲ ပြေးလာခဲ့ရသည်။ ညက လိမ္မော်မဟုတ်တာတွေ လုပ်ထားမိ၍ နည်းနည်းတော့ စိတ်မလုံ ကိုကိုသိမှာလည်း လိမ္မော် အကြောက်ကြီး ကြောက်နေမိ၏။ ကိုကို့ဘက်က စည်းဖောက် လာမှာကိုတော့ လိမ္မော်အစိုးရိမ်ဆုံး ဖြစ်နေရသည်။

"လိမ္မော်"

"ရှင်..."

"ဒါက လိမ္မော်ကြိုက်တဲ့ နန်းကြီးသုတ်လေ ကိုကို ကိုယ်တိုင် သုတ်ပေးမယ်နော်"

"ရပါတယ်ကိုကို လိမ္မော်ကိုယ်တိုင် လုပ်ပါ့မယ်"

"ဖယ်စမ်းပါကွာ၊ ကိုကိုကိုယ်တိုင် သုတ်ပေးနေကျပဲဟာ လိမ္မော်လေးအကြိုက်ကို သိတာ၊ ကိုကိုပဲ ရှိတာပါ"

ကိုကိုက အရင်ကအတိုင်း တယုတယလုပ်ပေးနေပေမဲ့ လိမ္မော့် စိတ်တွေက အစ်ကိုအရင်းမဟုတ်မှန်း သိနေ၍ ရှက်ရွံ့နေမိသည်။





ဒေါ်စိုးသာအကြည့်တွေက လိမ္မော့်ထံ စူးစိုက်စွာ ကျရောက်လာ၏။ ဒေါ်စိုးသာက ကိုကိုနှင့် လက်ထပ်စေချင် နေသည်။

အတင်းအကြပ် စီစဉ်လိုက်ဖို့ ပြောနေသဖြင့် လိမ္မော် အရမ်းပဲ စိတ်ခတ်ကျမိ၏။ လိမ္မော့်ဘက်က ချစ်သူ ရှိမနေလျှင် ကိုကို့ဘက်မှ ဘယ်လိုတောင်းဆိုခွင့်မှ မရှိနိုင်တာပဲ။

လိမ္မော်ကတော့ ကိုကို့အပေါ် မောင်နှမလိုပဲ နေချင်သည်။ လက်ထပ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ ငြင်းဆန်ရမှာပဲ၊ နောက်ဆုံး လိမ္မော့်အသက်ပဲ ပေးရပေးရပါ။

"မောင် အလင်းသစ်"

"ဗျာ"

"မင်းတို့လက်ထပ်ပွဲကို အမြန်ဆုံးစီစဉ်တော့လေ၊ ဘာမှ မဆိုင်ပါဘူး၊ ဘုန်းကြီးငါးပါးဆွမ်းကပ်လိုက်၊ အရေးကြီးတာက အကြင် လင်မယားအဖြစ် ဒီတူပေါင်းသင်းနေထိုင်ဖို့ပဲ မဟုတ်လား"

"ဗျာ"

"ရှင်"

"ဗျာတွေ ရှင်တွေ ဘာမှ လုပ်မနေနဲ့တော့ အမြန်ဆုံးစီစဉ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလောက် စောင့်ဦးမယ် ဒေါ်စိုးသာ"

"ဘာဖြစ်လို့လဲကွယ်"

"ညီမလေးဘက်က တခြားယောကျ်ားလေးတစ်ယောက် မပတ်သက်ဘူးဆိုရင် အလင်းသစ်ဘက်ကလည်း ဒီအတိုင်းပဲ နေ... ကတိပေးထားတယ်လေ"

"ဒေါ်စိုးသာကတော့ စိတ်မချပါဘူး၊ ဟိုကောင်လေးက နည်း... မျိုးစုံနဲ့ ကြိုးစားလာနိုင်တယ်ဆိုတာ မင်း ဘယ်တော့မှ မမေ့လိုက်... ညကတောင်ခြေသံကြားလို့ ဒေါ်စိုးသာ ထကြည့်တာမင်းလား"

"ဗျာ ခြေသံကြားတယ်ဟုတ်လား၊ အဲဒါ ကျွန်တော် မဟုတ်ဘူး..."

ကိုကို့ကြည့်တွေက လိမ္မော့်ဆီ ဒိုင်းခနဲ ရောက်လာ၍ အ... အထိုင်ရခက်စွာ ရင်တွေ တဒိန်းဒိန်းစောင့်ခုန်တက်လာသည်။ ဒေါ်စိုး... က ကိုကိုကျန်ခဲ့ပြီး ဘဝပျက်မှာကို စိုးရိမ်ကြောင့်ကြနေတဲ့ လူယုံတော်... ပဲ၊ အမြဲတမ်း သံသယတွေနဲ့ တစ်တိုက်လုံးကို မျက်ခြည်မပြတ်... စောင့်ကြပ် ကြည့်ရှုနေ တတ်တဲ့ ဒေါ်စိုးသာပါ။

"လိမ္မော်ချို"

"ရှင်"





"နင် ညက အောက်ကို ဆင်းသေးလား"

"မဆင်းပါဘူး"

ကိုကိုက မသက်ာလို့ မေးလိုက်တဲ့အခါတွေမှာ လိမ္မော့်အဖြေက ...ိုင်းမှုမရှိစေရဘဲ တည်တည်ငြိမ်ငြိမ် ပြတ်ပြတ်သားသား ဖြေတာ... လက်ခံသည်။

အခုတလော လိမ္မော့် အသံတွေကလည်း တုန်ရင်လှုပ်ခတ်နေ... ထိန်းချုပ်လို့မရ။ ကြောက်စိတ်တွေ စိတ်မလုံတာတွေ ...တ်တွေနဲ့မို့၊ ကိုကို့အကြည့်တွေအောက်မှာ လိပ်ပြာငယ်နေရသည်။ ...နောက်ကို လိုက်သွားရင်ရော ဒီလိုမွန်းကြပ်ပိတ်လောင်နေတဲ့ ...ကြီးက လွတ်မြောက်ရမှာလား။ ကိုကိုရဲ့ ထိုးနှက်ချက်တွေကို ...ကြောက်စရာအကောင်းဆုံးအနေအထားဖြင့် ရင်ဆိုင်ရနိုင်သည်။

"ဒေါ်စိုးသာ သေချာလို့လား၊ ခြေသံကရော ကြားရတာ ...း"

"လှုပ်ရှားမှုက သဲ့သဲ့ပဲ အလင်းသစ်၊ ဒေါ်စိုးသာက အမြဲတမ်း ...နေအထားမှာ ရှိနေတော့ အာရုံက နည်းနည်းလေး လှုပ်ရှားတာနဲ့ ...ယ်၊ ခြေသံက လုံနေတယ်လေ"

...ဒေါ်စိုးသာကို သူ ယုံကြည်နေမိသည်။ လိမ္မော်ချိုကို သူ



www.burmeseclassic.com

www.burmeseclassic.com



အတင်းအကြပ်တော့ လက်မထပ်လိုပါ။

ခက်နေတာက အလင်းသစ် ကိုယ်တိုင်လည်း လိမ္မော်ချိုလေး သူ့အနားမှာပဲ ထာဝရ ရှိနေစေချင်တာပါ။ သူ လက်ထပ်ယူခွင့် မရှိရင်လည်း လိမ္မော်ချိုကို သူ့အနားကနေ ထွက်ခွာခွင့်တော့ လုံးဝမပြုနိုင်

သူက လိမ္မော်ချိုနှလုံးသားထဲက စီးဆင်းလာတဲ့ အချစ်တွေ လိုအပ်တာပါ။

ဒါပေမဲ့ မင်း ဟိုကောင်လေးနဲ့ တိတ်တဆိတ် ပတ်သ ဆက်နွယ်ဖို့ ကြိုးစားရင်တော့ ငါ့အဆိုးမဆိုနဲ့နော်။ လိမ္မော်ချို တည်ငြိ အောင် ထိန်းချုပ်ထားတဲ့ သူ့စိတ်တွေ လှုပ်ရှားထကြွလာရသည် စိုးရိမ်ပူပန်မှုတွေနှင့်အတူ ဒေါသတွေက ပေါက်ကွဲချင်နေ၏။

လိမ္မော်ချို ထွက်ပြေးဖို့ ကြိုးစားတာလား။ ဒေါ်စိုးသာ မ နိုင်ဘူး။ အလင်းသစ် မိဘတွေ လက်ထက်ထဲက အိမ်ရဲ့လုံခြုံရေး သတိကြီးစွာ စောင့်ရှောက် လာခဲ့သူပဲ။

"မင်း အောက်ကိုဆင်းဖို့ ကြိုးစားတယ် မဟုတ်လား လိမ္မော်

"မဟုတ်ပါဘူးကိုကို၊ လိမ္မော်သိတာပဲ တစ်တိုက်လုံးရဲ့ သော့ အားလုံး ဒေါ်စိုးသာ ကိုင်ထားတာပဲ"

လိမ္မော်ချို လိမ်ညာတတ်နေပြီမောင်၊ လိမ္မော်ချိုရင်တွေ တု





တော့မလားပဲ။ မောင် ဦးတူးနဲ့ပေါင်းထားတာ သိရင် ကိုကို့ဒေါသတွေ လောင်မှာပဲ။ ဒေါ်စိုးသာက အဆိုးဆုံးပဲ။ တစ်တိုက်လုံးမှာ အပ်ကျ အစ သတိထားပြီး ကိုကို့ကို အသိပေးတတ်တယ်။ လူ့လောက ကနေ လိမ္မော်ချိုထွက်သွားချင်ပါပြီ။ လိမ္မော်ချိုကြောင့် ဘယ်သူ တစ်ယောက်မှ ထိခိုက်နစ်နာမှုတွေ မဖြစ်စေချင်ပါဘူး။ လိမ္မော် တွေကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားမိသည်။

"အင်းလေ… ဒေါ်စိုးသာ သော့တွေကိုင်ထားတာပဲ၊ ခြံစောင့် လည်း ရှိတာပဲ၊ နင် ထွက်ပြေးဖို့တော့ မကြိုးစားနဲ့နော်၊ မလွတ် ငါက နင့်ကို ရေအဆုံး မြေအဆုံး လိုက်ပြီး သတ်ပစ်မှာပဲ၊ ာင်လေးလည်း အသေပဲ"

"လိမ္မော် ထွက်မပြေးပါဘူးကိုကို၊ ထွက်ပြေးဖို့လည်း မကြိုးစား လိမ္မော်က ထာဝရကိုကို့ညီမလေးပဲ ဖြစ်စေရပါမယ်နော်"

ဒေါ်စိုးသာထွက်သွားသည်။ ကိုကို့အကြည့်တွေက လိမ္မော့်ဆီ နေပြီး သူမလက်လေးကို ဆုပ်ကိုင်လိုက်သဖြင့် သူမ သွေးပျက် ကြောက်ရွံ့တုန်လှုပ်သွားရ၏။

"လက်တွေက အေးစက်နေပါလား၊ ရေခဲတုံးအတိုင်းပဲ၊ မင်း ကြောက်နေတာလဲ လိမ္မော်ချို၊ ကိုကို့ကိုလား"



www.burmeseclassic.com

www.burmeseclassic.com



သူ ချစ်မြတ်နိုးရတဲ့ လိမ္မော်လေးဆီက အချစ်တွေ သံယော ... တွေကို မရဘဲ ဘာဖြစ်လို့ ကြောက်ရွံ့ထိတ်လန့်မှုတွေပဲ ရှိနေရတာလဲ ... ကိုကိုချစ်ခြင်းမေတ္တာတွေနဲ့ ယုယပြုစုလာခဲ့ရတာတွေ လိမ္မော်လေ ... ဘာဖြစ်လို့ အသိအမှတ် မပြုချင်ရတာလဲ။

"လိမ္မော်လေး"

"ရှင်..."

"မင်းကျေးဇူးပြုပြီး ကိုကို့အနားမှာပဲ နေပေးပါလားကွာ၊ ကို ... အနားကနေ ထွက်ခွာသွားဖို့ မကြိုးစားပါနဲ့နော်၊ ကိုကို လိမ္မော်လေး ... အရမ်းချစ်မြတ်နိုးရလို့ လိမ္မော်လေးရယ်"

အေးစက်တုန်ခါနေတဲ့ သူမလက်လေးကို ဖျစ်ညှစ် ဆုပ်ကိုင် ... စားသောက်ခန်းထဲမှ အိပ်ခန်းအထိ ကိုကိုက လိုက်ပို့ပေးခဲ့သည်။ ... ဟိုကောင်လေးနဲ့ ပတ်သက်ရင်ပဲ ဖြစ်ဖြစ် ကိုကို့အနားကနေ ထွက်ပြေ ... ကြိုးစားရင်ပဲဖြစ်ဖြစ် မင်းကို အတင်းအကြပ် လက်ထပ်ရလိမ့်မယ် ... ကိုကို ပြန် ထွက်သွားတော့မှ သူမ မွန်းကြပ်နေတဲ့စိတ် ... နည်းနည်းလေး ပြေလျော့သွားရကာ အိပ်ရာပေါ်သို့ သူမ ခန္ဓာကိုယ် ... ပုံခွေကျသွားရတော့သည်။

○





## အခန်း (၁၇)

ခြံစောင့် ဦးတူးကတော့ မိုးစက်သော် ပြန်ထွက်သွားနိုင် ...င် အခွင့်အရေးစောင့်နေရင်း ဝှက်ထားရသည်။ ဒေါ်စိုးသာ က ...သ်သူ့မှ ယုံကြည်တာမဟုတ်၊ အခြေအနေကို မျက် ခြည်မပြတ် ...င့်ကြည့်နေတတ်၏။ ဦးတူးလန့်နေရ၏။ ငွေ လိုချင်လို့သာပါ။ ...လေး အလင်းသစ်ကလည်း ဦးတူး အပေါ် ကောင်းပါတယ်၊ ...ည်ရှုထောက်ပံ့တာပဲ၊ မိုးစက်သော် ဆိုတဲ့ ကောင်လေးက ...က်သွက်တော့ ဦးတူး မလှုပ်သာ တော့ပဲ ကောင်လေးနိုင်းသမျှ ...ပေးနေရ၏။

"ဦးတူး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ပါနဲ့ဗျ၊ ကျွန်တော်ဒီမှာ ရှိနေတာ ဘယ် မသိနိုင်ပါဘူး၊ သိသွားလည်း ဦးတူးကို အလုပ်ထုတ်ရုံပဲရှိမှာပါ"

"ဆရာအလင်းသစ်က ငါတို့ကျေးဇူးရှင်ကွ၊ တို့ အစဉ်အဆက် သစ္စာရှိလူယုံတော်တွေအဖြစ် အလုပ်လုပ်ကြ တာပါ"

"ခင်ဗျား သားသမီးတွေအထိ ဒရိုင်ဘာတွေ ခြံစောင့် လုပ်နေကြတော့မှာလား"

"တော်စမ်းကွာ"

"ကျွန်တော်နဲ့ ပူးပေါင်းစမ်းပါ ဦးတူးရော၊ ကျွန်တော့် လိမ္မော်ချို ဒီမှာရှိနေသရွေ့ ကျွန်တော် ဒီကနေ ထွက်မသွား နိုင်

"ဟကောင်ရေ မင်းကောင်မလေးက လိုက်မလား ဝေးသေး သူ့အစ်ကိုကို မရက်စက်နိုင်ဘူးလေ၊ ငါ သိတယ်ကွ၊ အန္တရာယ်ရှိတယ်၊ ဟိုမိန်းမကြီးကလည်း ခပ်ကြမ်းကြမ်းပဲ"

"ကျွန်တော်' ရင်ဆိုင်မယ်၊ သတ်ချင်လည်းသ ထောင်ချချင်လည်း ချဗျာ၊ အချစ်ဆိုတာ အင်အားပဲဗျ၊ ဦးတူ ချစ်တတ်ပါတယ်ဗျာ၊ ကိုယ်ချင်းစာစမ်းပါ"

"ခက်တာပဲကွာ"





မိုးစက်သော်ကတော့ လိမ္မော်ချိုကို ဒုက္ခတောထဲက ကယ်တင် ခေါ်ထုတ်သွားရန် ဆုံးဖြတ်ထားသည်။ ကိုအလင်းသစ် ခင်ဗျားကြီး အတ္တကြီးနေတာပဲ။ လိမ္မော်ချိုကို အနိုင် ကျင့်နေတာပါ။ မောင်နှမအရင်း မဟုတ်ဘူးဆိုသဖြင့် ပို၍ပင် စိတ်ပူနေမိ၏။ ကိုအလင်းသစ်ရဲ့ စိတ်ဆန္ဒ တွေက မရိုးသား နိုင်ပါဘူး။ အစ်ကိုတစ်ယောက်ရဲ့ ခံစားမှု မဖြစ်နိုင်။ ချစ်သူရည်းစားသဖွယ် ဂရုတစိုက် စည်းကမ်းတွေတင်းကြပ်စွာ စောင့် ကြည့်နေသည်။ ကိုအလင်းသစ်ဘက်က မရိုးသားနိုင်ဘူး၊ မိုးစက်သော် တွေးနှင့်ပင် စိတ်ပူသွားရကာ ချစ်သူလိမ္မော်ချိုအားပြေးပြီး ခေါ်ချင် ရသည်။

"မောင်ရင်"

"ဗျာ"

"မင်းအကြံအစည်တွေကို လျှော့ပစ်လိုက်စမ်းပါကွာ၊ မလွယ်ဘူး င်တယ်၊ မင်းနဲ့ လိမ္မော်ချို ဖူးစာရေစက်ရှိရင် ညားမှာပဲလေကွာ"

မိုးစက်သော်အကြည့်တွေက တိုက်ကြီးရဲ့ အပေါ်ထပ် ထောင့်စွန်း န်းလေးဆီ လှမ်းမျှော်ကြည့်နေမိသည်။ ချစ်သူ လိမ္မော်ချိုရှိနေ ပြတင်းပေါက်တံခါးတွေ ပိတ်ထားပြီး အပြ ရောင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာလေး ကာရံထားသည်။ အခန်းလေးထဲ သော်ရောက်နေတာ
အလင်းသစ် သိလျှင် ဒေါသတွေထွက်ပြီး အသေမျှား သတ်ပစ်မလား

မောင့်စိတ်တွေ ထိန်းချုပ်နေရတယ် လိမ္မော်။ စိတ်ပူတယ်
လိမ္မော်အထဲမှာ ဘယ်လို အခက်အခဲတွေ စိတ်သောကတွေနဲ့ ရင်
နေရပြီလဲကွာ၊ လိမ္မော့်စိတ်က ကိုအလင်းသစ်ကို အစ်ကိုအ
တစ်ယောက်လိုပဲ ချစ်ခင်သံယောဇဉ် ကြီးမားနေရတာ သော်သိနေ

မောင်ကတော့ လိမ္မော်ကို ဘယ်လို နည်းနဲ့မှ မစွန့်လွှတ်နိုင်
မောင့်နောက်ကိုပဲ ယုံကြည်စိတ်ချစွာ လိမ္မော်လေး လိုက်ခဲ့
မမိုးပွင့်သော်ကလည်း သဘောတူ ကြည်ဖြူနေသည်။ လိမ္မော်ရင်
ဖို့ပဲ သတ္တိမွေးဖို့ပဲ လိုအပ်တာပါ။

တိုက်ကြီးထဲမှာ ငြိမ်သက် တိတ်ဆိတ်နေ၏။ လိမ္မော်
အယောင်မျှပင် မတွေ့တော့ သော်ကလည်း အကြည့်တွေကို ဖွဲ့
မပစ်ခဲ့။

ကံကြမ္မာလေး အခွင့်အရေးလေး ရလိုရငြားပင် ကိုအလင်း
လည်း ကုမ္ပဏီသို့ပင်မသွားတော့ လိမ္မော့်ကို စောင့်ကြည့်နေ
သော် အကြံအိုက်နေ၏။





မောင်စောင့် နေမှာပါ။ လိမ္မော့်ကို စိတ်မချဘူး။ လိမ္မော်နဲ့ ဝေးဖို့ဆိုရင် မောင်ဒီခြံကြီးရဲ့ အပြင်ဘက်မှာ တစ်နာရီ တစ်စက္ကန့်လေး တောင် နေလို့မရပါဘူး။ မောင် အစိုးရိမ်ဆုံးက ကိုအလင်း သစ်ရဲ့အဖွဲ့ပဲ။ လိမ္မော့်ကို အတင်းအကြပ် သိမ်းပိုက်လိုက်မှာ ကိုပါပဲ လိမ္မော်ရယ်။

"မောင်ပြန်ပါ။ ကိုကိုလက်ခံလာတဲ့အထိ လိမ္မော် စောင့်နေပါရစေ၊ ဘာပဲဖြစ်ဖြစ် ကိုကိုလ လိမ္မော်ကို သူ့မျက်စိ အောက်မှာပဲ ရှိနေစေချင်တာ တစ်ခုပါပဲ။ လိမ္မော်သာ ချစ်သူ နောက်လိုက်သွားရင် ကိုကိုဝိုပြီး ပေါက်ကွဲသွားလိမ့်မယ်။ အမှားအယွင်းတွေ ထင်ကာထင်ကာ လုပ်တော့ မယ်၊ နော် နားလည်ပေးပါနော်၊ လိမ္မော် အနူးအညွတ်တောင်းပန်ပါတယ်၊ မောင် ဒီမှာ လုံးဝ ဆက်မနေပါနဲ့တော့နော်"

သော် ဒီခြံကြီးထဲကနေ ထွက်ခွာသွားဖို့ဆိုတာ မဖြစ် နိုင်တော့ပါ။ ချစ်သူကိုလည်း စိတ်မချ။ ကိုအလင်းသစ်က အတ္တကြီးသူ လိမ္မော်ကို အလွန်အမင်း နှစ်သက်ချစ်ခင်နေသူ။ သော် မိုက်မိုက်မဲမဲ လုပ်ပစ်ချင် ပေမယ့် လိမ္မော်ရဲ့အမုန်းကိုးလည်း မခံယူလိုခဲ့။ ကိုအလင်းသစ်အပေါ် သံယောဇဉ် တွယ်တာနေမှာ ပါပဲ။ ကိုကိုအပေါ် မရက်စက်နိုင်ဘူးဟု လိမ္မော် တတွတ်တွတ် ပြောနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့စိတ်တွေ ပြောင်းသွားမှာပါ၊ အလျှော့ပေးသွား မှာ ကိုကို့နှလုံးသားတွေထဲမှာ ညီမလေးဆိုတဲ့ သံယောဇဉ် တစ်ဝက်ရှိနေ လိမ္မော်သိနေပါတယ်၊ ယုံပေးပါမောင်ရယ်၊ အချိန်လေးတစ်ခုပဲ စောင့် ကြရအောင်နော်"

လိမ္မော့်ဆန္ဒက ပြဿနာကိုမရှာဘဲ စိတ်ရှည်စွာ အချိန်တစ်ခု စောင့်နေစေချင်သည်။ ကိုကိုက လူတော်လူကောင်းပါဟုလည်း ပြော သေး၏။

သော်ကတော့ ချစ်သူအား လက်လွှတ် ဆုံးရှုံးရမည့်အရေး တွေးတောနေရင်း စိတ်တွေထိန်းချုပ်နိုင်စွမ်း ကင်းမဲ့နေသည်။ ချင် အနားကနေ ထွက်ခွာ သွားဖို့ခြေလှမ်းတစ်လှမ်းပင် မရွေ့လျားချင် ခြံစောင့် ဦးတူး အခန်းလေးက ကျဉ်းမြောင်းညစ်ပတ်နေ၏။

တစ်ယောက်တည်း နေတာဆိုတော့လည်း ဖြစ်သလို မိုးစက်သော်က အသန့် အပြန့် ကြိုက်နှစ်သက်သူပဲ။

လိမ္မော့်အတွက် သော် ဘာကိုမှ ဂရုမစိုက်နိုင်။ ဦးမူး အခန်းကျဉ်းလေးထဲမှာ ချွေးတလုံးလုံး နှင့်။ ဒုက္ခခံကာ ထိုင်နေ

"မိုးစက်သော် "





"ဗျာ"

"ပြန်ပါ ကောင်လေးရယ်၊ မင်းကောင်မလေးကို ပြောချင် တာရှိရင် စာရေးခဲ့လေ၊ ငါသွားပြောပေးမယ်၊

"ကျွန်တော့်ကို မသွားခိုင်းပါနဲ့ဗျာ၊ ကျွန်တော် လိမ္မော်အနားမှာပဲ နေပါရစေ၊ ကျွန်တော် ဘယ်လိုနည်းနဲ့မှ အဝေး မခံနိုင်ပါဘူး"

"ဒုက္ခပါပဲကွာ"

သော့်အပေါ်မှာရှိနေတဲ့ ထပ်ခိုးကျဉ်းကျဉ်းလေးထဲမှာ ထိုင်နေ သည်။ အခွင့်အရေးရတာနှင့် ချစ်သောလိမ္မော်အား ခိုးပြေးဖို့ပင်။

သော် စိတ်မောနေသလောက် လိမ္မော့်အရိပ် အယောင်မျှပင် မတွေ့ရ။

ဘာပဲဖြစ်ဖြစ် လိမ္မော့်ကိုအပါခေါ်ဖို့ ဆုံးဖြတ်ထားမိ၏။ ကိုအလင်း သစ်အား သော် မယုံပေ။ စိတ်ရှုပေါက်နေတဲ့ လူကြီးပဲ လိမ္မော့်ကို အတင်းအကြပ် သိမ်းပိုက်လိုက်မှာ သူ အစိုးရိမ်ဆုံးပင်။

သော် မျက်တောင်ပင် မခတ်ရဲ။ ဦးတူးက အောက်မှာ ငုတ် တုတ်ထိုင်နေသည်။ တိုက်ကြီးထဲမှ ဒေါ်စိုးသာ ထွက်လာ၏။ ဦးတူးနှင့် ဘာတွေ ပြောနေသည်မသိ။ သော်မလှုပ်ရဲပဲ ငြိမ်ကုပ်နေရ၏။

www.burmeseclassic.com



ဒေါ်စိုးသာ ကိုကို့အပေါ် သစ္စာရှိသည်တဲ့။ ကိုကို့ဆန္ဒပဲတဲ့။ သော့်စိတ် လှုပ်ရှားစွာ နားစွင့်နေသည်၊ ခဏကြာတော့ သော့်ရှိနေတဲ့ ထပ်ခိုးပေါ် ဦးတူး တက်လာတော့၏။

ဖောချွေးတွေ ပျံ နေတာကို လက်ဖြင့်သပ်ရင်း သော့်ကို ပြန်နိုင်းသည်။

"ကောင်လေးပြန်ပါ။ ဒေါ်စိုးသာရော မောင်အလင်းသစ် မောင်ရင့်ကို မသက်သာဖြစ်နေကြတယ်၊ ကျုပ်ကိုလည်း မယုံကြည် လာမေးတာပဲ"

"မသွားဘူးဗျာ"

"ခက်တာပဲကွာ"

ဦးတူးလည်း စိတ်ညစ်နေသည်။ ချစ်သူနှင့်လက်ထပ်ဖို့ မောင် စက်သော့်ထံမှ ပိုက်ဆံက လက်ခံထားပြီးပြီ၊ ဒေါ်စိုးသာက ရိပ်မိနေပြီလား

မောင်အလင်းသစ်အပေါ် အသက်ပေးပြီး သစ္စာထားမယ့် ဒေါ်စိုးသာရယ်ပါ။ ဦးတူးသာ သစ္စာမဲ့တာ။ ဟိုကောင်လေး လူလည် ကျတာပဲ။ ဦးတူး စိတ်ညစ်နေရ၏။

ဒါပေမဲ့ ဦးတူးမှာ ချစ်သူရှိလာပြီဆိုတော့လည်း ကိုယ်ချင်းစာ





ပေါ့လေ။ ချစ်သူချင်း မကွဲစေချင်ပါဘူး။ မောင်အလင်းသစ်ကို လိမ္မော်ချိုလေးကမှ မချစ်တာပဲ။

ဦးတူးစိတ်ထဲမှာ လိမ္မော်ချိုလေးကို သနားနေမိတာ ကြာပါပြီလေ ... တ်နိုင် တော့ဘူးကွာ။

"ကဲကွာ...ကောင်လေး...မင်းဒီလောက်အထိ ချစ်နေမှ တော့ကွာ မင်း သဘောပဲပေ့"

"ဒီလိုမှပေါ့ ဦးတူးရာ ကိုယ်ချင်းစာစမ်းပါ"

ဦးတူး စိတ်ပျက်လက်ပျက်နှင့် ထပ်ခိုးလေးပေါ်မှ ပြန်ဆင်း သွားသည်။

သော့်ကတော့ ထပ်ခိုးကျဉ်းကျဉ်းလေးထဲမှာပဲ ချစ်သူလိမ္မော်ချိုရဲ့ ... နိုပ်အခြည်ကို စောင့်ကြည့်နေ၏။

ချစ်သူရဲ့ အရိပ်က ညနေစောင်းသည်အထိ မတွေ့ရ။ ပြတင်း ... ပေါက် တံခါးလည်း ပွင့်မလာ။

လိမ္မော်ရယ် မင်း ဘယ်လိုအခက်အခဲ ဒုက္ခတွေနဲ့ ရင်ဆိုင်နေရ ... ကွာ။ မောင် စိတ်ပူနေတယ်။ မောင့်နောက်ကိုသာ လိုက်ခဲ့ပါတော့။ ... မ္မော်ကို ပျော်ရွှင်ချမ်းမြေ့အောင် မောင်ထားနိုင်ပါတယ်။ ပြင်း



www.burmeseclassic.com

www.burmeseclassic.com



ရိုးသားလွန်းသော ချစ်သူလေးကို သော် ဘယ်လိုအကြောင်းတွေနဲ့မှ မစွန့်လွှတ် နိုင်ပါ။

ကိုလင်းသစ်က အနိုင်ကျင့်ပြီး အတင်းအကြပ် လက်ထပ်လိုက်မှာ လည်း သော် စိုးရိမ်ပူပန်နေသည်။

"ကောင်လေး"

"ဟင်..."

"ထမင်းစားဦးလေ"

"မစားချင်ပါဘူး ဦးတူးရာ၊ ကျွန်တော် ရင်တွေပြည့်နေတယ်၊ အစားတွေကို မျိုချချင်စိတ်တောင်မရှိပါဘူး။ ဆာလည်း မဆာဘူးဗျာ"

"အဲဒီလောက်အထိ မဖြစ်ပါနဲ့ကွာ၊ အစားတော့ စားပါ၊ ဒါမှ မင်းကောင်မလေးကို ကူညီနိုင်မှာလေ"

"ဦးတူး"

"ပြောလေကွာ"

"လိမ္မော်ချိုဆီ စာတစ်စောင်လေး ပေးပါ"

"ဟေ"

"လုပ်ပါဗျာ၊ ကူညီလက်စနဲ့ကူညီပါ၊ လိမ္မော်ဆီ စာ ပေးပေးပါ"





"ပေးကွာ"

ဦးတူးလည်း ကူညီလက်စနဲ့ ကူညီဖို့ပဲ ဆုံးဖြတ်လိုက် သည်။

ိုးသာ စကားအရ လိမ္မော်လေးကို မောင်အလင်း သစ်နဲ့ င်းအကြပ် လက်ထပ်ပေးရမယ်တဲ့။

ဒေါ်စိုးသာက ဦးဆောင် စီစဉ်ပေးမည့်ပုံပင်။ ဦးတူးကိုလည်း ရှိဖို့နဲ့ မောင်အလင်းသစ်တို့ မိဘလက်ထက်က ကျေးဇူးတရားတွေ ပြားကြောင်း သတိပေး ပြောကြားသည်။

"ဦးတူး နင့်သခင်အပေါ် သစ္စာရှိနော်၊ နင်တို့ ဘိုးစဉ်ဘောင်ဆက် ရှိလာခဲ့ကြတာပဲ။ မောင်အလင်းသစ်က တို့လက်ပေါ်မှာ ကြီးပြင်း တာပဲ၊ မောင်အလင်းသစ်ဆန္ဒက တို့ဆန္ဒပဲ ဖြစ်စေရမယ်၊ တို့မိဘတွေ ည်း မောင်အလင်းသစ် မိဘတွေက ကယ်တင်စောင့်ရှောက် မွေးခဲ့တာလေ"

ဦးတူးလည်း မတတ်နိုင်တော့ဘူး၊ ဟိုကောင်လေး မိုးစက်သော် ည်းအရုံးကောင်းလို့ မျောပါသွားရပြီပဲ။ ချစ်သူ ဒေဝီကလည်း င့်မျိုးဆက်ကို ဖြတ်ပြစ်လိုက်ပါတော့တဲ့။ ဦးတူး ဒီခြံကြီးကနေ ထွက်သွားရတော့မည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပေးကွာစာ၊ မင်းတို့ထိုက်နဲ့ မင်းတို့ကံပဲ။ ငါလည်း ဒေဝီနဲ့အတူ မျိုးဆက်သစ် ထူထောင်တော့မယ်၊ ငါ့သားစဥ် မြေးဆက်တော့ ဒရိုင်ဘာမျိုးရိုး ခြံစောင့်မျိုးရိုး မဖြစ်အောင် ငါ ကြိုးစားတော့မယ်။

"ဒီလိုမှပေါ့ဗျ။ ဦးတူးလည်း ချစ်တတ်တာပဲ၊ ဒေဝီကို မစွန့်လွှတ်နိုင်ဘူး မဟုတ်လား"

"မင်း မင်းလိုပဲပေါ့ကွာ"

ဦးတူးစာကိုယူပြီး ထပ်ခိုးလေးပေါ်မှ ပြန်ဆင်းသွားသည်။ အခုမှ သော် ဗိုက်ဆာလာပြီး ဦးတူးလာပို့တဲ့ ထမင်းကို စားလိုက်၏။ ချစ်သူလိမ္မော်အတွက် သော် အသက်ရှင်ဦးမယ်။

လိမ္မော်ရယ်။

လိမ္မော်ကို မောင်အရမ်းချစ်တယ်။

○





## အခန်း (၁၈)

ဦးတူးဝင်လာပြီး မသိမသာပေးသွားသောစာကို လိမ္မော် ဖွင့်ကြည့်လိုက်တော့ လိမ္မော်အထိတ်တလန့်နှင့် မျက်ဝန်း လေးတွေ ...ယ်ပိုင်းစက်သွားရသည်။

ဘုရားရေ...

မောင်ရှိနေဆဲပါပဲလား မသွားသေးဘူးတဲ့။ မောင့်အတွက် ...စိုးရိမ် ပူပန်မိနေ၏။

ဒေါ်စိုးသာကလည်း ကိုကို့အပေါ် နူးညံ့ကြင်နာစွာ ဆက်ဆံဖို့ပဲ ...ထွက်ပြောနေသည်။ လိမ္မော် ကိုကို့ကို ဘယ်နည်းနဲ့မှ လက်မထပ် ... အချိန်တစ်ခုခုကို စောင့်ချင်နေမိ၏။ ကိုကို့အပေါ် အစ်တို့



www.burmeseclassic.com

www.burmeseclassic.com



အရင်းတစ်ယောက်ကဲ့သို့ပဲ သံယောဇဉ် တွယ်မိနေပြီ။ လက်ထပ်ဖို့ဆို
ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တာ။

ကိုကို့အမိန့်နှင့် အခန်းရဲ့ ပြတင်းပေါက်တွေ ကိုပင် ဖွင့်ခွင့်မရှိ
ထူထဲသော အညိုရောင်လိုက်ကာတွေနှင့် ကာရံထားပြီး လိမ္မော်အိမ်
ထဲမှာ လိုလေသေးမရှိအောင် ဖြည့်ပေးထားခဲ့သည်။

ကျယ်ဝန်းသော အခန်းကြီးဖြစ်ပြီး တန်ဖိုးကြီးမားသော အ
အဆောင်ပစ္စည်းတွေက ပြည့်နှက်နေ၏။ လိမ္မော်အကြောက်ဆုံး အ
ခန်းကြီးကို ဖျက်ဆီးပစ်လိုက်ပြီဟု ကိုကိုကပြောတော့ လိမ္မော် ဝမ်း
လိုက်ရတာ။

"လိမ္မော် ချစ်ရသောလိမ္မော်ရယ်၊ မောင်တစ်ညလုံး ငြိ
ရှိနေမယ်နော်၊ လိမ္မော်လာတွေ့ပါကွာ၊ သစ်ခွခြံကြီးရဲ့ အနော
စောင့်နေမယ်၊ လိမ္မော်ဆင်းလာခဲ့ပါ၊ သတ္တိတွေ မွေးစမ်းပါ အချစ်
လိမ္မော်ဆင်းမလာရင် မောင်တက်လာမှာနော်၊ မောင့်စိတ်တွေ ပူ
အိပ်လို့လည်း မရဘူး၊ အစာတွေလည်း စားလို့မရဘူး၊ မောင့်ချ
လက်လွှတ် ဆုံးရှုံးရမှာ မောင် အကြောက်ဆုံးပဲ လိမ္မော်ကို
နည်းမျိုးနဲ့မှ မောင် လက်လွှတ်အဆုံးရှုံး မခံနိုင်ဘူး၊ လိမ္မော်ဆ





ဘူး ကျညီမယ်တဲ့၊ မကြောက်ပါနဲ့ကွာ။ ဆင်း ဖြစ်အောင် ဆင်းခဲ့ပါ။
ောင် တစ်ညလုံး အအေးထဲမှာ ထိုင်စောင့်နေမှာနော်၊ လိမ္မော့်ကို
သက်တမျှ မြတ်နိုးရသော မိုးစက်သော်"

စာလေးကိုဖတ်ပြီး လိမ္မော်လက်လေးတွေ တဆတ်ဆတ်
န်လာရ၏။ နှလုံးခုန်သံတွေ တဒိန်းဒိန်းမြည်ဟီးလာရ၏။ မောင်
ဖြစ်လို့များ ခေါင်းမာချင်နေရတာလဲကွယ်။ အချိန်လေးတစ်ခုတော့
င်စိတ်ရှည်လက်ရှည် စောင့်ပေးစေချင်ပါတယ်။

အခုကတော့ ကိုကို အဝန်းအဝိုင်းထဲမှာ ရောက်နေတဲ့ မောင့်
က် စိတ်ပူနေရတာပါပဲ။ မောင့်ကို တွေ့သွားရင်တော့ ကိုကို
နည်းနဲ့မှ သည်းခံ ခွင့်လွှတ်ပေးမှာမဟုတ်ပါဘူး။ အသေသတ်ပစ်
ဒါမှမဟုတ် အချုပ်ထဲပဲပို့လိုက်မလား။

လိမ္မော်ကို ငယ်ငယ်လေးကတည်းက မျက်ခြည်မပြတ် စောင့်
ပြီး တင်းကြပ်သောစည်းကမ်းဘောင်တွေနဲ့ ထိန်းကွပ်ထားခဲ့သည်။
ကြာခဏ ဘာမဟုတ်တဲ့ကိစ္စတွေ နှင့် ဒေါသတွေ ပေါက်ကွဲတတ်
လိမ္မော်အသိဆုံးပင်။ တွေးတောင် မတွေးရဲခဲ့ရတာတွေ ပူပင်
တွေ စိတ်ညစ်နွမ်းမှုတွေ ပြည့်နှက်နေခဲ့၏။ တန်ဖိုးကြီးမားသော



www.burmeseclassic.com

www.burmeseclassic.com



အသုံးအာ ဆောင်တွေ လိမ္မော့်အိပ်ခန်းထဲမှာ ခံ့ညားလှပနေသော်လည် လိမ္မော့်မှာ ပျော်ရွှင်ချမ်းမြေ့မှုဆိုတာ ဘာတွေလဲဟုပင် မေးယူရမလော... ပါပဲ။

ကိုကို့ရဲ့ စွပ်စွဲမှုတွေ သက်ာမကင်းသောအကြည့်တွေ မထင်... မထင်သလို ပေးတတ်သော ကြောက်မက်ဖွယ် အပြစ်ဒဏ်... လိမ္မော့်ရင်ထဲမှာ ကြေကွဲဝမ်းနည်းမှုတွေ စို့တက်လာရသည်။

လိမ္မော် အပြင်ထွက်ဖို့ မလွယ်ပါဘူး။ ပြဿနာတွေ... အပြင်းထန်ဆုံး ပေါက်ကွဲမှာပါ။ လိမ္မော်လည်း မောင့်ကို ချစ်ပါတ... လိမ္မော့်နှလုံးသားတွေ ထဲအထိ စူးနစ်တိုးဝင်နေအောင် မောင့်အ... ချစ်မြတ်နိုးရတာပါနော်။

လိမ္မော် ဘာလုပ်ရမလဲဟင်။ ညက တစတစ အချိန်... သယ်ဆောင်ကာ အမှောင်ထုထဲ တိုးဝင်နေသည်။

ဒီဇင်ဘာလရဲ့ အအေးဒဏ်က လိမ္မော့်အခန်းထဲမှာ လှုံမြှ... တောင် မေးခိုက်မတတ် ချမ်းစိမ့်နေ၏။ မောင် အပြင်မှာပဲ... ခေါင်းမှာပြီး တစ်ညလုံးထိုင်နေတော့မှာ လိမ္မော်သိနေသည်။ အိ... ဖွတ်အတင်းဝင်လာလေမလား။





ညဦးက တဖြည်းဖြည်းနက်လာတော့ တစ်တိုက်လုံးက တိတ် ...ိတ်နေ၏။ ကိုကိုအိပ်ပြီလား။ ဒေါ်စိုးသာ မီးဖိုခန်းမှာ အိပ်စက်တာပါ။ ...ဘူးက တံခါးတွေ ဖွင့်ပေးထားမယ်တဲ့။

မောင် အအေးကြီးထဲမှာ တစ်ညလုံး ထိုင်နေမှာကိုလည်း ...မ္မော် စိတ်ပူပင်ရသလို တိုက်ထဲ ဖွတ်ဝင်လာမှာလည်း လိမ္မော် ...ကြောက်နေရသည်။

မောင့်ကို သွားတွေ့ရမယ်။ ပြန်ထွက်သွားဖို့ လိမ္မော်ချော့မော့ ...ောင်းဖျချင်နေ၏။ လိမ္မော်တံခါးမကြီးနား ဖြည်းညင်းစွာ လျှောက် ...ားရင်း တိုးကပ်လာမိသည်။

"ဖြတ် ဖြတ်"

"အမလေး"

လိမ္မော့်အခန်းဆီ လျှောက်လာတဲ့ ခြေသံက ကိုကို့ခြေသံ ...။ ဒေါ်စိုးသာက ခြေသံကြွပ်းသည်။ ကိုကိုက ညင်သာ၏။ လိမ္မော် ...ဉ်ကြားနေကျ ကိုကို့ခြေသံပါပဲ။

လိမ္မော်ခြေလှမ်းတွေ နောက်ပြန်ဆုတ်ပြီး အိပ်ရာပေါ် လှဲချ ...ာ်၏။ ကြောက်စိတ်တွေက ယခင်ကထက်ပိုနေပြီး နှုတ်ခမ်းလေး



www.burmeseclassic.com

www.burmeseclassic.com



တွေက တုန်ရီနေသည်။ လိမ္မော်ဘယ်တော့မှ ဟန်ဆောင် ထိန်းချု
နိုင်ခြင်း မရှိခဲ့။ လိမ္မော့်မျက်ဝန်းတွေကို စေ့စေ့ကြည့်ကာ အကဲဖ
လေ့ရှိသော ကိုကိုရဲ့သက်ာမကင်းတဲ့ မျက်ဝန်းတွေအောက်မှာ လိမ္မေ
စိတ်တွေ ခြောက်ခြားတုန်ရီနေခဲ့ရ၏။

"ကျွို"

တံခါးပွင့်သွား၍ လိမ္မော့်မျက်ဝန်းလေးတွေ ခပ်တင်းတ
ထိကပ်သွားကာ အိပ်ချင်ယောင်ဆောင်နေပေမဲ့ စိတ်ကနေ ကြောက်
မိသည်။ ကိုကိုလျှောက်လာ၏။

လိမ္မော်အသက် ရှူပင် မှားမတတ်ဖြစ်နေရကာ ချွေးတွေ
ပျံချင်လာရ၏။ ကိုကို့အငွေ့အသက်က လိမ္မော်နှင့် အနီးကပ်
ရောက်ရှိ လာသည်။

"မင်း အိပ်ချင်ယောင်ဆောင်နေတာပါ လိမ္မော်ချို"

"ရှင်"

"တွေ့လား မင်း အိပ်မပျော်သေးဘဲ မင်းစောစောက တံခါး
ရပ်နေတာပဲ လိမ္မော်ချို ထစမ်း နောက်ပြန်လှည့်သွား တဲ့ မင်းချေ
ကိုကို ကြားလိုက်တယ်။"





လိမ္မော် အိပ်ပျော်နေဟန် ဆက်ပြီးဆောင်နေလို့ မရတော့ ပါ။
ကိုက တစ်သက်လုံး သူ့စိတ်တွေထဲမှာ ထင်မှတ် နေတာတွေပဲ
တရွတ်ပြောဆိုနေတာပဲ မဟုတ်လား။ လိမ္မော် ထထိုင်လိုက်ရသည်။

ဒါပေမဲ့ ကိုကို့မျက်ဝန်းတွေက လိမ္မော်ငယ်ငယ်ကလောက်တော့
ဒါသတွေ ပေါက်ကွဲကာ တင်းမာခက်ထန်မှု မရှိတော့ပါဘူး။ လိမ္မော့်မှာ
သူရှိနေတာ သိသွားတဲ့ အချိန်ကစပြီးတော့ ကိုကိုတက်မှ ဒေါသတွေ
လျော့နည်းသွားသည်။

"လိမ္မော်ချို"

"ရှင်"

"အိပ်လို့ မပျော်ဘူးလား၊ ဒီအချိန် အိပ်ချိန်ပဲလေ၊ ဘာတွေ
းနေရတာလဲ၊ မင်းကောင်အကြောင်းတွေပဲ မဟုတ်လား"

"ဟို...ဟို...မဟုတ်ပါဘူးကိုကို လိမ္မော် လန့်နိုးသွားတာပါ။
ထသောက်ပြီး အိပ်ရာပေါ်တက်လိုက်တာပါ"

"မင်းလိမ်ညာတာပဲ၊ မင်းတံခါးဝနားကနေ လျှောက်သွား
ခြေသံပါ။ မင်းနဲ့ပတ်သက်လာရင် ကိုကို အမြဲတမ်းအာရုံ စူးစိုက်
ဘတ်တာ မင်းသိပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့အကြည့်တွေက လိမ္မော်ငယ်စဉ်က ရင်ဆိုင်တွေ့ မြင်
ရသော မာထန်လွန်းသော ဒေါသမျက်ဝန်းတွေ မဟုတ်တော့ အနည်းငယ်
ပျော့ပြောင်းနေသည်။ လိမ္မော်နှုတ်ခမ်းလေးတွေကလည်း တဆတ်ဆတ်
တုန်ယင်နေဆဲပင်။ မှောင်ခြင်းထဲမှာ ရှိနေ၍လည်း လိမ္မော်မျက်နှာလေး
ပျက်ယွင်းနေရ၏။ လိမ္မော်နှင့်ပတ်သက်ပြီး ငယ်စဉ်ကတည်းက အင်
တကြည့်ကြည့် ဖြစ်နေ၍ လိမ္မော့်အကဲကို အလွယ်တကူ ဖမ်း
နိုင်ခဲ့သည်။

"လိမ္မော်"

"ကိုကို"

"ကိုကို့ကို အရမ်းကြောက်နေတဲ့ မျက်လုံးတွေနဲ့ မကြ
ပါနဲ့လား"

"ရှင်"

ကိုကို့လက်က သူမလက်လေးကို ဆွဲပြီး ဆုပ်ကိုင်လိုက်သ
လိမ္မော့်ကိုယ်လေး ဆတ်ခနဲတုန်သွားကာ ကိုကို့ကို အထိတ်တ
မျက်ဝန်းများဖြင့် မော့ကြည့်မိသည်။ ကိုကို့နှင့် အကြည့်ချင်း ဆုံမိသွား
လိမ္မော်ကြောက်တယ် အကြင်နာတွေ အယုယတွေပြည့်





ကိုကို့မျက်ဝန်းတွေကို လိမ္မော် အကြောက်ဆုံးပဲ။ လိမ္မော့်အပေါ် လွှမ်
ျူးလာမည့် ကိုကို အလိုရမက်တွေနှင့် အဝေးဆုံးကိုပဲ လိမ္မော်ပြေး
ွက်သွားချင်လာရ၏။

ရှုန်းလည်းမရှုန်းမယ်ရဲ ကိုကိုက ဒေါသဖြစ်လာတိုင်း အားမလို
အားမရ ဖြစ်လေဟိုင်း လိမ္မော့် ခန္ဓာကိုယ်လေးအား လက်တွေနှင့်
ပ်ကြမ်းကြမ်းဆုပ်ကိုင်ကာ လှုပ်ခါပစ်တတ်သည်။

"ငါ့ကိုကြောက်နေတာလား လိမ္မော်ချို ဘာကြောင့်လဲ၊ ရှုံ့နေ
ာလား။ ပြောစမ်းပါ၊ ငါ့အပေါ် နင်နည်းနည်းလေးတောင် သံယောဇဉ်
တွယ်ဘူးလား လိမ္မော်၊ ကိုကို့အချစ်တွေကို အသိအမှတ်မပြုဘူးလား"

အလင်းသစ်စိတ်တွေ ထိန်းချုပ်ဖို့ကြိုးစားရင်း ပေါက်ကွဲ လွင့်စင်
ချင်နေရသည်။

လိမ္မော်ချိုကို သူ ဘယ်တော့မှ ညီမလေး တစ်ယောက်အဖြစ်
သဘောမထားခဲ့။

သူချစ်မြတ်နိုးရလွန်းတဲ့ချစ်သူ မိန်းကလေးအဖြစ်ပဲ သူ အရိပ်
ကြည့်ကြည့်နေခဲ့၏။ လိမ္မော်ချိုက အလင်းသစ်အတွက် တန်ဖိုး
ကြီးမားဆုံး မိန်းကလေးပဲ။ မင်းကို ငါ ဘယ်လိုနည်းနဲ့မှ မစွန့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး လိမ္မော်ချို မင်း ငါ့အနားမှာပဲ နေရမယ်။ ငါ့ရဲ့ မျှော်လင့်ချက်တွေကို ရိုက်ချိုးဖျက်ဆီးမပစ်ပါနဲ့လား။

လိမ္မော်ချိုက သူစိမ်း ယောကျ်ားလေး တစ်ယောက်အပေါ် ချစ်ခင်နှစ်သက်နေတာ သူလက်မခံနိုင်ပါ။ သူ့ဒေါသတွေနဲ့ ငယ်စဉ် ကလေးဘဝကလို မကြမ်းရဲတော့၊ လိမ္မော်ချိုရဲ့ အချစ်တွေကို သူ ဘယ်လိုရယူရမလဲ။

လိမ္မော်ချိုထွက်သွားလေမလားဟု စိုးရိမ်ပူပင်သောကတွေကြောင့် အိပ်စက်၍ မပျော်နိုင်တာလည်း သူအသိဆုံး။

သူ ရူးကြောင်စွာ လိမ္မော်ချိုအိပ်ခန်းဆီပဲ သွားကြည့်ချင်တဲ့ ဆန္ဒတွေ ပြင်းပြစွာဖြစ်ပေါ်နေရသည်။ အိပ်ခန်းတွင်းမှ လှုပ်ရှား အသံလေးကအစ အာရုံစူးစိုက်နေခဲ့၏။

ယခင်ကလောက် ကြမ်းတမ်းသော အပြစ်ဒဏ်ပေးမှုတွေ ဒေါသတွေ ပေါက်ကွဲနေ တာတွေအားလုံး သူ ထိန်းချုပ်ပစ်လိုက်သည်။ ဘာကြောင့်လည်းဆိုတော့ လိမ္မော်ချိုက မငယ်တော့ဘူး။

ချစ်သူရည်းစား ရှိနေပြီ၊ သူ့ကို မုန်းတီးနာကျည်းကာ သံယော တွေကုန်ခမ်းသွားမှာလည်း သူစိတ်ပူရသည်။





"ကိုကို့ကို ချစ်ပါ လိမ္မော်၊ မင်းအပေါ်ကိုကို့လောက် ချစ်မြတ်နိုးမယ့် ယောကျ်ားဆိုတာ မရှိနိုင်ပါဘူး၊ မင်းက လူ့ လောကကြီးအကြောင်း သိနားမလည်တဲ့ မိန်းကလေးပါ။

ယောကျ်ားတွေအကြောင်း မင်း ဘယ်လောက်များ သိနေလို့လဲ ဘူး၊ မင်းကို ချစ်မြတ်နိုးနိုင်ဆုံးက ကိုကိုပါပဲ၊ လိမ္မော်လေး ကိုကို အနားမှာပဲနေစမ်းပါ၊ ကိုကို့ရင်ခွင်ကပဲ လိမ္မော်လေး အတွက် နားခိုရာပါ"

"ဟင်"

ကိုကိုသည် မထင်မှတ်ပဲ လိမ္မော့်ခန္ဓာကိုယ်လေးအား ဆတ်ခနဲ ဆွဲယူကာ သူ့ရင်ခွင်ထဲ ခပ်တင်းတင်းလေးပွေ့ဖက် ထားလိုက်သည်။ လိမ္မော့်အသားတွေ တုန်သွားအောင် ကြောက်ရွံ့ထိတ်လန့်သွားပြီး ကိုကို့ရင်ခွင်ထဲမှ အတင်းအကြပ်ရုန်းဖယ် ပစ်လိုက်၏။

ကိုကို့စိတ်တွေ ဖောက်ပြန်လာမှာကို လိမ္မော် ကြောက်လန့်ခဲ့ရ တာပါ။

ကိုကို့ပါးစပ်မှ အရက်နံ့က ထောင်းထောင်းထနေ၍ အရက်တွေ အလွန်အကျွံသောက်လာ ကြောင်း လိမ္မော်သိလိုက်သည်။ မဖြစ်ပါဘူး ကိုကိုက လိမ္မော့် အစ်ကိုပဲ၊ ရင်ထဲမှာလည်း ကိုကို့အပေါ် မုန်းတီးနာကျည်း



www.burmeseclassic.com

www.burmeseclassic.com



လာ ရသည်။

"ကိုကို… လိမ္မော်ကို လွှတ်ပါ။ လိမ္မော် ကိုကိုအနားမှာပဲနေ ပါ့မယ်လို့ ကတိပေးထားပြီးပြီပဲ။

လိမ္မော် မနှစ်သက်တဲ့ အပြုအမူတွေကို ဆက်လုပ်နေမယ်ဆိုရ လိမ္မော် ကိုယ့်ကိုယ်ကို သတ်သေပစ်လိုက် မှာနော်""

"ဟင်"

လိမ္မော့်လက်ထဲမှ ဓားတွေ့လိုက်ရတော့ ကိုကိုကအထိတ် တလန့်နှင့် သူမကို လွှတ်ပေးသည်။

ကိုကို့ခြေလှမ်းတွေက နောက်သို့ ဆုတ်သွား၏။ စိုးရိမ်ထိတ်လန့် လိမ္မော့်ကို ကြည့်ပြီး တားဆီးသည်။

"လိမ္မော် အဲဒီလို မလုပ်နဲ့လေ၊ ကိုကို့ကို ဓားပေးစမ်း။ ကို ကတိပေးပါတယ်၊ ညီမလေးဆန္ဒအတိုင်းပဲနေပါ၊ ကိုကို မှားသွားတယ် ပေးစမ်းပါ"

"ကိုကိုထွက်သွားပါ၊ လိမ္မော့်ကိုထပ်ပြီး စိတ်သောက ပေးနေမယ်ဆိုရင် လိမ္မော် ကိုကို့အနားကနေ ကိုယ့်ကိုယ်ကို သတ်သေ အပြီးအပိုင် ထွက်သွားတော့မှာနော်"





"မလုပ်ပါနဲ့လိမ္မော်… ကိုကိုတောင်းပန်ပါတယ်ကွာ၊ ညီမလေး သေလို့ မဖြစ်ဘူး၊ ကိုကို့ကို ဘယ်လိုနည်းနဲ့မှ ခွဲမသွားပါနဲ့၊ နောက်ဆို လိမ္မော်မနှစ်သက်တာ ကိုကို မလုပ် တော့ပါဘူး"

"ကိုကိုထွက်သွားပါ၊ လိမ္မော့်အခန်းထဲက ထွက်သွား ပေးပါ၊ လိမ္မော့်ကို သံသယတွေနဲ့ စိတ်ဒုက္ခတွေရောက်အောင် မလုပ်ပါနဲ့တော့ ကိုကိုရယ်၊ လိမ္မော့်ရင်ထဲမှာ ကိုကို့ကို အရမ်း မုန်းမှာစိုးလို့ပါ"

"ဟုတ်တယ်၊ ကိုကိုမှားသွားတာပါ၊ လိမ္မော်ဘယ်လိုနည်း နဲ့မှ ကိုကို့အနားကနေ ထွက်သွားလို့ မဖြစ်ပါဘူး၊ ကိုကိုရှုံးသွား လိမ့်မယ်၊ လိမ္မော့်အမုန်းတွေကို ဘယ်လိုနည်းနဲ့မှ ကိုကို မခံယူနိုင်ဘူး"

အလင်းသစ် အရှုံးတစ်ယောက်ကဲ့သို့ အသံမဲ့စွာ အော်ဟစ် တားဆီးနေမိသည်။ လိမ္မော်မရှိလို့ မဖြစ်ဘူး။ ကိုကို ရှုံးသွပ်သွားမှာပါ။ လိမ္မော်မရှိရင် ကိုကိုလည်း အသက်မရှင်နိုင် တော့ပါဘူးကွာ။ အလင်းသစ် ိမ်တကြီး တားဆီးကာ လိမ္မော်လေးအား ကျေနပ်စေရန် အခန်းထဲမှ ်ထွက်ခဲ့ရ တော့သည်။

○



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၉)

လိမ္မော်ချို့ အင်အားချိနဲ့စွာဖြင့် အိပ်ရာပေါ် ထိုင်ချပစ်လိုက် ၏။ စိတ်ရောလူရော မောပန်းနွမ်းနယ်စွာ အသက်ရှူပင် မဝတော့ မတတ်နိုင်တော့ဘူး။

လိမ္မော် ဓားအသေးလေး တစ်ချောင်းအား ကိုကို့ကို ချိန်းခြော ရန်ဆောင်ထားရ၏။ လိမ္မော်ကြောက်လိုက်တာ။ မောင်ရော ခြံထဲ ရှိနေဆဲပဲလား။ အေးစက်နေတဲ့ဆောင်းညမှာ မောင်ဘယ်လောက်အေး ချမ်းစိမ့် နေမလဲ။ လိမ္မော်စိတ်ညစ်တယ်။ အပြင်ထွက်ဖို့ မလွယ် ဆိုတာ မောင်သိသိကြီးနဲ့ကွာ။

ကိုကိုနဲ့နေရတာလည်း လိမ္မော်ကြောက်ရွံ့ ထိတ်လန့်လာ





ဖြစ်နိုင်ပါဘူး ကိုကိုနဲ့ မောင်နှမလိုနေမထိုင်လာခဲ့ပြီးမှ လိမ္မော်ဆက်ပြီး မတွေးရဲတော့။

မောင်ရော ခြံထဲမှာ အန္တရာယ် ဘယ်လောက်အထိများလည်း ဆိုတာ သိရဲ့လား။ လိမ္မော် စိတ်ပူလိုက်ရတာ။ လိမ္မော် အပြင်ကို ဘယ်လိုထွက်ရမလဲ။

ကိုကိုက မျက်ခြည်မပြတ် စောင့်ကြည့်နေတာပါ။ သူ့အတွက် ာ မောင့်အတွက်ပါ စိတ်ပူရလွန်းလို့ လိမ္မော်သေတော့မယ်။

ထိုင်နေရာကနေ လိမ္မော် ထလိုက်မိသည်။ မောင့်နောက်ကိုပဲ ိုက်သွားတော့မယ်။

ကိုကိုအပေါ် မရက်စက်ချင်ပေမယ့် လိမ္မော် ဒီလိုပဲ ဆုံးဖြတ်ရတော့ ည်။ ကိုကို စိတ်မပုန်ချင်တော့ဘူး။ အချိန်မရွေးဖောက်ပြန်ပြီး လိမ္မော်ကို တင်းအကြပ် လက်ထပ်နိုင်တယ်။

လိမ္မော်အောက်ထပ်ကိုရောက်သွား ရင် ဦးတူးက ခြံတံခါးဖွင့် မှာ သေချာ၏ မောင့်ကားက အပြင်လမ်းမ တစ်နေရာမှာ ရှိချင် နေမှာပါ။

လိမ္မော်ထွက်သွားတော့မယ် ဟုတ်တယ် လိမ္မော်ဆုံးဖြတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မှန်တယ်။ ကိုကိုနှင့် အဝေးဆုံးကို ထွက်သွားမှ ဖြစ်တော့မယ် ဒေါ်စိုးသာကလည်း အတင်းအကြပ် စီစဉ်မည့်ပုံပဲ။

လိမ္မော်အဝေးဆုံးကို ထွက်သွားတော့မည်။ လိမ္မော် ဘာပစ္စည်းမှ မယူလိုတော့။ ကိုကိုနှင့် ပတ်သက် ဆက်နွယ်နေသော အသုံးအဆောင် ပစ္စည်းတွေမှန်သမျှ အကောင်းရှင်းဆုံး နေပစ်မယ်။

လိမ္မော်ကြည့်ပင် မကြည့်ချင်တော့ ရက်စက်တဲ့ကိုကိုရဲ့ ညှင်းပန်း နှိပ်စက်မှုတွေက လိမ္မော့်ရင်ကို နာကျင်ခါးသည်းနေသည်။ ဖြစ်ချင်ရာ ဖြစ်ဆိုပြီး လိမ္မော်အခန်းလေးထဲမှ ထွက်လာခဲ့၏။

ကိုကို့ကို လိမ္မော့်ရှိခိုး ခဲ့ပါတယ်။ တောင်းပန်ပါတယ် ကိုကို

လိမ္မော့်ချစ်သူနောက်ကိုပဲ လိုက်သွားဖို့ ဆုံးဖြတ်လိုက်ပါပြီ။ သူမအခန်း အပြင်သို့ ထွက်ခဲ့၏။

ကိုကို့အခန်းက မီးမှောင်နေပြီး တိတ်ဆိတ်နေသည်။ ကိုကို့ ခံစားချက်တွေကို လိမ္မော်နားလည်ပေမဲ့ မဖြစ်နိုင်ဘူး မဟုတ်လား ကိုကိုက လိမ္မော်အစ်ကိုပဲ… ထာဝရအစ်ကိုပဲ။

ညက အေးစက် တိတ်ဆိတ်နေသလို လကမိုက်နေ၍ အမှော ထုပ်ကြီးစိုးနေသည်။ တစ်တိုက်လုံးကို မီးအမှောင်ချပြီး အိပ်ဝ





တ်လေ့ရှိတာ လိမ္မော်သိနေသည်။ အောက်ထပ်သို့ ဆင်းသော န်းလှေကားကြီးထိပ်မှာ ခြေစုံရပ်ပြီး လိမ္မော်တွေဝေ နေမိသေးသည်။

ရင်တွေတုန်လိုက်တာ လိမ္မော်က ကြောက်တတ်သူ အမှောင်ကို ချမ်း ကြောက်တတ်သဖြင့် ကိုကိုက အမြဲတမ်း တစ်တိုက်လုံးကို မှောင်ချထားလေ့ရှိ၏။ မဖြစ်သေးပါဘူး လိမ္မော်သတ္တိရှိမှပါ။

ကိုကိုလောင်းရိပ်အောက်ကနေ လိမ္မော်လွတ်မြောက်အောင် ကြိုးစားမှဖြစ်တော့မှာပါ။ ဒီအမှောင် ထုကြီးရဲ့ အပြင်မှာ တောက်ပတဲ့ သင်းတန်းတွေ ရှိနေတာပဲ။ မောင်က လိမ္မော့်အတွက် အင်အားတစ်ရပ် ပါ။

လောကကြီးထဲမှာ လိမ္မော်လက်ထပ်သင့်ဆုံး ယောက်ျားက ပဲလေ။ လှေကားကြီးပေါ်ကနေ လိမ္မော်ဖြည်းညင်းစွာ ဆင်းလာခဲ့၏။ မ္မော့်လက်ထဲမှာ သော့တစ်ချောင်းရှိသည်။

ဦးတူးပေးထားတဲ့ တိုက်ကြီးရဲ့ တံခါးမကြီးကို ဖွင့်တဲ့သော့လေ။ မှောင်ထုကို တိုးထွက်ကာ တံခါးမကြီးနားရောက်လာသည်။ ဒေါ်စိုးသာ မ္မော်အား ဒီလောက်အထိအစွမ်းအစ ရှိမည် ထင်ထားမဟာမဟုတ်။

“ကျွိ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အမလေး"

တိတ်ဆိတ်ငြိမ်သက်မှုတွေကို ထိုးဖောက် ထွက်ပေါ်လာ တံခါးဖွင့်သံက တိုးတိတ်နေပေမဲ့ လိမ္မော်ရင့်ကိုတော့ တဒိန်းဒိန်း ခု သွားစေခဲ့သည်။ တိုက်ကြီးထဲက ထွက်လိုက်တော့ အေးစက်စက်လေ နုနုတွေက လိမ္မော့်ကိုယ်လေးကို တိုးဝင်တိုက်ခတ်လာ၏။ အေးလိုက်တာ

ဒါပေမဲ့ လိမ္မော် ဇောချွေးတွေ ပျံ့ချင်လာရသည်။ လိမ္မော်တစ်သ ဘဝမှ တစ်ကြိမ်တစ်ခါမျှ ကိုကိုမသိအောင် သွားလာဖူးခဲ့ခြင်း မရှိ လိမ္မော့်စိတ်တွေကို တင်းထားမိသည်။ ကိုကို့အနားမှာ လိမ္မော်ဆက်မ ရဲတော့ ပါဘူး။ လိမ္မော်လွတ်မြောက်အောင် ကြိုးစားရမယ်။ ခြံထဲ ဆင်းလာခဲ့တော့သည်။

"လိမ္မော်"

"ဟင် မောင်"

"လိမ္မော်ဆင်းလာပါ့မလားလို့ မောင် စောင့်နေတာပါ၊ လိမ္မော် သတ္တိရှိတာပဲ၊ မောင့်ကို အရမ်းချစ်တယ်ဆိုတာ မောင် ယုံသွားပြီ

မောင့်လက်အေးစက်စက်တွေက လိမ္မော့်ကိုယ်လေးကို သိုင်း





လာသည်။ မောင်အအေးထဲမှာ အချိန်ဘယ်လောက်ကြာကြာ ထိုင် စောင့်နေကြောင်း သိသာနေ၏။

လိမ္မော်အပေါ်ထပ်မှာ ဘယ်လို အခက်အခဲဒုက္ခတွေနဲ့ ရင်ဆိုင်နေ ရလဲဆိုတာ မောင်မသိပါဘူး။ ချစ်သူရဲ့ရင်ခွင်က လိမ္မော်ခန္ဓာကိုယ်လေး အား နွေးထွေးသွားသလိုပင် လိမ္မော်အင်အားတွေ ချိနဲ့ကာ လဲပြိုကျ သွားချင်သည်။

"လိမ္မော်တို့ ထွက်သွားကြရအောင်လေ၊ မောင် စီစဉ် ထားတယ် ဟုတ်လား။ ဒီခြံကြီးထဲမှာ မောင် ကြာကြာနေလို့ မဖြစ်ဘူး၊ ကိုကို သိသွားရင် မောင်အချုပ်ထဲရောက်လိမ့်မယ်"

"လိမ္မော် မောင်နဲ့လိုက်တော့မယ် ဟုတ်လားလိမ္မော် ဆုံးဖြတ် လိုက်ပြီလား။ ဝမ်းသာလိုက်တာကွာ၊ မောင်အားလုံး စီစဉ်ထားပြီးပြီ၊ လိမ္မော် မောင့်နောက်ကို လိုက်ခဲ့တော့"

"အင်း"

လိမ္မော့်လက်ကလေးက မောင့်လက်မောင်းကို တင်းကြပ်စွာ ဆုပ်ကိုင်လိုက်သည်။ ချစ်သူနောက်ကို လိမ္မော်လိုက်သွား တော့မယ်။ တိုက်ကြီးထဲမှာ လိမ္မော်သောက ဒုက္ခတွေနဲ့ ရင်ဆိုင်ဖြတ်သန်း

www.burmeseclassic.com



နေထိုင်ခဲ့ရတာကြာပြီပဲ။ လိမ္မော် လွတ်မြောက်ချင်ပါပြီ။ ဦးတူးက ခြံတံခါးကိုဖွင့်ရန် ပြင်လိုက်သည်။

"ကောင်မလေး မြန်မြန်သွားတော့၊ ငါလည်း ဒီကနေ ထွက်သွားတော့မယ်၊ ဆရာလေးကိုတော့ သနားပါတယ်၊ ဒါပေမဲ့လည်း မတတ်နိုင်တော့ဘူးမဟုတ်လား"

"ဦးတူး အခုလို ကူညီတာ ကျေးဇူးပဲဗျာ၊ ကျွန်တော်လည်း ပြန်ပြီးကူညီမှာပါ၊ ဦးတူး တစ်ခုခုပြဿနာကြုံရင် ကျွန်တော့်ဆီ လာခဲ့ပါ"

"အေးပါကွာ"

ဦးတူး တံခါးဖွင့်ပေးဖို့ ထွက်သွားစဉ် တိုက်ကြီးတစ်တိုက်လုံး မီးတွေပွင့်သွားသည်။ ဦးတူး ပြန်လှည့်လာခဲ့၏။ မောင်က လိမ္မော့်လက်ကို မလွှတ်ဘဲ ရင်ဆိုင်ကြမယ်ဟု ပြောနေသည်။

"ကောင်လေး အရမ်းမစွန့်စားနဲ့ မင်း ငါ့အခန်းပြန် ပြန်ဝင်နေ အချိန်မရှိဘူးသွား"

"ကျွန်တော် ရင်ဆိုင်မယ်ဗျာ၊ သူတို့ ကျွန်တော့်ချစ်သူ အပေါ် မတရားအနိုင်ကျင့်နေတာပဲ၊ ကျွန်တော် သက်ဆိုင်ရာမှာ ရှင်းပြမယ်





"မလုပ်ပါနဲ့မောင်ရင်၊ ပြဿနာတွေ ရှုပ်ထွေးကုန်ပါ့မယ်၊ ဟော ဒေါ်စိုးသာ ဆင်းလာပြီ၊ မောင်ရင် ရှောင်ပေးပါကွာ ဒေါ်စိုးသာ"

လိမ္မော်ကလည်း မောင့်လက်ထဲမှ ရုန်းထွက်ကာ ဒေါ်စိုးသာအနား ပြေးထွက်လာခဲ့သည်။

"မင်း... မင်း အပြင်ကို ဘာထွက်လုပ်တာလဲ လိမ္မော်ချို၊ ကြည့်စမ်း ငါ့စိတ်တွေ မသန့်လို့ ထွက်ပြီး စစ်ဆေးလို့ပေါ့ကွာ၊ မင်း ခြံတံခါးကို ဘယ်လိုဖွင့်လဲ၊ သော့ အတုလုပ်ထားတာလား"

ဒေါ်စိုးသာက မောင့်ကို မမြင်ပါ။

"မဟုတ်ပါဘူး၊ ဟိုလေ ဟို လိမ္မော့်စိတ်တွေ မွန်းကြပ်လာလို့ အပြင်ခဏထွက်တာပါ၊ ဟို...ဟို... တံခါးက ပွင့်နေတာပါ။ လိမ္မော် ကြည့်လိုက်တာပါ၊ တံခါးက ပွင့်နေလို့ လိမ္မော်ထွက်လာတာပါ၊ ဒေါ်ကြီးစိုးသာရယ်၊ လိမ္မော်အိမ်ထဲမှာ အရမ်းမွန်းကြပ်လာလို့ပါနော်"

လိမ္မော်တိုက်ထဲသို့ ကပျာကယာ ပြန်ဝင်လိုက်၏။ ဒေါ်စိုးသာက နောက်မှလိုက်ဝင်လာ၏။ ခြံထဲမှာ မောင်ရှိနေတယ် မဟုတ်လား။ မောင်းကို ဦးတူး ခြံတံခါးမကြီးအား မဖွင့်ရသေးပေ။

မောင်နဲ့လိမ္မော်ချို့ကိုသာ တွဲလျက်သားတွေ့ ရင်တော့ မလွယ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိုးသာက ကိုကို့ကို သားအရင်းပမာ စောင့်ရှောက်နေတာပါ။ လိမ္မော်
ရင်တွေ တဒိန်းဒိန်း ခုန်လွှန်းနေကာ အသားတွေလည်း တဆတ်ဆတ်
ယုန်ယင်နေသည်။

ဒေါ်စိုးသာ တံခါးမကြီးကိုသော့ခတ်လိုက်ပြီး လိမ္မော်အ
လျှောက်လာ၏။ အကြည့်တွေက မီးတဝင်းဝင်းတောက်နေကာ လိမ္မော်
ကိုယ်လေး မီးလောင်ပြာကျမတတ်ပင်။ ကိုကိုလည်း အောက်ထပ်
ဆင်းလာသည်။

“ဘာတွေဖြစ်နေကြတာလဲ ဒေါ်ကြီးစိုးသာ”

“လိမ္မော် အပြင်ထွက်သွားလို့လေ”

“ဘာပြောတယ်”

ဒေါ်စိုးသာစကားကြောင့် အလင်းသစ်အကြည့်တွေက လိမ္မော်
ဆီရောက်သွားပြီး ဒီကောင်မလေးထွက်ပြေးဖို့ ကြိုးစားတာလား
စိုးရိမ်ပူပင်သွားရသလို ဒေါသတွေလည်း ပေါက်ကွဲ သွားရသည်

“လိမ္မော်ချို မင်းထွက်ပြေးဖို့ ကြိုးစားတာလား။ မင်း မင့်ငို
ရက်စက်ပြတော့မလို့လား။ မင်း မင်း ဘာဖြစ်လို့ ဒီလိုလုပ်ရ
လိမ္မော်ချိုပြောစမ်း”





လိမ္မော်ချို့ ဘာမှ တုန့်ပြန် ပြောဆိုမနေတော့ဘဲ အင့်ခနဲ
ငိုလိုက်ရင်း သူ့အနားကနေ အပေါ်ထပ်သို့ ပြေးတက်ခဲ့တော့သည်။

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"မောင်လင်းသစ်"

"ဗျာ"

"မင်း လိမ္မော်ချိုကို လုံးဝ မစွန့်လွှတ်နိုင်ဘူး မဟုတ်လာ

"ကျွန်တော် လိမ္မော်ချိုအပေါ် ဘယ်လောက်အထိ ချစ်မြတ်နိုး သံယောဇဉ်ကြီးမားရတယ်ဆိုတာ ဒေါ်ကြီးစိုးသာ အသိဆုံးပါပဲ ကျွန်တော် ဘာဆက်လုပ်ရမလဲ၊ လိမ္မော်ချို ကျွန်တော့်အနားက ထွက်သွားတာကို ကျွန်တော် လုံးဝ လက်မခံနိုင်ဘူးဗျာ"

"မင်း လက်ထပ်လိုက်"

"ဗျာ"





"လိမ္မော်ချိုနဲ့ လက်ထပ်တော့"

"ကျွန်တော် ကျွန်တော့်ကို လိမ္မော်က လက်ခံမှာ မဟုတ်ဘူး။ လက်မထပ်ပါဘူးလို့ ကတိပေးထားတယ်၊ လိမ္မော် တစ်စုံတစ်ခုဖြစ်သွားမှာ ကျွန်တော် အရမ်းစိတ်ပူမိနေတယ်၊ သူ့ကိုယ်သူ သတ်သေမယ်လို့ ကျွန်တော့်ကို ခြိမ်းခြောက်ထား တယ်"

"ဒီကောင်မလေး မရိုးသားတော့ဘူး။ ကြီးစိုးသာပေါ့ လျော့သွားတယ်၊ ထွက်ပြေးတော့မလို့ ကြီးစိုးသာတော့ ဦးတူးကိုတောင် မသကာတော့ဘူး"

"မဖြစ်နိုင်တာပဲ၊ ဦးတူးတို့က ကျွန်တော်တို့ မိသားစု ဝင်တွေကို အသက်ပေးပြီး သစ္စာရှိခဲ့ကြတာပါ"

"လိမ္မော်ချိုတစ်ယောက်ထဲ အစွမ်းအစနဲ့တော့ အပြင်ကို ထွက်ပြေးဖို့ ကြံစည်ရဲမှာ မဟုတ်ဘူး၊ မောင့်အလင်းသစ်"

လိမ္မော်ချိုမှာ ချစ်သူရှိနေသည်။ အဆက်အသွယ်တွေရ နေကြ၍လား၊ အိမ်ထဲမှာပဲနေရပြီး အမှောင်ထုကို ကြောက်လန့် တတ်သော လိမ္မော်ချိုညဉ့်နက်သန်းခေါင် အပြင်ထွက်ဖို့ ကြိုးစားရဲတာ အံ့သြစရာပဲ။ ဦးတူးနဲ့များ ပေါင်းထားတာလား။ ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင်လေး မိုးစက်သော်ပဲ အပြင်မှာစောင့်နေ လို့ပဲလား။ အလင်းသစ် စိတ်တွေ ပူလောင်နေရ၏။

လိမ္မော်ကိုတော့ သူ ဘယ်လိုနည်းနဲ့မှ မစွန့်လွှတ်နိုင်ပါ မင်းကို ငါပဲ ပိုင်ဆိုင်စေရမယ်၊ လိမ္မော်ချို ငါ့ဘဝ တစ်သက်တာလုံး မင်းအတွက် စိုးရိမ်ပူပင်မှုတွေနဲ့ မင်းဘဝအတွက်ပဲ အချိန်တွေပေးခဲ့ တာပါ။

သူ လိမ္မော်ချိုကို စတင်တွေ့မြင်ခဲ့ရသော နိတာရဲလေးထဲ ချစ်မြတ်နိုးခဲ့ရတာပါ။ လင်းသစ်အတွက် တန်ဖိုး အကြီးမားရဆုံး သံယောဇဉ်အတွယ်တာရဆုံး မိန်းကလေး ဖြစ်နေခဲ့ရတာ လိမ္မော်ချို

"လိမ္မော်ချိုက သားညီမလေး မဟုတ်ပါဘူး၊ သားချစ်သူပါ သားပဲ လိမ္မော်ချိုကို ပိုင်ဆိုင်ရမယ်၊ သားကြီးလာရင် လိမ္မော်ချိုကိုယူမှာ"

သူပြောခဲ့သည့် သူငယ်စဉ်လေးကတည်းက လိမ္မော်ချို ဂရုတစိုက် ပြုစုပယုယ စောင့်ရှောက်လာခဲ့သည်။ ဘယ်သူက သူ့ဆီက လုယူဖို့ကြိုးစားချင်ရတာလဲ၊ လိမ္မော်ချိုအပေါ် သူ့လောက် ချစ်မြတ်နိုး နိုင်မယ့် ယောကျ်ားရော ရှိနိုင်ရဲ့လား။

လိမ္မော်ချိုကို ဇနီးမယားအဖြစ် လက်ထပ်ပေါင်းသင်းဖို့





သူတကယ်ပဲ သတ္တိရှိနေလို့လား။ ဒေါသတွေက ပေါက်ကွဲထွက် ချင်လာရသည်။

အလင်းသစ် စိတ်တွေ ထိန်းချုပ်နိုင်အောင် ကြိုးစားနေရ၏။ လိမ္မော်ချိုရဲ့ အမုန်းတွေကို သူ ခံယူနိုင်စွမ်း ကင်းမဲ့လာရသည်။

"မင်း၊ ကိုယ်မင်း ဂရုစိုက်ပါဦးကွယ်၊ အရမ်းချောင်ကျသွားတာပဲ ကြိုးစိုးသာ စိတ်ပူတယ်၊ မောင်အလင်းသစ်ဆန္ဒက ကြိုးစိုးသာ ဆန္ဒ ပါပဲလေ၊ လိမ္မော်ချိုနဲ့ လက်ထပ်ဖို့ကြိုးစိုးသာ စီစဉ်မယ်"

"ကြိုးစိုးသာ"

"မင်း ကျန်ခဲ့လိမ့်မယ်ကွယ်၊ လိမ္မော်ချိုက အရင်ကလို ရိုးအ နေတော့ဘူး၊ ချစ်သူရည်းစားလည်း ရှိနေပြီပဲ၊ မင်းပိုင်ဆိုင်ဖို့ ကြိုးစား သား၊ စွန့်လွှတ်လိုက်မလား"

"ဗျာ"

"မင်း မစွန့်လွှတ်နိုင်ဘူး မဟုတ်လား၊ မောင်အလင်းသစ်"

"ဗျာ"

"လက်ထပ်လိုက်ပါ၊ တွေဝေမနေစမ်းပါနဲ့"

"လိမ္မော်ချိုက သူ့ကိုယ်သူ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း သူများလက်ထဲ ရောက်သွားမှာကို ကြည့်ရက်လား မောင်အလင်းသစ် မင်းခံစားနိုင်လို့လား၊ မင်း အရူးတပိုင်း ဖြစ်သွားမှာ တော့ ကြီးစိုးသာ မကြည့်ရက်နိုင်ဘူး၊ လိမ္မော်ချိုနဲ့ ထိုက်တန်တာက မင်းရဲ့ဇနီးမယားအဖြစ်ပဲ ဒါမှမဟုတ် သေခြင်း တရားပဲလေ"

"ဗျာ"

အလင်းသစ်ထိတ်လန့်တုန်လှုပ်စွာ ကြီးစိုးသာကို ကြည့်မိ၏ လိမ္မော်ချို သေချင်သေသွားပါစေဆိုတဲ့ သဘောပဲ။ ကြီးစိုးသာမျက်ဝန်း တွေက လေးနက်ပြတ်သားစွာ မာထန်နေသည်။

အလင်းသစ်ကရော အဲဒီလို အဖြစ်တွေကို ရင်ဆိုင်နိုင်လို့လား သူ့နှလုံးသားတွေ မီးတောက်သွားရသလို ခန္ဓာကိုယ်လေးကပါ ယိုင်ရွေ သွားချင်လာရ၏။ မဖြစ်နိုင်ပါဘူး လိမ္မော်ဘယ်လိုအကြောင်းနဲ့မှ မသေ စေရဘူး။ သူခံစားနိုင်စွမ်း မရှိပါဘူး။

လိမ္မော်ချိုကို စွန့်လွှတ်လိုက်ဖို့ကျ တော့ရော...မဖြစ်ဘူး မဖြစ်ဘူး သူ ဘယ်လိုနည်းနဲ့မှ မစွန့်လွှတ်နိုင်ဘူး။ သူ့နှလုံးသားထဲ စူးနစ်စွာ ချစ်မြတ်နိုးခဲ့ရတဲ့ ချစ်သူ။

သူ ယိမ်းယိုင်ချိနဲ့သော ခြေလှမ်းတို့ဖြင့် ကြီးစိုးသာအား





ကျောခိုင်းလိုက်သည်။

"မင်း လိမ္မော်ချိုကို လက်ထပ်လိုက်ပါ၊ အချိန်တွေက လိမ္မော်ချို စိတ်ကို ပြုပြင်ပေးသွားလိမ့်မယ်၊ မောင်အလင်းသစ် အမေကလည်း တစ်နေ့ကျရင် မင်းနဲ့ လိမ္မော်ချိုကို လက်ထပ်ပေးဖို့ ကြီးစိုးသာကို မှာသွားတယ်လေ"

သူဘာတစ်ခုမှ တုန့်ပြန်ပြောဆိုနိုင်သော အင်အားတွေ မရှိပေ။ သူ့ခြေလှမ်းတွေကိုပင် အနိုင်နိုင် သယ်ဆောင်နေရသည်။

အိပ်ခန်းထဲသို့ရောက်အောင်သွားဖို့ပင် စိတ်တွေပင်ပန်း ခက်ခဲ လာရ၏။ လိမ္မော်ချိုအခန်းနားအဖြတ်တွင် သူမအိပ်ခန်းအတွင်းမှ ကြေကွဲစွာ ရှိုက်ငိုသံသဲ့သဲ့လေးကို ကြားရသည်။ သူ ချစ်မြတ်နိုးတန်ဖိုး ထားရလွန်းသော မိန်းကလေးက သူ့ကို မချစ်ဘဲ မိုးစက်သော်ဆိုတဲ့ ကောင်လေးကို ချစ်နေ၏။ မတွေးချင်ပေ သူ့ရင်ထဲမှာ မွန်းကြပ်နေသည်။

"အဟင့်... ဟင့်... ဟင့်..."

လိမ္မော်ချိုရယ် မင်း မငိုပါနဲ့ မင်း ငိုရှိုက်သံတွေက ငါ့နှလုံး သားတွေကို မီးလောင်တိုက်သွင်းနေသလိုပါပဲကွာ။ ငါ မခံစားနိုင်တော့ ပြီ ကိုကို ရူးသွပ်ချင်လာပြီ။ မင်းကို မစွန့် လွှတ်နိုင်ဘူး။ ကိုကိုပဲ အပိုင်ဆိုင်ထားချင်တယ်။ မင်းကို စည်းကမ်းတွေ တင်းကြပ်ပြီး မျက်ခြည်မပြတ် စောင့်ကြည့်ခဲ့တာတွေက မင်းအပေါ်ရက်စက်သော



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး လိမ္မော်ချိုလေးရယ်။ ကိုကို လက်လွှတ်ဆုံးရှုံးရ [illegible]
ကြောက်မိနေလို့ပါ။ ကိုကို နှလုံးသား ခံစားချက်တွေကို နားလည်ပေး [illegible]
ကိုကို့ အချစ်တွေကို အသိအမှတ်ပြုပေးပါလားကွာ။

လိမ္မော်ချို အခန်းထဲကို ဝင်မည်ပြုပြီးမှ မဝင်ဖြစ်တော့ လိမ္မော် [illegible]
လေးနဲ့ ပဋိပက္ခတွေ မဖြစ်ချင်လို့တော့ပါ။

သူ့အိပ်ခန်းထဲပဲ ဝင်လာခဲ့သည်။ ရင်ထဲမှာ ပူလောင်လွန်း [illegible]
အေးစက်လွန်းသော ရေခဲရေတစ်ခွက် ယူသောက်လိုက်ရ၏။ သူအိပ် [illegible]
ပေါ်မှာ ထိုင်ချလိုက်သည်။

"လိမ္မော်… ကိုကိုမခံစားနိုင်တော့ဘူးကွာ၊ မင်းကို စိုးရိမ်မှု [illegible]
လာရတာ မင်းနိုတာရဲ့ ဘဝလေးကတည်းက အခု အရွယ်အထိပဲ [illegible]

သူအော်ဟစ်ပြောဆိုပစ်လိုက်ချင်သည်။ ညဥ့်ကနက် [illegible]
ထက်နက်လာ၏။

သူအိပ်စက်လို့မရ မျက်လုံးတွေက ကြောင်တောင် [illegible]
ဖြစ်နေသည်။ အလင်းသစ်မျက်လုံးတွေထဲမှာ မြင်မြင်သမျှအမုန်း [illegible]
ဖြစ်နေရ၏။ ဒေါသတွေ ပေါက်ကွဲချင် နေရသည်။ ဘာကြောင့် [illegible]
မေတ္တာဆိုတာ အသွား အပြန်ရှိ တယ်ဆို အခု လိမ္မော်လေးက [illegible]
တုန့်ပြန်အချစ်တွေ မပေးရတာလဲ။

အစ်ကိုတစ်ယောက်လိုပဲတဲ့။ မင်းနဲ့ငါက မောင်နှမ [illegible]





[illegible] မဟုတ်တာ၊ မင်းလို ဘယ်တုန်းကမှလဲ ညီမလေးလို မချစ်ခဲ့ပါဘူး။
[illegible] သူ စောစောထဲက ပြတ်သားစွာ ပြောထားရမှာ။

ကြီးစိုးသာပြောသလိုပဲ မင်းနဲ့ အထိုက်တန်ဆုံးက ငါ့ရဲ့ ဇနီး
[illegible] ယားအဖြစ်ပဲ၊ ဒါမှမဟုတ် သေခြင်းတရားပဲကွ။ သူ ဒေါသတကြီး
[illegible] အော်ပစ်ချင်လာရသည်။

"မင်း လက်ထပ်လိုက်ပါ၊ တွေဝေမနေပါနဲ့ မောင် အလင်းသစ်၊
[illegible] မင်းမစွန့်လွှတ်နိုင်ဘူး မဟုတ်လားကွယ်"

ကြီးစိုးသာရဲ့ စကားတွေက သူ့နားထဲမှာ လျှံထွက် နေသည်။
[illegible] ငါ့အပေါ် ဘာဖြစ်လို့များ ရက်စက်ချင်ရတာလဲ ကွာ။

ရေခဲသေတ္တာနားသို့ သူယိမ်းယိုင်သော ခြေလှမ်းတွေနှင့် လျှောက်
[illegible] သွားသည်။ သူ တလောကလုံးကို မေ့ပစ်ချင်လာရ၏။ လိမ္မော်လေးနဲ့
[illegible] ဆိုင်ဖို့သတ္တိတွေရဲ့ဆေးတွေ လိုအပ် နေသည်။

အရင်ကလို သူ့မှာ သတ္တိတွေ မရှိတော့ဘူး။ မင်း ဆန္ဒတွေကို
[illegible] နဲ့ကျင်ပြီး အတင်းအကျပ် ငါ့အမိန့်ကို နာခံစေဖို့ ငါ မစွမ်းဆောင်နိုင်
[illegible] တော့ဘူး လိမ္မော်လေးရယ်။

မေတ္တာဆိုတာ ဘာဖြစ်လို့များ အသွားအပြန်မရှိရတာလဲကွာ၊
[illegible] တင်းကြပ်တဲ့ စည်းကမ်းတွေနဲ့ အမိန့်တွေက မင်းနှလုံးသား
[illegible] ထဲမှာ အမုန်းတွေပဲ ဖြစ်ပေါ်လာစေတာလားကွာ၊ သူ အရက်ပုလင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ယူပြီးမော့သောက်ပစ်လိုက်မိသည်။

ရင်ထဲမှာ ပူလောင်သွားရ၏။ ငါ့ကိုယ်ငါပဲ အပြစ်ဒဏ်တွေ
ခတ်ချင်တယ် လိမ္မော်လေးရယ်။

မင်းအပေါ် နူးနူးညံ့ညံ့ ကြင်ကြင်နာနာ ကိုကိုဘာဖြစ်လို့မျာ
မဆက်ဆံနိုင်ခဲ့ရတာလဲ။ သူ့စိတ်တွေက လိမ္မော်လေးနှင့် ပတ်သက်လာ
လျှင် ဒေါသတွေ ခက်ထန်ကြမ်းတမ်းမှုတွေပဲ ဖြစ်ပေါ်နေရတာ
စစ်မှန်သောအချစ်တွေမှ ဟုတ်ရဲ့လား။

တကယ်တော့ မင်းကို ငါ အပိုင်ဝယ်ထားတဲ့ ကော်ပတ်ရုပ်လေး
တစ်ရုပ်လို ငါ့ရင်ခွင်မှာ မြတ်နိုး တန်ဖိုးထားစွာ ထွေးပိုက်ထားချင်ခဲ့တာ

ကိုကို မျက်ဝန်းတွေဆီမှာ အိပ်စက်ခြင်းတွေ မရှိတော့ဘူ
ဆာလောင်မွတ်သိပ်တာတွေလည်း ကင်းပျောက်သွားပြီထင်တယ်
ကိုကို့နှလုံးသား ရင်ခုန်သံ တွေက အမြန်နှုန်းနဲ့ တဒိန်းဒိန်း ခုန်နေတယ်
မင်းနှုတ်ခမ်းလေး ကို နမ်းရှိုက်ဖို့ မင်းပါးပြင်လေးကို မွှေးရှိုက်ဖို့ မင်းနှုတ်ခမ်း
ငုံလေးကို အနမ်းမိုးလေးရွာဖို့ ကိုကို အမြဲတမ်း စိတ်ကူး ကြံစည်ခဲ့
လက်တွေ့ အကောင်အထည်ဖော်ဖို့တော့ ကိုကို့မှာ သတ္တိတွေမရှိခဲ့ပါဘူး
တွန့်ဆုတ်နေမိခဲ့တာပါကွာ။

အဲဒီစိတ်တွေက အားမလို အားမရဖြစ်ပြီး ဒေါသတွေအဖြ
ပြောင်းလဲ ပေါက်ကွဲနေခဲ့ရတာပါပဲ။ သူ နောက်ကျသွားပြီ ထင်တာ





မော်လေးရဲ့ အချစ်ကို ရယူဖို့ အကြွမ်းနည်းပဲ ရှိနေတော့တာပါပဲလား။
လောင်ရူးရတဲ့ ခါးသက်သက်အရက်တွေက သူ့လည်ချောင်းတွေမှ
ဆင့် သူ့ရင်တွင်းက နှလုံးသားတွေဆီ ဖြတ်သန်းစီးဆင်းသွားသည်။

"လိမ္မော်လေးရယ်၊ ကိုကို့ကို မမုန်းစမ်းပါနဲ့ကွာ၊ မင်း အမုန်းတွေကို
ဖို့ ကိုကို့မှာ အင်အားမရှိလို့ပါ"

တလောကလုံးကို မေ့လျော့ပစ်ချင်နေသည်။ သူ့ ကိုယ်သူလည်း
တီးစက်ဆုပ်နေရ၏။ ဘာဖြစ်လို့များ အဲဒီလိုတွေ ဖြစ်နေရတာလဲ။
ကကြီးက ငါ့ကို ဘာဖြစ်လို့များ ရက်စက်ရတာလဲ၊ လိမ္မော်ချိုဆိုတဲ့
င်မလေးတစ်ယောက်က ဒီလိုပုံစံမျိုးနဲ့ ငါ့ဆီ ဘာဖြစ်လို့များရောက်
ရတာလဲကွာ။ သူ ရဲဆေးတင်တာတောင် လိမ္မော်လေး အခန်းသို့
ွားရဲတော့ပါ။ ငါ သတ္တိတွေ ဘယ်ရောက်ကုန်ပြီလဲ၊ လိမ္မော်လေးကို
ဘူး လုံးဝမမေ့နိုင်ပါဘူး။ လိမ္မော်လေးရယ် လိမ္မော် လေးဆီသွားဖို့
တွေ မရှိဘူး၊ အရာအားလုံး အရှုံးပေးရတော့မလား။ ဟိုကောင်
ော်သော် လက်ထဲပဲ အပ်လိုက်ရမလား။ မဖြစ်ဘူး။ ကြီးစိုးသာ
သလိုပဲ ကိုကို လုပ်ရတော့မယ်။ မင်း ဘယ်လိုနည်းနဲ့မှ ကိုကို့
ကနေ ထွက်မသွားရဘူး။ သူ အိပ်ရာပေါ် ပစ်လဲကျသွားသည်။

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"လောကကြီးကို အရမ်းမုန်းတာပဲ၊ လိမ္မော်ကျမှ ဘာဖြစ်
စိတ်သောကတွေ ခံစားနေရတာလဲ၊ ကိုကို မတရားဘူး၊ လိမ္မော်အ
ရက်စက်တယ်၊ ကိုကို့ကို အရမ်းမုန်းတာပဲ"

လိမ္မော့်အတွက် လွတ်မြောက်ရာလမ်းစက မမြင်နိုင်တော့ပါဘူ
သေခြင်းတရားပဲ ရှိပါတော့တယ်။ ဒေါ်စိုးသာက သော့ပြောင်းပစ်တော့
သေချာနေသည်။ လိမ္မော် ဘယ်လို လုပ်ရမလဲ၊ မောင်က ဦးတူးအခန်
ရှိနေသေး၏။

လွတ်မြောက် နိုင်ပါ့မလား။ မောင့်နောက်သို့ ဖွတ်တ
လိုက်သွားလျှင်လည်း မောင့်ကို ပိုင်နက်ကျူးလွန်မှုနဲ့ ထောင်ထဲပို့
သေချာသည်။ လိမ္မော်တစ်ယောက်တည်း အခန်းထဲမှာ တသိမ့်





က်ငိုနေမိ၏။ လိမ္မော့်ဘဝမှာ လွတ်မြောက်ခွင့်ဆိုတာ မရှိနိုင်တော့ပါဘူး။
ောင်ရှိနေတာ သိသွားမှာစိုး၍ လိမ္မော်ကပျာကယာပဲ တိုက်ကြီးထဲ
ဝင်လာခဲ့တာပါ။ အခန်းအပြင်မှပင် သော့ခတ်လိုက်ပါပြီ။ လိမ္မော်ကို
ျပ်နှောင် မထားကြပါနဲ့။ ဒေါ်စိုးသာက ကိုကိုနှင့် လက်ထပ်ပေးတော့
ပါ။ လိမ္မော် အသေပဲခံမယ် သူမ ငိုကြွေးရင်း အိပ်ပျော်သွားခဲ့ပြီ။
မအနား လျှောက်လာတဲ့ ခြေသံကြောင့် ဆတ်ခနဲ နိုးသွားသည်၊

"လိမ္မော်ချို"

"ဟင်"

ဒေါ်စိုးသာ ဖြစ်နေသည်။ စားစရာတွေ ဘမ်းတစ်ခု နှင့်ထည့်ပြီး
ဆောင်လာ၏။ လိမ္မော်အိပ်နေရာမှ ထလိုက်မိသည်။ ကြီးစိုးသာရဲ့
်လုံးတွေကမာထန်နေ၏။ ကိုကိုကလွဲပြီး ဘယ်အရာကိုမှ အလေး
က် မထားတတ်လေသော သစ္စာရှိ ဒေါ်စိုးသာပါပဲ။ ကိုကိုပြီးလျှင်
မ္မော်အကြောက်ရဆုံးက ကြီးစိုးသာပဲ၊ အေးစက်မာကျောတဲ့ အကြည့်
နှင့် လိမ္မော့်ကို ကြည့်သည်။

"လိမ္မော်ချို"

သူမ မော့ကြည့်မိသည်။ ကိုကိုကလွဲ၍ ဘယ်သူ့ကိုမှ ကြည့်ရှင်
ဲ့ကြည့်နှင့် မကြည့်တတ်တဲ့ ဒေါ်စိုးသာက လိမ္မော့်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ဆန္ဒတွေအတိုင်း ရက်စက်စွာ အပြစ်ဒဏ်ပေးလေ့ ရှိသူပါပဲ လိမ္မော်ဘက်မှ စတင်၍ အကြည့်တွေကို လွှဲဖယ်ပစ်လိုက်သည်။

"မောင်အလင်းသစ်က မင်းကို ဘယ်လောက်အထိ ချစ်ခင် နှစ်သက်တယ်ဆိုတာ မင်းကို ပြောပြစရာမလိုဘူး ထင်တယ် လိမ္မော်ရဲ့"

လိမ္မော်မကြားချင်ဘူး။ ကိုကို့ဆီက ပူလောင်တဲ့အချစ် တွေ လိမ္မော်မှ လက်မခံနိုင်တာပဲ။ လက်သီးဆုပ်လေးကို တင်းကျပ်စွာ ဆုတ်ထားမိသည်။

"မင်း... မောင်အလင်းသစ်ကို လက်ထပ်ရမယ်"

လိမ္မော့်ခန္ဓာကိုယ်လေး တောင့်တောင့်လေး ဖြစ်သွားရသည် ရှင်ကြီး ကျွန်မကို အမိန့်ပေးနေတာလား ကျွန်မကို မတရားအနိုင်ကျင့် နှိပ်စက်ခဲ့တာတွေ ရပ်သင့်နေပါပြီ။ ကြီးစိုးသာကို လိမ္မော်ရှိုးဘယ်တော့ ဆန့်ကျင် တုန့်ပြန်ပြောဆိုခဲ့ဘူးခြင်း မရှိခဲ့၊ အမှောင်ခန်းကြီးထဲ တစ်ယောက်တည်းနေရမှာ လိမ္မော်အကြောက်ဆုံးပင်၊ မောင်ရ ဒီတိုက်ခန်းရဲ့ကြီး ကိုထိုးဖောက်နိုင်တဲ့ စွမ်းအားတွေ လိုချင်လိုက်တာ လိမ္မော် ကြောက်တယ်၊ တလောကလုံး ကြောက်စရာကောင်းနေတယ် ကြီးစိုးသာရဲ့ မျက်လုံးတွေက ကြောက်စရာအကောင်းဆုံးပဲ ထင်တယ်

"မင့်နဲ့ အထိုက်တန်ဆုံးက မောင်အလင်းသစ်ရဲ့ ဇနီး အဖြစ်





"ကြီးစိုးသာ"

ကြီးစိုးသာရဲ့ စကားတွေကို အထိတ်တလန့် တားဆီးမိသည်။ ကြားချင်ဘူး။ မျက်ဝန်းတွေက မင်း မောင်အလင်းသစ်နှင့် လက်မထပ် လျှင် သေဆိုတဲ့ အဓိပ္ပာယ်တွေ ဖော်ဆောင်နေသည်။ လိမ္မော်လဲ ကျသွားချင်တာရဲ့။ မဖြစ်နိုင်ပါဘူး။ ကိုကိုနဲ့ လက်မထပ်နိုင်ပါဘူးလို့ ငြင်းဆန်ဖို့အင်အားတွေ ကင်းမဲ့နေသည်။ သူ့မ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံကျလာရ၏။ လိမ္မော် သေဆုံးသွားမှာပင် ကိုကိုက လိုလားနေပြီလား။ နှုတ်ခမ်းသားလေးတွေကို တင်းကြပ်စွာ ကိုက်ထားလိုက်မိ၏။ လိမ္မော့်ကို ဘာဖြစ်လို့များ ဒီလောက်အထိ နှိပ်စက်ချင်ရတာလဲ ကိုကိုရယ်။ လိမ္မော်က ကိုကို အပိုင်ဝယ်ထားတဲ့ သတ်ရုပ်လေးမှ မဟုတ်တာပဲ။ လိမ္မော့်ကို သေချင်သေပါစေဆိုတဲ့ အဓိပ္ပာယ်လား။ ကိုကိုပြောတော့ လိမ္မော်ဆန္ဒတွေနဲ့ ဆန့်ကျင်ပြီး ဘာမှမလုပ်တော့ပါဘူးဆိုကိုကို ကိုယ်တိုင် ကတိပေးခဲ့တာပဲ မဟုတ်လား လိမ္မော့်ဘဝမှာ ငြင်းဆန်နိုင်ခွင့် မရှိတော့ဘူး ကိုကိုရယ်။

"ညည်းလေးမှာ ငြင်းဆန်ခွင့် မရှိဘူးနော်၊ လိမ္မော်ချို့ မောင် အလင်းသစ်ရဲ့ အမေ့ဆန္ဒပဲ၊ သားနဲ့သမီးကို တစ်နေ့ကျရင် ကျုပ်ကိုယ်တိုင် လက်ထပ်ပေးဖို့ မှာကြားထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ညည်းလေးကို တစ်သက်လုံး ကျွေးမွေးစောင့်ရှောက် လာခဲ့ ကျေးဇူးတရားကို ညည်းလေးပေးဆပ်ရမယ်"

"ကျွန်မ ကျွန်မ"

"မောင်အလင်းသစ်လောက် ညည်းလေးကို ချစ်မယ့် ယောက် မရှိနိုင်ဘူးထင်တယ်၊ လိမ္မော်ချို ငါ အတင်းအကျပ် စီစဉ်ရလိမ့်မ မောင်အလင်းသစ် စိတ်သောကတွေ ခံစားပြီး ရူးသွပ်သွားမှာကို လက်မခံနိုင်ဘူး မမြင်ရက်ဘူး"

သူမ ဒူးခွေ ညွတ်ကျသွားချင်ရသည်။ ကိုကို့ဆန္ဒကို လိ ဆန့်ကျင်ရဲချင်ရဲမယ် ကြီးစိုးသာရဲ့ ဆန္ဒတွေကိုတော့ မငြင်းဆ

"မင်းချစ်သူကောင်လေးနောက် လိုက်သွားမယ်လို့တော့ မကူးနဲ့နော်။ မင်းကောင်လေးနဲ့ သူ့အစ်မ စီးပွားရေးက မောင်အလ လက်ထဲမှာပဲ ရှိနေတယ်၊ ပြဿနာတွေ ရှုပ်ထွေးသွားအောင် လုပ် သိလား"

မောင်နှင့် မောင့်မမပါ စီးပွားရေးလုပ်ငန်းတွေ နစ်နာ ပျက်စီးသွားမှာတော့ လိမ္မော် မလိုလားပါ။ မောင်ကလည်း ဦးတူ ရှိနေသည်။ လိမ္မော်ရူးသွပ်ချင်လာရ၏။ ကြီးစိုးသာက ကိုကို့





က်စက်တတ်သည်။

"မင်း မျက်နှာသစ်ပါ၊ ပြီးတော့ မနက်စာစားပါ၊ ငါ့ အကြောင်းကို င်း ကောင်းကောင်းသိတယ်နော်"

ကြီးစိုးသာ လှည့်ထွက်သွားပြီး တံခါးကိုပိတ်သွားသည်။ လိမ္မော် ခန်းကို အတွင်းမှ ဖွင့်ပိတ်လို့မရအောင် စီစဉ်ထားကြ၏။ အခု ောက်ဆိုလျှင် ကြီးစိုးသာ သော့အသစ်တွေ ပြောင်းလဲတတ်လိုက်ပြီပေါ့၊ းထဲအဝင်အထွက်ကို ကြီးစိုးသာ ဂရုတစိုက် စောင့်ကြည့်တော့မှာ သချာသည်။ လိမ္မော် ဘာဆက်လုပ်ရမလဲ။ မောင့်ကိုလည်း ပြစ်မှု ာ့ူးလွန်စေချင်ပါ။ မောင်တစ်နည်းနည်းနဲ့ အိမ်ထဲဝင်လာမှာလည်း ပ်ပုပင် ရသည်။ လိမ္မော်ရူးတော့မယ်။ သေတော့မယ်။ စောစောထဲက မ္မော် ဒီကနေ အခွင့်အရေးရတုန်း လိုက်သွားရင် အကောင်းသား။ ကို့အပေါ် လိမ္မော် ညှာတာထောက်ခဲ့မိလို့ပါ။ ကိုကိုက ညီမလေး ယောက်လိုပဲဆက်ပြီး သဘောထားမယ်ထင်ခဲ့ မိလို့ပါ။ လိမ္မော့် ခန်းလေးထဲမှာ မျက်ရည်တွေသာ ပြည့်လျှံလာရသည်။

"မောင် လိမ္မော် ဘာဆက်လုပ်ရမလဲ၊ လိမ္မော် ကိုယ့်ကိုယ်ကို သေပစ်လိုက်ရမှာလားဟင်. လိမ္မော် အသက် မရှင်ချင်တော့ဘူး"

အခန်းထဲမှာ သူမတစ်ယောက်တည်း ငိုကြွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းကြီးက ပိတ်လှောင်နေ၏။ ဖွင့်၍မရနိုင်။ သူမတံခါးပေါက်နား ရပ်နေမိသည်။ မောင့်ကို အော်ဟစ်ခေါ်ချင်တဲ့ စိတ်ဆန္ဒတွေ ဖြစ် နေရ၏။ ကယ်မည့်သူ ဝေးနေသည်။ ကိုကိုရက်စက်တော့မည် ဒေါ်စိုးသာကလည်း ကိုကိုနှင့် အတင်းအကြပ် လက်ထပ်ပေးဖို့ စိ တော့မှာ သေချာနေ၏။ လီမွှော်ဆောက် တည်ရာမရအောင် တုန်ရ ခြောက်ခြားကာ မောင့်ကိုပဲတမ်းတ နေမိသည်။ မောင် ခြံထဲမှာရှိနေ အစာအသောက်တွေလည်း လီမွှော်စားချင်စိတ်မရှိ၍ မစားပေ။ ရင် မီးတောက် လောင်နေကာ လီမွှော့်အတွက် မျက်ရည်တွေပဲ အဖော် ကိုကိုက သူမကို အတင်းအကြပ် လက်ထပ်မှာကို လီမွှော် ဘယ် လက်မခံနိုင်ဘဲ အကြောက်ကြီး ကြောက်နေမိသည်။

"ဖျပ်… ဖျပ်…"

"ဟင်"

ခြေသံပဲ။ အဲဒါ ကိုကို့ခြေသံပါပဲ။ ဒေါ်စိုးသာ အသံကကြမ်းသည် လီမွှော်သိတာပေါ့။ လီမွှော်နားထဲမှာ ယဉ်နေတဲ့ခြေသံ။ လီ ကြောက်ရွံ့ထိတ်လန့်ရသော ကိုကို့ခြေသံ။ အရင်ကထက် ပိုမိုနေး နေ၏။ ခြေသံက တိုးတိတ်စွာ ဖြည်းဖြည်းလေး တိုးရွေ့လာပုံ ဒေါ်စိုးသာကပဲ မြှောက်ပေးလိုက်လေလား။ အမလေး လီမွှော်ကြော





လိုက်တာ အခန်းထဲမှာ လီမွှော်တစ်ယောက်တည်း။ ကိုယ့်ကိုယ်ကို သတ်သေဖို့ လီမွှော့်မှာ သတ္တိမရှိပါ ကြောက်တယ်။ မောင်ရယ်လီမွှော်ကို လာကယ်ပါဦး။ လီမွှော်တစ်ယောက်တည်း အခန်းထဲမှာ ယောက်ယက် ခတ်နေသည်။ ပြေးစရာမြေ မရှိတော့၊ သူမ သိမ်းထားတဲ့ဓားလည်း ဒေါ်စိုးသာက သိမ်းဆည်းသွား၏။ ပြတင်းပေါက်တံခါးတွေလည်း ဖွင့်မရ။ အပြင်မှ အသေပိတ်ထားသည်။ လီမွှော့်ခြေဖျား လက်ဖျားတွေ အေးစက်ထုံကျင် လာရ၏။ အသားတွေပင် တဆတ်ဆတ်တုန်လာပြီး အခန်း ထောင့်တစ်နေရာတွင် ထိုင်ချလိုက်မိသည်။

"ဂျွိ"

"အမလေး"

အမှန်တကယ်ပဲ အခန်းဝမှာ ကိုကိုက ပေါ်လာသည်။ ဆံပင်တွေ ဖွာလန်ကျဲနှင့် ညက အတော်အရက်တွေ သောက်ထားပုံပင် အရက်နံ့တွေ အခန်းထဲမှာ ထောင်းထောင်းထနေ၏။ ငယ်စဉ်လေးကတည်းက လီမွှော်ထိတ်လန့်ကြောက်ရွံ့ခဲ့ရသော ကိုကိုသည် အခန်းထဲ လှမ်းဝင် လာတော့သည်။

"လီမွှော်လေး"

အဖြေကထွက်မလာ။ ကိုကို့ကိုလည်း မကြည့်။ ရှက်လွန်း၍



www.burmeseclassic.com

www.burmeseclassic.com



လိမ္မော်အသက်ရှူဖို့ပင် မေ့လျော့နေရ၏။ ခန္ဓာကိုယ်လေးကလည် တဆတ်ဆတ်တုန်ရီလာရသည်။

"ထ"

"အမလေး"

"ဟား...ဟား... ဟား ကိုကိုက မင်းကြောက်စရာလား၊ မင် ချစ်ခင်လေးစားရမယ့် ယောကျ်ားတစ်ယောက်ပါကွာ"

ကိုကိုက အစ်ကိုပါဟုမပြောဘဲ ယောကျ်ားတစ်ယောက် ဟု သူမအနားလျှောက်လာပြီး သူမလက်မောင်းကို ဆုပ်ကိုင် လိုက်ေ သည်။ လိမ္မော် အင်အားမဲ့နေ၏။ ရုန်းကန်ဖယ်ရှား ပစ်နိုင် ခွန်အားတွေ ပျောက်ဆုံးနေသည်။ အမြဲတမ်း ကိုကိုထဆိုထ ကိုကို ထိုင်ဆိုထိုင်ပဲ။ မျက်ဝန်းတွေက မျက်ရည်တွေ ပြည့်လျှံလာရ သူမရဲ့ အားကိုးရာက မျက်ရည်ပဲ။ ကိုကိုက သူမ မျက်နှာလေး ဆွဲမော့ပြီး စေ့စေ့ကြည့်၏။

"ဘာလဲ လိမ္မော်လေးက ကိုကို့ကို ကြောက်နေတာလာ မကြောက်ပါနဲ့တော့ကွာ ကိုကိုမှားပါတယ်၊ တောင်းပန်ပါတယ်၊ လိမ္မော် လေးရယ်၊ အရင်က လိမ္မော်လေးအပေါ် ရက်စက်ကြမ်းတမ်း ဆက်ဆံခဲ့မိတယ်လေ၊ နောက်ဆို အဲဒီလို မဖြစ်စေရပါဘူး၊ လိမ္မော်





ဆန္ဒတွေနဲ့ ကိုကိုဘာမှ မလုပ်ပါဘူးလို့ ကတိပေးထားပြီးပြီပဲ၊ မယုံဘူး သားကွာ ယုံနော်"

ကိုကိုသည် လိမ္မော်အား အပြစ်ဒဏ်ပေးပြီး တိုင်း မျက်ရည်တွေနှင့် သိမ်းကျုံနေတဲ့ ပါးပြင်လေးကို လက်တွေနှင့် ပွတ်သပ်သုတ်ပေးရင်း ချော့မြူတင်သည်။ အခုလည်း လိမ္မော် ပါးပြင်ပေါ်မှ မျက်ရည်တွေကို ညင်သာဖွဖွစွာ သူ့လက်ချောင်းတွေနှင့် ပွတ်သပ်ဖယ်ရှားပေးနေ၏။ အခန်းတံခါးက ပွင့်နေလို့ လိမ္မော်ထွက်ပြေးပစ်လိုက်ချင်ပေမဲ့ ခြေတွေ လက်တွေပင် မသယ်နိုင်တော့လောက်အောင် နုံးချွေနေသည်။ ကိုကို ကြိုးဆွဲ ရာကရတော့မည့် ရုပ်သေးရုပ်လေးတစ်ရုပ်ကဲ့သို့ ပျော့ခွေကျ ချင်နေ၏။ မျက်လုံးတွေကိုပဲ စုံမှိတ်ထားပစ်လိုက်သည်။

"ကဲပါကွာ၊ လိမ္မော်လေးဆန္ဒအရပဲ အရာရာဖြစ်စေရမှာပါ၊ ကိုကို့ဆန္ဒတွေကို ဖယ်ရှားပစ်လိုက်ပါပြီ၊ ထ မျက်နှာသစ်တော့နော်၊ ပြီးတော့ မနက်စာစားမယ်၊ လိမ္မော်လေးစိတ်ပင် ပမ်းနေပြီပဲ၊ နောက်ဆို လိမ္မော်လေးကို စိတ်သောကရောက်အောင် ဘယ်သူမှ မလုပ်စေရဘူး၊ ကိုကိုကတိပေးတယ်ထပါ၊ မျက်နှာသစ်ရအောင်"

ကိုကိုက ညီမလေးဟု မသုံးနှုန်းပဲ လိမ္မော်လေးတဲ့ ငယ်စဉ်က တိုင်း ရေချိုးခန်းထဲအထိ တွဲခေါ်ပြီး လိမ္မော့်ကို အစစအရာ



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကိုယ်တိုင် ကလေးတစ်ယောက်ပမာ ပြုစုယုယပေးနေသည် ကိုကို အချိုသတ်နေတာပါ။ လိမ္မော့် ဆန္ဒတွေအတိုင်း ဖြစ်စေရမယ်ဆိုတာ မဖြစ်နိုင်ပါဘူး လိမ္မော့်ကို မနက်စာကျွေးကာ ကိုကိုပြန်ထွက်သွား ဒါပေမဲ့ လိမ္မော့် အိပ်ခန်းတံခါးကိုတော့ ကိုကိုက အသေပိတ်ထားပြီးတော့ အပြင်ကို ထွက်သွားတော့တာပါ။

○





## အခန်း (၂၂)

"ကိုအလင်းသစ်"

"ဟင်..."

"ရှင် ကျွန်မကို ခဏလေးပဲ လက်ခံစကားပြောခွင့် ပေးပါ"

"မင်း... မင်း... မိုးပွင့်သော် မင်းဘာလာလုပ်တာလဲ၊ မင်းကို ...သူက ဧည့်ခန်းထဲ ဝင်ခွင့်ပြုရတာလဲ"

မိုးစက်သော် အစ်မမိုးပွင့်သော် သူ့ရုံးခန်းထဲဝင်လာ၍ အလင်းသစ် ...မကျသလို သုန်မှုန်သွားရပြီး မျက်ဝန်းထဲမှာ ဒေါသတွေနှင့်မာထန် ...။ မိုးပွင့်သော်ကို ဘယ်သူဝင်ခိုင်း လိုက်တာလဲ။ အလင်းသစ် ...တစ် မောင်းထုတ်ပစ်လိုက် ချင်ပေမယ့် မိုးပွင့်သော်ကလည်း ...ရှင်ဖြစ်နေ၍ သူ့ဒေါသတွေကို ထိန်းချုပ်လိုက်သည်။

"ဘယ်သူမှ မိုးကို အဝင်မခံပါဘူး။ အလင်းသစ် မိုး



www.burmeseclassic.com

www.burmeseclassic.com



အတင်းအကြပ်ဝင်လာတာပါ"

"မင်း လူယဉ်ကျေးမှုကို နားမလည်တဲ့ မိန်းမပဲ၊ ထွက်သွားစမ်း။ မင်းတို့မောင်နှမနဲ့ မပတ်သက်ချင်ဘူး"

မိုးပွင့်သော်က သူနှင့် ကျောင်းနေဖက်သူငယ်ချင်းပါ။ ကျောင်းမှာကတည်းက သူနှင့် ခင်မင်မှု ရှိခဲ့ပေမဲ့ လိမ္မော်ချိုကလွဲပြီး ဘယ်မိန်းကလေးနှင့်မှ အရောတဝင်မရှိဘဲ နေခဲ့သော သူ့အတွက် စိတ်ဝင်စားမှုလုံးဝမရှိဘဲ သူငယ်ချင်းအဖြစ်ပင် အဆက်အဆံ သိပ်မလုပ်ဘဲ ကင်းကင်းရှင်းရှင်း နေထိုင်ခဲ့သည်။ အခုလုပ်ငန်းအရလာရောက်ပတ်သက်ဆက်နွယ်၍ အလင်းသစ် စကား လက်ခံပြောဆိုခဲ့ပေမဲ့ မိုးပွင့်သော်က အကြိုနှင့်ပဲ။ သူ့မောင့်အတွက် အလင်းသစ်ကို ဝင်ပူးကပ်ကြောင်းရိပ်စားမိ၍ အဆက်အဆံမလုပ်တာကြာပြီပဲ။

"မင်းထွက်သွားပါ၊ မင်းနဲ့ငါ ပတ်သက်ဆက်ဆံစရာ မရှိပါဘူး။ မင်းအေးအေးဆေးဆေး ထွက်မသွားရင် ငါ လုံခြုံရေး ဝန်ထမ်းတွေနဲ့ ဆွဲထုတ်ရလိမ့်မယ် မိုးပွင့်သော်"

မိုးပွင့်သော်တို့ မောင်နှမနှစ်ယောက်စလုံးကို သူ အရမ်းမုန်းတီးနေမိသည်။ လိမ္မော်ကို သူ့ရင်ထဲမှ ဆွဲထုတ်ယူငင်ဖို့ ကြိုးစားနေတဲ့ကောင်လေးပဲ။ လိမ္မော်လေးဘယ်လို ယောကျ်ား မျိုးနဲ့မှချစ်သူရည်းစားဖြစ်တာ လက်မခံနိုင်ပါ။ ဒီကောင်လေးကြောင့် လိမ္မော်က သူ့





ဆန့်ကျင်အာခံနေတာ မဟုတ်လား။

"မိုး ထွက်မသွားနိုင်ပါဘူး၊ အလင်းသစ် ပြောစရာရှိတာတော့ ပြောသွားရမှာပဲ၊ အလင်းသစ် မကျေနပ်ရင် လုံခြုံရေး ဝန်ထမ်းတွေခေါ်လိုက်လေ၊ ရှင့်ရဲ့အထုပ်ကို ရှင်ဖြည်ပြရဲလို့လား။ ကုမ္ပဏီမှာရှိနေတဲ့ဝန်ထမ်းအားလုံးက လိမ္မော်ချိုကို ရှင့်ညီမလေးလိုပဲ သိထားကြတာလေ"

"ဟင်"

"ရှင် သတ္တိရှိရှိ ရင်ဆိုင်ရဲလို့လား၊ အလင်းသစ်၊ ပြီးတော့ ရှင့်ဘဝတစ်သက်တာလုံး စိတ်သောကတွေ ပူလောင်ကြေကွဲ မှုတွေ ရင်မှာပိုက်ပြီး ဖြတ်သန်းမလား"

"ဘာပြောတယ်"

"ရှင် လူငယ်တွေရဲ့ အနာဂတ်ကို မဖျက်ဆီးပစ်ချင်ပါနဲ့၊ ရှင်ညီး အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင် လူကြီးလူကောင်း တစ်ယောက်နော်၊ အရှက်သိက္ခာတွေ ကိုယ်ကျင့်တရားတွေ ဖျက်ယွင်းမှုတွေကဘဝကို လူ့လောကကြီးထဲက ဆွဲဖယ် ထုတ်ပစ်လိမ့်မယ်"

"မိုးပွင့်သော် မင်း... ဘာတွေလာပြောနေတာလဲ၊ ထွက်သွားစမ်းကွာ၊ ငါ ဘာမှ မကြားချင်ဘူး။ မင်းမောင်အတွက် မင်း လာပြောတာဆိုရင် ဆောရီးပဲ၊ ငါက လိမ္မော်ချိုကို ဘယ်သူမှ မပိုင်ဆိုင်အောင်လုပ်မှာကွ၊ လိမ္မော်ချို ငါ့အနားမှာပဲ နေရမယ်၊ မင်းမောင်



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲ ဘယ်လိုနည်းနဲ့မှ မရောက်စေရဘူး"

"မိုး အခုလို လာပြောနေတာ အလင်းသစ်အတွက်ပါ။ မောင်လေးအတွက် မဟုတ်ပါဘူး။ အလင်းသစ်ကိုယ့်ကိုယ်ကို ပြန်ကြည့်စမ်းပါဦး၊ အရမ်းပဲ ပိန်ခြုံးပြီး နွမ်းဖတ်ညှိုးရော်နေတာပဲ၊ ဂုဏ်သရေရှိလူကြီးလူကောင်းဖြစ်ပြီး အလင်းသစ်လုပ်ရပ်က သူများလက်ညှိုးထိုးကဲ့ရဲ့စရာ ဖြစ်နေလို့လေ။

"တော်စမ်း မိုးပွင့်သော် ဆက်မပြောနဲ့တော့၊ ငါ လိမ္မော်ချိုကို လက်ထပ်မယ်လို့ မင်းထင်နေလား၊ ဝေးသေးတယ်၊ လိမ္မော်ချိုကို လက်ထပ်ယူဖို့ထက် လိမ္မော်ချို ငါ့အနားကနေ ထွက်ခွာမသွားဖို့က အဓိကပဲ".

"အလင်းသစ်မှားနေပြီ ဘဝတစ်လျှောက်လုံး အလင်း သစ်ရော လိမ္မော်ချိုရော လူဖြစ်ကျိုးမနပ် ဖြစ်ရတော့မယ်၊ စိတ်သောကဝေဒနာတွေ ထာဝရရင်မှာ ပိုက်သွားရမှာ လူငယ်တွေရဲ့ အနာဂတ်ကို ဖျက်စီးပစ်ရာလည်း ကျပါတယ်၊ ပြီးတော့ ဘဝတစ်သက်လုံး လိမ္မော်ချိုရဲ့ မုန်တီးရွံရှာမှုတွေပဲ အလင်းသစ်ရမှာလေ"

"ဘာ"

"တစ်နေ့ကျရင် အခွင့်အရေးရရင် လိမ္မော်ချို ထွက်ပြေးမှာ အလင်းသစ် အမုန်းတွေပဲ ရလိုက်မှာပါ"





"မိုးပွင့်သော်"

"အခုလည်း အလင်းသစ် စိတ်သောကတွေ အရမ်းရောက်နေတာ၊ အရင်က အလင်းသစ်နဲ့တူလို့လား၊ ဆံပင်တွေ ခြောက်သွေ့ဖွာလန်ကြဲပြီး အရူးတစ်ယောက်နဲ့တောင် တူနေပြီ"

"မင်း မင်း"

"မိုးသွားတော့မယ်၊ အလင်းသစ် စဉ်းစားပါနော်၊ ဉာဏ်ပညာထက်မြက်ပြီး တော်လွန်းတဲ့ အလင်းသစ်ကို အရာရာ ကျဆုံးမှုတွေနဲ့ ရင်မဆိုင်စေချင်လို့ပါ"

မိုးပွင့်သော် ပြန်ထွက်သွားသည်။ အလင်းသစ်တစ်ယောက်တည်း ကျန်ခဲ့၏။ သူ့ခေါင်းတွေ ရှုပ်ထွေးကာ ရင်တွေ တလှပ်လှပ်တုန်ခါလာသည်။ မိုးပွင့်သော် ပြောသွားတာတွေက အမှန်တွေပဲ။ အလင်းသစ်မှာ အမြဲတမ်း စိတ်သောကတွေ စိုးရိမ်ပူပင်မှုတွေနဲ့ ဒေါသတွေပဲ ထိုက်ကွဲထွက်နေခဲ့၏။ အလင်းသစ် အတွေးကြီးခဲ့သည်။ လိမ္မော်ချိုကိုလည်း ...ကြပ်တဲ့ စည်းကမ်းတွေနှင့် မျက်ခြည်မပြတ်စောင့်ကြည့်ကာ ...နည်း လေးအပြစ်တွေ့တာနှင့် မှားတာမှန်တာ စဉ်းစားမနေတော့ဘဲ ...ကျစွာ အပြစ်ပေးခဲ့သည်။ နောက်ဆုံးတော့ သူရလိုက် တာက ...မ္မော်ချိုရဲ့ မုန်းတီးနာကျည်းမှုတွေပဲ ဖြစ်နေသည်။

"အား..."



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ရင်ဝက စူးတက်လာရတဲ့ နာကျင်မှု။

ကုမ္ပဏီကို မလာတာကြာပြီဖြစ်လို့ စာရင်းဇယားတွေ လက်မှ

တိုးပေးရန် သူရောက်လာခြင်းဖြစ်၏။ သူ အအိပ်အစားတွေ ပျက်နေတ

ကြာပြီ။ အရက်ပဲသောက်နေတာ။ အရှက်တွေ ဂုဏ်သိက္ခာတွေဆိုတ

ဘာမှန်းပင် မသိတော့။ လိမ္မော်ချို့ အပေါ်ပဲ ရူးသွပ်စွာ အာရုံစူးစို

နေမိသည်။

"ငါ ဘာလုပ်ရမလဲ၊ လိမ္မော်ချို မင်းကိုစွန့်လွှတ်လိုက် ရမလာ

မင်းအမုန်းတွေပဲ ရင်မှာပိုက်ပြီး ဘဝကို ရှေ့ဆက် ဖြတ်သန်းရမလားကွ"

သူ့စိတ်တွေ ဆောက်တည်ရာမရအောင် လှုပ်ရှားတုန်ခါနေသည်

ရင်ဝမှာ မွန်းကြပ်နေ၏။ အသက်ရှူလို့ပင်မဝတော့ အခုတလော

အနည်းငယ် လှုပ်ရှားတာလေးပင် မောပန်းနွမ်းနယ်နေရသည်။

အရက်ပဲသောက်နေခဲ့တာပါ။ လိမ္မော်ချိုအတွက် ပူပင်မှုတွေက သူ့ရင်

အတိုင်းအဆမဲ့စွာ တိုးဝင်ထိုးနှက်နေ၏။ အလင်းသစ် မင်းဘာဖြစ်

တာပဲ။ မင်းရဲ့ ဂုဏ်သိက္ခာတွေ စောင့်ထိန်းရမယ့် လူ့ကျင့်ဝတ်တွေ

ဘယ်လိုလွင့်စင် ပျောက်ဆုံးနေရတာလဲ။ မိုးပွင့်သော် ပြောသ

အလင်းသစ်နောက်ဆုံး ရယူပိုင်ဆိုင်ရမှာက လိမ္မော်ချို့ရဲ့ အမုန်းတွေ

သူ အိမ်ပြန်ချင်တဲ့ ဆန္ဒတွေ ပြင်းပြလာရပြီး ထရပ်လိုက်

ခေါင်းက မိုက်ခနဲပြာဝေသွားသည်။





"အား...မူးလိုက်တာ ကိုယ်အရက်သောက်တာတွေ အရမ်းများ

သွားပြီထင်တယ် ကျွတ်... ကျွတ်..."

အသက်ရှူရတာ မဝသလို ရင်ဝမှာ စူးအောင့်လာရသည်။ သူ

ဝမခံစားနိုင်ဘဲ ဖောချွေးတွေပင် ယိုလာရ၏။ အသက်ကို ပြင်းပြစွာ

သွင်းနေရင်း မျက်လုံးတွေ ပြာဝေသွားကာ အသိမဲ့သွားသည်။

"ဆရာ... ဆရာ... ဘာဖြစ်တာလဲ၊ လာကြပါဦး ဆရာ

ရာ သတိလစ်နေတယ်"

လက်ထောက်မန်နေဂျာသက်မောင် အသံကြောင့် ကုမ္ပဏီ

ထမ်းတွေ ရုံးခန်းထဲ အပြေးအလွှား ရောက်လာကြသည်။

"ဆေးရုံလူနာတင်ကား ဖုန်းဆက်စမ်း၊ အရေးပေါ် အရေးပေါ်"

ကုမ္ပဏီဝန်ထမ်းတွေက ဆေးရုံကားရောက်သည်နှင့် လူနာအား

ရုံသို့ အမြန်ဆုံးခေါ်လာခဲ့ကြပြီး ဆရာ့အိမ်ကိုလည်း ဖုန်းဆက်

ပေးကြသည်။

"ကရင်... ရင်... ကရင်...ရင်"

ဒေါ်စိုးသာက စားသောက်စရာတွေ ချက်ပြုတ်နေရာမှ ထွက်

ပြီး ဖုန်းကိုကိုင်လိုက်သည်။

"ဟယ်လို မောင်အလင်းသစ်တို့အိမ်ကပါ။ ဘာ... မောင်အလင်း

သတိလစ်သွားလို့ ဆေးရုံတင်လိုက်ရတယ် ဟုတ်လား၊ ကောင်းပါပြီ



www.burmeseclassic.com

www.burmeseclassic.com



အခုပဲလာခဲ့ပါ့မယ်နော်"

ဒေါ်စိုးသာ အပေါ်ထပ်ကို ပြေးတက်သွားပြီး လိမ္မော်ချို[illegible] ပြောလိုက်သည်၊

"ညည်းလေးကြောင့် မောင်အလင်းသစ် ရောဂါဝေဒနာ[illegible] ခံစားရပြီပဲ၊ နောက်ဆုံးတော့ ကျုပ်ထင်ထားတဲ့အတိုင်း ဖြစ်လာ[illegible] ညည်းလိုက်ခဲ့ပါ၊ မောင်အလင်းသစ် စိတ်ချမ်းသာမယ့်စကား[illegible] ညည်းပြောပေးစမ်းပါနော် လိမ္မော်ချို"

ကိုကို ဆေးရုံတင်ထားရတယ်ဆိုတော့ လိမ္မော်လည်း စိုးရိမ်[illegible] သွားရ၏။ ဘယ်လိုပဲဖြစ်ဖြစ် ကိုကိုက လိမ္မော်ကို ငယ်စဉ်ကတည်း[illegible] ကျွေးမွေးစောင့်ရှောက်ပြုစုယုခဲ့တဲ့ အစ်ကို တစ်ယောက်ပါ။ လိ[illegible] မရက်စက်နိုင်ပါဘူး လိမ္မော်လည်း ကြီးစိုးသာနှင့်အတူ အပြေးအ[illegible] လိုက်လာခဲ့မိသည်။ ခြံထဲ အရောက်တွင် မောင့်ကိုတွေ့လိုက်ရ[illegible] ကြီးစိုးသာရဲ့ ခြေလှမ်းတွေတုန့်ခနဲရပ်သွားက မျက်ဝန်းတွေက ရုတ်[illegible] တင်းမာ ခက်ထန်သွားတော့၏။ လိမ္မော့်ကိုလည်း ခပ်စူးစူးစိုက်[illegible] ကြည့်သည်။

"မင်း... မင်း... ဒီခြံထဲဘယ်လိုရောက်နေတာလဲ၊ မ[illegible] မင်း... တို့မှာ ဘာအကြံအစည်တွေ ရှိနေလဲ၊ မောင်တူး နင်[illegible] သစ္စာမဲ့တာပေါ့လေ၊ ကိုယ့်ထမင်းရှင် အပေါ် သစ္စာမဲ့လိုက်တာ"





"ကျွန်တော် ကျွန်တော်"

ဦးတူးလည်း စကားတွေထစ်ငေါ့ပြီး ဘာပြောရမှန်းမသိ ဖြစ်နေ[illegible]သည်။ မောင်က လိမ္မော်ချိုကို အနားတိုးကပ်လာ၏။ ကြီးစိုးသာရဲ့ [illegible]ကြည့်တွေက ပြင်းထန်စွာ ပေါက်ကွဲတော့မည့် မျက်လုံးတွေနှင့် [illegible]ောင်နဲ့လိမ္မော်ချိုကို စူးစူးဝါးဝါး ကြည့်သည်။

"လိမ္မော်ချို... ညည်းဘက်သူ့နောက်လိုက်မှာလဲ... ပြတ်ပြတ် [illegible]သားဆုံးဖြတ်ပါ၊ ဒီကောင်လေးနောက်ပဲ လိုက် မယ်ဆိုရင်လည်း [illegible]ပဲ လိုက်သွားတော့၊ ထွက်သွားကြစမ်း။ အားလုံးထွက်သွားကြ [illegible]တ်မရှိတဲ့ဟာတွေ အခုချက်ခြင်း ဒီခြံထဲကနေ ထွက်သွားကြ"

ကြီးစိုးသာ မိုးချုန်းသံကြီးကဲ့သို့ ကျယ်လောင်စွာအော် ဟစ်ပြီး [illegible]င်းထုတ်နေသည်။ လိမ္မော့်အကြည့်တွေက မောင့်ဆီ ဆတ်ခနဲ [illegible]သွား၏။ အခုအချိန်မှာ ဘယ်သူ့ဘက်မှာ ရပ်တည်ရမလဲဆိုတာ [illegible]င်းစွာ ဆုံးဖြတ်ချက်ချလိုက်သည်။

"မောင်"

"လိမ္မော်"

"ပြန်ပါတော့ လိမ္မော့်ကိုကိုဆီပဲ လိုက်သွားရမယ်၊ အခုအချိန်မှာ [illegible]အတွက်ကိုကိုက အရေးအကြီးဆုံး လူတစ်ယောက်ပါ၊ မောင်ဒီမှာ [illegible]နေပါနဲ့တော့၊ မောင် အိမ်ကိုပဲပြန်ပါ၊ မောင့်နောက်ကို လိမ္မော်



www.burmeseclassic.com

ဘယ်လိုမှ လိုက်နိုင်မယ် မထင်ဘူး၊ လိမ္မော်ရဲ့ တောင်းဆိုမှုတွေ
မောင်လက်ခံပေးပါ၊ လိမ္မော့်ကို နားလည်ပေးပါနော်၊ ကြီးစိုးသာကိုကို
သွားကြစို့ လေ”

“လိမ္မော် မင်းဒီလိုဆုံးဖြတ်လိုက်တာ ကြီးစိုးသာ ဝမ်း
လိုက်တာကွယ်၊ အဲဒီလိုပဲ ဖြစ်သင့်ပါတယ်၊ ညည်းလေး လိမ္မာလိုက်တာ”

လိမ္မော်ချို အရာအားလုံးကို ကျောခိုင်းလိုက်ပြီး ကြီး
သာနှင့်အတူ ကိုကိုရှိနေတဲ့ဆေးခန်းသို့ ထွက်လာခဲ့တော့၏။

○





## အခန်း (၂၃)

ကိုကိုက နှလုံးရောဂါနေတာတဲ့။ လိမ္မော်ရောက်သွား တော့ ကိုကိုသတိရနေပြီ။ နှလုံးက လုံးဝမကောင်းတော့ဘူးတဲ့ ကိုကိုအနားသို့ မျက်ရည်တွေ ပြည့်နှက်နေတဲ့ မျက်ဝန်းတွေ နှင့် လိမ္မော် တိုးကပ်သွားမိ၏။ လိမ္မော့်စိတ်တွေထဲမှာ ကိုကို့ အတွက် စိုးရိမ်ပူပင်မှုတွေနှင့် ရိုဝေ ကြကွဲနေရသည်။

“ကိုကို”

“ဟင် ညီမလေး”

ကိုကို့ နှုတ်ခမ်းတွေမှ လေသံသဲ့သဲ့မျှသော အသံက လိမ္မော့် သဲသို့ ပေါက်ကွဲလွင့်စင်သွားရသည်။ ညီမလေးတဲ့လေ ရင်ထဲမှာ မ်းသွားရ၏။ ကိုကို့မျက်ဝန်းတွေကလည်း ရှိုးသ ဝင်းပ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရယ် လိမ္မော်လေ နောက်ဆို ကိုကို့ဆန္ဒတွေနဲ့ ဆန့်ကျင်ပြီး ဘာတစ်ခုမှ မလုပ်တော့ပါဘူးနော်၊ ကိုကိုနေစေ ချင်သလိုပဲ နေပေး မယ်၊ ကိုကိုဖြစ်စေချင်တာတွေအားလုံး လိမ္မော်ဖြည့်စွမ်းပေးပါ့မယ်"

ကိုကို့နှုတ်ခမ်းတွေက ငွေ့ငွေ့မျှ အပြုံးယောင်သမ်းလာသည် ကိုကိုသေဆုံးသွားလို့ မဖြစ်သေးပါဘူး။ လိမ္မော့်အနားမှာပဲ ကိုကိုနေပေး ဦးနော်။ တကယ်တော့ လိမ္မော့်အပေါ် ချစ်မြတ်နိုးတန်ဖိုးထားလွန်းပြီ ကိုကိုအတ္တကြီးခဲ့ရတာ လိမ္မော် နားလည်ပါပြီလေ။ ကိုကို့လက်တွေ လိမ္မော်တင်းကြပ်စွာ ဆုပ်ကိုင်ထားမိသည်။ ကိုကို့အပေါ် လိမ္မော် သံယောဇဉ်ကြီးမားစွာ တွယ်တာနေဆဲပါပဲ။ ဇော်စဉ်လေးကတည်း လိမ္မော်ချစ် ကြောက်ရိုသေရတဲ့အစ်ကိုပဲ၊ ဒါပေမဲ့ အခုတော့ လိမ္မော် အတွက် ကိုကို့ဆန္ဒပဲ အရေးတကြီး ဖြစ်စေချင်နေသည်။

"ကိုကို…"

"ဟင်…"

"နေကောင်းအောင်နေပါတော့နော် လိမ္မော်လေ ကိုကို့ ဆ အတိုင်း လက်ထပ်ဖို့ သဘောတူပါတယ်"

"လိမ္မော်"

"တကယ်တော့ ကိုကို့ဆန္ဒပဲ အရေးကြီးတာပါ၊ လိမ္မော် ဘ တုန်းကမှ ကိုကို့ဆန္ဒတွေကို ဆန့်ကျင်ငြင်းဆန်ခဲ့ဘူးလို့လဲ၊ ကို





နေကောင်းအောင်နေပါ၊ ကိုကို့ကို ညီမလေး ဘယ်လိုနည်းနဲ့မှ ခွဲခွာပြီး မနေနိုင်တော့လို့ပါနော် ကိုကို"

ညီမလေးရယ် လက်ထပ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ တစ်သက် လုံး ဒီအရွယ်အထိ ညီမလေးတစ်ယောက်လိုပဲ စောင့်ရှောက်ခဲ့တာပဲ၊ ကိုကို လူ့လောကကြီးထဲမှာနေရဖို့ သက်တမ်းကုန်ပြီ ထင်ပါရဲ့ကွာ။ အရမ်းမောလိုက်တာ ညီမလေးနဲ့ မခွဲချင်ပေမဲ့လည်း ခွဲခွာရမှာက မွေတာပဲ မဟုတ်လား။ ကိုကိုညီမလေးတစ်ယောက်လိုပဲ ဖြူစင်စွာ ချစ်ဖို့ဆုံးဖြတ် လိုက်ပါပြီကွာ။ အလင်းသစ်လက်တွေက ညီမလေး သိမ္မော်ချို့ရဲ့ ခေါင်းကို ဖွဖွလေး ကိုင်တွယ်ပွတ်သပ် လိုက်သည်။

"ညီမလေး"

"ကိုကို"

"ညီမလေးကို ဘယ်တော့မှ ကိုကိုလက်မထပ်ပါဘူး ညီမလေးက ကိုကိုရဲ့ ထာဝရညီမလေးပါပဲကွယ်"

"ဟင်… ကိုကို"

သူ့နှုတ်ခမ်းတွေက ပြုံးယောင်သမ်းပြီး ခေါင်းကိုခါယမ်းပြလိုက်၏။ ညီမလေးရဲ့ ပျော်ရွှင်ဝင်းလက်တောက်ပသွားသော မျက်ဝန်းဝိုင်းဝိုင်း အား စူးစိုက်ကြည့်မိနေသည်။ ညီမလေး အရမ်းပျော်သွားတယ် တ်လား။ အဲဒါ ဖြစ်သင့်တာပဲလေ။ ကိုကို အတ္တကြီးသွားတ ါ။



www.burmeseclassic.com

www.burmeseclassic.com



အလိုရမ္မက်တွေ ကြီးမားသွားရတယ်။ ညီမလေးအပေါ် မတရားခဲ့ဘူး ညှဉ်းပန်းနှိပ်စက်မှုတွေက အတိုင်းအဆမရှိအောင်ပဲကွာ။ လိမ္မော်လေး မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံလာသည်။

"မိုးစက်သော်နဲ့ ကိုကို တွေ့ချင်တယ်"

"ကိုကို"

"ဖုန်းဆက်ခေါ်လိုက်ပါ"

"နောက်မှပဲ တွေ့ပါနော်၊ ကိုကိုအရေးမကြီးပါဘူး၊ ကိုကို့ ကျန်းမာအောင်နေပါ၊ လိမ္မော်တို့ လုံးဝမခွဲခွာကြ စတမ်းနော်"

"ခေါ်ပေးပါ၊ မိုးစက်သော်ကို တွေ့ချင်တယ်၊ ဖုန်းဆက် ခေါ်ပေးပါကွာ"

ကိုကိုက အတင်းအကြပ်တောင်းဆိုနေသဖြင့် လိမ္မော် ဖုန်း ဆက်ပြီး မောင့်ကို ခေါ်လိုက်သည်။ ခဏကြာတော့ မောင်ရောက်လာ၏ ကိုကိုက မောင့်လက်တွေနဲ့ လိမ္မော့်လက်တွေကို ဆုပ်ကိုင်ကာ လိမ္မော်လက်လေးကို မောင့်လက် ထဲထည့်ပေးလိုက်သည်။

"လိမ္မော်လေးကို စောင့်ရှောက်ပါ၊ မင်းကို ယုံတယ်၊ ကို့ ညီမလေးရဲ့ အားကိုးအားထားပြုသင်းတဲ့ ယောကျ်ားပါပဲ၊ စောင့်ရှောက် ပေးပါကွာ"

"ကိုကို"





"ကိုအလင်းသစ်"

"မင်းကိုယုံတယ်၊ စိတ်ချတယ် ငါ့ညီမလေးကို ချစ်မြတ်နိုးတာ မင်းပဲ၊ မင်းက ယောကျ်ားကောင်းပါ မိုးစက်သော်ရာ"

အလင်းသစ်ဆက်ပြီး စကားမပြောနိုင်တော့လောက်အောင် မောဟိုက်လာသည်။ ဆရာဝန်တွေ ရောက်လာပြီး သူ့အား စကားမပြောဖို့ တားမြစ်ကာ အောက်စီဂျင်ပေးဖို့ ပြင်ဆင်ကြသည်။ သူ့လက်ကာပြ၍ ငြင်းဆန်လိုက်၏။ နောက်ဆုံးပဲလေ။ ညီမလေးကို နောက်ဆုံးအထိ စကားတွေ ပြောသွားချင်သေးလို့ပါ။ မိုးစက်သော်လက်နှင့် လိမ္မော်ရှို့ရဲ့ လက်တွေကို အလင်းသစ် တင်းကြပ်စွာ ဆုပ်ကိုင်ထားမိသည်။

"ကိုကို့ကို ခွင့်လွှတ်ပါကွာ၊ ညီမလေးအချစ်တွေကို ပြန်ရလို့ ကိုကိုအရမ်းပျော်တယ်၊ စိတ်ချမ်းသာလိုက်တာ လိမ္မော်လေးရယ်"

"ကိုကို စကားတွေ မပြောပါနဲ့လားဟင်၊ အရမ်းမောနေပြီ၊ ကိုကို့ကို အသက်ရှူရလွယ်အောင် အောက်စီဂျင်ပေးပေးပါ၊ ကိုကို သက်သာအောင် စောင့်ရှောက်ပေးကြပါ"

သူမ ကိုကို့လက်တွေကို ဆုပ်ကိုင်ကာ ထိတ်ထိတ်ပြာပြာနှင့် ပြောဆိုနေမိသည်၊

"လိမ္မော်ရယ်၊ ညီမလေးရယ် ကိုကိုအရမ်းပျော်တယ်၊ ကျေနပ် ပါတယ်၊ ကြိုးစားသာကို မှာစရာရှိတာတွေမှာပြီးပြီ။ မိုးစက်သော်က



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးကို ချစ်ခင်ကြင်နာစွာ ကိုကိုထက် တောင် ပိုပြီးယုယမှာပါကွာ”

“ကိုကို”

“မောင်အလင်းသစ်”

“ကိုအလင်းသစ်”

ကိုကိုငြိမ်သက်သွားပြီဟု လိမ္မော်ထင်မှတ်လိုက်ပြီး စိုးရိမ်တကြီး ကြည့်လိုက်တော့ ကိုကို့နှုတ်ခမ်းသားတွေ ပြုံးယောင်သမ်းပြီး ခေတ္တကာပ ငြိမ်သက်သွားတော့သည်။ ဆရာဝန်တွေ ရောက်လာပြီး စစ်ဆေးပြီး ကိုကို အသက်ဝိညာဉ် ကင်းမဲ့သွားပြီဟု ပြောကြ၏။ လိမ္မော်မယုံဘူး အဲဒီလို ဘာဖြစ်လို့ဖြစ်သွား ရတာလဲဟင်။ ကိုကိုသေဆုံးသွားပြီတဲ့လား။ လောကကြီးထဲကနေ ကိုကိုအပြီးအပိုင် ထွက်သွားပြီလား။ လိမ္မော့်ကို စိတ်ချပြီး တစ်ယောက်တည်း ထွက်သွားတာလားဟင်။ အဲဒါလိမ္မော် ကြောင့်ပဲထင်တယ်။ ကိုကို့နှလုံးသားတွေကိုဒဏ်ရာအနာတရ ဖြစ်စေ အောင် လိမ္မော်ပဲ ပြုလုပ်ခဲ့တာပါ။ ဒီလိုဖြစ်မယ်မှန်း သိရင် ကိုကို့နဲ့ဆန့် ကျင်ဘက်တွေ လိမ္မော်မလုပ်ခဲ့ပါဘူးနော်။ လိမ္မော်မျက်ဝန်းတွေက ကိုကို့မျက်နှာကိုပဲ မလွှဲမဖယ် စူးစိုက်စွာ အံ့ဩတကြီး ကြည့်မိနေသည်

“လိမ္မော် ငိုလိုက်လေ၊ အသံထွက်အောင်ငိုပစ်လိုက်ပါ၊ မတတ် နိုင်တော့ဘူးလေ၊ ကံကြမ္မာက ဒီလိုပဲ ဖန်တီးလာတာပဲ မဟုတ်လား”

လိမ္မော်မငိုပါဘူး။ ကိုကိုသေမှ ဝမ်းနည်းပူဆွေးပြီး ငိုကြွေး





နေလို့ရောဘာထူးတော့မှာလဲ။ လိမ္မော်ကြောင့် ကိုကိုသေဆုံး သွားခဲ့ရ တာပဲဟာ။ မငိုပါဘူး လိမ္မော်ရင်ဝမှာ ဆို့တစ်နေသည်။ မျက်ရည်တွေလည်း ခမ်းခြောက်ကုန်ပြီထင်တယ်။ တစ်စက်တလေ တောင်ထွက်ကျမလာ တော့ဘူး။ တကယ်ပဲ အံ့ဩတယ် ကိုကိုရာ။ ကိုကို့ရင်ထဲမှာ ဖြစ်ပေါ် နေတဲ့ ဝေဒနာတွေကိုတောင် သတိမရနိုင်ပဲ လိမ္မော်ကြောင့် စိတ်သောက တွေရောက်ပြီး အရက်တွေ အလွန်အကျွံသောက်နေခဲ့သည်။

“ကြီးစိုးသာ”

“ဟင်”

“ကိုကိုဝေဒနာရတာ ကိုကိုသေဆုံးရတာ လိမ္မော်က အဓိက တရားခံလားဟင်၊ လိမ္မော်သတ်လိုက်တာများဟင်”

“မဟုတ်ပါဘူးကွယ်၊ ကံကြမ္မာပဲ ပုံချလိုက်ပါတော့ အရာရာပြီးဆုံး သွားပြီလေ၊ မောင်အလင်းသစ် ဆန္ဒအတိုင်းသာ အားလုံးလိုက်နာ ဆောင်ရွက်ကြစေလိုပါတယ်ကွယ်”

ကြီးစိုးသာက လိမ္မော့်လက်တွေကို ဆုပ်ကိုင်အားပေး နှစ်သိမ့် ခဲ့သည်။ ကိုကိုရုပ်အလောင်းအား သယ်ဆောင်သွားချိန်တွင် လိမ္မော် ကိုယ်လေး ကြမ်းပြင်ပေါ် ပျော့ခွေလဲပြိုကျသွား၏။ မောင်က လက်တွေနှင့် ပွေ့ယူထိန်းလိုက်တာပဲ လိမ္မော်သိလိုက်လေသည်။ ကိုကိုရဲ့ဆန္ဒတွေ အတိုင်း ကိုကို့ရုပ်အလောင်းကိုမြှေခြင်းပဲ သင်္ဂြိုဟ်လိုက်၏။ ညလေး

www.burmeseclassic.com



နာရီတွင် ကိုကို့ရုပ်အလောင်းအား အုတ်ဂူလှလှလေးထဲသို့ ထည့်သွင်းလိုက်ကြသည်။ အုတ်ဂူလေးကို ပဆစ်ဒူးတုတ်ထိုင်ပြီး ကန်တော့ရင်း ကိုကိုနှင့်လိမ္မော် ဘုရားစင်ရှေ့မှာ သစ္စာရေသောက်ခဲ့ကြတာကို သတိရမိလာရ၏။ လိမ္မော့်နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်တုန်ရီလာရသည်။

"ညီမလေးအနေနဲ့ ကိုကိုကလွဲပြီး တခြားယောကျ်ားလေးတစ်ယောက်ကို မချစ်ရဘူး၊ အိမ်ထောင်သားမွေးလည်း မပြုရဘူးလို့ ကတိပေးနိုင်မလားကွာ"

"ဟုတ်ကဲ့ ပေးပါတယ်၊ ကိုကို ညီမလေးဘဝမှာ ကိုကိုကအဓိကပါနော်"

"ကောင်းပြီလေ၊ ဒါဆို သစ္စာဆိုကြမယ်၊ ရှေ့လေ ဘုရားသောက်တော်ရေကို သစ္စာရေအဖြစ်သောက်ပါ၊ ပေးထား တဲ့ကတိကိုဖောက်ဖျက်ပါက အသေဆိုးနဲ့သေပြီး ငရဲကြီးရှစ်ထပ်မှာ သံသရာအဆက်ဆက် ကျရောက်ရပါစေသား"

အဲဒီတုန်းက လိမ္မော်သစ္စာရေသောက်ခဲ့ပေမဲ့ စိတ်ကတော့ သစ္စာရေရဲ့အကျိုးအာနိသင်တွေက တပည့်တော်မအပေါ် မကျရောက်ပါစေနဲ့ဟု ဆုတောင်းခဲ့သည်။ ကိုကို့ကို ပေးထားတဲ့ကတိသစ္စာစကားဖောက်ဖျက်ပြီး ချစ်သူထားခဲ့မိတာက လိမ္မော်ချိုပါပဲ၊ အသုဘပို့ဆောင်





သူတွေမများပေ။ ကြီးစိုးသာရယ်၊ မောင်ရယ်၊ မောင့်မမရယ်၊ ဦးတူးရယ်၊ လိမ္မော်ရယ် ပါပဲ။ ဦးတူးကတော့ ဆရာ့အပေါ် သစ္စာမဲ့ခဲ့တာတွေကို တတွတ်တွတ် တောင်းပန်နေတော့၏။ ညနေရဲ့ နေရောင်ပင် ညှိုးရော်သွားရပြီး အမှောင်ဘက်သို့ သမ်းလာနေသည်။

"လိမ္မော်"

"ဟင်"

"သွားကြပါစို့ကွာ၊ ဒီမှာဆက်နေလို့မရတော့ဘူး၊ ပြန်ကြရအောင်နော်၊ မောင်တော့မယ်လေ၊ ကြီးစိုးသာရော မမပါ စိတ်ပူနေကြတယ်၊ ပြန်ကြရအောင်"

ချစ်သူလိမ္မော်ချိုရဲ့ လက်လေးကို တယုတယနှင့်ဆုပ် ကိုင်ကာ သော်ခေါ်လိုက်သည်။ ကိုအလင်းသစ်အပေါ် လိမ္မော် သံယောဇဉ်တွေ ဘယ်လောက်အထိ တွယ်ငြိခဲ့ရတာလည်း ဆိုတာ သော် အသိဆုံးပဲလေ။ ကံကြမ္မာ ငြိုးဟ်ဆိုးက ကြမ်းတမ်းစွာ ထိုးနှက်သွားတာပဲ။ နောက်သော် မျက်ဝန်းတွေက ကြင်နာယုယစွာ ချစ်သူလိမ္မော်ချိုအား ကြည့်မိနေသည်။ ကိုအလင်းသစ် ဆန္ဒတွေအတိုင်း ချစ်သူလိမ္မော်ချိုအား နောက် သော် စောင့်ရှောက်ပေးမှာပါ။ လိမ္မော်လေးကို စိတ်ချမ်းသာ ပျော်ရွှင်ချမ်းမြေ့အောင် ထာဝရ ထားပေးမှာပါ။ ချစ်သူလက်လေးကို ညင်သာစွာ ဆုပ်ကိုင်ပြီး ကားဆီသို့ ခေါ်ဆောင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစိုးသာနှင့်မမ မိုးပွင့်သော်တို့ စီးလာတဲ့ကားကို ဦးတူးက မောင်းပြီး ပြန်လည်ထွက်ခွာသွားတော့၏။ ချစ်လူအား ချော့မော့နှစ်သိမ့်အာ့ပေးရင်း လိမ္မော်ချိုအား ကားထဲဝင်စေသည်။

"လိမ္မော်ရယ်၊ မင်းလေးရဲ့ ဝမ်းနည်းကြေကွဲမှုတွေကို နားလည်ပါ တယ်ကွာ၊ အရာအားလုံး ကံကြမ္မာပါပဲလေ၊ ကိုကိုက လိမ္မော်ဆီက အချစ်တွေကို ရယူပိုင်ဆိုင်လိုက်ရတာ သိသွားခဲ့တာလေ၊ ကိုကိုအရမ်း ပျော်ရွှင်သွားခဲ့တာပါ၊ မောင်ကတော့ ကိုကိုယုံကြည်အားကိုးမှုတွေကို သက်သေပြတဲ့အနေနဲ့ လိမ္မော်လေးကို ချစ်ခင်ကြင်နာယုယစွာ အာ ဓေ စောင့်ရှောက်ပေးမှာပါကွာ"

လိမ္မော့်ကိုယ်လေးကို သူ တင်းကြပ်စွာပွေ့ဖက်ထားပြီး ချ ရင်ခွင်ထဲမှာ မှီအစ်ထားလိုက်သည်။ လိမ္မော်ကတော့ ဝမ်းနည်းကြေကွဲ တသိမ့်သိမ့် ရှိုက်ငိုနေဆဲပင်၊ ဘာပဲဖြစ်ဖြစ် ချစ်သူကိုတော့ ပူဆွေးသော တွေနှင့် ကင်းဝေးရာသို့ ခေါ်ဆောင်ခဲ့ရမယ့် တာဝန်က ချစ်သူ ယောက်ရဲ့ တာဝန်ပဲ မဟုတ်ပါလား။

သင်မြတ်